၇ ရက် သတင်းဂျာနယ်
# 7 DAY NEWS JOURNAL
www.7daynewsjournal.com

TRI
MEN'S AND LADIES' WEARS

အတွဲ(၉)၊ အမှတ်(၂၃) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်၊ ကြာသပတေး၊ (ဩဂုတ် ၂၆ ၊ ၂၀၁၀)




## တန်ဖိုးမြှင့် ပဲထုတ်ကုန် ပို့ကုန်လိုင်စင် နှစ်ရက်အတွင်း ချပေးနေဟုဆို

ပြည်သိမ်း၊ ဇာဇာနီ

**ရန်ကုန်၊ ဩဂုတ်- ၂၁**

တန်ဖိုးမြှင့်ထုတ်လုပ်ထားသော (Value added)ပဲများကို ပြည်ပဈေးကွက်သို့ တင်ပို့ရန် လိုင်စင်လျှောက်ထားရာတွင် နှစ်ရက်အတွင်း လိုင်စင်ရအောင် ဆောင်ရွက်ပေးနေကြောင်း မြန်မာနိုင်ငံပဲနှမ်းအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထိုသို့ဆောင်ရွက်ရာတွင် အဆိုပါအသင်းနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဌာနတို့က ယခုလအတွင်း အစည်းအဝေးပွဲကျင်းပပြီး စိစစ်ပေးကြောင်းခြင်းဖြစ်သည်ဟုဆိုသည်။ စာ(၁၂)သို့



## ကျပ်သိန်းပေါင်း သောင်းချီတန်သော အိမ်ခြံမြေအရောင်းအဝယ် များစွာဖြစ်နေ

အားမာန်၊ စိုင်းသာအောင်

**ရန်ကုန်၊ ဩဂုတ် - ၁၅**

မြန်မာနိုင်ငံ အထက်ပိုင်း၏ ပင်မစီးပွားရေးမြို့တော်ဖြစ်သော မန္တလေးမြို့တွင် ပြီးခဲ့သည့် တစ်လအတွင်း ကျပ်သိန်းပေါင်း သောင်းချီတန်ဖိုးရှိသော မြေကွက်၊ အဆောက်အအုံအရောင်းအဝယ် ဆယ်ခုခန့်ဖြစ်ခဲ့ကြောင်း မန္တလေးမြို့ရှိ အိမ်ခြံမြေရောင်းဝယ်မှု ဝန်ဆောင်မှုလုပ်ငန်းတစ်ခု၏ပိုင်ရှင် ဦးကျော်ဝင်းကပြောသည်။ စာ(၁၂)သို့

**အဖွဲ့အစည်း** နယ်ခြားစောင့်တပ်

## ဒီကေဘီအေအဖွဲ့ နယ်ခြားစောင့်တပ်အဖြစ် ဖွဲ့စည်း

**နယ်ခြားစောင့်တပ်ပြောင်းရန် သဘောတူလိုက်သည့် လေးဖွဲ့မြောက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ဖြစ်**

ငြိမ်းငြိမ်းနိုင်

**ရန်ကုန်၊ ဩဂုတ်-၁၉**

တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး (DKBA)က နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းဖွဲ့စည်းရေးသဘောတူလိုက်ပြီဖြစ်သည့်အတွက် ယနေ့အထိ နယ်ခြားစောင့်တပ်အဖြစ်သဘောတူလက်ခံသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ လေးဖွဲ့ရှိပြီဖြစ်သည်။ စာ(၁၂)သို့







မန္တလေးမြို့၏အစည်ကားဆုံးနေရာများတွင်ပါဝင်လာသော မြို့သစ်ရှိ ဒေသခံများ မိမိတို့၏လုပ်ငန်းခွင်ဝင်ရန်အတွက် မြို့အတွင်းသို့ ဆိုင်ကယ်များ၊ စက်ဘီးများစီး၍ လာရောက်နေသည်ကို ဩဂုတ်လ၁၆ရက် နံနက်ပိုင်းကတွေ့ရစဉ်။ ဓာတ်ပုံ-အားမာန်

## ပါတီများ ယှဉ်ပြိုင်သူမရှိမည့် ဒေသများကို ရှာဖွေရွေးချယ်နေရ

ငြိမ်းငြိမ်းနိုင်

နိုင်ငံတစ်ဝန်း ဝင်ရောက်ယှဉ်ပြိုင်မည်ဆိုသည့် နိုင်ငံရေးပါတီများသည် မျှော်မှန်းထားသည့်ကိုယ်စားလှယ်အရေအတွက်ထက် လျော့နည်းသွားသဖြင့် နေရာချောင်ပြီး လစ်လပ်မည့်မြို့နယ်များကို ရှာဖွေရွေးချယ်နေရကြောင်း ပါတီအချို့ထံမှ စုံစမ်းသိရှိရသည်။

"ကိုယ်စားလှယ်အရေအတွက်က နည်းသွားတော့ လွတ်တဲ့ဒေသတွေများမယ်။ စိတ်မကောင်းစရာပါပဲ။ အဲဒီတော့ ကိန်းသေပေါက်နိုင်နိုင်မယ့် လွတ်တဲ့မဲဆန္ဒနယ်တွေကိုရှာပြီးဝင်ရမယ်"ဟု မဲဆန္ဒနယ် ၂၀ ခန့်တွင်သာ ဝင်ရောက်ယှဉ်ပြိုင်တော့မည့် အမျိုးသားနိုင်ငံရေး မဟာမိတ်အဖွဲ့ချုပ်မှ ဒုဥက္ကဋ္ဌ(၂)ဦးအုန်းလွင်ကပြောသည်။ (သတင်းအပြည့်အစုံ စာ-၂သို့)

**စီးပွားရေး** ကျောက်မျက်ပြပွဲ

## ကျောက်စိမ်းနှင့် ကျောက်မျက်ပြပွဲအတွက် နေပြည်တော်ဟိုတယ်များ အရှိန်မြှင့်ပြင်ဆင်

အားမာန်၊ စိုင်းသာအောင်

**မန္တလေး၊ဩဂုတ် - ၁၆**

နေပြည်တော်ရှိ ဟိုတယ်များမှာ လာမည့်အောက်တိုဘာလတွင် ကျင်းပမည့် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာပြပွဲအတွက် ကြိုတင်ပြင်ဆင်နေကြပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (မန္တလေး)ဇုန်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လာမည့်အောက်တိုဘာလတွင်ကျင်းပမည့် နိုင်ငံတကာ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာရောင်းချပွဲကို နေပြည်တော်တွင်ပထမဦးဆုံးအကြိမ်အဖြစ် စတင်ကျင်းပသောအခါလာရောက်မည့် ပြည်ပမှကုန်သည်များတည်းခိုနေထိုင်နိုင်ရန်အတွက် နေပြည်တော်ရှိ ဟိုတယ်အားလုံးပြင်ဆင်နေကြခြင်းဖြစ်သည်။ "လာမယ့်အောက်တိုဘာလမှာ ပြပွဲလုပ်ဖို့အတွက် ဟိုတယ်တွေ အချိန်နှစ်လနဲ့ တစ်ဆယ့်တစ်ရက်အတွင်း ဧည့်သည်တွေတည်းခိုနိုင်ဖို့ ပြီးအောင် ဆောက်နေကြတယ်" ဟု အထက်ပါတာဝန်ရှိသူက ရှင်းပြသည်။ စာ(၁၂)သို့



7DAY NEWS JOURNAL
Vol.9, No.23. AUGUST 26, 2010

# ပါတီများက ကိုယ်စားလှယ်အရေအတွက်နည်းသွားသည့်အတွက် ယှဉ်ပြိုင်သူမရှိမည့်ဒေသများကို ရှာဖွေရွေးချယ်နေရ

**ငြိမ်းငြိမ်းနိုင်**

**ရန်ကုန်၊ ဩဂုတ် - ၁၈**

နိုင်ငံတစ်ဝန်း ဝင်ရောက်ယှဉ်ပြိုင်မည်ဆိုသည့် နိုင်ငံရေးပါတီများသည် မျှော်မှန်းထားသည့်ကိုယ်စားလှယ်အရေအတွက်ထက် လျော့နည်းသွားသဖြင့် နေရာချောင်ပြီး လစ်လပ်မည့်မြို့နယ်များကို ရှာဖွေရွေးချယ်နေရကြောင်း ပါတီအချို့ထံမှ စုံစမ်းသိရှိရသည်။

“ကိုယ်စားလှယ်အရေအတွက်က နည်းသွားတော့ လွတ်တဲ့ဒေသတွေများမယ်။ စိတ်မကောင်းစရာပါပဲ။ အဲဒီတော့ ကြိမ်းသေပေါက်နိုင်နိုင်မယ့် လွတ်တဲ့မဲဆန္ဒနယ် တွေကိုရှာပြီးဝင်ရမယ်”ဟု မဲဆန္ဒနယ် ၂၀ခုခန့်တွင်သာ ဝင်ရောက်ယှဉ်ပြိုင်တော့မည့် အမျိုးသားနိုင်ငံရေးမဟာမိတ်အဖွဲ့ချုပ်မှ ဒုဥက္ကဋ္ဌ(၂)ဦးအုန်းလွင်က ပြောသည်။

အင်အားကောင်းသည့် ပါတီတစ်ခုအဖြစ်အသိအမှတ်ပြုခံနေရသောဒီမိုကရက်တစ်ပါတီ(မြန်မာ)မှ ဥက္ကဋ္ဌဦးသုဝေက “အခုပြိုင်မယ့်အရေအတွက်တစ်ရာတောင် မပြည့်တော့ဘူး။ နယ်တွေတော့ သေချာရွေးရမယ်။ လုံးဝလွတ်တဲ့နယ်တော့ရှိမှာမဟုတ်ဘူး။ တစ်ပါတီကတော့ရှိနေမှာပဲလေ။ ဒီတော့ ရွေးဖို့အခွင့်အရေးနည်းမယ်။ တခြားပါတီတွေပါ မစုံတဲ့နေရာကို ရွေးနိုင်ရင်တော့ အဆင်ပြေမှာပါ”ဟုဆိုသည်။

ညီအစ်ကိုနှစ်ယောက် တစ်ယောက်တစ်ပါတီ တည်ထောင်ထားသော ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(မြန်မာပြည်)ပါတီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီတို့ကလည်း ကိုယ်စားလှယ်အရေအတွက် တိုးမြင့်ရရှိရန် နှစ်ပါတီပူးပေါင်းကာ ဖြန့်ဝင်နိုင်အောင်ကြိုးစားမည့်အပြင် သဘောထားတူညီသည့်ပါတီများကို မဟာမိတ်ပြုလိုကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ဥက္ကဋ္ဌဦးအေးလွင်ကပြောသည်။

၂၀၁၀ ရွေးကောက်ပွဲကို နိုဝင်ဘာ ၇ရက်တွင် ကျင်းပမည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာထားပြီး ပါတီများက ကိုယ်စားပြုယှဉ်ပြိုင်မည့်ကိုယ်စားလှယ်လောင်းစာရင်းကို ယခုလ၃၀ရက်တွင် နောက်ဆုံးစာရင်းပေးသွင်းရမည်ဖြစ်သည်။

# နိုင်ငံရေးပါတီများမဲဆွယ်မှုများကို ခန်းမနှင့်အားကစားကွင်းများတွင် ပြုလုပ်နိုင်ဟုဆို

**မြတ်စုမွန်**

**ရန်ကုန်၊ဩဂုတ်- ၁၅**

အစိုးရကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများမှ လွဲလျှင် ခန်းမများ၊အားကစားကွင်းများကိုငှားရမ်းအသုံးပြုကာ ဟောပြောစည်းရုံးနိုင်သည်ဟု မြန်မာနိုင်ငံ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်၏အကြောင်းကြားစာအရ သိရကြောင်း မြန်မာ့ဒီမိုကရေစီကွန်ဂရက်မှ အထွေထွေအတွင်းရေးမှူးဦးကောင်းထက်ကပြောသည်။

“လွန်ခဲ့တဲ့ ၂ ရက်က ကော်မရှင်ကစာပို့တယ်။ ကျွန်တော်တို့မဲဆွယ်စည်းရုံးတာတွေကို ဒီတစ်လ၊ နှစ်လအတွင်း လုပ်သွားမယ်။ ရန်ပုံငွေရှိတယ်။ ဒါပေမဲ့ နည်းတယ်။ ဦးစားပေးလုပ်ရမှာက မဲဆွယ်စည်းရုံးတာ။ ဒါက လူထုနဲ့တိုက်ရိုက်ထိတွေ့ရတာဖြစ်လို့ ပိုအရေးကြီးတာကို ဦးစားပေးတဲ့သဘောပါ”ဟု ၎င်းကဆက်လက်ပြောသည်။

ပါတီမဲဆွယ်ကာလများတွင် ပါတီစည်းရုံးရေးများကို ကော်မရှင်က ချမှတ်ထားသည့် ထုတ်ပြန်ချက် ၂/၂၀၁၀ ကို လိုက်နာကာ ရှေ့ဆက်သွားမည်ဖြစ်ကြောင်း အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီမှ ဒုတိယဥက္ကဋ္ဌဦးလှသိန်းကပြောသည်။

“ကော်မရှင်က ချမှတ်တဲ့ ၂/၂၀၁၀ ကို ကျွန်တော်တို့က လိုက်နာရတာပေါ့။ အဲဒီထက်ပိုလုပ်လို့မရဘူး။ အဲဒီမှာ စည်းရုံးရေးဘယ်လိုဆင်းရမယ်ဆိုတာတွေလုံးဝပြဋ္ဌာန်းပြီးသားတွေရှိတယ်။ အဲဒါတွေကို ကျော်လုပ်ရင် ရွေးကောက်ပွဲဥပဒေကိုဆန့်ကျင်ရာရောက်မှာပေါ့။ ဒါကြောင့်ဒီဥပဒေအတိုင်းပဲဆက်သွားမယ်”ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။


“မဲဆွယ်စည်းရုံးတဲ့နေရာမှာ ရွေးကောက်ပွဲအောင်နိုင်ရေးကော်မတီဗျူဟာတွေချမယ်။ အဲဒီဗျူဟာတွေနဲ့ အကောင်အထည်ဖော်သွားမယ်။ ဗျူဟာတွေကတော့ အခုပြောလို့မရသေးဘူး။ ကြော်ငြာတွေ၊ ဆောင်ပုဒ်တွေ၊ ကြွေးကြော်သံတွေလုပ်မယ်။ ပြီးတော့လယ်သမားတွေအတွက်၊ ပုဂ္ဂလိက လွတ်လပ်ခွင့်၊ နိုင်ငံရေးမှာ ကျရင် ပါတီစုံရပ်တည်ခွင့်၊ ဒီလိုလူ့အခွင့်အရေးတွေကို ဘယ်လိုနိုင်ငံတွေမှာတည်ဆောက်တဲ့အတွက်ကြောင့် ဘယ်လိုအောင်မြင်တယ်။ မတည်ဆောက်တဲ့အတွက်ဘယ်လို ဆုံးရှုံးတယ်ဆိုတာတွေပြောပြီးစည်းရုံးမယ်”ဟု ခေတ်သစ်ပြည်သူ့ပါတီမှဥက္ကဋ္ဌဦးထွန်းအောင်ကျော်က လာမည့်ပါတီစည်းရုံးရေးအစီအစဉ်များကိုပြောသည်။

ထို့ပြင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၉၁/၂၀၁၀)ကိုနိုင်ငံပိုင်သတင်းစာများ၌ ထုတ်ပြန်ကြေညာချက်အရ လွှတ်တော်ကိုယ်စားလှယ်လောင်းများ စုဝေးဟောပြောခွင့်နှင့် မဲဆွယ်စည်းရုံးခြင်းများ ပြုလုပ်လိုပါကသက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲသို့ ခုနှစ်ရက်ကြိုတင်၍ ခွင့်ပြုမိန့်လျှောက်ထားရမည်ဖြစ်ကြောင်းသိရသည်။

ပါတီဌာနချုပ်နှင့် ပါတီရုံးခွဲများတွင် စုဝေးခြင်း၊ ဟောပြောခြင်းများကိုပြုလုပ်လိုပါက ခွင့်ပြုချက်လျှောက်ထားရန်မလိုဘဲ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများသို့ ကြိုတင်အသိပေးတင်ပြရန်လိုကြောင်း တရားဝင်ထုတ်ပြန်ကြေညာချက်များအရသိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ကြေညာချက်အပိုဒ်၈အရလျှောက်ထားချက်များကို လိုအပ်သလို စိစစ်ပြီး ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ်ငြင်းပယ်ခြင်းပြုနိုင်ကြောင်းသိရသည်။

# နယ်စပ်ကုန်သွယ်ရေးစခန်းနှစ်ခုမှ ရေထွက်ကုန်များ တရုတ်နိုင်ငံသို့တင်ပို့မှု ခေတ္တရပ်ဆိုင်းရန်ညွှန်ကြား



*ဈေးကွက်တင်ပို့ရောင်းချမည့်ငါးရှဉ့်များကို သန့်စင်နေသူတစ်ဦး။ တရုတ်နိုင်ငံမှာမြန်မာ့ငါးရှဉ့်များကိုအဓိကဝယ်ယူသောဈေးကွက်ဖြစ်သည်။ ဓာတ်ပုံ–အောင်အောင်*

**သန်းဇွေး**

**ရန်ကုန်၊ ဩဂုတ် - ၁၀**

ချင်းရွှေဟော်နှင့်ကန်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ့ရေထွက်ကုန်များ တင်ပို့ခွင့်ပြုခြင်းကိုခေတ္တရပ်ဆိုင်းထားရန် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီးဦးမောင်မောင်သိမ်းက ဩဂုတ်လ ၁၀ရက်ကပြောကြားသည်။

“ဟိုဘက်မှာ ပေးရမှာ မပေးချင်လို့ ဖြစ်ကောင်းဖြစ်မယ်။ ဆာဗေး(ကွင်းဆင်းလေ့လာမှု)လုပ်ပါ၊ ဟိုဘက်က လက်ခံမယ့်လူ အဆင်သင့်မဖြစ်တော့ သေသေချာချာလုပ်ပါ၊ Develop (ဖွံ့ဖြိုးမှု) သေချာပြီဆို Sale Contract (အရောင်းစာချုပ်)နဲ့လုပ်ပါ၊ မသွားစေချင်သေးဘူး”ဟု ဝန်ကြီးဦးမောင်မောင်သိမ်းက မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး၏ သီရိအဏ္ဏဝါခန်းမတွင်ပြောကြားသည်။

ငါးရှဉ့်၊ကဏန်းနှင့် ရေထွက်ပစ္စည်းများ တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် ချင်းရွှေဟော်နှင့်ကန်ပိုက်တီးတွင် နယ်စပ်ကုန်သွယ်ရေးစခန်းများ တရားဝင်ဖွင့်ထားသောကြောင့် မိမိတို့၏ရေထွက်ကုန်များအား ရောင်းချရာတွင် ဈေးနှုန်းများ ထိုက်ထိုက်တန်တန်ရစေလိုကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားသည်။

ကုန်သည်များ ကန်ပိုက်တီး နယ်စပ်စခန်းသို့ ကားလမ်းမှ သွားကြရာတွင် တံတားများမကောင်းသည့်အပြင် နှစ်ညသုံးညကြာတတ်၍ အရှုံးပေါ်ခြင်းများလည်းရှိသည်။ ငါးရှဉ့်သယ်ခွင့်ကို ရထားဖြင့် သွားခွင့်ပြုမည်ဆိုပါက မှောင်ခိုချမရ၍ အဆင်ပြေမည်လားဆိုသည်ကို စဉ်းစားသင့်ကြောင်း ငါးရှဉ့်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ဇူလိုင်လ ၂၇ရက်တွင်ပြောကြားသည်။

# ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာ နည်းလမ်းများထုတ်ပြန်

**ငြိမ်းငြိမ်းနိုင်**

**ရန်ကုန်၊ ဩဂုတ်- ၁၉**

ရွေးကောက်ပွဲဝင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ စုဝေးဟောပြောခွင့်နှင့် မဲဆွယ်စည်းရုံး ခွင့်ဆိုင်ရာ နည်းလမ်းများကို ယခုလ ၁၈ရက် နေ့စွဲဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာလိုက်သည်။

“အခုထုတ်ပြန်ချက်က ဟိုတစ်ခါ ပါတီစည်းရုံးခွင့်အတွက် ထုတ်ပြန်တုန်းကဟာနဲ့ အတူတူလောက်ပါပဲ။ ပိုပြီးပြည့်စုံလာတယ်။ ထူးထူးခြားခြား အချက်ပါတာ မတွေ့ရပါဘူး”ဟု အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှဦးခင်မောင်ဆွေကပြောသည်။ နိုဝင်ဘာ ၇ရက်တွင်ကျင်းပမည့် ရွေးကောက်ပွဲအတွက် အဆိုပါ မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာ နည်းလမ်းများကို ရွေးကောက်ပွဲကျင်းပရန် ရက်ပေါင်း ၈၀အလိုတွင် ကြေညာခဲ့ခြင်းဖြစ်သည်။ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ စုဝေးဟောပြောနိုင်မည်ဖြစ်ကာ ကော်မရှင်အဖွဲ့ခွဲသို့ လွှတ်တော် ကိုယ်စားလှယ်လောင်းကဖြစ်စေ၊ ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ ၇ရက် ကြိုတင်လျှောက်ထားရမည်ဖြစ်သည်။

ခွင့်ပြုချက်လျှောက်ထားရာတွင် ပြုလုပ်မည့်နေရာ၊ ပြုလုပ်လိုသည့် နေ့ရက်၊ စတင် မည့်အချိန်နှင့် ပြီးဆုံးမည့်အချိန်(ခန့်မှန်း)၊ တက်ရောက်မည့် အင်အား(ခန့်မှန်း)ဟောပြောမည့်ပုဂ္ဂိုလ်သို့မဟုတ် ပုဂ္ဂိုလ်များ၏ အမည်၊ မှတ်ပုံတင်အမှတ်နှင့် နေရပ်လိပ်စာ၊ လျှောက်ထားသူအမည်၊ မှတ်ပုံတင်နှင့်နေရပ်လိပ်စာတို့ကို လျှောက်လွှာတွင် အပြည့်စုံဖော်ပြရမည်ဖြစ်သည်။ နိုင်ငံရေးပါတီများသည် ၎င်းတို့ပါတီကိုယ်စားပြုလွှတ်တော် ကိုယ်စားလှယ်လောင်းများစာရင်းကို ရွေးကောက်ပွဲကော်မရှင်သို့ ယခုလ၃၀ရက်နောက်ဆုံးထားတင်ပြရမည်ဖြစ်ရာ ထို့အတွက် ပြင်ဆင်နေကြသည်ဟုသိရသည်။

# အိမ်ခြံမြေခေါ်ဈေး လပိုင်းအတွင်း ထက်ဝက်တက်

**ဇာဇာနီ**

ရန်ကုန်၊ ဩဂုတ်-၁၈

**အိမ်ခြံမြေဈေးကွက်တွင် အိမ်မြေ ရောင်းဝယ်မှုမှာ ကျပ်သိန်းပေါင်းသောင်းဂဏန်းအထိ အရောင်းအဝယ်ဖြစ်လာပြီး အိမ်မြေအရောင်းအဝယ်လုပ်ရာတွင် ခေါ်ဈေးနှုန်းမှာ ဩဂုတ်အတွင်းမှာပင် ငါးဆယ်ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့ကြောင်း အိမ်ခြံမြေအကျိုးဆောင်များကပြောသည်။**



*ရင်းနှီးမြှုပ်နှံသူများမှာ အိမ်ခြံမြေသည် အမြတ်ရရန် အလားအလာအကောင်းဆုံးဟု ယုံကြည်နေကြသည်။ ရန်ကုန်မြို့လယ်တစ်နေရာကို မြင်တွေ့ရစဉ်။ ဓာတ်ပုံ–ဂျေမောင်မောင်(အမရပူရ)*

“အခုဆိုရင် အိမ်မြေတွေကို ကျပ်သိန်းရှစ်ရာကနေ ကျပ်သိန်းတစ်သောင်းလောက်ထိ ရင်းနှီးမြှုပ်နှံလာကြတယ်။ဘာကြောင့်လဲဆိုရင် ရွေးကောက်ပွဲပြီးရင် စီးပွားရေးမူဝါဒတွေ ပြောင်းလဲလာဖို့ရှိတယ်။ အဲဒီကျရင် ဖရီးမားကက်ဖြစ်လာတော့မှာမို့ ခိုင်မာတဲ့ အိမ်မြေဘက်မှာ ရင်းနှီးမြှုပ်နှံလာတဲ့သဘောပါပဲ။ ဒီနှစ်ထဲမှာ ဘဏ်တွေလည်း ဖွင့်လှစ်လာတာမို့ စီးပွားရေးကလည်း ပိုကောင်းလာမယ့်သဘောရှိတယ်”ဟု ယူနတီအကျိုးဆောင်လုပ်ငန်းမှ ဦးဇော်ဇော်က 7Day Newsသို့ပြောသည်။

စာ(၁၂)သို့

7 DAY NEWS JOURNAL
Vol.9, No.23. AUGUST 26, 2010

**ဒို့တာဝန်အရေးသုံးပါး**
- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**
- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**
- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**
- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေး ဦးတည်ချက် (၄) ရပ်**
- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# ပြည်ခိုင်ဖြိုးပါတီ ပါတီဝင်အင်အား ၁၆ သန်း ရှိမည်မှန်း

ငြိမ်းငြိမ်းနိုင်

ရန်ကုန်၊ ဩဂုတ်- ၂၂

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက တစ်နိုင်ငံလုံးရှိ ၎င်း၏ ပါတီရုံးခွဲ ၄၀၀ကျော်ကို ယခုလ ၂၀ရက်တွင် တစ်ပြိုင်နက် ဖွင့်လှစ်လိုက်ပြီး ပါတီဝင်အင်အား ၁၆သန်းခန့်ရှိမည်ဟု ခန့်မှန်းထားသည်။**

"နိုင်ငံ့ဝန်ထမ်းကနုတ်ထွက်ပြီးသူတွေကိုသာ ပါတီဝင်အဖြစ်လက်ခံပါတယ်။ ကျောင်းသားတွေကိုလည်း ပါတီနိုင်ငံရေးကင်းရှင်းစေလိုတဲ့အတွက်ပါတီဝင်အနေနဲ့ သိမ်းသွင်းခြင်းမပြုပါဘူး။ ပညာသင်ကြားရေးကိုပဲ အားပေးသွားမှာပါ။ အခုလောလောဆယ် ပါတီဝင်တွေ ဝင်နေဆဲပဲဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအတွက်တော့ ၁၆ သန်းလောက်မှန်းထားပါတယ်" ဟု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ပြောရေးဆိုခွင့်ရှိသူက 7Day News သို့ပြောကြားသည်။

ယခုလ ၂၀ ရက်က တစ်ရက်တည်းတွင် ဖွင့်လှစ်လိုက်သော ပါတီရုံးများမှာ တိုင်းရုံး ၁၇ရုံး၊ ခရိုင် ၆၇ရုံး၊ မြို့နယ်ရုံး ၃၂၅ရုံးနှင့် စုစုပေါင်း ၄၀၉ရုံးဖြစ်သည်။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို ၁၉၉၃ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအား အမွေခံအခြေပြု ပြောင်းလဲဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

အသင်းတွင် အစိုးရဝန်ထမ်း၊ ကျောင်းသားများ အပါအဝင် အသင်းဝင် ၂၆သန်းကျော် ရှိပြီး ယခု နိုင်ငံရေးပါတီအဖြစ် အသွင်ပြောင်းဖွဲ့စည်းသည့်အခါ အစိုးရဝန်ထမ်းနှင့် ကျောင်းသားများ ပါဝင်တော့မည်မဟုတ်ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ပါတီတွင် ဦးသိန်းစိန်ခေါင်းဆောင်ပြီး ဝန်ကြီး၊ ဒု-ဝန်ကြီး၊ မြို့တော်ဝန်၊ ဒု-မြို့တော်ဝန် ၂၇ ဦးတို့ ခေါင်းဆောင်ပါဝင်သည်။

ယင်းပါတီ တည်ထောင်ခွင့်လျှောက်ထားခြင်းမပြုမီ ၃ရက်အလို ဧပြီ၂၆ကစ၍ နိုင်ငံပိုင်မီဒီယာများတွင်

စာ(၁၂)သို့

# သီတဂူဆရာတော်နှင့် အလှူရှင်များ အင်းစိန်ထောင်တွင်း၌ အလှူပြုလုပ်





ဆရာတော်ကြီး၏ တရားကိုနာကြားနေကြသော အကျဉ်းသား၊အကျဉ်းသူများ။ ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**ရန်ကုန်၊ ဩဂုတ်- ၂၁**

အင်းစိန်အကျဉ်းထောင်တွင် အကျဉ်းကျခံနေရသော အကျဉ်းသား ၉၀၀၀ ကျော်ကို သီတဂူဆရာတော် ဦးဆောင်ကာ အလှူရှင်များက ကျပ်သိန်း ၆၀၀ဖိုးခန့် ထမင်းနှစ်နပ်အပါအဝင် အခြားအသုံးအဆောင်များဖြင့် ထောင်တွင်း၌ ကိုယ်တိုင်ကိုယ်ကျ ကျွေးမွေးလှူဒါန်းခဲ့သည်။

သီတဂူဆရာတော် ဒေါက်တာ ဉာဏိဿရဦးဆောင်သည့် ထောင်တွင်းအလှူမှာ စတုတ္ထအကြိမ်မြောက်ဖြစ်ပြီး ထောင်တွင်းအကျဉ်းသူ၊ အကျဉ်းသား၊ အချုပ်သူ၊ အချုပ်သားအားလုံးလှူဒါန်းမှုကိုရရှိကြောင်း အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဆရာတော်ရဲ့တရားကိုတော့ ၅၀၀လောက်နာခွင့်ရတယ်။ အဆောင်တွေအလိုက်၊ ပြစ်မှုအလိုက် အားလုံးပါနိုင်အောင် မဲနှိုက်ချပေးပါတယ်။ နေ့လယ်စာဒံပေါက်ကျွေးတယ်။ ညနေစာထမင်းနဲ့ ကြက်သားကြော်ပါ။ အခြားအသုံးဆောင်ပစ္စည်းတွေလည်း လှူကြတယ်"ဟု အထက်ပါတာဝန်ရှိသူက ဆက်ပြောသည်။ ဆရာတော်အရှင်ဉာဏိဿရနှင့် တပည့်ဒါယကာများက ၂၀၀၂၊ ၂၀၀၃၊ ၂၀၀၄ခုနှစ်တို့၌ ယင်းသို့သောအလှူကို သုံးကြိမ်ဆက်တိုက်ပြုခဲ့ပြီး ယခု ၂၀၁၀တွင် စတုတ္ထအကြိမ်အဖြစ် လှူဒါန်းခြင်းဖြစ်သည်။



7 DAY NEWS JOURNAL
Vol.9, No.23. AUGUST 26, 2010

CrimeCorner

## ဘုရင့်နောင်တွင် အိမ်စီးကားတစ်စီး အခိုးခံရ

သိမ့်သိမ့်စိုး

ရန်ကုန်၊ ဩဂုတ်-၁၈

ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ကံ့ကော်လမ်းမကြီးပေါ်တွင်ရှိသော ဦးမောင်ငယ်ပွဲရုံရှိ ကျပ်သိန်း၂၀၀တန် တောင်းအေ့စ်ကားတစ်စီးမှာ ယခုလ ၁၆ရက် တနင်္လာနေ့ညဥ့် ပျောက်ဆုံးသွားခဲ့ကြောင်း အဆိုပါကားပိုင်ရှင်ကပြောသည်။

"အိမ်ရှေ့မှာထားတုန်း ယူသွားတာ။ ခါတိုင်းလည်း ထားနေကျပဲ။ သိပ်မစိုးရိမ်တာကြောင့်လည်း ပါမယ်ထင်မယ်။ ပုံမှန်ထားနေကျဆိုတော့ ပိုင်ရှင်လစ်တဲ့အချိန် ဝင်ခိုးသွားတဲ့သဘောပဲ" ဟု ကားပိုင်ရှင်ဦးမောင်ငယ်ကပြောသည်။

အဆိုပါ ကားပျောက်ဆုံးမှုနှင့်ပတ်သက်၍ ဘုရင့်နောင်ရဲစခန်းသို့ တိုင်ကြားထားသကဲ့သို့ အခြားသက်ဆိုင်ရာဌာနများသို့လည်း ဆက်လက်၍ တိုင်ကြားထားကြောင်း သိရသည်။

၎င်းကားမှာ ကျပ်သိန်း ၂၀၀တန်ကြေးရှိပြီး တရားဝင်လိုင်စင်ပြုလုပ်ရယူထားသောကားတစ်စီးဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ဘုရင့်နောင်ဝင်းအတွင်း၌ ပြီးခဲ့သည့် သုံးလကျော်က ပိတောက်လမ်းရှိ ပွဲရုံတစ်ရုံတွင်လည်း ကားတစ်စီးပျောက်ဆုံးမှုရှိခဲ့ကြောင်းသိရသည်။ အဆိုပါကားပျောက်ဆုံးမှုနှင့်ပတ်သက်၍ ဘုရင့်နောင်ရဲစခန်းတွင် (ပ) ၆၉၄/၂၀၁၀ပုဒ်မ၃၈၀ဖြင့် အမှုဖွင့်တိုင်ကြားထားကြောင်းသိရသည်။

## ကိုရီးယားကုမ္ပဏီပိုင်ငွေကြေးအမြောက်အမြား ခိုးယူသုံးစွဲခဲ့သောတရားခံ ဖမ်းမိ

အိဖြူလွင်

ရန်ကုန်၊ ဩဂုတ် - ၁၈

လမ်းမတော်မြို့နယ် ကမ်းနားလမ်းရှိ MARPLAL ကိုရီးယားကုမ္ပဏီမှ အက်ဖ်အီးစီသုံးသောင်း ကျော်၊ အမေရိကန်ဒေါ်လာသုံးရာကျော်နှင့် မြန်မာငွေကျပ်ငါးသိန်းကျော်ပျောက်ဆုံးခြင်းမှာ ကုမ္ပဏီဝန်ထမ်းတစ်ဦးက ခိုးယူခြင်းသာဖြစ်သည်ဟု မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသတင်းရရှိသည်။

အဆိုပါကုမ္ပဏီတွင် မန်နေဂျာတစ်ဦး၊ အရောင်းမန်နေဂျာတစ်ဦး၊ အင်ဂျင်နီယာတစ်ဦး၊ လုံခြုံရေးလေးဦး၊ ရုံးအကူတစ်ဦး စုစုပေါင်းရှစ်ဦးသာရှိပြီး ကုမ္ပဏီရုံးခန်းတည်ရှိရာတိုက်သည် လုံခြုံရေးကောင်းသော လူဝင်၊ လူထွက်နည်းပါးသောတိုက်ဖြစ်သည်ဟုသိရသည်။

ရုံးခန်းဖွင့်လှစ်ထားသော အခန်းနှစ်ခန်းအနက် ကုမ္ပဏီပိုင်ငွေကြေးများထားရှိသော ညီညီဇေယျာလင်း၏အခန်းတစ်ခန်းကိုသာ သော့ဖွင့်ဝင်ရောက်ထားခဲ့ပြီး မီးခံသေတ္တာအတွင်းမှ ပျောက်ဆုံးခြင်းဖြစ်၍ ကုမ္ပဏီဝန်ထမ်းများထဲမှသာ ကျူးလွန်ခြင်းဖြစ်နိုင်သဖြင့် တစ်ဦးချင်း အသေးစိတ်စစ်ဆေးရာမှ တရားခံကို နာရီပိုင်းအတွင်း ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ညီညီဇေယျာလင်းဆိုသူသည် သူဌေးဖြစ်သူ ကိုရီးယားလူမျိုးမှာ ဩဂုတ်၅ရက်တွင် ရန်ကုန်သို့ လာရောက်မည်ဖြစ်၍ ငွေနှင့်စာရင်းများစစ်ဆေးသည့်အခါ ၎င်းသုံးစွဲထားသောငွေများအား ရှင်းလင်းနိုင်မည်မဟုတ်ကြောင်းသိ၍ ဩဂုတ်လ၄ရက် ရုံးဆင်းချိန်တွင် ရုံးခန်းအတွင်း ကျန်ရစ်ခဲ့ခြင်းဖြစ်သည်ဟုသိရသည်။ ထိုနေ့ညနေ၆နာရီခန့်အချိန်တွင် မီးခံသေတ္တာကိုသော့ဖွင့်၍ အက်ဖ်အီးစီ ၈,၀၀၀အား ယူဆောင်ခဲ့ပြီး ကွန်ပျူတာမားသားဘုတ်နောက်ဖုံးကိုဖွင့်ကာ ဟာ့ဒ်ဒစ်ကိုဖြုတ်ယူကာ အိတ်အတွင်းထည့်ထားခဲ့ခြင်းဖြစ်သည်။

ထို့နောက် အငှားယာဉ်ဖြင့် ပါ့ခ်ရွိုင်ရယ်ဟိုတယ်သို့ သွားရောက်၍ အက်ဖ်အီးစီများကို အမေရိကန်ဒေါ်လာနှင့် လဲလှယ်ခဲ့ကြောင်းသိရသည်။ ထို့အပြင်ကုမ္ပဏီမှငွေများဖြင့် ပါ့ခ်ရွိုင်ရယ်ဟိုတယ်တွင် တည်းခိုနေထိုင်ခဲ့သည်။ ဟိုတယ်မန်နေဂျာ၏ပြောကြားချက်အရ ညီညီဇေယျာလင်းသည် ယခုနှစ် ဇန်နဝါရီလမှစ၍ ယနေ့အချိန်အထိ ရှစ်ကြိမ်၊ရက်ပိုင်း ၄၉ရက်တည်းခိုနေထိုင်ခဲ့ပြီး စုစုပေါင်းတည်းခိုစရိတ် ကန်ဒေါ်လာ ၅,၆၀၀သုံးစွဲခဲ့ကြောင်းသိရသည်။ ကုမ္ပဏီပိုင်ငွေများဖြင့် ဝယ်ယူထားသည့် မိုဘိုင်းဖုန်းတစ်လုံး (တန်ဖိုး ကန်ဒေါ်လာ၈၁၀)၊ အိုင်ပေါ့တစ်လုံး (တန်ဖိုးကျပ်လေးသိန်း)၊ Sony Erisson ဟန်းဆက်နှစ်လုံး၊ ရွှေလက်စွပ်တစ်ကွင်း၊ ပတ္တမြားစိန်လက်စွပ်တစ်ကွင်း၊ ကမ္ဘောဇဘဏ်ငွေစုစာအုပ်တစ်အုပ်တို့ကို သိမ်းဆည်းရမိခဲ့သည်ဟုသိရသည်။ အဆိုပါအမှုအား ဩဂုတ်လ၅ရက်က လမ်းမတော်ရဲစခန်းတွင် ပ၂၅၈/၁၀၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၀ဖြင့် အမှုဖွင့်အရေးယူထားသည်။

# တယ်လီဖုန်းဖြင့် ငွေလိမ်သူများလာ

မျိုးမင်းဦး

မုံရွာ၊ ဩဂုတ်- ၁၆

ကျေးလက်ဒေသများပါ ဆက်သွယ်ရေးစနစ် ပိုမိုကောင်းမွန်လာပြီးနောက် အချို့သော ဖုန်းပိုင်ရှင်များအား တယ်လီဖုန်းဖြင့် ဆက်သွယ်လိမ်လည်မှုများရှိလာကြောင်း မုံရွာဒေသခံတယ်လီဖုန်းပိုင်ရှင်များကပြောသည်။

'တယ်လီဖုန်းရပြီး တစ်လခန့်မှာ တစ်နေ့တည်းဖုန်းသုံးကြိမ်လောက်ဝင်တယ်။ စီဒီအမ်အေဟမ်းဆက်တစ်လုံး ကံစမ်းမဲပေါက်တယ်လို့ပြောတယ်။ အဓိဋ္ဌာန်ဝင်ဆရာတော်ကြီး ကံစမ်းမဲပေါက်တာသိပ်ကံထူးတာပဲပေါ့။ နောက်ထပ်ကံထူးရှင်ဖြစ်ဖို့ ဆရာတော်ကြီးကန်တော့ပွဲမှာ ထီတစ်အုပ်လည်းထိုးခွင့်ရတယ်။ စီဒီအမ်အေဟန်းဆက်နဲ့အတူထီအုပ်လည်း ပို့ပေးလိုက်မယ်။ထီဖိုးငွေခုနစ်သိန်းသုံးသောင်းကို ဘဏ်ကလွှဲပေးရမယ်လို့ ပြောတယ်။ ထီဖိုးများတဲ့အတွက် မိဘတွေဆီငွေတောင်းဖို့ တိုင်ပင်ပါဦးမယ်လည်းပြောတော့ အနှောင့်အယှက်တွေ ဝင်လိမ့်မယ်ငွေလွှဲဖြစ်အောင် လွှဲပါ။ နေ့လယ် ဖုန်းပြန်ဆက်မယ်ဆိုပြီး ဖုန်းချသွားတယ်"

"နောက်တစ်ကြိမ်ဖုန်းလာတော့ မိဘတွေက အဲဒါလိမ်နေတာသတိထားသမီးရေလို့ဘေးကနေပြောသံကြားရော ဖုန်းချသွားတယ်။ ကျွန်မဆီ ဆက်သွယ်လာတဲ့ဖုန်းပြန်ဆက်တော့ ရန်ကုန်က P.C.O ဖုန်းပါလို့ ပြန်ဖြေပြီး ဆက်သွယ်သူရဲ့အမည်ကို မသိဘူးလို့ပြောတယ်" ဟု မုံရွာမြို့ခံတစ်ဦးကသူက၏အတွေ့အကြုံကိုပြောသည်။

"မင်းရွာမှ အော်တိုတယ်လီဖုန်းတပ်ဆင်ပြီး တစ်ပတ်အတွင်းမှာ တယ်လီဖုန်းပိုင်ရှင်သုံးဦးက ငွေလိမ်ဖို့ ကြိုးစားသူတွေရှိတယ်၊ ကံစမ်းမဲပေါက်လို့ ရေခဲသေတ္တာတွေ၊ ရွှေရောင်နာရီတွေ၊ အီးဗီဒီစက်တွေပေါက်တယ်ဆိုပြီး ထီထိုးခိုင်းတာ။ မြို့ပေါ်မှာ ဒီနည်းတွေနဲ့ ငွေလိမ်တာတွေရှိတယ်ကြားလို့ သူတို့ပေးမယ့်ပစ္စည်းတွေလည်း မမက်ဘူး၊ ထီလည်းမထိုးဘူး။ ပြောလွှတ်လိုက်ကြလို့တစ်ယောက်မှ အလိမ်မခံရဘူး။ ဆက်သွယ်တဲ့သူက P.C.O ဖုန်းနဲ့ ဆက်သွယ်ပြီး ဖုန်းနံပါတ်နဲ့ လူအမည် အတိအကျဆက်သွယ်တာ။ ဖုန်းကိုင်တဲ့သူက အမျိုးသမီးဆိုရင် ယုံအောင်ပြောပြီးလိမ်တော့တာပဲ"ဟု မုံရွာမြို့နယ် မင်းရွာကျေးရွာဒေသခံ အော်တိုတယ်လီဖုန်းပိုင်ရှင်တစ်ဦးကပြောသည်။

စာ(၁၂)သို့

## သုံးစွဲရန်မသင့်၍ ရောင်းချမှုပိတ်ပင်တော့မည်ဆိုသော ခြင်ဆေးခွေနှစ်မျိုး ရောင်းချနေကြဆဲ

ဝတ်ရည်

ရန်ကုန်၊ ဩဂုတ်-၁၈

**နယ်စပ်မှ ဝင်ရောက်လာသည့် မှတ်ပုံတင်ထားခြင်းမရှိသော ကျင်းထုံခြင်ဆေးခွေနှင့် Baby Care ခြင်ဆေးတို့မှာ ဈေးကွက် အတွင်း ယခုအချိန်အထိ ရောင်းချနေဆဲဖြစ်ကြောင်း သတင်းရရှိသည်။**



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ထိုခြင်ဆေးခွေများထဲတွင် သတ်မှတ်ထားသော ဓာတုပစ္စည်းများ ပိုမိုပါဝင်နေသည့်အတွက် သုံးစွဲသူများ၏ ကျန်းမာရေးအား ထိခိုက်စေနိုင်၍ ပိုးသတ်ဆေးဥပဒေအရ တားမြစ်ပိတ်ပင်မည်ဖြစ်ကြောင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ သီးနှံကာကွယ်ရေးမှ 7Day News သို့ ဩဂုတ်လဆန်းက ပြောကြားခဲ့ရာ 7 Day News ဂျာနယ် အတွဲ ၉ အမှတ် ၂၀ တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

"အခုထိ ဆိုင်မှာတော့ ရောင်းနေတုန်းပဲ။ မရောင်းရတော့ဘူးလို့ ကြားလိုက်ပေမယ့် သတင်းစာတွေထဲမှာလည်း ကြေညာတာ မတွေ့တဲ့အပြင် လာဝယ်တဲ့သူလည်း များတဲ့အတွက် အခုအထိ ဈေးကွက်ထဲမှာတော့ရောင်းနေကြတာပဲ"ဟု ကုန်စုံဆိုင်တစ်ဆိုင်မှသိရသည်။

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့်လည်း သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းနေပြီး မကြာခင် တရားဝင် ထုတ်ပြန်ကြေညာ၍ ဈေးကွက်အတွင်း ရောင်းချမှုကို ပိတ်ပင်တော့မည်ဖြစ်ကြောင်း အဆိုပါ ဌာနမှ ဒုတိယအထွေထွေမန်နေဂျာဦးအေးထွန်းက ဩဂုတ်လ တတိယပတ်တွင် ထပ်မံပြောကြားသည်။

ကျင်းထုံခြင်ဆေးခွေနှင့်Baby Care ခြင်ဆေးခွေတို့မှာ ယခုနှစ် ဇွန်လခန့်မှစ၍ ဈေးကွက်အတွင်း ရောက်ရှိလာခြင်းဖြစ်ပြီး ယခုအချိန်တွင် ခြင်ဆေးခွေများအတွင်း ရောင်းအားအကောင်းဆုံးခြင်ဆေးများဖြစ်ကြောင်းသိရသည်။

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့က ပြည်ပမှနည်းလမ်းမျိုးစုံဖြင့် ဝင်ရောက်လာသော ဈေးကွက်တွင်း ရောင်းချနေသည့် ခြင်ဆေးခွေအချို့မှာ အဆိပ်ရှိပစ္စည်းများဖြင့် ထုတ်လုပ်ထားသည်ကို စစ်ဆေးတွေ့ရှိရပြီး၊ တင်သွင်းခြင်း၊ရောင်းချခြင်းတို့ကို တားဆီးအရေးယူခြင်းဖြင့် သိမ်းဆည်းမှုပြုလုပ်ရန် ဆုံးဖြတ်ထားကြောင်း ဩဂုတ်လ ၂၁ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။ သို့သော် သုံးစွဲသူများ၏ကျန်းမာရေးကို ထိခိုက်စေနိုင်သည်ဟုဆိုသော အဆိုပါခြင်ဆေးခွေများ၏အမည်နာမများကိုမူ ဖော်ပြထားခြင်းမရှိပေ။

## ကျပ်ငါးသောင်းတန် နားကပ်ကိုရလို၍ ကလေးငယ်အား သတ်ပြီး လုယက်

အိဖြူလွင်

ရန်ကုန်၊ ဩဂုတ်- ၁၈

ကျပ်ငါးသောင်းတန်ဖိုးရှိ ရွှေနားကပ်ကိုရယူလို၍ ရှစ်နှစ်အရွယ်ကလေးငယ်အား သတ်သောလူသတ်လုယက်မှုတစ်ခု ဘိုကလေးမြို့နယ်၌ဖြစ်ပွားခဲ့သည်ဟု မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ယခုလ ၉ ရက်က ဘိုကလေးမြို့နယ် ရွာသာအေးရွာတွင် အသက် ၈ နှစ်အရွယ်ရှိ မယဥ်နွယ်လွင်ဆိုသူကလေးငယ်အား မိဘများမရှိသည့်အချိန်၌ ရေနှစ်သတ်၍နားကပ်လုယူမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

သေဆုံးကလေးငယ်၏ မိဘများသည် ယင်းနေ့နံနက် ၁၁ နာရီအချိန်ခန့်က ရွာသာအေးရွာမှ ပျဥ်းမကုန်းရွာသို့ နာရေးကိစ္စသွားရောက်ခဲ့ခြင်းဖြစ်၍ သမီးငယ်မှာ နေအိမ်တွင် အခြား ကလေးများနှင့်အတူ ဆော့ကစားနေခဲ့သည်။

နေ့လယ် ၁ နာရီအချိန်၌ မိဘများပြန်ရောက်လာသောအခါ ကလေးအားမတွေ့၍ ရှာဖွေရာမှ နောက်တစ်နေ့ နံနက်တွင် ခြံချင်းကပ်လျက်ရှိ လူမနေသည့် ခြံကျုံတောထဲ၌ ကလေးအား ပြင်ပဒဏ်ရာမရှိဘဲ ရေနစ်သေဆုံးနေသည်ကို တွေ့ရှိခဲ့သည်ဟုသိရသည်။

ကလေးငယ်ဝတ်ဆင်ထားသော တန်ဖိုးကျပ်ငါးသောင်းခန့်ရှိ ရွှေနားကွင်းတစ်ရန်မှာလည်း ပျောက်ဆုံးနေ၍ ဘိုကလေးမြို့နယ် ရဲစခန်းက သေမှုသေခင်းဖြင့် စစ်ဆေးခဲ့သည်။

စစ်ဆေးစဥ်အတွင်းသတင်းပေးချက်များအရ ကလေးငယ်သည် အခင်းမဖြစ်မီက ဦးလေးဝမ်းကွဲတော်သူ အောင်အောင်(ခ)ဝေယံအောင်နှင့် အတူရှိနေခဲ့ပြီး အခင်းဖြစ်ပြီးနောက်တွင် အောင်အောင်သည် ဘိုကလေးမြို့ရှိ ရွှေဆိုင်တစ်ဆိုင်တွင် မင်းသွေးအမည်ဖြင့် ရွှေနားကွင်းတစ်ခုကို ပေါင်ထားခဲ့ကြောင်းသိရသည်။

အောင်အောင်အား စစ်ဆေးချက်များအရ ၎င်းသည် မယဥ်နွယ်လွင်ကို ကျုံတောထဲ၌ ရေနှစ်သတ်ပြီး နားကွင်းအား ဖြုတ်ယူပေါင်နှံခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။

အဆိုပါအမှုကို ဘိုကလေးရဲစခန်းက (ပ)၁၆၀/၂၀၁၀ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂/၃၉၂ လူသတ်မှု/လုယက်မှုဖြင့် အမှုဖွင့်၍ ဆက်လက်ဆောင်ရွက်လျက်ရှိသည်ဟုသိရသည်။


TRI
LIVES BRILLIANTLY


Giorenzo
COLLECTION
MEN'S AND LADIES' WEARS
THE QUALITY OF DREAM

7DAY NEWS JOURNAL
Vol.9, No.23. AUGUST 26, 2010

# ပြည်လမ်းမရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံဟောင်း၌ တိုင်းအဆင့်အစိုးရဌာနအချို့ ပြောင်းလဲရုံးစိုက်မည်

**ကျော်သီဟ**

**ရန်ကုန်၊ ဩဂုတ် - ၁၉**

ရန်ကုန်မြို့ ပြည်လမ်းမရှိ ပြည်သူ့ လွှတ်တော်အဆောက်အအုံဟောင်းကြီးတွင် ဩဂုတ်လကုန်ပိုင်းမှစတင်၍ တိုင်းအဆင့်ရှိ အထွေထွေအုပ်ချုပ်ရေးဌာန၊ ရန်ကုန်တိုင်းရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးနှင့်စည်ပင်သာယာရေးဦးစီးဌာနစသော ဌာနများ ပြောင်းလဲ၍ အခြေစိုက်ရုံး ထိုင်သွားတော့မည်ဖြစ်ကြောင်းသတင်းရရှိသည်။

ရန်ကုန်တိုင်းရုံးဟု လူသိများသော ဘဏ်လမ်းရှိ အဆောက်အအုံ(စုပေါင်းရုံး)ကြီးတွင် ရန်ကုန်တိုင်းတရားရုံးနှင့် ရန်ကုန်တိုင်း ဥပဒေရုံးများ ကျန်ရစ်ခဲ့မည်ဖြစ်သည်။ ရွေးကောက်ပွဲအလွန်ကာလတွင် အဆိုပါရုံးအား ရန်ကုန်တိုင်းတရားလွှတ်တော်ရုံးနှင့် ဥပဒေရုံးအဖြစ် ပြောင်းလဲသွားမည်ဖြစ်သည်ဟု တာဝန်ရှိသူတစ်ဦးကပြောသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ပြည်သူ့လွှတ်တော်အဆောက်အအုံသစ်ကြီးကို နေပြည်တော်တွင် တည်ဆောက်နေရာ ပြီးစီးလုနေပြီဖြစ်သည်။

ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံမှာ မြန်မာ့ဆိုရှယ်လစ်ခေတ်(လမ်းစဉ်ပါတီခေတ်) လူငယ်လုပ်အားပေးစီမံကိန်းများအရ နိုင်ငံတော်ရှိလူငယ်တို့၏လုပ်အားဖြင့် ပါဝင်တည်ဆောက်ခဲ့သော တစ်ပါတီစနစ် လက်ကျန်အမွေအနှစ်အဆောက်အအုံဟောင်းကြီးတစ်ခုဖြစ်သည်။ ပြည်နယ်နှင့် တိုင်းအသီးသီးရှိ ဒေသပါတီများမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြင့် ၁၉၈၈ ခုနှစ်အထိ ပြည်သူ့လွှတ်တော်အစည်းအဝေးများ ကျင်းပခဲ့သော အဆောက်အအုံဖြစ်ကြောင်းသိရသည်။

လာမည့်လများတွင် ရန်ကုန်တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး၊ ရန်ကုန်တိုင်းလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ နယ်စပ်ဒေသ နှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဦးစီးဌာနတို့က ရုံးအခြေစိုက်ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူကပြောသည်။




# မလေးရှားရောက် မြန်မာများ လူကုန်ကူးခံရမှုများလာ

**သဇင်ထွေး**

ရန်ကုန်၊ ဩဂုတ် - ၁၆

**မလေးရှားနိုင်ငံရောက် မြန်မာများ လူကုန်ကူးခံရမှု ယခုနှစ်ပိုင်းများလာပြီး လူကုန်ကူးသူများက ထိုင်းနှင့် မလေးရှားနယ်စပ်၌ ဖြစ်မှုအများဆုံးကျူးလွန်ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးမှ အဖွဲ့ခေါင်းဆောင်က 7Day News သို့ပြောသည်။**

မလေးရှားနိုင်ငံသည် (Over Stay) ဗီဇာရက်လွန်နေထိုင်သူများ၊ တရားမဝင် အောက်လမ်းမှ ဝင်ရောက်သူများကိုဖမ်းဆီး၍ ထိုင်းနှင့် မလေးရှားနယ်စပ်တွင် လာရောက်ပို့ဆောင်လေ့ရှိပြီး ထိုနေရာမှတစ်ဆင့် ပြန်လည်လူကုန်ကူးခံရခြင်းဖြစ်ကြောင်းသိရသည်။

"မလေးရှားနိုင်ငံနဲ့ လူကုန်ကူးမှုက အခုနောက်ပိုင်းမှာ တော်တော်လေးဖြစ်လာတယ်။ ထိုင်းနိုင်ငံကတစ်ဆင့် မလေးရှားကို အောက်လမ်းကဝင်ကြတယ်။ မလေးရှားရဲကဖမ်းပြီးရင် နယ်စပ်မှာလာသွန်တယ်။ ပိုက်ဆံပေးနိုင်တဲ့သူက ပြန်လာလို့ရတယ်။ မပေးနိုင်တဲ့သူတွေက အဲဒီမှာရှိတဲ့ လူပွဲစားတွေရဲ့ရောင်းစားတာခံရတယ်။ မလေးလေဆိပ်မှာလည်း လူကုန်ကူးခံရတာတွေလည်းရှိတယ်။ ဒါကြောင့် မလေးရှားနိုင်ငံကိုလည်း လူကုန်ကူးမှုတိုက်ဖျက်ရေးမှာ ပါဝင်လာစေချင်တယ်။ မလေးရှားနိုင်ငံက အခုချိန်ထိလေ့လာသူအဖြစ်နဲ့ပဲရှိတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောကြားသည်။

လူကုန်ကူးသူများမှာ တရုတ်၊ ထိုင်းနိုင်ငံတွင်သာမက မလေးရှားနိုင်ငံအထိပါ တိုးချဲ့လာပြီး မလေးရှားတွင်ဖြစ်ပွားသောလူကုန်ကူးမှုများသည် အဓမ္မသူတောင်းစားပြုလုပ်ခိုင်းခြင်းဖြစ်ကြောင်းသိရသည်။

မလေးရှားနိုင်ငံတွင် ထိန်းသိမ်းခံရသည့် မြန်မာနိုင်ငံသားများကို နှစ်နိုင်ငံညှိနှိုင်းချက်ဖြင့် မြန်မာနိုင်ငံမှ လေကြောင်းလိုင်းဖြင့်ပြန်လည်ခေါ်ယူနေပြီး လူဦးရေနှစ်ထောင်ကျော်ခန့်ရှိနေပြီဖြစ်ကြောင်းသိရသည်။

မလေးရှားနိုင်ငံသို့ တရားဝင်သွားရောက်လုပ်ကိုင်သူများမှာလည်း မိမိသွားရောက်လိုသော ကုမ္ပဏီမှာ မှန်ကန်မှုရှိမရှိကိုဆက်သွယ်သော အေးဂျင့်များအား သေချာစွာ စုံစမ်းမေးမြန်းရန်လိုအပ်သလို လူခံရှိမှသွားရန်သင့်ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့မှ အသိ ပေးပြောကြားသည်။

မလေးရှားနိုင်ငံမှာ မြန်မာအလုပ်သမား အများဆုံး တရားဝင်သွားရောက်လုပ်ကိုင်သော နိုင်ငံတစ်ခုဖြစ်ပြီး၊ ယခုနောက်ပိုင်းတွင် အမျိုးသမီးများပါ သွားရောက်အလုပ်လုပ်ကိုင်မှု မြင့်တက်လျက်ရှိကြောင်းဖြင့် ပြည်ပအလုပ်အကိုင် ဈေးကွက်ကျွမ်းကျင်သူများကပြောသည်။

# အဲအေးရှားက ရန်ကုန်-ဘန်ကောက်ခရီးစဉ်ကို အခေါက်ရေ လျှော့ပျံသန်းမည်

**အောင်သူရ**

**ရန်ကုန်၊ ဩဂုတ်- ၂၃**

ဆိုက်ရောက်ပြည်ဝင်ခွင့် (Visa On Arrival)ဖြင့် လာရောက်သော ဧည့်သည်များ အများဆုံးစီးနင်းသော စရိတ်နည်း လေကြောင်းလိုင်း အဲအေးရှားက တစ်ရက်လျှင် နှစ်ကြိမ်ပျံသန်းနေသော ရန်ကုန်ဘန်ကောက်ခရီးစဉ်အား စက်တင်ဘာ ၁ ရက်မှစ၍ တစ်နေ့တစ်ကြိမ်သာ ပျံသန်းတော့မည်ဟု အဆိုပါလေကြောင်းလိုင်း တာဝန်ခံက 7Day News သို့ပြောသည်။



"အရင်တုန်းက မနက် ၈ နာရီခွဲတစ်စီး၊ ညနေ ၆နာရီတစ်စီး နေ့စဉ်ထွက်တာကနေ စက်တင်ဘာ ၁ရက်ကစပြီး ညနေ ၆ နာရီ တစ်စီးပဲထွက်တော့မယ်"ဟု အဆိုပါလေကြောင်းလိုင်းတာဝန်ရှိသူကပြောသည်။

ဆိုက်ရောက်ပြည်ဝင်ခွင့်ဖြင့် ကမ္ဘာလှည့်ခရီးသွားများအား လာရောက်ခွင့်ပြုခဲ့သည့် မေလဆန်းမှစ၍ စီးနင်းသူ များပြားလာခဲ့ရာ ဇူလိုင်လ ၁၉ ရက်မှ စ၍ ရန်ကုန်-ဘန်ကောက်ခရီးစဉ်အား ညနေ ၆နာရီတစ်ကြိမ် ထပ်မံတိုးချဲ့ပျံသန်းခဲ့သည်။

"ဈေးကွက်အခြေအနေအရ လောလောဆယ်တစ်လနားမယ်"ဟု အဆိုပါ လေကြောင်းလိုင်းမှ တာဝန်ရှိသူက ပြောသည်။

စရိတ်နည်းလေကြောင်းလိုင်းဖြစ်သော Air Asia သည် ၂၀၀၆ စက်တင်ဘာမှစ၍ ရန်ကုန်-ဘန်ကောက် နံနက်ခရီးစဉ်အား စတင်ပျံသန်းခဲ့ပြီး ယခုနှစ်တွင် ရန်ကုန်-ကွာလာလမ်ပူခရီးစဉ်နှင့် ရန်ကုန်-ဘန်ကောက်ခရီးစဉ်တို့အား တိုးချဲ့ပျံသန်းခဲ့သည်။

# အင်ဒိုနီးရှား၌ ရွှေတိဂုံပုံစံတူစေတီတော် ထီးတင်ပွဲနှင့် နိုင်ငံတကာဗုဒ္ဓညီလာခံသို့ မြန်မာသံဃာတော် အပါး၆၅၀ ကြွရောက်မည်

**မြတ်စုမွန်**

**ရန်ကုန်၊ ဩဂုတ် - ၂၀**

တည်ဆောက်ပြီးစီးသွားပြီဖြစ်သည့် ရွှေတိဂုံပုံစံတူစေတီတော်၏ ထီးတင်လှူပွဲနှင့် နိုင်ငံတကာဗုဒ္ဓဘာသာညီလာခံကို လာမည့် အောက်တိုဘာနောက်ဆုံးပတ်တွင် အင်ဒိုနီးရှားနိုင်ငံ၊ ဆူမတြားကျွန်း၌ကျင်းပပြုလုပ်မည်ဖြစ်ရာ မြန်မာနိုင်ငံမှ သီတဂူဆရာတော်အရှင်ဉာဏိဿရအပါအဝင် သံဃာတော်အပါး ၆၅၀ ကြွရောက်ကြမည်ဖြစ်ကြောင်း သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။

အင်ဒိုနီးရှားနိုင်ငံ၊ ဆူမတြားကျွန်းမြောက်ပိုင်း၊ Vrastaji မြို့၌ အောက်တိုဘာ ၂၇၊ ၂၈နှင့် ၂၉ရက်များတွင် ကျင်းပမည့် အဆိုပါထီးတင်ပွဲသို့ နိုင်ငံတကာမှ ဆရာတော်အပါး ၁၃၀၀ ကျော် တက်ရောက်မည်ဖြစ်ပြီး မြန်မာနိုင်ငံမှ တောင်တန်းနယ်စပ်သာသနာပြုဆရာတော်များ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းအုပ်ဆရာတော်များ၊ သံဃနာယကအဖွဲ့အစည်းများတွင် အဆင့်ဆင့်တာဝန်ထမ်းဆောင်နေသောဆရာတော်ကြီးများ၊ နိုင်ငံတော်မဟာသံဃနာယကအဖွဲ့မှ ဗဟိုအလုပ်အမှုဆောင်ဆရာတော်များတက်ရောက်မည်ဖြစ်ကြောင်း သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"မြန်မာနိုင်ငံက သံဃာအပါး ၆၅၀နဲ့ လူပုဂ္ဂိုလ် ၁၀၀ တက်ရောက်ပါမယ်။ နိုင်ငံတကာက ထေရဝါဒ၊ မဟာယာနသံဃာအပါး ၁၃၀၀နဲ့ လူပုဂ္ဂိုလ် ၆၅၀ တက်ရောက်မယ်။အောက်တိုဘာ ၃၀ ရက်နေ့မှာ အနေကဇာတင်ပြီး၊ ၃၁ရက်နေ့မှာ နိုင်ငံတကာဗုဒ္ဓဘာသာ ညီလာခံလုပ်မှာပါ။ နိုဝင်ဘာ ၁ရက်နေ့မှာ ပြန်ရောက်မယ်"ဟု သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(ပြည်ပ)ဦးအောင်သိန်းညွန့်ကပြောသည်။

အဆိုပါရွှေတိဂုံပုံတူစေတီတော်သည် ဉာဏ်တော်အမြင့် ၁၃၅ ပေရှိသည်။ ၂၀၀၇ခုနှစ်တွင် စတင်အုတ်မြစ်ချခဲ့ကာ ၂၀၀၈-၀၉ ခုနှစ်တွင် ဌာပနာသွင်းခဲ့ပြီး၊ ယခုလ၈ရက်တွင် သီတဂူဆရာတော် ကိုယ်တိုင်ကြွရောက်ကာ စိန်ဖူးတော်နှင့်ငှက်မြတ်နားတော် တင်လှူခဲ့ကြောင်းသိရသည်။

အင်ဒိုနီးရှားနိုင်ငံ၊ ဆူမတြားကျွန်းတွင် ယခု ထီးတော်တင်လှူမည့်စေတီတော်အပြင် ၂၀၀၃ခုနှစ်က တည်ထားခဲ့သော ဉာဏ်တော် ၇၂ပေရှိ ရွှေတိဂုံပုံတူစေတီတော်တစ်ဆူရှိကြောင်းလည်း သိရသည်။

7DAY NEWS JOURNAL
Vol.9, No.23. AUGUST 26, 2010

# မြန်မာ့ဆန်ဈေး တစ်တန်လျှင် ကန်ဒေါ်လာ ငါးဆယ်တက်

**အောင်သူရ၊ ပြည့်သိမ်း**

**ရန်ကုန်၊**

**ဩဂုတ်- ၂၁**

တစ်ကမ္ဘာလုံးတွင် ကြုံတွေ့နေရသော ရာသီဥတုဖောက်ပြန်မှုများကြောင့်နိုင်ငံတကာဆန်ဈေးကွက်တွင် မြန်မာနိုင်ငံမှ တင်ပို့သော ၂၅ မတ်ဆန်မှာ တစ်တန်လျှင် ဒေါ်လာ ၅၀ ခန့် ဈေးတက်လာခဲ့ကြောင်း ဆန်စပါးကုန်သည်များကပြောသည်။

လတန်အကြာ ပြည်ပဆန်စပါးဈေးကွက်တွင် မြန်မာနိုင်ငံမှ တင်ပို့သော ၂၅ မတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၁၀ ခန့်ရှိခဲ့ရာမှ ဩဂုတ်လလယ်နောက်ပိုင်းမှ စ၍ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၀ ဈေးသို့ ပြောင်းသွားခြင်းဖြစ်သည်။

ရုရှားနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုကြောင့် ဂျုံစိုက်သူရာခိုင်နှုန်းလျော့နည်းသွားခြင်းနှင့် ပါကစ္စတန်ရေကြီးမှုကြောင့် စပါးအထွက်နှင့် ပြည်ပ တင်ပို့မှုလျော့ကျသွားခြင်း၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှ ဆန်တင်ပို့မှုအားထိန်းလိုက်ခြင်းစသော အချက်များကြောင့်ဆန်ဈေးတက်သွားရခြင်းဖြစ်ကြောင်း ပို့ကုန်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

"စားစရာက နှစ်ခုပဲရှိတာ။ ဂျုံရယ်၊ ဆန်ရယ်၊ ဂျုံဈေးကြီးသွားတော့ ဆန်ပိုဝယ်တာပေါ့"ဟု လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ထိုကဲ့သို့ ကမ္ဘာ့ဈေးကွက်တွင် ဆန်ဈေးတက်လာသော်လည်း ပို့ကုန်ရငွေတန်ဖိုးမှာ ကျဆင်းနေသဖြင့် ပြည်တွင်းဆန်စပါးဈေးကွက်တွင် ဈေးအပြောင်းအလဲမရှိသေးကြောင်း စုံစမ်းသိရသည်။

မြန်မာနိုင်ငံမှ တင်ပို့သော ၂၅ မတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၁၀ ရရှိခဲ့စဉ်ကပို့ကုန်ရငွေတန်ဖိုးမှာ ၁,၀၀၀ ဝန်းကျင်သာရှိနေသဖြင့် ပြည်တွင်းဆန်ဈေးနှင့် တွက်ကြည့်ပါက ပို့ကုန်လုပ်ငန်းရှင်များ အရှုံးပေါ်ခဲ့သည်ဟု သိရသည်။

"ယခုတစ်တန်ကို ဒေါ်လာ ၃၅၀ ဆိုတော့ နည်းနည်း လေး တွက်ခြေကိုက်လာတယ်။ မရှုံးတော့ဘူး"ဟု ပို့ကုန်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ထို့ကြောင့် လက်ရှိပြည်တွင်းဆန်စပါးဈေးကွက်တွင် စပါးတင်းတစ်ရာဈေးနှုန်းမှာ ကျပ်လေးသိန်းခြောက်သောင်းဝန်းကျင်ဖြင့် ငြိမ်နေကြောင်းသိရသည်။

ထို့အပြင် ပြည်တွင်း ဆန်ဈေးကွက်တွင်လည်းအရောင်းအဝယ်အေးနေသော ဧယာ(ရှယ်) တစ်အိတ်လျှင် ကျပ်တစ်သောင်းရှစ်ထောင်ဝန်းကျင်သာရှိကြောင်း သိရသည်။

ယခုနှစ်စပါးလက်ကျန်မှာလည်း များစွာရှိနေသေးကြောင်း သိရှိရပြီး လက်ရှိတစ်ကမ္ဘာလုံးတွင် ကြုံတွေ့နေရသော ရာသီဥတုအခြေအနေအရ ပို့ကုန်သီးနှံများထဲတွင် ဆန်မှာအလားအလာအကောင်းဆုံးသီးနှံဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောသည်။

ပြည်တွင်းဆန်ကုန်သည်များကို လွတ်လပ်စွာ တင်ပို့ခွင့် ပြုထားသော်လည်း ကမ္ဘာ့ဆန်ဈေးသည် အကျဈေးဖြင့် တည်ငြိမ်နေသောကြောင့် တင်ပို့မှုများလျော့နည်းနေသည်။ ၂၀၀၉-၁၀ ဘဏ္ဍာနှစ်က ပြည်ပဈေးကွက်သို့ မြန်မာဆန်တန်ချိန် တစ်သန်းကျော်တင်ပို့နိုင်သော်လည်း ယခုနှစ်ဝက်ထိဆန်တင်ပို့မှုသည် တန်ချိန် ၁၅၀,၀၀၀ ကျော်သာတင်ပို့နိုင်သေးကြောင်းသိရသည်။

## ငါးသိန်းတန်ဖုန်းအငှားဈေးကွက် စတင်ပေါ်ပေါက်



**အေးသူ**

**ရန်ကုန်၊ ဩဂုတ် ၂၁**

ဖုန်းနံပါတ် ၇၃ နှင့်စသော ဂဏန်းရှစ်လုံးပါ ငါးသိန်းတန် CDMA 800 MHz ဖုန်းများ နယ်မြေ ကန့်သတ်ချက်လျှော့ချလိုက်ပြီးသည့်နောက် ယခုလဆန်းဝန်းကျင်မှ စတင်၍ အငှားဈေးကွက် စတင်ပေါ်ပေါက်လျက်ရှိကြောင်း စုံစမ်းသိရှိရသည်။

ယင်းငါးသိန်းတန်ဖုန်းများအား တစ်လလျှင် ငှားရမ်းခ ကျပ်နှစ်သောင်းခွဲနှင့်စပေါ်ငွေ ကျပ်တစ်သိန်းဝန်းကျင်တို့ဖြင့် အငှားဈေးကွက်ဖြစ်ပေါ်နေသည်ဟု သိရပြီး ဖုန်းအငှားပွဲစား အချို့မှာ တစ်ဦးလျှင်ဖုန်းအလုံးရေဆယ်လုံးဝန်းကျင်ခန့်ဝယ်ယူကာ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နေကြသည်ကို စုံစမ်းသိရှိရသည်။

"ကျွန်မက အရင်က ကတ်ဖုန်းကိုင်တာ။ တစ်လတန်ဖုန်းပဲ ကိုင်နိုင်တာပါ။ ဒါပေမဲ့ အဆင်မပြေဘူး။ ရက်နှစ်ဆယ်လောက်ပဲ သုံးပြီးရင် ကတ်က ကုန်သွားပြီ။ တစ်လကိုနှစ်သောင်းသုံးပြီး ရက်နှစ်ဆယ်လောက်ပဲပြောရတော့ ကျွန်မအလုပ်အတွက်လည်း အဆင်မပြေဘူး။ ခုဒီဖုန်းကျတော့ တစ်လကိုနှစ်သောင်းခွဲပေးရုံနဲ့ ကိုယ်ငှားထားရင်ငှားထား သလောက်ပြောရတာ ပိုအဆင်ပြေတာပေါ့" ဟု ငါးသိန်းတန် ဖုန်းငှားရမ်းကိုင်ဆောင်ထားသူ ရန်ကုန်မြို့ရှိ အသက် ၃၃ နှစ်အရွယ် ပွဲစားအမျိုးသမီးတစ်ဦးက ပြောသည်။

ယင်းအငှားဈေးကွက်ပေါ်ပေါက်လာခြင်းကို ဖုန်းဈေးကွက်ကျွမ်းကျင်သူတစ်ဦးက "ငှားတဲ့ဈေးကွက်ကနယ်မြေအကန့်အသတ်မရှိတော့တဲ့အချိန်မှာ ပေါ်လာတာပေါ့။ အခုထိတော့သိပ်အများကြီးမရှိသေးဘူး။ နယ်မြေကန့်သတ်မှုမရှိတော့ ပိုပြီးရောင်းလာရတယ်။ ခုလိုအငှားဈေးကွက် ဖြစ်လာတော့ ကောင်းပါတယ်။ သူက လိုင်းမကျပ်ဘူး။ လိုင်းက အရမ်းကောင်းတယ်။ အလုံးရေအများကြီးဝယ်ပြီး ရင်းနှီးမြှုပ်နှံတယ်လို့တော့ အခုထိမကြားမိသေးဘူး" ဟု သုံးသပ်ပြောသည်။

ငါးသိန်းတန်ဖုန်းငှားရမ်းသူများအား ပိုင်ရှင်များက စပေါ်နှင့် တစ်လစာငွေဖြင့် ငှားရမ်းခြင်းဖြစ်ပြီး ကြိုတင်ငွေပေးသွင်းကတ်ကိုမူ ငှားရမ်းသုံးစွဲသူက ပေးသွင်းသုံးစွဲရမည်ဖြစ်ကြောင်း သိရသည်။ ယခုအခါ ရန်ကုန်တိုင်း ၃၃ မြို့နယ်တွင် နယ်မြေအကန့်အသတ်မရှိ သယ်ဆောင်အသုံးပြုနိုင်သည့် ယင်းဖုန်းများကို အခြားပြည်နယ်နှင့် တိုင်းများတွင်ပါ သယ်ဆောင်အသုံးပြုနိုင်ရန် စီစဉ်လျက်ရှိကြောင်းလည်း ထပ်မံသိရှိရသည်။



7DAY NEWS JOURNAL
Vol.9, No.23. AUGUST 26, 2010

## ၂၀၁၀ ဩဂုတ် ၂၆ မှ စက်တင်ဘာ ၁ ရက် အထိ

## မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်



**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း ၁ ကြိမ်ဖြစ်ပေါ်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနိုင်ပါသည်။

**မိုးအခြေအနေ**

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ကရင်ပြည်နယ်၊မွန်ပြည်နယ်၊စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ရွာသွန်းမြဲထက်ပိုပြီး ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် ရွာသွန်းမြဲအောက်လျော့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင်ရွာသွန်းမြဲခန့်ရွာနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ကသာမြို့တို့တွင် ၁၅၀ စင်တီမီတာ (၅ ပေခန့်)၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၁၂၀ စင်တီမီတာ (၄ ပေခန့်)၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ၁၅၀ စင်တီမီတာ (၅ ပေခန့်) လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၁၅၀ စင်တီမီတာ (၅ ပေခန့်)၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁၂၀ စင်တီမီတာ (၄ ပေခန့်) လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်ပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

# ဗီဇာမပါသော မလေးရှားသွားမည့်လုပ်သား ၅၀ခန့် လေယာဉ်ပေါ်တက်ခွင့်မရ

**အောင်သူရ**

**ရန်ကုန်၊ ဩဂုတ် - ၁၆**

မလေးရှားနိုင်ငံက ဆိုက်ရောက်ပြည်ဝင်ခွင့်ဗီဇာအား ပိတ်လိုက်သည့် ဩဂုတ်လ ၁၅ရက်တွင် အဲအေးရှားလေကြောင်းလိုင်းသည် ရန်ကုန်မြို့မှ မလေးရှားနိုင်ငံသို့ သွားမည့် ကြိုတင်ပြည်ဝင်ခွင့်ရယူထားခြင်းမရှိသော လုပ်သား ၅၀ ခန့်အား ရန်ကုန်လေဆိပ်၌ ချန်ထားခဲ့ကြောင်း စုံစမ်းသိရှိရသည်။

"တချို့ပြောကြတာက So-cial Visit အတွက်ပဲ ဆိုက်ရောက်ပြည်ဝင်ခွင့်ပိတ်လိုက်တာ၊ လုပ်သားတွေမပါဘူးပြောတယ်။ သံရုံးကိုမေးကြည့်တော့ အားလုံးပါတယ်ပြောလို့မတင်တော့တာပါ" ဟု အဆိုပါလေကြောင်းလိုင်းတာဝန်ရှိသူကပြောသည်။

ချန်လှပ်ခံရသောလုပ်သား ၅၀ ၏ လေယာဉ်လက်မှတ်များအား မဆုံးရှုံးစေရန် လေကြောင်းလိုင်းက ပြန်လည်စီစဉ်ပေးမည်ဟုလည်း ထပ်မံရရှိသောသတင်းများအရသိရသည်။

အခြားသော အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းနှင့် မလေးရှားလေကြောင်းလိုင်းများကမူ ပြည်ဝင်ခွင့်ဗီဇာမပါသူများကိုပါ ယခင်အတိုင်း လိုက်ပါစီးခွင့်ပြုထားကြောင်း အဆိုပါလေကြောင်းလိုင်း၏ လက်မှတ်ရောင်းကိုယ်စားလှယ်များကပြောသည်။

"ဟိုဘက်မှာ လ.ဝ. ကနဲ့ ပိုင်တဲ့လူရှိလို့ စီစဉ်ပေးမယ့်သူရှိရင်တော့ အဆင်ပြေနိုင်တယ်"ဟု မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်တစ်ဦးကပြောသည်။

အိန္ဒိယနိုင်ငံသားများနှင့် ပတ်သက်ခဲ့သောပြဿနာကြောင့် မလေးရှားအစိုးရသည် မြန်မာ အပါအဝင် နိုင်ငံပေါင်းရှစ်နိုင်ငံမှ နိုင်ငံသားများအား မလေးရှားနိုင်ငံသို့ ဆိုက်ရောက်ပြည်ဝင်ခွင့်ဗီဇာ ထုတ်ပေးခြင်းကို ရပ်ဆိုင်းထားသည်ဟုဆိုသည်။

# ကုန်အဝင်များ၍ ကြက်သွန်နီဈေး ပြန်ကျ

**သိမ့်သိမ့်စိုး၊ ကျော်သီဟ**

**ရန်ကုန်၊ဩဂုတ်-၁၈**

မထင်မှတ်ဘဲ ဈေးပြန်တက်လာခဲ့သော ကြက်သွန်နီမှာ ရန်ကုန် ဘုရင့်နောင်ဈေးကွက်သို့ ကုန်ဝင်ရောက်မှုများလာပြီးနောက် ဈေးစတင်ကျဆင်းလာကြောင်း ဈေးကွက်မှ သတင်းရရှိသည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ကြက်သွန်နီဈေးမထင်မှတ်ဘဲ ပြန်တက်လာမှုကြောင့် ဘုရင့်နောင်ဝင်းသို့ ဝင်ရောက်လာသော ကြက်သွန်ကားအရေအတွက်မှာ ပုံမှန်ထက် ထက်ဝက်ကျော်ဝင်ရောက်လာခဲ့ကြောင်း ကြက်သွန်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ထို့အပြင် တရုတ်နိုင်ငံက ဈေးနိမ့်နှင့်သာ ဝယ်ယူလိုပြီး ဈေးမြင့်လျှင် မဝယ်လိုသောကြောင့် တရုတ်ဘက်မှ အဆွဲနည်းသွားခြင်းမှာ ဈေးကျသွားခြင်း၏ အချက်တစ်ချက်ဖြစ်ကြောင်း သိရသည်။

"တရုတ်ဘက်က နယ်စပ်အဝယ်ရှိခဲ့ပေမယ့် အခုပြည်တွင်းဈေးပြန်တက်လာတော့ ခဏဈေးပြန်ကျသွားတယ်။ တစ်ပတ်လောက်ပဲ ဈေးမြင့်ခဲ့တာ။ တရုတ်ကလည်း မြန်မာကြက်သွန်နီကို နယ်အစုံဈေး တစ်ပိဿာကျပ်တစ်ရာကနေ တစ်ရာ့ငါးဆယ်လောက်သာ ဈေးပေးချင်တယ်" ဟု ဘုရင့်နောင်ပွဲရုံဆိုင်ရှင်တစ်ဦးကဆိုသည်။

ဈေးနှုန်းမြင့်တက်မှု မရှိစဉ်က ဘုရင့်နောင်သို့ ကြက်သွန်ဝင်ရောက်မှုမှာ နေ့စဉ်ကားအစီးရေ ၁၀ စီးကျော်ဝင်ရောက်နေရာမှ ယခုရက်ပိုင်း၌ အစီးရေ ၂၀ ကျော် ၃၀ ဝန်းကျင်အထိ ဝင်ရောက်နေကြောင်းသိရသည်။

ယင်းကဲ့သို့ ဝင်ရောက်လာသောကြောင့် ကြက်သွန်နီဈေးနှုန်းမှာ တစ်ပိဿာလျှင် ၁၀၀ ကျပ်ကျော်အထိ ပြန်လည်ကျဆင်းလာခဲ့ခြင်းဖြစ်ကြောင်း ပွဲရုံလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ကြက်သွန်နီဈေးနှုန်းများမှာ ယခင်ဈေးတက်စဉ်က တစ်ပိဿာလျှင် ၄၃၀ ကျပ်ထိ မြင့်တက်ပြီး ဩဂုတ် ၁၆ ရက်မှစ၍တစ်ရက်လျှင် တစ်ပိဿာ ၅၀ ကျပ်ဝန်းကျင် ပြန်လည်ကျဆင်းခဲ့သည်။ ဩဂုတ် ၁၈ ရက်တွင် တစ်ပိဿာ ၃၂၅ ကျပ်နှုန်းသာ ဈေးပေါက်တော့ကြောင်း သိရသည်။

လက်ကားဈေးကွက်ဖြစ်သော ဘုရင့်နောင်ဈေးကွက်တွင် တစ်ပိဿာဈေးနှုန်း ၁၀၀ ကျပ်ကျော်ပြန်လည် ကျဆင်းခဲ့သော်လည်း လက်လီဈေးကွက်ဖြစ်သောဈေးနှုန်းများမှာ တစ်ပိဿာလျှင် ၆၀၀ ကျပ်ကျော်ဖြင့် ရောင်းချနေဆဲဖြစ်ကြောင်း လှည်းတန်းဈေးအတွင်း ရောင်းချနေသော ကြက်သွန်ဆိုင်များမှသိရသည်။

"ကြက်သွန်က အထားမခံတဲ့ပစ္စည်းဆိုတော့ ဈေးတက်လာတာနဲ့ ဝယ်လက်တွေက ထုတ်ရောင်းတော့တာပဲ။ ဈေးတက်ပေမယ့် တောင်သူတွေ လက်ထဲပစ္စည်းမရှိတော့ဘူးဆိုတော့ တောင်သူတွေအတွက် သိပ်မထူးပါဘူး"ဟု ကြက်သွန်စိုက်တောင်သူတစ်ဦးကပြောသည်။

သို့သော် ယခုကဲ့သို့ ဈေးတက်သောကြောင့် မိုးကြက်သွန်စိုက်တောင်သူများမှာ အားတက်ဖွယ်ဖြစ်ရကြောင်း အဆိုပါတောင်သူကဆက်လက်ပြောကြားသည်။

# တရုတ်လက်ဖက်စိုက်ခင်းများ ပျက်စီးခြင်းကြောင့် မြန်မာလက်ဖက်ဈေးကောင်းလာရန် မျှော်မှန်း

**အောင်သူရ၊ အိဖြူမွန်**

**ရန်ကုန်၊ ဩဂုတ်-၁၉**

တရုတ်နိုင်ငံရှိ ရေကြီးနေသော ဒေသများတွင် လက်ဖက်အဓိကစိုက်ပျိုးသည့် ဒေသများပါဝင်ကာ ပျက်စီးဆုံးရှုံးမှုများရှိသဖြင့် မြန်မာနိုင်ငံမှ လက်ဖက်ခြောက်များ ဝယ်ယူရန်ရှိနေပြီး မကြာမီ ဈေးအပြောင်းအလဲ ဖြစ်လာနိုင်ကြောင်း ရှမ်းပြည်နယ်ရှိ လက်ဖက်ခြောက်ကုန်သည်အချို့ကဆိုသည်။



ယခုလက်ရှိ တရုတ်နိုင်ငံလက်ဖက်ခြောက်ဈေးကွက်တွင် သုံးဆယ်ရာခိုင်နှုန်းခန့် ဈေးတက်သွားပြီဖြစ်ကြောင်း တရုတ်နိုင်ငံထုတ်အင်တာနက်သတင်းများအရ သိရသည်။

"၂၀၀၈ ခုနှစ်တုန်းကလည်း တရုတ်နိုင်ငံမှာ ရာသီဥတုဆိုးလို့ မြန်မာနိုင်ငံက ရှိသမျှ လက်ဖက်ခြောက်အစုံဝယ်တာ ဈေးတော်တော်တက်သွားတယ်။ ဒီနှစ်လည်း အဲဒီလိုဖြစ်လာမယ်ထင်တယ်" ဟု တောင်ကြီးမြို့ခံ လက်ဖက်ခြောက်ကုန်သည်တစ်ဦးကပြောသည်။

သို့သော် လက်ရှိအခြေအနေတွင် ဈေးအပြောင်းအလဲ မရှိသေးဘဲ စောင့်ကြည့်နေသောအခြေအနေ၌သာ ရှိနေသေးကြောင်းသိရသည်။ ထို့အပြင် တရုတ်နိုင်ငံထုတ်လက်ဖက်ခြောက်ဈေးနှုန်းများ တက်နေသဖြင့် တရုတ်နိုင်ငံမှ ဝယ်ယူထားသော လက်ကျန်လက်ဖက်ခြောက်များအား ထိန်းရောင်းနေကြောင်း လက်ဖက်ခြောက်ဝယ်ရောင်းကုန်သည်တစ်ဦးကဆိုသည်။

ယခု လက်ဖက်ခြောက်ဈေးနှုန်းတွင် ရွှေဖီခြောက်တစ်ပိဿာလျှင် ကျပ် ၅,၀၀၀ ဝန်းကျင်ရှိသည်။

တရုတ်လူမျိုးများတွင် ရေနွေးကြမ်းသောက်ခြင်းမှာ အလေ့အထသဖွယ်ဖြစ်နေပြီး လူတိုင်းနီးပါး သောက်သုံးလေ့ရှိကြသည်။

# ခြင်ဆေးခွေ မီးထွန်းထားရာမှ ဧည့်ရိပ်သာတစ်ခုမီးလောင်

**အိဖြူလွင်**

**ရန်ကုန်၊ ဩဂုတ်- ၂၀**

အင်းစိန်မြို့နယ် အအေးခန်း ဧည့်ရိပ်သာတစ်ခုရှိအခန်းအတွင်း ထွန်းထားသော ခြင်ဆေးခွေမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားကာ ဧည့်ရိပ်သာအပေါ်ထပ်ရှိ အခန်းများ မီးလောင်သွားကြောင်း သတင်းရရှိသည်။

ဩဂုတ်လ ၁၉ရက်က စော် ဘွားကြီးကုန်းရပ်ကွက်လေဆိပ်လမ်းရှိ ဧည့်ရိပ်သာတစ်ခုတွင် အဆိုပါမီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုသည် နံနက် ၅နာရီ ၃၅ မိနစ်ခန့်တွင်စတင်ဖြစ်ပွားခဲ့ပြီး မီးသတ်ယာဉ်အစီး ၂၀၊ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၉၀ဦး အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၆ဦးတို့ဖြင့် ငြိမ်းသတ်ခဲ့ရသည်ဟုသိရသည်။ ဧည့်ရိပ်သာအပေါ်ထပ်အခန်း ၂၀၂မှ စတင်လောင်ကျွမ်းခဲ့သော မီးကြောင့် ဧည့်ရိပ်သာအပေါ်ထပ်ရှိ အခန်း ၇ခန်းနှင့် အမိုးများမီးလောင်ဆုံးရှုံးခဲ့သော်လည်း လူထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ဟုသိရသည်။ အဆိုပါမီးလောင်မှုကို အင်းစိန်မြို့နယ် ရဲစခန်း၌ (ပ)၁၈၀၁/ ၁၀ပုဒ်မ ၂၈၅ဖြင့် ဧည့်ရိပ်သာမန်နေဂျာအား အရေးယူဆောင်ရွက်နေသည်ဟုသိရသည်။

Life
7 DAY NEWS JOURNAL
Vol.9, No.23. AUGUST 26, 2010



ရန်ကုန်မြို့ရှိအများသုံးအင်တာနက်ဆိုင်တစ်ဆိုင်တွင် အင်တာနက်အသုံးပြုနေကြသော ဆယ်ကျော်သက်အရွယ် မိန်းကလေးများကို ဩဂုတ်လဆန်းပိုင်းကတွေ့ရစဉ်။ ဓာတ်ပုံ–ဂျေမောင်မောင်(အမရပူရ)

# အယုံမလွယ်စေဖို့...

**ယဉ်ယဉ်**

တစ်လောက ကျွန်မအစ်မရဲ့ သမီး(ကျွန်မတူမ) ကျွန်မဆီကို ရောက်လာပါတယ်။ သူ့ရွှေထည်ပစ္စည်းတစ်ခု အသစ်ပြန်လုပ်ချင်လို့ အလိုက်ပေးရမယ့်ပိုက်ဆံငါးသောင်း ကျွန်မဆီက ခဏလာချေးတာပါ။ ကျွန်မလည်း ထွေထွေထူးထူးမေးမနေဘဲ ထုတ်ပေးလိုက်ပါတယ်။ တစ်ပတ်လောက်နေတော့ ကျွန်မရဲ့အစ်မဖြစ်သူ ဖုန်းဆက်ပါတယ်။ ကျွန်မတူမ မူပျက်နေကြောင်း၊ ပိုက်ဆံအင်မတန်အသုံးအစွဲများနေကြောင်း၊ လက်စွပ်နှစ်ကွင်းလည်း မတွေ့တော့ကြောင်းပြောပြပါတယ်။ ဒါကြောင့် ကျွန်မလည်း အစ်မရဲ့ အိမ်ကိုသွားလိုက်ရပါတယ်။ အိမ်ရောက်တော့ ကျွန်မတူမကိုဖြစ်ကြောင်းကုန်စင်မေးရပါတယ်။ ကျွန်မတူမက တက္ကသိုလ်ပထမနှစ်တက်နေသူလေးပါ။ တူမဖြစ်သူက ခေါင်းတခါခါနဲ့ ကျွန်မဘာယ်လိုမေးမေးမဖြေပါဘူး။ နောက်ဆုံးအတင်းအကျပ်မရမကမေးတော့မှ ဖြစ်ကြောင်းကုန်စင်ပြောပြပါတယ်။ ဖြစ်ပုံက ယခုခေတ်လူငယ်တွေ အသုံးများနေတဲ့ အင်တာနက်ကစတာပါ။ အင်တာနက်မှာ ကျွန်မတူမကချက်တင်ထိုင်ရင်း သူ့ကိုယ်သူ အဆိုတော်လို့ပြောတဲ့ကောင်လေးတစ်ယောက်နဲ့တွေ့ပါတယ်။ နှစ်ခါသုံးခါချက်မိတော့ အပြင်မှာတွေ့ဖို့ ကောင်လေးကတောင်းဆိုပါတယ်။ ထုံးစံအတိုင်း ကျွန်မတူမနဲ့အဲဒီကောင်လေး အပြင်မှာတွေ့ကြပြီး သမီးရည်းစားဖြစ်သွားကြပါတယ်။ ကောင်လေးက အဆိုတော်လို့သာပြောတာပါ။ စတူဒီယိုမှာသွင်းထားတဲ့ သီချင်းအကြမ်းတစ်ပုဒ်နှစ်ပုဒ်ကို အင်တာနက်မှာ Forward လုပ်ပြီး ပို့ထားတာသာရှိတာပါ။ ဘာမှ မည်မည်ရရပြစရာမရှိပါဘူး။ ဘယ်အခွေထဲမှာမှ မပါဖူးပါဘူး။ သူ့ကိုယ်သူ တကယ့်နာမည်ကြီးအဆိုတော်လို ပုံစံဖမ်းထားတာပါ။ လက်ခုပ်ဆိုတာ နှစ်ဖက်တီးမှ မြည်တာပါ။ ကျွန်မတူမကလည်းအယုံလွယ်လွန်းပါတယ်။ သူတို့ သမီးရည်းစားဖြစ်ပြီး အပြင်မှာတွေ့တိုင်း ကျွန်မတူမက အကုန်အကျခံရပါတယ်။ ကောင်လေးက မုန့်စားပြီးရင် ရှင်းဖို့မသိချင်ယောင်ဆောင်တတ်ပါတယ်။ထားပါ။ ဒါကို မပြောလိုပါဘူး။ နောက်ပိုင်းမှာ ကောင်လေးကစတူဒီယိုဖိုးတွေရှင်းဖို့ဆိုပြီး ပိုက်ဆံငါးသောင်းတောင်းပါတယ်။ ကျွန်မတူမက သူ့အမေမသိအောင် လက်စွပ်တစ်ကွင်းရောင်းပြီးပေးလိုက်ပါတယ်။ ဒါနဲ့ပြီးမသွားပါဘူး ပိုပြီးရောင့်တက်လာပါတယ်။ သူရှိုးပွဲသွားကြည့်ဖို့ လက်မှတ်ဝယ်ပေးရပါတယ်။ ရှိုးပွဲကြည့်ရင်ဝတ်ဖို့ အဝတ်အစားကအစ ဝယ်ပေးခိုင်းပါတယ်။ ဝယ်မပေးပြန်ရင်လည်း စိတ်ဆိုးပါတယ်။ သူ့ကို စပွန်ဆာပေးချင်တဲ့ ကောင်မလေးတွေ အများကြီးရှိပါတယ်။ မဝယ်ပေးချင်လည်းရတယ်ဆိုတဲ့စကားနဲ့ ချုပ်ပါတယ်။ ဒီတော့ ကျွန်မတူမကလည်း မနေနိုင်ပါဘူး။ ဝယ်ပေးလိုက်ရပါတယ်။ နောက်ဆုံးတစ်ခေါက်ကတော့ သူငယ်ချင်းတွေနဲ့ အခွေထုတ်ဖို့ ပိုက်ဆံတစ်သိန်း ကျွန်မတူမဆီကတောင်းပါတယ်။ သူ့ကို တကယ်ချစ်ရင် မဖြစ်ဖြစ်အောင်လုပ်ပေးပါ။ အခွေထွက်ပြီးရင် ပြန်ပေးပါ့မယ်ဆိုတဲ့စကားနဲ့တင် ကျွန်မတူမလည်း အရည်ပျော်ကျရပါတယ်။ ဒါကြောင့် သူ့ရဲ့လက်စွပ်နောက်တစ်ကွင်းနဲ့ ကျွန်မဆီက ယူသွားတဲ့ပိုက်ဆံငါးသောင်းပါပေးလိုက်ပါတယ်။ အဲဒီနောက်ပိုင်း ကောင်လေးကိုအတွေ့ရနည်းသွားပါတယ်။ အွန်လိုင်းပေါ်မှာလည်း မတွေ့ရတော့ပါဘူး။ ဘာအခွေမှလည်း ထွက်မလာပါဘူး။ ကျွန်မတူမက ဖုန်းဆက်ပြီး ပိုက်ဆံပြန်တောင်းတော့ ရှောင်နေပါတယ်။ နောက်ပိုင်း အစအနပျောက်သွားပါတယ်။ ကျွန်မတို့လည်း လွန်မှသိရတော့ ဘာမှမဖြေရှင်းနိုင်လိုက်ပါဘူး။ ကိုယ့်တူမကိုပဲ ဆုံးမရပါတယ်။ ဒီလောက်နဲ့ ဇာတ်လမ်းပြတ်သွားတာကိုပဲ ကျွန်မတို့က ကျေးဇူးတင်ရပါတယ်။

ဒီနေရာမှာ ကျွန်မ ပြောချင်တာက ယခုခေတ် မိန်းကလေးတွေ အယုံမလွယ်စေဖို့ပါ။ ဖြူသလား၊ မည်းသလား၊ ဆိုးသလား၊ ကောင်းသလား မသိတဲ့သူအပေါ်မှာ မယုံကြည်ကြပါနဲ့။ မိမိမှာ စဉ်းစားတတ်တဲ့ဦးနှောက်ရှိပါတယ်။ ဒါကြောင့် စဉ်းစားပါ။ စုံစမ်းပါ။ ဆင်ခြင်ကြပါ။ ယခုကိစ္စမှာ ကောင်လေးက ဒီလိုပဲ အယုံလွယ်တဲ့မိန်းကလေးတွေအပေါ်မှာ လုပ်နေကျလို့ထင်ပါတယ်။ ကျွန်မတူမတင် မကပါဘူး။ မိန်းကလေး ဘယ်နှယောက် ဒီလိုဖြစ်ပျက်ပြီးပြီလဲမသိပါဘူး။ ပိုက်ဆံတစ်ခုပဲလိမ်သွားရင်ကိစ္စမရှိပါဘူး။ နောက်ဆက်တွဲကိစ္စတွေဆက်ဖြစ်လာရင် မိန်းကလေးတွေကပဲ အရှက်တကွဲအကျိုးနည်းဖြစ်ကြရမှာပါ။ မိဘတွေကလည်း မိမိတို့ရဲ့သားသမီးတွေကိုလွှတ်မထားစေချင်ပါဘူး။ အမြဲမပြတ်စောင့်ကြည့်နေစေချင်ပါတယ်။ အဓိကကတော့ အမျိုးသမီးလေးတွေ ဘယ်သူ့ကိုမှ အယုံမလွယ်ကြဖို့ပါပဲ။

## လူကုန်ကူးခံရသူအများစုမှာ အဓမ္မထိမ်းမြားလက်ထပ်ခြင်းခံရ

**ကျော်သီဟ**

**ရန်ကုန်၊ ဩဂုတ် - ၁၈**

မြန်မာနိုင်ငံမှ လူကုန်ကူးခံရသူများထဲတွင် အဓမ္မထိမ်းမြားလက်ထပ်ခံရသူအများဆုံးတွေ့ရှိရကြောင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုမှ ထုတ်ပြန်သောစာရင်းဇယားများအရသိရသည်။

တစ်ဖက်နိုင်ငံသားနှင့် လက်ထပ်ပါက မိမိဌာနေသို့ ငွေပြန်ပို့၍ရသည့်အပြင် ဇနီးအရာထား၍လည်း ဝင်ငွေစုဆောင်းနိုင်ပြီး မိမိနိုင်ငံသို့ပြန်လာနိုင်သည် စသဖြင့် လူကုန်ကူးပွဲစားများ၏စကားကို အယုံလွယ်၍ လိုက်ပါသွားကာ ထင်သလိုမဖြစ်သောအခြေအနေနှင့်ရင်ဆိုင်ရမှုများရှိကြောင်း လူကုန်ကူးမှုကာကွယ်ရေးတွင် ပူးတွဲကူညီလုပ်ဆောင်နေသောအဖွဲ့အစည်းတစ်ခုဖြစ်သည့် UNIAPမှ သိရသည်။

အတင်းအဓမ္မ ထိမ်းမြားလက်ထပ်မှုတွင် တရုတ်နိုင်ငံဘက် သို့ စာရင်းများအရ အများဆုံး တွေ့ရှိရပြီး တရုတ်နိုင်ငံယဉ်ကျေးမှုအရလည်းသတို့သမီးတင်တောင်းသည့်ဓလေ့ရှိ၍ကြားမှ လူပွဲစားများက သမီးရည်းစားဟန်ဆောင်၍တစ်မျိုး၊ ဆွေမျိုးမောင်ဖွား ဟန်ဆောင်၍ တစ်မျိုးစသဖြင့် နည်းအမျိုးမျိုးသုံးကာ ပြုလုပ်မှုများ လေ့လာတွေ့ရှိရသည်။

ပြီးခဲ့သည့်ငါးနှစ်တာအတွင်း ၂၀၀၆မှ ၂၀၁၀အထိ တရုတ်နိုင်ငံသို့ လူကုန်ကူးခံရသည့် ပြစ်မှု ၄၂၃ မှုဖြစ်ပွားခဲ့ပြီး၊ ရာခိုင်နှုန်းအားဖြင့် ၇၉ ဒသမ ၂ရာခိုင်နှုန်း၊ အတင်းအဓမ္မထိမ်းမြားလက်ထပ်သည့်လူကုန်ကူးမှုပြစ်မှုရာခိုင်နှုန်းအရ ၆၈ဒသမ ၄ရာခိုင်နှုန်းအထိ အမြင့်ဆုံးဖြစ်နေကြောင်း သက်ဆိုင်ရာဌာနများမှတရားဝင်ထုတ်ပြန်သော စာရင်းဇယားများအရသိရသည်။

## ဈေးဝယ်ထွက်မယ် ချည်သားဖက်ရှင်နဲ့တစ်မျိုးဆန်းအောင်ဝတ်ကြရအောင်

**အိမ့်ဖြူလွင်**

မိန်းကလေးဆိုတာ ယောကျ်ားလေးတွေထက် အလှအပပြင်ဆင်ဖို့ ပိုစိတ်ဝင်စားသလို ခေတ်အဆက်ဆက်ကတည်း မိန်းကလေးတွေက ယောကျ်ားလေးတွေထက်ပိုပြီး သပ်ရပ်လှပဖက်ရှင်ကျနေတတ်တဲ့သူတွေပါ။

ဖက်ရှင်ဆိုတာ မိန်းကလေးတွေအတွက် သီးသန့်မဟုတ်တော့တဲ့ခေတ်ဆိုပေမယ့်လည်း မိန်းကလေးတစ်ယောက်ရဲ့ဖက်ရှင်အမြင်နဲ့ ဖက်ရှင်ကျမှုကို အမျိုးသားတွေကလိုက်မမီနိုင်ပါဘူး။

ဒီတစ်ပတ်မှာလည်း ဖက်ရှင်ကျဖို့ ပိုလိုအပ်တဲ့မိန်းကလေးတွေအတွက်ပဲ ဈေးဝယ်ထွက်ဖို့လမ်းညွှန်ပေးချင်ပါတယ်။

အပူပိုင်းဒေသရဲ့ နေနဲ့ မိုးနဲ့ တစ်လှည့်စီ ရာသီဥတုမှာ နေရောင်ခြည်ဒဏ်ကိုလည်း ကာကွယ်နိုင်ပြီး ပေါ့ပေါ့ပါးပါးလေး ချစ်စရာကောင်းစေမယ့် အပြင်အဆင်လေးတွေပါ။



ဓာတ်ပုံ–ဂျေမောင်မောင်(အမရပူရ)

ဘောင်းဘီ၊ စကတ်တို၊ ရှည်၊ အိတ်၊ ဦးထုပ် စတာတွေအားလုံးကို ပိတ်စပုံစံတစ်မျိုးတည်းနဲ့ပဲ ချုပ်ထားတာဖြစ်ပြီး ဆင်တူဒီဇိုင်းလေးနဲ့ စတိုင်ကျကျလန်းချင်သူတွေအတွက်တော့ အမြင်လည်း မရိုင်းစေဘဲ တင့်တယ်စေနိုင်မှာပါ။

ရာနှုန်းပြည့် ချည်သားစစ်စစ်နဲ့ ချုပ်လုပ်ထားတဲ့အတွက် ကျန်းမာရေးအတွက်လည်း သင့်တော်ပြီး အင်္ကျီကလွဲလို့ အားလုံးဆင်တူ ဒီဇိုင်းလေးက အမြင်ဆန်းဆန်းလေးဖြစ်နေတဲ့အတွက် သဘောကျနိုင်မယ်ထင်ပါတယ်။

ကမ္ဘောဒီးယားနိုင်ငံမှာ ချုပ်ပြီး မလေးရှားနိုင်ငံက တင်သွင်းလာတာဖြစ်တဲ့ ဒီစကတ်၊ ဦးထုပ်၊ အိတ်တွေရဲ့ ဈေးနှုန်းကလည်း ကျပ်တစ်သောင်းဝန်းကျင်မှာပဲရှိလို့ ဈေးနှုန်းကလည်း သင့်တင့်ပါတယ်။ရနိုင်တဲ့နေရာကတော့လှည်းတန်း 119 စင်တာနဲ့ စိန်ဂေဟာ(ပါရမီ)ကBambiniဆိုင်တွေမှာပါ။

7DAY NEWS JOURNAL
Vol.9, No.23. AUGUST 26, 2010

# ကဒုံကနိ ကြိုးဝိုင်းတွင် သစ်ခိုးခုတ်မှု နာဂစ်မုန်တိုင်းနောက်ပိုင်း ပိုများလာဟုဆို

အိဖြူမွန်


ရန်ကုန်၊ ဩဂုတ်-၅

ဘိုကလေးမြို့နယ် ကဒုံကနိကြိုးဝိုင်း ဖြုန်းမွေးကျွန်းတွင် နာဂစ်မုန်တိုင်းအပြီးနောက်ပိုင်း သစ်ခိုးခုတ်မှုကို လိုက်လံဖမ်းဆီးရာ တစ်လလျှင် လှေအစီးပေါင်းပျမ်းမျှ၃၀မှ ၄၀အကြား ဖမ်းဆီးရမိကြောင်း ယင်းသစ်တောကြိုးဝိုင်းမှ တောခေါင်းတစ်ဦးကပြောသည်။

ယင်းအစီးရေသည် နာဂစ်မုန်တိုင်းမတိုင်မီနှစ်အတွင်း ဖမ်းဆီးရရှိသော လှေအစီးရေ ၁၀၀နှင့် နှိုင်းယှဉ်တွက်ကြည့်ပါက ပိုများလာကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

"နှစ်ပတ်၊ သုံးပတ်ဆိုရင် ၁၂စီးလောက် ဖမ်းမိနေပြီ။ ကြုံရာကျပန်းလုပ်တဲ့သူက နာဂစ်အပြီး များလာတော့ ဖမ်းရတာလည်းများလာတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ဖြုန်းမွေးကျွန်းမှ သစ်ခိုးထုတ်သူများကို ခိုးရာပါပစ္စည်းများအား လိုက်လံဖမ်းဆီးပြီး ငွေဒဏ်ကိုပါ ချမှတ်ကြောင်း သိရသည်။ လှေတစ်စီးလျှင် ငွေကျပ်ခုနစ်သောင်းမှ ကျပ်တစ်သိန်းကျော်အထိ ကာလပေါက်ဈေးရှိသည်။ ဖြုန်းမွေးကျွန်းသည် ကြိုးဝိုင်းဧရိယာပေါင်း ၃,၀၇၂ဧကရှိသည်။









7DAY NEWS JOURNAL
Vol.9, No.23. AUGUST 26, 2010

# မသန်စွမ်းသူများအခမဲ့တက်ရောက်နိုင်မည့် အခြေခံစာရင်းကိုင် သင်တန်းဖွင့်

မြတ်စုမွန်

**ရန်ကုန်၊ ဩဂုတ်-၁၈**

မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းနှင့် စာရင်းစစ်ချုပ်ရုံးတို့ ပူးပေါင်းဖွင့်လှစ်မည့် အခြေခံ စာရင်းကိုင်သုံးလသင်တန်းကို ဩဂုတ် ၂၁ ရက်တွင် အသင်းရုံး၌ဖွင့်လှစ်သွားမည်ဖြစ်ပြီး မသန်စွမ်းသူများ အခမဲ့တက်ရောက်နိုင်စေရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါ သင်တန်းသို့ မသန်စွမ်းသူများသာမက သာမန်လူများလည်း တက်ရောက်နိုင်ပြီး သင်တန်းတက်ရောက်မည့်မည်သူမဆို တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူဖြစ်ရမည်ဖြစ်ကြောင်း သိရသည်။

"သင်တန်းကြေးက အစိုးရကို သွင်းရမယ့် ကျပ်တစ်သောင်း၊ သင်ရိုးစာအုပ်ကြေး ကျပ်နှစ်ထောင်၊ စာမေးပွဲကြေးက ကျပ်တစ်ထောင်၊ စုစုပေါင်း ကျပ်တစ်သောင်းသုံးထောင် ကုန်ကျမယ်။ မသန်စွမ်းသူတွေအတွက် အသင်းက ကုန်ကျခံ စိုက်ထုတ်ပေးမယ်။ သာမန်လူတွေကတော့ ငွေသွင်းပြီး တက်ရမှာပါ။ သုံးလလုံးအတွက် ကျပ်တစ်သောင်းသုံးထောင်ပါ" ဟု မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းမှ အတွင်းရေးမှူးဦးအေးကိုကိုက ပြောသည်။

အဆိုပါသင်တန်းတွင် မြန်မာနိုင်ငံ စာရင်းစစ်ချုပ်ရုံးမှ ဆရာများက လာရောက်သင်ကြား ပေးမည်ဖြစ်ပြီး၊ လူဦးရေအယောက်သုံးဆယ်အထိ လက်ခံသွားမည်ဖြစ်ကြောင်းလည်းသိရသည်။

သင်တန်းပို့ချမည့်ရက်များမှာ အပတ်စဉ် သောကြာ၊ စနေနှင့် တနင်္ဂနွေနေ့များဖြစ်ပြီး သင်တန်းချိန်များမှာ သောကြာနေ့တွင် ညနေ၅နာရီမှ ၆ နာရီခွဲအထိ၊ စနေနေ့တွင် ၁ နာရီမှ ၅ နာရီအထိ၊ တနင်္ဂနွေနေ့တွင် မနက်၉ နာရီမှ ညနေ ၄ နာရီအထိ အသီးသီးသင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

"အသင်းမှာ သင်တန်းပေါင်း ၁၆ ခုဖွင့်ပြီးပါပြီ။ ပြီးခဲ့တာတွေအားလုံး သင်တန်းကြေး အခမဲ့ဖွင့်ခဲ့တယ်။ အခုယူတဲ့ သင်တန်းကြေးကလည်း အသင်းအတွက် မဟုတ်ပါဘူး။ အစိုးရကို သွင်းရမယ့် သင်တန်းကြေးပါ။ သင်တန်းပြီးရင် စာမေးပွဲကို စာရင်းစစ်ချုပ်ရုံးမှာ ဖြေရမယ်။ အောင်ရင် နိုင်ငံတော်အဆင့်အောင်လက်မှတ်ပေးသွားမယ်" ဟု ဦးအေးကိုကိုက ဆက်လက်ပြောကြားသည်။

သင်တန်းကို မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းရုံးချုပ် အမှတ် ၅၁ ညောင်တုန်းလမ်း၊ စမ်းချောင်းမြို့နယ်တွင် ဖွင့်လှစ်သွားမည်ဖြစ်ရာ အသင်းဖုန်း ၀၁ ၅၁၈၄၁၀ သို့ဆက်သွယ်မေးမြန်းနိုင်သည်။



ဓမ္မ

အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏

## သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ . . .

ဒီနေ့ ကမ္ဘာပေါ်က လူသားတွေကိုကြည့်ရင် ဆောက်တည်ရာမဲ့ဖြစ်နေတယ်။ အလိုမပြည့်မှု၊ ကြောက်ရွံ့မှု၊ စိုးရိမ်မှု သောကတွေနဲ့ပဲ ပူပန်သောကရောက်နေကြရတယ်။ လူတွေဟာ ဂုဏ်ပကာသနအတွက်၊ ဩဇာတိက္ကမအတွက် လိုအင်ဆန္ဒတွေများပြီး ယစ်မူးနေကြတယ်။ ဝတ္ထုအာရုံ ကာမဂုဏ်တွေကို တပ်မက်လွန်းပြီး လိုက်စားလိုစိတ်ပဲများနေကြတယ်။ တစ်နေ့တာဘဝကို စိုးရိမ်ထိတ်လန့်ခြင်းဖြင့်သာ ကုန်ဆုံးနေကြရတယ်။ မယုံကြည်မှုတွေ သံသယတွေပဲ တိုးလာတယ်။ ဘဝက ပိုပြီးမလုံခြုံတော့ဘူး။ ဒီလိုကသောင်းကနောင်းဖြစ်နေတဲ့ အကျပ်အတည်းကာလထဲမှာ လူအချင်းချင်း တစ်ဦးပေါ်တစ်ဦး မှီခိုပြီး အတူယှဉ်တွဲငြိမ်းချမ်းစွာ အသက်ရှင်နေရေးဟာ ပိုခက်ခဲလာတယ်။ ဒါကြောင့် ခုအချိန်အခါမှာ ငြိမ်းချမ်းစွာ အတူတကွအသက်ရှင်နေနိုင်ရေးအတွက် သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းခန္တီဟာ အထူးလိုအပ်လာတယ်။

မြတ်ဗုဒ္ဓက "တစ်စုံတစ်ယောက်က သင့်အပေါ် မိုက်မဲစွာ အမှားအယွင်းတစ်ခုပြုလုပ်လျှင် ငါသည် အနန္တမေတ္တာဖြင့် သူ့အပေါ်အကာအကွယ်ပေးခြင်းဖြင့် တုံ့ပြန်မည်ဖြစ်ပါတယ်။ သူ့ဆီက မကောင်းမှုတွေ ပိုပြီးပြုလုပ်လာလေ၊ ငါကတော့ သူ့အပေါ်ကောင်းအောင်လုပ်ပေးမှာပဲ။ အစဉ်သဖြင့် ငါသည် ထိုသူ့အပေါ်ကောင်းသတင်းဖြင့် ထုံသင်းပျံ့လှိုင်စေမှာသာဖြစ်တယ်"လို့ဟောကြားတော်မူပါတယ်။

ရည်ညွှန်း - ဆန်းလွင်(ရှင်အာဒိစ္စရံသီ) "ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက"

# ဝါကာဝါကာသီချင်းနှင့်ပတ်သက်၍ နိုက်တင်ဂေးလ်တီးဝိုင်းကလည်း ရှင်းလင်းချက်ထုတ်ပြန်

အေးသူ

**ရန်ကုန်၊ ဩဂုတ်-၁၈**



ဝါကာဝါကာသီချင်းတီးခတ်ခြင်းနှင့်ပတ်သက်၍ နိုက်တင်ဂေးလ်တီးဝိုင်းက ဩဂုတ်လ ၁၇ ရက်တွင်ထုတ်ပြန်ခဲ့ကြောင်းသိရသည်။

စာပါအကြောင်းအရာထဲတွင် 'နိုက်တင်ဂေးလ်တီးဝိုင်းမှ ဒီသီချင်းကို တီးခွင့်ရဖို့ သူ့ဆီမှာ အလုပ်တောင်းတဲ့သဘော၊ ဒီလိုတီးခွင့်မရလို့ မန်နေဂျာ/တေးရေးဖြစ်သူ ကိုအောင်နိုင်စန်းက စိတ်ဆိုးပြီး လုပ်တဲ့သဘောမျိုး ရေးသားပြောဆိုထားခြင်းအတွက် ပြန်လည်ရှင်းလင်းရန် အလျှဉ်းသင့်ရောက်ပါပြီ' ဟုဖော်ပြထားသည်။

'တီးဝိုင်းအနေဖြင့် ယင်းသီချင်းကို ကိုယ်ပိုင်တီးပြီးသားရှိနေပါသဖြင့် အဆိုတော်ထံ အလုပ်အပ်ပါဟု တောင်းဆိုရန်မလိုကြောင်း၊ နိုက်တင်ဂေးလ်တီးဝိုင်းမှ စီစဉ်မည့်ခွေထဲတွင် အဆိုတော်အသစ်နှစ်ဦးဖြစ်သူ ချောငယ်ငယ်ဟိန်းနှင့် သက်မှူးခင်တို့မှာ စားသောက်ဆိုင်မှအဆိုတော်များဖြစ်နေပြီး ဒီကောင်မလေးတွေဆီက ငွေတွေယူပြီးလုပ်တာဆိုသည့်သတင်းများမှာလည်း လုံးဝမဟုတ်ကြောင်း၊ အောင်နိုင်စန်းကိုသီချင်းအပ်လို့နိုက်တင်ဂေးလ်နဲ့တီးရမယ်လို့ ဘယ်တော့မှမတောင်းဆိုခဲ့ကြောင်း၊ တီးဝိုင်းတွေက အဆိုတော်အိမ်တံခါးဝမှာ သွားရပ်ပြီး တီးစရာလေးများရှိရင်ပေးတီးပါလို့ ပြောရမှာဒီလောကရဲ့ထုံးစံမဟုတ်ကြောင်း'ဖြင့် စာထဲတွင်ဖော်ပြပါရှိသည်။

မူပိုင်ခွင့်အငြင်းပွားနေကြသည့် ဝါကာဝါကာသီချင်းခွေကိစ္စကို မြန်မာနိုင်ငံဂီတအစည်းအရုံးက ညှိနှိုင်းပေးခဲ့ပြီးနောက် ထုတ်လုပ်သူဟုဆိုသူ ဒေါ်မီးမီးက ဩဂုတ်လ ၁၅ ရက် မြန်မာ့အလင်းသတင်းစာ၌ ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းပေးခဲ့သည်ကို တွေ့ရှိရသည်။ ယခုအချိန်တွင် ဝါကာဝါကာမှာ ပရိုစတူဒီယိုတစ်ခုတည်းမှာပင် နိုက်တင်ဂေးလ်တီးဝိုင်းအတီး၊ ဟာမိုနီခင်မြတ်မွန်နှင့် တစ်ကတ်ရှိနေပြီး လေးဇီးကလပ်တီးဝိုင်းအတီး၊ ဟာမိုနီ အဲဗားဂလိတ်နှင့် တစ်ကတ်ရှိနေသည်ဟု သိရသည်။

# ရုပ်ရှင်ကားတစ်ကားရိုက်ကူးမှုကို စာရေးဆရာမနုနုရည်(အင်းဝ)ကန့်ကွက်စာတင်ထားဟုဆို

အေးသူ

**ရန်ကုန်၊ ဩဂုတ် ၁၈**

နတ်ကိုးကွယ်ယုံကြည်မှုအကြောင်း ရိုက်ကူးထားသော ရုပ်ရှင်ဇာတ်ကားတစ်ကားနှင့်ပတ်သက်၍ စာရေးဆရာမ နုနုရည်(အင်းဝ)က မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ဆင်ဆာအဖွဲ့သို့ ဩဂုတ်လ ၆ ရက်က ကန့်ကွက်စာတင်ခဲ့သည်ဟုပြောသည်။

"ကျွန်မတို့ အနုပညာသမားတွေကိုကာကွယ်ပေးတဲ့သူဆိုတာ သိပ်မရှိဘူးလေ။ ဒီကိစ္စကို ဂျာနယ်အချို့မှာ ကျွန်မပြောကြားတဲ့ ရည်ရွယ်ချက်က နှစ်ချက်ရှိပါတယ်။ ဖန်တီးမှုမူပိုင်ခွင့်ဆိုတာကို သိစေချင်တယ်။ နောက်တစ်ခုက ထုတ်လုပ်သူတို့၊ ဒါရိုက်တာတို့ သရုပ်ဆောင်တို့ဆိုတာ လူငယ်တွေပဲလေ။ ကျွန်မတို့နိုင်ငံမှာ မျိုးဆက်သစ်တွေအတွက်ခိုးခြင်း၊ လိမ်ခြင်းဆိုတာကို ထမင်းစားရေသောက်ကိစ္စလို ဖြစ်သွားမှာစိုးတယ်။ စာရေးဆရာတစ်ယောက်အနေနဲ့ ကိုယ့်နှလုံးသွေးနဲ့မွေးထားတဲ့ သားသမီးကို ခိုးဖို့လုပ်တာကို စိတ်ထိခိုက်တာပေါ့" ဟု စာရေးဆရာမ နုနုရည်(အင်းဝ)ကပြောသည်။

စာရေးဆရာမ နုနုရည်(အင်းဝ)သည် သူမရေးသားခဲ့သော အာရှစာပေဆန်ခါတင်ဆုရ 'ပြုံး၍လည်း ကန်တော့ခံတော်မူပါ၊ ရယ်၍လည်း ကန်တော့ခံတော်မူပါ'ဝတ္ထု၏ အဓိဇာတ်ကောင်ဖြစ်သော နတ်ကတော်ဒေစီဂျိမ်း၊ တောင်ပြုံးပွဲနှင့်မွေးစားသားတို့ကို ကျောရိုးယူရိုက်ကူးနေသည့် ရုပ်ရှင်ကားကြီးအတွက် ယင်းသို့ကန့်ကွက်စာတင်ခဲ့ခြင်းဖြစ်သည်။

# စာကြည့်တိုက်အသုံးပြုသူများတွင် ပြည်ပသွားရောက်မည့်လူငယ် အများဆုံးဖြစ်

နေလင်းထွန်း

**ရန်ကုန်၊ ဩဂုတ် - ၁၇**

ရန်ကုန်မြို့ရှိ စာကြည့်တိုက်သုံးစွဲသူအများစုမှာ လူငယ်များဖြစ်ပြီး နိုင်ငံရပ်ခြားပညာသင်ယူလိုသောရည်ရွယ်ချက်ဖြင့် လေ့လာသုံးစွဲကြကြောင်း လူအများ အသုံးပြုနေသောစာကြည်တိုက်အချို့မှသိရသည်။

စာကြည့်တိုက် အသုံးပြုသူများတွင် အသက် ၃၅ နှစ်အောက်အရွယ်မှာ ၉၀ ရာခိုင်နှုန်းကျော်ရှိပြီး ငှားရမ်းဖတ်ရှုမှုများသောစာအုပ်များမှာ အင်္ဂလိပ်ဘာသာစကားလေ့လာမှုဆိုင်ရာစာအုပ်များဖြစ်ကြောင်း လစဉ် အသုံးပြုသူ ၂၀,၀၀၀ ဝန်းကျင်ရှိသော ဗြိတိသျှကောင်စီ(မြန်မာ)စာကြည့်တိုက်မှသိရသည်။

"တစ်နေ့ကို လူတစ်ထောင်လောက် အသုံးပြုနေတယ်။ ကျောင်းပိတ်ချိန်ဆို ပိုများတယ်။ နိုင်ငံခြားကျောင်းသွားတက်မယ့် ကလေးတွေ အဓိကအသုံးပြုပါတယ်။ ဘာသာစကားကျွမ်းကျင်ချင်တဲ့သူတွေလည်းရှိတယ်။ လူငယ်တွေပိုများပါတယ်။ Young Learner, EFL, Management နဲ့ UK Exam Preparation တွေက အငှားရအများဆုံးပါပဲ"ဟု ၎င်းစာကြည့်တိုက်မှ တာဝန်ရှိသူကပြောသည်။

အထက်တန်းကျောင်းသား၊ တက္ကသိုလ်ကျောင်းသားနှင့် ဘွဲ့လွန်ကျောင်းသားများမှာ စာကြည့်တိုက်အသင်းဝင်သူများတွင်အများဆုံးဖြစ်ကြောင်း လက်ရှိသုံးစွဲနေသူ အသင်းဝင် ၁၅,၀၀၀ ခန့်ရှိသောစာကြည့်တိုက်တစ်ခုမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လူငယ်များ ဖွဲ့စည်းတည်ထောင်ထားသော ICE Youth စာကြည့်တိုက်မှတာဝန်ရှိသူတစ်ဦးက "လက်ရှိ အသုံးပြုသူတစ်ထောင်ဝန်းကျင်ရှိပါတယ်။ ဒီမှာက လူငယ်တွေများတယ်။အဓိကကနိုင်ငံခြားမှာ ပညာသင်ရေးအတွက် လာရောက်ကြတာပါ"ဟုဆိုသည်။

# City and Guilds ပညာရေးပြပွဲ ကျင်းပမည်

**ရန်ကုန်၊ ဩဂုတ် - ၁၇**

City and Guilds အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာရေးပြပွဲကို စက်တင်ဘာလ ၄ရက်၊ နံနက် ၈ နာရီခွဲမှ ညနေ ၅နာရီအထိ ကမ်းနားလမ်းရှိ စထရင်းဟိုတယ်တွင်ကျင်းပမည်ဖြစ်ကြောင်း ဗြိတိသျှကောင်စီ(မြန်မာ)မှသိရသည်။

မြန်မာနိုင်ငံ၌ သင်တန်းတက်ရောက်၍ စာမေးပွဲဖြေဆိုအောင်လက်မှတ်ရယူနိုင်သော အင်ဂျင်နီယာဘာသာရပ်များ၊ ဟိုတယ်နှင့်ခရီးသွားလာမှုဘာသာရပ်များ၊ ဝန်ဆောင်မှုဘာသာရပ်များ၊ သတင်းနည်းပညာဘာသာရပ်များနှင့် ကျန်းမာရေးစောင့်ရှောက်မှုဘာသာရပ်များကို ရန်ကုန်မြို့ရှိ City and Guilds သင်တန်းကျောင်းများက စုပေါင်းပြသမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် ဆရာဦးဟိန်းလတ်က လူငယ်များအတွက် အသိနှင့်ဉာဏ်ပညာခေါင်းစဉ်ဖြင့် နေ့လယ် ၁နာရီခွဲတွင် ဟောပြောမည်ဖြစ်ပြီး၊ City and Guilds မှ ဒေသဆိုင်ရာတာဝန်ရှိသူများက ပြပွဲတက်ရောက်လာသူများကို အဆိုပါအသိအမှတ်ပြုလက်မှတ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသွားမည်ဖြစ်ကြောင်းသိရသည်။

ဗြိတိသျှကောင်စီ(မြန်မာ)နှင့် ပြည်တွင်းရှိသင်တန်းကျောင်း ၁၀ ကျောင်းတို့ပူးပေါင်း၍ အထက်ပါပြပွဲကို စီစဉ်ကျင်းပခြင်းဖြစ်ပြီး ဒုတိယအကြိမ်မြောက်ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။

7DAY NEWS JOURNAL
Vol.9, No.23. AUGUST 26, 2010

## မျက်နှာဖုံး-ကျပ်သိန်းပေါင်းသောင်းချီတန်သော အိမ်ခြံမြေအရောင်းအဝယ်များစွာဖြစ်နေ မှ

ခုနစ်လပိုင်း ဒုတိယပတ်လောက်ကစတက်တာ၊ အဲဒီအချိန်ကနေအခုထိ အကြမ်းဖျင်း သိန်းသောင်းချီတဲ့ အရောင်းအဝယ် ဆယ်ခုလောက်ဖြစ်သွားပြီ” ဟု ဦးကျော်ဝင်းက တစ်လအတွင်း သိန်းသောင်းနှင့်ချီသော မြေကွက်နှင့်အဆောက်အအုံအရောင်းအဝယ်ဖြစ်မှုကို ရှင်းပြသည်။ သိန်းသောင်းချီ၍ အရောင်းအဝယ်ဖြစ်ခဲ့သောကျပ်သိန်းတစ်သောင်းငါးထောင်မှ ကျပ်သိန်းနှစ်သောင်းငါးထောင်တန်ဖိုးရှိ အရောင်းအဝယ်များ ပါဝင်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

“၈၁ လမ်းနဲ့ ၂၆ လမ်းထောင့်က အဆောက်အအုံဆိုရင် သိန်းနှစ်သောင်းကျော်နဲ့ အရောင်းအဝယ်ဖြစ်သွားတာ” ဟုအသစ်ဖွင့်လှစ်မည့် ပုဂ္ဂလိကဘဏ်ကြီးတစ်ခုက ဈေးကောင်းပေး၍ မြေဝယ်ယူသွားမှုကို အိမ်ခြံမြေဈေးကွက် ကျွမ်းကျင်သူတစ်ဦးက ပြောသည်။ လပိုင်းအတွင်း တန်ဖိုးကြီးမြေနှင့် အဆောက်အအုံ အရောင်းအဝယ်ဖြစ်ခဲ့မှုများတွင် ဝယ်ယူသူများမှာ ဘဏ်လုပ်ငန်းရှင်များ၊ ကျောက်မျက်လုပ်ငန်းရှင်များ၊ ရွှေလုပ်ငန်းရှင်များ စသော လုပ်ငန်းရှင်ကြီးများဖြစ်ကြောင်းဈေးကွက် ကျွမ်းကျင်သူတစ်ဦးက ပြောသည်။

တန်ဖိုးကြီးမြေကွက်များ အရောင်းအဝယ်ဖြစ်သွားသော နေရာများမှာ လမ်း ၈၀၊ ၈၄ လမ်း၊ ၆၂ လမ်း၊ လမ်း ၃၀၊ ၇၃ လမ်း၊ ၇၅ လမ်းဘီ စသော စီးပွားရေးအချက်အချာကျသော နေရာများဖြစ်သည်။ မန္တလေးမြို့၏ အိမ်ခြံမြေအရောင်းအဝယ်မှာ နှစ်စဉ်ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာလများတွင် ပို၍သွက်လက်လေ့ရှိသော်လည်း ၂၀၁၀ ဇူလိုင်လ ဒုတိယပတ်မှစ၍ အရောင်းအဝယ်မှာ ပို၍သွက်လက်နေပြီးဈေးနှုန်းများလည်း မြင့်တက်နေကြောင်း အိမ်ခြံမြေဈေးကွက်ကျွမ်းကျင်သူများက ပြောသည်။

## မျက်နှာဖုံး-တန်ဖိုးမြင့် ပဲထုတ်ကုန် ပို့ကုန်လိုင်စင်ကို နှစ်ရက်အတွင်း ချပေးနေဟုဆို မှ

“Buyer က ချက်ချင်း လိုချင်တယ်ဆိုရင် တင်ပို့နိုင်ဖို့က တစ်ဖက်ဝယ်လက်ရဲ့ TT (Credite) မိတ္တူနဲ့ သဘော်တင်ရက်ကို ပူးတွဲပြီးတင်ပေးရတယ်။ ဒီနေ့တင်ရင် နောက်နေ့လိုင်စင်ကျပါတယ်” ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ပြည်ပဈေးကွက်သို့ တင်ပို့သည့် မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း စသည်တို့ကိုခွဲခြမ်းခြင်း၊အခွံချွတ်ခြင်းတို့ ပြုလုပ်ထားသည့် value added ပစ္စည်းများကိုသာ အထက်ပါနည်းဖြင့် လိုင်စင်ချပေးခြင်းဖြစ်သည်ဟု ဆိုသည်။

သဘော်တင်ရက်သေချာသော ကုန်ပစ္စည်းများအတွက် EICC, EISC ကြိုတင်ခွင့်ပြုပေးလျက်ရှိပြီး အချို့ကို နေ့ချင်းပြီး


ဓာတ်ပုံ-အေးမြကျော်

ဆောင်ရွက်ပေးသဖြင့် ပို့ကုန်လိုင်စင်အချိန်မီမရရန် စိုးရိမ်စရာမလိုတော့ကြောင်း ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

ပုံမှန်တင်ပို့သည့် ပဲများ၏ လိုင်စင်သက်တမ်းကို ၄၅ ရက်မှ ၃ လအတွင်း လုံလောက်အောင် ခွင့်ပြုပေးထားသည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး သတင်းဌာနမှ ထုတ်ပြန်ထားသည်။

“ဒီစနစ်က လိုင်စင်ကို မပွားနိုင်အောင်လို့ ကာကွယ်ထားတာပါ” ဟု အထက်ပါတာဝန်ရှိသူ ထပ်မံရှင်းပြသည်။

မြန်မာ့ပဲကို ပြည်ပဈေးကွက်သို့ တင်ပို့ရာတွင် အိန္ဒိယနိုင်ငံသည် အဓိကအရေးပါသည့် နိုင်ငံဖြစ်ပြီး ပြည်တွင်းမှ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံတို့ အများဆုံးဝယ်ယူသည်။

ကမ္ဘာပေါ်တွင် ပဲအဓိကတင်ပို့နေသည့် ကနေဒါနိုင်ငံကလည်း ယခုနောက်ပိုင်းနှစ်များတွင် အိန္ဒိယဈေးကွက်ကို ပိုမိုထိုးဖောက်လာသည်။ ယင်းတို့ ထိုးဖောက်လာသော်လည်း အိန္ဒိယဈေးကွက်တွင်း လိုအပ်သည့် ပစ္စည်းများမှာ အမျိုးအစားမတူသည့်အတွက် မြန်မာ့ပဲဈေးကွက်ကို ထိခိုက်မှုမရှိနိုင်ကြောင်းကိုလည်းသိရသည်။

## စာ-၂၊ အိမ်ခြံမြေခေါ်ဈေးလပိုင်းအတွင်းထက်ဝက်တက် မှ

ထို့အပြင် ယခုလတွင် အိမ်မြေအခွန်စနစ်သက်တမ်းကို တစ်နှစ်ထပ်မံတိုးမြှင့်ပေးလိုက်ခြင်းကလည်း အိမ်မြေဘက်သို့ ရင်းနှီးမြှုပ်နှံသူများ ပို၍ဝင်လာမည်ဖြစ်ကြောင်း မဏ္ဍိုင်အကျိုးဆောင်လုပ်ငန်းမှ ဦးသန်းဦးက ပြောသည်။

“ဒီနှစ်မှာ အိမ်မြေဘက်ကို ရင်းနှီးမြှုပ်နှံသူတွေ ပိုဝင်လာကြတာတွေ့ရတယ်။ ဘာကြောင့်လဲဆိုရင် တရားမဝင်သွင်းလာတဲ့ကားတွေကို လိုင်စင်တွေချပေးတဲ့အတွက် လက်ရှိကားဈေးနှုန်းက ကျလာတာတွေ့ရသလို ရွှေဆိုရင်လည်း ဝယ်ထားရင် အတက်အကျကနည်းတော့ ပိုစိတ်ချရတဲ့ အိမ်မြေကိုပဲ ရင်းနှီးကြမှာပေါ့” ဟု ကားဝယ်ရောင်းကိုမျိုးမင်းက 7Day News သို့ ပြောသည်။

လက်ရှိဖြစ်ပေါ်လျက်ရှိသော အိမ်မြေခေါ်ဈေးနှုန်းမှာ ပြည်လမ်း ၆မိုင်ခွဲတွင် ယခင် တစ်ပေပတ်လည် ကျပ်နှစ်သိန်းတန်မြေကွက်အား ယခုအခါ ကျပ်သုံးသိန်းထိ ခေါ်ဈေးမြင့်လာပြီး ကမ္ဘာအေးဘုရားလမ်းတွင် တစ်ပေပတ်လည် ယခင်ကျပ်ရှစ်သောင်းနှင့် ကျပ်ကိုးသောင်းကြားသာရှိသော မြေကွက်ကို ယခုအခါ ကျပ်သိန်းသောင်းဂဏန်းထိခေါ်ဆိုလျက်ရှိသည်။ အရောင်းအဝယ်ဖြစ်သောနေရာများမှာ ရန်ကင်း၊ ဘောက်ထော်၊ မရမ်းကုန်း၊ ကမ္ဘာအေးဘုရားလမ်း၊ လှိုင်၊ ကမာရွတ်၊ ပြည်လမ်းမပေါ်၊ တာမွေ၊ သင်္ဃန်းကျွန်း၊ ပါရမီမြို့နယ်များမှ လမ်းမတန်းမြေကွက်နှင့် လုံးချင်းတိုက်များဖြစ်သည်။ ထို့အပြင် စက်မှုဇုန်မြေကွက်တို့မှာ မင်္ဂလာဒုံစက်မှုဇုန်တွင် ယခင် တစ်ဧကလျှင် ကျပ်သိန်း ၃၅၀နှင့် ၄၅၀ကြား မြေကွက်ကို ယခုတစ်ပတ်အတွင်းပင် ကျပ်သိန်း ၅၅၀ ဝန်းကျင်ထိဖြစ်နေပြီး လှိုင်သာယာစက်မှုဇုန်တွင် ယခင်တစ်ဧကလျှင် ကျပ်သိန်း ၁,၀၀၀ တန်မြေကွက်ကို ယခု ကျပ်သိန်း ၁,၅၀၀အထိ ခေါ်နေသော်လည်း အရောင်းအဝယ်ဖြစ်သည့်ဈေးနှုန်းမှာ ကျပ်သိန်း ၁,၂၀၀ ဝန်းကျင်သာရှိသည်။

အိမ်မြေအငှားမှာ တိုက်ခန်း၊ ကွန်ဒိုအငှားဈေးနှုန်းသာ အနည်းငယ်သာမြင့်တက်မှုရှိသော်လည်း လုံးချင်းအငှားမှာ နှစ်ဆယ်ရာခိုင်နှုန်းအထိ မြင့်လာသည်။ ပြီးခဲ့သည့် နှစ်က ကျပ်၈သိန်းနှင့် ကျပ်၁၀သိန်းကြားရှိ လုံးချင်းတိုက်မှာ ယခုကျပ်၁၂သိန်းကြားရှိလာသည်။

ယခုဘဏ္ဍာရေးနှစ်တွင် အိမ်ခြံမြေရောင်းဝယ်မှု အကောင်းဆုံးမှာ သင်္ကြန်အပြီးကာလမှစတင်၍ ဆက်တိုက်အရောင်းအဝယ်ဖြစ်နေပြီး ဇွန်လတွင် ကမ္ဘာ့ဖလားဘောလုံးပွဲကြောင့် အရောင်းအဝယ်နည်းခဲ့ကာ၊ ဇူလိုင်လဆန်းပိုင်းမှ ယခုဩဂုတ်လလယ်အထိအရောင်းအဝယ်စံချိန် ထပ်မြင့်တက်ခဲ့ကြောင်းသိရှိရသည်။

## စာ-၃၊ ပြည်ခိုင်ဖြိုးပါတီ ပါတီဝင်အင်အား ၁၆သန်းရှိမည်မှန်းမှ

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန်မှ ဦးသိန်းစိန်သို့ ပြောင်းလဲခေါ်ဝေါ်ခဲ့ပြီး ဝန်ကြီး၊ ဒု-ဝန်ကြီးနှင့် မြို့တော်ဝန်နှင့် ဒု-မြို့တော်ဝန်တို့ကိုလည်း အရပ်သားအဖြစ် ပြောင်းလဲခဲ့သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် နိုင်ငံရေးပါတီတည်ထောင်ခွင့်ကိုဧပြီလ ၂၉ ရက်ကလျှောက်ထားခဲ့သည်။

နိုဝင်ဘာ ၇ ရက်တွင်ကျင်းပမည့် ရွေးကောက်ပွဲတွင် ယင်းပါတီသည် အင်အားအကြီးဆုံးပါတီတစ်ရပ်အဖြစ် ရှိနေပြီး ဒုတိယ အင်အားအကြီးဆုံးဟုဆိုသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှာ ပါတီရုံး ၂၀၀ ကျော် ခန့်ဖွင့်လှစ်ပြီးဟုသိရသည်။ အမျိုးသားဒီမိုကရေစီအင် အားစုပါတီက ပါတီရုံးခွဲဆယ်ဂဏန်းခန့်နှင့် ဒီမိုကရက်တစ်ပါတီ (မြန်မာ)က ပါတီရုံးခွဲ ၂၀ခန့်ရှိကြောင်း သိရသည်။

၂၀၁၀ ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်အတွက် ကိုယ်စားလှယ်လောင်း ၃၃၀ ဦး၊ အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ်လောင်း ၁၆၈ ဦး၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် ကိုယ်စားလှယ်လောင်း ၆၃၆ ဦးနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်လောင်း ၂၉ဦး၊စုစုပေါင်း ၁၁၆၃ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

## မျက်နှာဖုံး-ကျောက်စိမ်းနှင့် ကျောက်မျက်ပြပွဲအတွက် နေပြည်တော်ဟိုတယ်များ အရှိန်မြှင့်ပြင်ဆင် မှ

အဆိုပါပြပွဲမှစကာ နိုင်ငံတကာကျောက်စိမ်းနှင့်ကျောက်မျက်ရတနာရောင်းချပွဲများအားလုံးကို နေပြည်တော်၌သာ ကျင်းပတော့မည်ဖြစ်ကြောင်းလည်း သတင်းရရှိသည်။

ထို့သို့ ကျောက်စိမ်းနှင့် ကျောက်မျက်ပြပွဲသို့လာသောဧည့်သည်များတည်းခိုနိုင်ရန် ပြင်ဆင်လျက်ရှိသောဟိုတယ်များတွင် လက်ရှိဖွင့်လှစ်ပြီး ဟိုတယ်များအပြင်၊ မဖွင့်လှစ်ရသေးသော ဟိုတယ်များပါ အောက်တိုဘာပြပွဲအမီပြီးစီးရန် အရှိန်မြှင့်ဆောက်လုပ်နေကြောင်း နေပြည်တော်ရှိဟိုတယ်များမှ စုံစမ်းသိရှိရသည်။

“အခုလောလောဆယ်တော့ မြေညှိနေပြီ။ under construction ပဲ ရှိသေးတယ်။ ပြပွဲအမီ အတတ်နိုင်ဆုံး ဧည့်သည်တွေလက်ခံနိုင်အောင် ကြိုးပမ်းနေပါတယ်” ဟု Royal Kumudra ဟိုတယ်မှ တာဝန်ရှိသူတစ်ဦးကလည်းပြောသည်။ အလားတူ အခြားဟိုတယ်များအားလုံးမှာလည်း ဧည့်သည်များပိုမိုလက်ခံနိုင်ရန် ယခင်ရှိနေသည့်အခန်းများအပြင်အဆောက်အအုံများ ထပ်မံတိုးချဲ့ဆောက်လုပ်၍ဧည့်သည်တိုးလက်ခံနိုင်ရန် ပြင်ဆင်နေကြကြောင်းလည်း နေပြည်တော်ရှိ ဟိုတယ်အားလုံးက တညီတညွတ်တည်းပြောသည်။

လက်ရှိနေပြည်တော်တွင် ဖွင့်လှစ်ပြီး ဟိုတယ် ၁၂လုံး ရှိသည်။ ရန်ကုန်မြို့တွင် ဇွန်လကကျင်းပခဲ့သော ကျောက်စိမ်းနှင့်ကျောက်မျက်ရောင်းချပွဲသို့ ပြည်ပကုန်သည် ၄,၂၀၀ ဦးလာရောက်ခဲ့ပြီး ကန်ဒေါ်လာသန်း ၉၀၀ ကျော်ဖိုးရောင်းချခဲ့ရသည်။ ထိုပြပွဲကြောင့် ရန်ကုန်ရှိဟိုတယ်အားလုံးလိုလိုတွင် အခန်းပြည့်ဧည့်သည်ရရှိခဲ့သည်။

ထို့ကြောင့် နေပြည်တော်တွင်ပြုလုပ်မည့် ပြပွဲများသို့ ပြည်ပကျောက်မျက်နှင့် ကျောက်စိမ်းကုန်သည် အများအပြားလာပါက အဆင်ပြေစေရန် နေပြည်တော်ရှိ ဟိုတယ်များက ပြင်ဆင်နေကြခြင်းဖြစ်သည်။

နေပြည်တော်ဟိုတယ်ဇုန်များမှာ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များ အသင်း (မန္တလေးဇုန်) ၏ လက်အောက်တွင် ပါဝင်သည်။

## မျက်နှာဖုံး-ဒီကေဘီအေအဖွဲ့နယ်ခြားစောင့်တပ်အဖြစ် ဖွဲ့စည်း မှ

ဒီကေဘီအေအဖွဲ့သည် ၁၉၉၅ခုနှစ်က ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့သည့်အဖွဲ့ဖြစ်ပြီး ကရင်ပြည်နယ် မြိုင်ကြီးငူဒေသအခြေစိုက်သောဗုဒ္ဓဘာသာလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ဖြစ်သည်။

နယ်ခြားစောင့်တပ်အဖြစ်အသွင်ပြောင်းခြင်းကို ၂၀၀၉ ခုနှစ် နိုဝင်ဘာ ၉ရက်က ကချင်ပြည်နယ်အထူးဒေသ(၁) (NDAK) နှင့် ကယားပြည်နယ်အထူးဒေသ(၂)(ကလလတ)တို့က ပြောင်းလဲဖွဲ့စည်းခြင်းဖြင့် စတင်ခဲ့သည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း (၇)ပုဒ်မ ၃၃၈ တွင် နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးသည် တပ်မတော်၏ ကွပ်ကဲမှုအောက်တွင် ရှိရမည်ဟု ပြဋ္ဌာန်းထားသည်။

ထို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ နယ်ခြားစောင့်တပ်အသွင် ပြောင်းဖွဲ့စည်းရေးကို လက်ရှိနိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိပြီး နယ်ခြားစောင့်တပ်အဖြစ်ပြောင်းပြီးသော တပ်ဖွဲ့ဝင်များအား တပ်မတော်သားတစ်ဦးရသည့်အတိုင်း လစာ၊ ရိက္ခာ၊ အဝတ်အစားများ ထောက်ပံ့မည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများ၏ ရေးသားချက်များအရ သိရသည်။

၁၉၈၈ မှ ၁၉၉၀ခုနှစ် အထိ ငြိမ်းချမ်းရေးရယူပြီးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း၁၇ဖွဲ့နှင့် အဖွဲ့ငယ်များစွာ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ခဲ့သည်။

## စာ-၄၊ တယ်လီဖုန်းဖြင့် ငွေလိမ်သူများလာ မှ

“တယ်လီဖုန်းလိုင်းအသစ်တွေချပေးပြီး ရက်ပိုင်းအတွင်းမှာ ဆက်သွယ်ပြီးလိမ်လည်ဖို့ ကြံတာတွေပိုများတယ်။ မုံရွာမြို့အနီးတစ်ဝိုက်သာမကဘူး၊ ကလေးမြို့ ကလေးဝမြို့တွေမှာလည်း ဒီနည်းနဲ့ လိမ်တာတွေရှိတယ်။ မုံရွာမြို့ပေါ်ထက် နယ်တွေဦးစားပေးလိမ်ဖို့ကြိုးစားတာပိုများတယ်”ဟု ကလေးမြို့မှ ကုန်သည်တစ်ဦးက ပြောသည်။

အထက်ပါနည်းဖြင့် အလိမ်ခံရပြီး ဘဏ်မှတစ်ဆင့် ငွေပို့ပြီးမှ အဖြစ်မှန်သိ၍ ငွေပြန်ထုတ်ရသူများလည်းရှိကြောင်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကပြောသည်။ ထို့ကြောင့် မသိကျွမ်းသူများက တယ်လီဖုန်းမှတစ်ဆင့်အကြောင်းတစ်ခုခုပြ၍ ငွေလွှဲခိုင်းခြင်းရှိပါက ငွေပို့မပေးကြရန် ဘဏ်များတွင် သတိပေးနှိုးဆော်သည့် စာများကပ်ထားသင့်ကြောင်း ၎င်းက အကြံပြုသည်။

Health
7DAY NEWS JOURNAL
Vol.9, No.23. AUGUST 26, 2010

# သတိပြုရမည့်အရွယ်မတိုင်မီကိုယ်ဝန်ဆောင်ခြင်း

သီဟ

အိမ်ထောင်သည်အမျိုးသမီးများသည် လင်နှင့်မယား နှစ်ဦးစလုံးတွင် ကျန်းမာရေးကောင်းမွန်၍ နှစ်ဦးစလုံးချို့ယွင်းမှုများ မရှိပါက တစ်ချိန်ချိန်တွင် ကိုယ်ဝန်ဆောင်သည်ဘဝသို့ရောက်ရှိရမည်သာဖြစ်သည်။



အမျိုးသမီးများသည် အပျိုဖော်ဝင်ချိန်မှစ၍မီးယပ်သွေးဆုံးသည့်အရွယ်မတိုင်ခင်အထိ ကိုယ်ဝန်ဆောင်နိုင်ကြသော်လည်း အမျိုးသမီးများတွင် သင့်တော်သည့်ကိုယ်ဝန်ဆောင်အရွယ်မှာ အသက် ၁၈ နှစ်မှ ၃၅ ကြားအရွယ်ဖြစ်သည်ဟု ပညာရှင်များက သတ်မှတ်ထားကြသည်။

အသက် ၃၅ နှစ်နောက်ပိုင်းမှကိုယ်ဝန်ဆောင်သည့်မိခင်လောင်းများသည်လည်း မိမိတို့၏သန္ဓေသားနှင့် မိမိကိုယ်တိုင်အတွက် အန္တရာယ်ရှိနိုင်သည့် မိခင်များဖြစ်နိုင်သကဲ့သို့ အသက်၁၈နှစ်အောက်ကိုယ်ဝန်ဆောင်သူများသည်လည်း စိတ်ဓာတ်ရေးရာအရ ကောင်းစွာဖွံ့ဖြိုးသည့် အရွယ်မဟုတ်သေးသည့်အတွက် ယင်းတို့၏ရင်သွေးအား ကောင်းစွာစောင့်ရှောက်မှု မပေးနိုင်သဖြင့် ကလေးငယ်၏ စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာကျန်းမာရေးပြဿနာများနှင့်ရင်ဆိုင်လာရဖွယ်ရှိကြောင်းသိရသည်။

ယနေ့ခေတ်သည်တိုးတက်မှုနှုန်းလျင်မြန်နေသည့်အလျောက် လူအများ၏ နေထိုင်မှုပုံစံများလည်းများစွာပြောင်းလဲလာခဲ့သည်။ တိုးတက်မှုအတွက်ကောင်းသည့်အချက်များရှိသကဲ့သို့ မကောင်းသည့်အချက်များလည်းရှိရာ လူငယ်အများစုသည် အတုခိုးမှားခြင်းကြောင့် အချို့သောလူငယ်များမှာ ငယ်ငယ်ရွယ်ရွယ်နှင့်ပင် အိမ်ထောင်သည်ဘဝသို့ရောက်ရှိကာ ငယ်ရွယ်သည့်ကိုယ်ဝန်ဆောင်သည်များ ဘဝသို့ရောက်ရှိသွားလေ့ရှိကြကြောင်း ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာယုဇနစောမြင့်က ပြောသည်။

လက်ရှိတွင်မြန်မာနိုင်ငံ တွင်သာမက ကမ္ဘာ့အရပ်ရပ်တွင်လည်းငယ်ရွယ်သည့်ကိုယ်ဝန်ဆောင်များအနည်းငယ်များပြားလာခဲ့ကြောင်းသိရသည်။

ငယ်ရွယ်သည့်ကိုယ်ဝန်ဆောင်များတွင်မြို့နေလူထုသာမက တောနေလူထုများတွင်လည်းရှိကြောင်းသိရသည်။

"မြို့နေလူထုကျတော့အင်တာနက်တို့ဘာတို့ကနေ အတုခိုးမှားပြီးကျောင်းသူအရွယ်လေးတွေမှာပဲအိမ်ထောင်တွေကျသွားတတ်ကြတယ်။ တောနေလူထုကျတော့လည်းခံယူချက်ရည်ရွယ်ချက်တွေကသိပ်မပြင်းထန်တော့လယ်စိုက်ရင်းနဲ့မစဉ်းစားတော့ဘဲ ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်တွေကျကုန်ကြတာတွေရှိတယ်"ဟုဒေါက်တာယုဇနစောမြင့်ကပြောသည်။

စာ(၁၄)သို့



# ရက်လွန်အစားအစာတွေကြောင့် ရနိုင်တဲ့ ရောဂါတွေ

ဝတ်ရည်

သန့်ရှင်းလတ်ဆတ်သည့် အစားအစာများက လူတို့၏ခန္ဓာကိုယ်အတွက် နေ့စဉ်လိုအပ်သော အာဟာရဓာတ်များ၊ ဗီတာမင် ဓာတ်များအပြင် ခန္ဓာကိုယ်၏ ကျန်းမာမှုကို အထောက်အကူဖြစ်စေမည့်ဓာတ်ပေါင်းစုံရရှိစေနိုင်ပြီး ရက်လွန်ပျက်စီးနေသည့် အစားအစာများကြောင့် ဆန့်ကျင်ဘက်ဆိုးကျိုးများကို ရရှိစေနိုင်သည်။

ယနေ့အချိန်တွင် အသင့်စားနိုင်သည့်အစားအစာများကို ပြည်ပနိုင်ငံများမှ အစားအစာများ တင်သွင်းရောင်းချနေရုံမျှမက ပြည်တွင်းတွင်ပါ ထုတ်လုပ်နေကြရာ ဈေးကွက်အတွင်း တွင်ကျယ်စွာနေရာယူလာပြီး ထိုအစားအစာများတွင် သတ်မှတ်ထားသော ရက်ထက် ကြာမြင့်သည်များကို စားသုံးမိပါက လတ်တလော ရောဂါဝေဒနာများ ခံစားရနိုင်သည့်အပြင် နှစ်ရှည်ခံစားရနိုင်သည့် ကင်ဆာရောဂါများပါ ခံစားရနိုင်ကြောင်းသိရသည်။

"များသောအားဖြင့် ကြုံရတာကတော့ ပေါင်မုန့်တွေမှာပါ။ ပေါင်မုန့်တွေက ကိုယ့်လက်ထဲရောက်လာတဲ့အချိန်က သက်တမ်းကုန်ရက်က ဒီနေ့မဟုတ်ရင် မနေ့က ကုန်နေတာမျိုးတွေများတယ်" ဟု ရုံးဝန်ထမ်းအမျိုးသားတစ်ဦးကပြောသည်။ ထိုအသင့်စား အစားအစာများတွင် ရက်လွန်နေသည့်အခါ မှိုများပေါက်ပွားနေပြီး ထိုမှိုများမှ ထွက်သောအဆိပ်များကြောင့် စားသုံးမိသူများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါများဖြစ်ပွားနိုင်ကြောင်း ပါမောက္ခဒေါက်တာချစ်စိုးကပြောကြားသည်။လတ်တလောခံစားရနိုင်သည့် နောက်တစ်မျိုးမှာ အစာအဆိပ်သင့်ခြင်းဖြစ်သည်။

မသန့်ရှင်းသောအစားအစာများထဲတွင် ပိုးကောင်လေးများ ပေါက်ပွားနေကြပြီး ထိုပိုးကောင်များမှ ထွက်သောအဆိပ်များပါသောအစားအစာ စားသုံးမိပါက စားပြီးပြီးချင်း အစာအဆိပ် သင့်နိုင်ကြောင်းသိရသည်။

"အဆိပ်မထုတ်ထားတဲ့ ပိုးကောင်ပါတဲ့အစားအစာ စားမိရင်လည်း ပိုးကောင်တွေ ဗိုက်ထဲရောက်တဲ့အချိန်မှာ အဆိပ်ဖြစ်ပြီး အစာအဆိပ်သင့်နိုင်ပါတယ်။ မသန့်တဲ့အစားအစာကြောင့် ဝမ်းပျက်ဝမ်းလျှောတွေ အာရုံကြောထိခိုက်တာ၊ လိုချင်တဲ့အာဟာရတွေမရတာအပြင် ကြာတဲ့အခါ အသည်းရောဂါတွေပါရလာနိုင်ပါတယ်"ဟု ဒေါက်တာချစ်စိုးပြောသည်။

စာ(၁၄)သို့



7DAY NEWS JOURNAL
Vol.9, No.23. AUGUST 26, 2010

## စာ-၁၃၊ သတိပြုရမည့် အရွယ်မတိုင်မီ ကိုယ်ဝန်ဆောင်ခြင်း မှ

ငယ်ရွယ်သည့်မိခင်များသည် ကလေးပြုစုရာတွင် စိတ်မရှည်ခြင်း၊ နည်းလမ်းမှန်ကန်စွာမပြုစုတတ်ခြင်းတို့ကြောင့် ကလေးငယ်တွင် ကျန်းမာရေးဆိုင်ရာပြဿနာများနှင့်ကြုံတွေ့ရနိုင်ပြီး ဉာဏ်ရည်မမီခြင်း၊ မသန်စွမ်းဖြစ်ခြင်းစသည့်ပြဿနာများနှင့်လည်း ရင်ဆိုင်ရဖွယ်ရှိကြောင်းသိရသည်။

ငယ်ရွယ်သည့်မိခင်အများစုသည်မရည်ရွယ်ဘဲရရှိလာသည့်ရင်သွေးများအား ကိုယ်ဝန်ဆောင်ကြရလေ့ရှိသဖြင့် မိမိတို့၏ဝမ်းတွင်း၌ကလေးသန္ဓေတည်စဉ်အချိန်ကပင် နည်းမျိုးစုံသုံး၍ကလေးမရရှိရန်ကြိုးပမ်းကြလေ့ရှိကြောင်းနှင့် အကယ်၍ယင်းတို့၏ကြိုးပမ်းမှုမအောင်မြင်ပါကလည်း မွေးလာသည့်ကလေးမှာ သန္ဓေသားအဖြစ်မတင်ရန်ကြိုးပမ်းမှုများကြောင့် လမစေ့၊ပေါင်မပြည့်၊လူစဉ်မမီသည့်ကလေးငယ်များမွေးဖွားလာလေ့ရှိကြကြောင်းသိရသည်။

ထို့အပြင် ငယ်ရွယ်သည့်မိခင်များသည် ကလေးပြုစုရာတွင် အမှားများစွာပြုလုပ်လေ့ရှိကြပြီး ကလေးတွင်ပြလေ့ရှိသည့် ကျန်းမာရေးဆိုင်ရာလက္ခဏာများလည်း သိလေ့မရှိကြောင်း ဒေါက်တာယုဇနစောမြင့်ကပြောသည်။

"ငယ်ရွယ်တဲ့မိခင်တွေက မနေတတ်မထိုင်တတ်နဲ့မွေးလာကြတော့လမစေ့ပေါင်မပြည့်လေးတွေမွေးလာကြတယ်၊လမစေ့ပေါင်မပြည့်တော့ကလေးက ဉာဏ်ရည်လည်း မမီဘူးပေါ့၊ဦးနှောက်လည်းထိခိုက်နိုင်တော့ အဲဒီကလေးက ဘယ်လိုမှ ပုံမှန်ဘောင်နဲ့မကြီးပြင်းလာနိုင်တော့ဘူး"ဟုဒေါက်တာယုဇနစောမြင့်ကပြောသည်။

ဆက်လက်၍ဒေါက်တာယုဇနစောမြင့်က"နောက်ပြီးမပြုစုတတ်တော့ချက်ထဲကို မဟုတ်တာတွေထည့်တော့၊ သွေးဆိပ်တက်တာတို့ မွေးကင်းစ အသားဝါတာတို့ကိုလည်းငယ်ရွယ်တဲ့မိခင်တွေဆိုရင် မသိနိုင်ဘူး"ဟုငယ်ရွယ်မိခင်များ၏ကလေးပြုစုစောင့်ရှောက်မှုအလွဲအမှားများအားပြောပြသည်။

မိခင်အသက်ငယ်မှုနှင့် ကလေးထိခိုက်နိုင်မှုတို့သည် တိုက်ရိုက်အချိုးကျနေကြောင်းသိရသည်။ မိခင်ငယ်များသည် ကလေးငယ်အားဆက်လက်ပြုစုရပါက စိတ်ရှည်မှုအပိုင်းကပိုအရေးကြီးကြောင်းသိရသည်။

အသက်ငယ်လေလေ စိတ်ရှည်မှုအပိုင်းတွင်ပိုအားနည်း လေလေဖြစ်လေ့ရှိကြပြီး၊ မိခင်ကိုယ်၌ကပင် ကလေးသာသာဖြစ်နေသဖြင့်ကလေးအပေါ်စိတ်ရှည်သည်းခံနိုင်မှုမှာ ပို၍မဖြစ်နိုင်ကြောင်းသိရသည်။

ထို့ကြောင့် မိခင်နှင့်ကလေးကြားတွင် မလိုအပ်သောပဋိပက္ခများဖြစ်ပေါ်လာနိုင်ပြီး ကလေးငယ်ကလည်း မိခင်၏ဆက်ဆံမှုအပေါ်တွင် မသိစိတ်မှ သိမ်ငယ်မှုများ ဝင်ရောက်လာနိုင်ကြောင်းသိရသည်။

မိခင်နှင့် ကလေးကြားတွင် ကလေးကိုယ်ဝန်ဆောင်စဉ်မှာပင် စိတ်ချင်းဆက်သွယ်မှုရှိပြီး ကလေးငယ်ကလည်း မိခင်သည် သူ့ကိုလိုလားကြောင်း၊ မလိုလားကြောင်းကိုသိရှိနိုင်သည်ဟု ဒေါက်တာယုဇနစောမြင့်ကပြောသည်။

ထို့ကြောင့် ကိုယ်ဝန်ဆောင်မိခင်များသည် မိမိတို့ကလေးငယ်များအား ကိုယ်ဝန်ဆောင်နေစဉ်အချိန်မှစ၍မေတ္တာအပြည့်အဝထား၍မွေးဖွားလာသည့်အချိန်တွင်လည်း ကောင်းမွန်စွာပြုစုစောင့်ရှောက်မှုပေးရန်လိုအပ်သည်။သို့မှသာ ကောင်းမွန်ယဉ်ကျေးသည့်ကလေးသူငယ်များ ဖြစ်လာနိုင်မည်ဖြစ်ကြောင်းသိရသည်။

ငယ်ရွယ်စဉ် ကိုယ်ဝန်ဆောင်မှု မဖြစ်စေရန်အတွက်လည်းလူငယ်လူရွယ်များ၏မိဘများသည် မိမိတို့၏အရွယ်ရောက်ပြီးကလေးများအား တင်းကျပ်လွန်းသည့်စည်းကမ်းများဖြင့် ကိုင်တွယ်ဆုံးမခြင်းမပြုသင့်သကဲ့သို့ လျော့ရဲသောစည်းကမ်းများနှင့်လည်း လွှတ်မထားသင့်ကြောင်း ဒေါက်တာယုဇနစောမြင့်ကပြောသည်။

# ကိုယ်ဝန်ဆောင်မိခင်တွင် ဆီးချိုရှိပါက မွေးလာသော ကလေးမှာ ကိုယ်အလေးချိန်များလေ့ရှိ

**ဝတ်ရည်**

**ရန်ကုန်၊ ဩဂုတ်- ၁၆**

ကိုယ်ဝန်ဆောင်မိခင်တွင် ဆီးချိုရောဂါရှိနေပါကမွေးဖွားလာသောကလေးများတွင် ပုံမှန်ထက် ပေါင်အလေးချိန်များ၍မွေးဖွားလာလေ့ရှိကြောင်း သားဖွားမီးယပ်အထူးကု ဆရာဝန်ဒေါက်တာယုဇနစောမြင့်ကပြောသည်။

ဇူလိုင်လ အတွင်းက ရွှေပေါက်ကံမြို့နယ်အတွင်း ၁၈ပေါင် ၄ အောင်စရှိသော ကလေးတစ်ဦးမွေးဖွားခဲ့ပြီး ပုံမှန်မွေးကင်းစကလေးထက်ကိုယ်အလေးချိန်၃ဆမျှပိုမိုများပြားကြောင်းသိရသည်။

ထိုကလေးငယ်ကို နေအိမ်တွင်ပင် မိခင်မှ သဘာဝ အတိုင်းမွေးဖွားခြင်းဖြစ်ပြီး ကလေးမွေးဖွားပြီး မိခင်မှာ အချင်းကပ်နေသည့်အတွက် သတိလစ်သွား၍ မြောက်ဥက္ကလာပဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်းကလေးငယ်၏အဘွားကပြောသည်။

"ကိုယ်ဝန်ဆောင်ကတည်းက တစ်ခါမှ ကိုယ်ဝန်အပ်တာတွေ ဘာတွေမရှိပါဘူး။ ဘာစစ်ဆေးမှုမှလည်း မလုပ်ခဲ့ပါဘူး။ အရင်ကလေးတွေလည်းဒီအတိုင်းမွေးခဲ့တာပဲ ခုဗိုက်ကြီးက အရမ်းကြီးနေတော့ အခြားသူတွေကနင့်ဗိုက်ကြီးက အရမ်းကြီးတယ်။ ဆေးရုံလေး ဘာလေးသွားပြလို့ ပြောပေမယ့်ဝေးတဲ့အတွက်ဆေးရုံလည်း မရောက်ဖြစ်ပါဘူး။ အမွှာလားလို့ပဲ ထင်နေတာ။ မွေးတဲ့နေ့မှသာ ကလေးထွက်လာပြီး အချင်းကပ်နေတဲ့အတွက် သတိတွေလစ်အတွက်အဲဒီတော့မှဆေးရုံသွားရတာပါ"ဟု ကလေးငယ်၏မိခင်ဖြစ်သူကပြောသည်။

ထိုကလေးမှာ ၄ ယောက်မြောက်ကလေးဖြစ်ပြီး ဆေးရုံတွင် ကလေးရော မိခင်ပါ ဆေးကုသမှုခံယူခဲ့ရပြီး ယခုလ ၅ ရက်အထိ ကလေးမှာ ကျန်းမာရေး ကောင်းမွန်နေကြောင်းသိရသည်။

"ဆေးရုံကလည်း ဘာဖြစ်လို့ ဒီလောက်ကြီးတဲ့ကလေးမွေးတယ်ဆိုတာ မပြောပါဘူး။ ကလေးရော ကျွန်မရော ဘာရောဂါတွေရှိလည်းဆိုတာလည်း မပြောပါဘူး။ ကျွန်မတို့လည်း ဘာမှ မမေးမိခဲ့ပါဘူး။ ဆေးရုံမှာ ၇ ရက်ကြာခဲ့ပါတယ်"ဟုကလေးငယ်၏ မိခင်ဖြစ်သူကပြောသည်။

ယခုအချိန်တွင် ကလေး၏ကျန်းမာရေးအခြေအနေနှင့် ကလေးပေါင်ချိန်ကိုမူ ဆေးရုံမှဆင်းပြီး တစ်ကြိမ်မှပြန်လည် စစ်ဆေးခြင်းမရှိသည့်အတွက် မသိကြောင်း အဆိုပါမိခင်ကပြောသည်။"ဖြစ်နိုင်တာကတော့ အဲဒီအမျိုးသမီးမှာ ဆီးချိုရောဂါရှိတဲ့အတွက် ကလေးကကြီးတာ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ဒီလောက်ကြီးတဲ့ကလေးတော့မကြားမိသေးဘူး" ဟု ဒေါက်တာယုဇနစောမြင့်ကပြောသည်။

"အရင်ကလေးတွေနဲ့ကွာတာကတော့ ဒီကလေးကိုယ်ဝန်ဆောင်တုန်းကတော့ လူကြီးအားရှိအောင်ဆိုပြီး ငှက်ပျောသီးနဲ့ အော်ရာမင်-ဂျီ ၃ ကတ်လောက်ကုန်အောင်သောက်ဖူးလို့များ ကလေးအရမ်းကြီးနေတာလားလို့ ထင်မိတယ်"ဟု ကလေး၏ မိခင်ကပြောသည်။

"လူကြီး အားရှိအောင်သောက်တဲ့ဆေးကြောင့်တော့ ကလေးကြီးတာမဟုတ်ပါဘူး။ အားဆေးတွေနဲ့ ကိုယ်ဝန်ဆောင်အားဆေးတွေက မိခင်အတွက် အားအင်ဖြစ်စေတဲ့အပြင် လိုအပ်တဲ့ ဗီတာမင်တွေလည်းရတဲ့ အတွက်သင့်တော်ပါတယ်"ဟုဒေါက်တာဒေါ်ယုဇနစောမြင့်က ပြောသည်။ ယခင်မွေးဖွားခဲ့သော ကလေးများမှာလည်း ယခုကလေးလောက် ကိုယ်အလေးချိန် မရှိသော်လည်း အခြားကလေးများထက် ကိုယ်အလေးချိန်ပိုမိုကြောင်းသိရသည်။

## စာ – ၁၃၊ ရက်လွန်အစားအစာတွေကြောင့် ရနိုင်တဲ့ရောဂါတွေ မှ

သံဘူးဖြင့်ထည့်ထားသောအစားအစာများတွင် ရက်လွန်ပါ က ကြုံရသောပြဿနာများ၊ ဘူးများ သံချေး(ကြေး)တက်ခြင်းကြောင့် အစာအဆိပ်သင့်ခြင်းနှင့် အထဲတွင် ထည့်သုံးထားသောဓာတုပစ္စည်းများ ဓာတ်ပြောင်းလဲမှုဖြစ်ပြီး အာရုံကြောများ အလုပ်မလုပ်တော့ဘဲ သတိလစ်၍ အသက်ဆုံးရှုံးခြင်း၊ ခြေလက်များ မလှုပ်ရှားနိုင်ခြင်း စသည့်အာရုံကြောနှင့်ပတ်သက်သောဝေဒနာများ ခံစားကြရကြောင်းသိရသည်။

"ဆီသွပ်ဘူး၊ ငါးသေတ္တာဘူးတွေမှာ ရက်လွန်တဲ့အခါ ထွက်လာတဲ့ဓာတ်ပစ္စည်းက အလှပြင်ဆိုင်တွေမှာ ပါးရေတွန့်တာပျောက်အောင်သုံးတဲ့ဓာတုပစ္စည်းမျိုးပါ။ အစာထဲပါလာရင် တစ်ကိုယ်လုံးက ကြွက်သားတွေပျော့ပြီး သေစေနိုင်ပါတယ်"ဟု ဒေါက်တာချစ်စိုးကပြောသည်။

အစားအစာများသက်တမ်းကုန်ဆုံးရက် ကျော်လွန်သွားပါက ချက်ချင်းအန္တရာယ်များပြီး ပျက်စီးသွားသည်မျိုးမဟုတ်ဘဲ စိတ်ချရသည့်အဆင့်လွန်သွားခြင်းမျိုးဖြစ်သည်။

အချို့မှိုများမှာ မျက်စိဖြင့်မြင်နိုင်သော်လည်း အချို့မှာ မျက်စိဖြင့် မမြင်နိုင်သလို၊ အရောင်မပြောင်းလဲဘဲလည်း ရှိနေနိုင်ကြောင်းသိရသည်။

များသောအားဖြင့် အစိုဓာတ်ပါသော ကိတ်မုန့်အစိုများ နွားနို့၊ ဒိန်ချဉ် စသည်တို့မှာ သတ်မှတ်သက်တမ်းကုန်ရက်ထက် ပိုမိုစောစီးစွာပျက်စီးကြလေ့ရှိကြောင်းသိရသည်။

"ပစ္စည်းတွေကို သက်တမ်းကုန်ဆုံးရက် တစ်လလောက်အလိုကတည်းက အမြဲတမ်းစစ်ဆေးမှုတွေလုပ်တယ်။ တချို့ပစ္စည်းတွေက သက်တမ်းကုန်ရက် တစ်နှစ်လို့သတ်မှတ်ထားပေမယ့် တစ်လ၊ နှစ်လလောက်အလိုကတည်းက မှိုတက်တာတွေရှိတဲ့အတွက် သီးသန့်ထားပြီး မရောင်းတော့ပါဘူး။ တစ်ခါတလေ ဝန်ထမ်းတွေရဲ့ပေါ့ဆမှုကြောင့် သက်တမ်းကုန်ပစ္စည်းရောင်းချမှုရှိခဲ့ရင် လာလဲခိုင်းရင်လည်း လဲလှယ်ပေးပါတယ်။ အထူးသဖြင့်တော့ ဆိုင်နာမည်အရမ်းပျက်တဲ့အတွက် အဲဒီလိုပစ္စည်း မရောင်းမိအောင် အထူး ဂရုထားပြီး စစ်ဆေးတာမျိုးလုပ်ပါတယ်"ဟု အေးရှားလိုက်အရောင်းဆိုင်မှ လက်ထောက်မန်နေဂျာ ကိုနေလင်းထွဋ်ကပြောသည်။ အသင့်စားအစားအစာမျိုးမဟုတ်ဘဲ အခြားနေ့စဉ်အသုံးပြုနေသည့်အစားအစာ၊ ပစ္စည်းများကိုလည်း ကြာရှည်စွာသိမ်းဆည်းသိုလှောင်၍ စားသုံးခြင်းကို အတတ်နိုင်ဆုံးရှောင်ကြဉ်သင့်ကြောင်းသိရသည်။

မှန်မြတ်ဆေးခန်း

နီလာ

# Regional

7DAY NEWS JOURNAL

Vol.9, No.23. AUGUST 26, 2010


## ကြက်သွန်နီဈေးဦးမော့ချိန် လက်ကျန်နည်းဟုဆို

**မျိုးမင်းဦး**

**မုံရွာ၊ ဩဂုတ်- ၁၈**

မုံရွာမြို့နယ်အတွင်း စိုက်ပျိုးထုတ်လုပ်သော ဆောင်းကြက်သွန်နီအထွက်ကောင်းခဲ့သော်လည်း ယခုနှစ်ဦးပိုင်းကြက်သွန်နီဈေးကျဆင်းခဲ့သည့်နောက် ဩဂုတ်လ ဒုတိယပတ်အတွင်း ကြက်သွန်နီဈေး ပြန်လည်ဦးမော့ချိန် ကြက်သွန်စိုက်တောင်သူများတွင် ကြက်သွန်လက်ကျန်မရှိသလောက် နည်းပါးနေကြောင်း သိရသည်။


မန္တလေးတိုင်းရှိ ကျေးလက်ဒေသတစ်ခုတွင် ကြက်သွန်နီစိုက်ခင်းအတွင်း ပေါင်းသင်နေသော ဒေသခံအမျိုးသမီးနှစ်ဦး။ ဓာတ်ပုံ- အားမာန်

"ကြက်သွန်နီဈေးက ဒီနှစ်သိပ်ဈေးမကောင်းဘူး။ တစ်ပိဿာ ၁၀၀ နဲ့ ၂၀၀ ကြားထိ ဈေးကျခဲ့တာ။ တောင်သူတော်တော်များများ ကြက်သွန်ဈေးကျပေမယ့် စိုက်စရိတ် ပျိုးစရိတ်အတွက် ရောင်းတဲ့သူပိုများကြတယ်။ တောင်သူကြီးတွေနဲ့ ကြက်သွန်ပွဲစားတွေလက်မှာတော့ ကြက်သွန်တွေလှောင်ထားတာရှိတယ်" ဟု မုံရွာမြို့နယ်အက်တောကျေးရွာဒေသခံတောင်သူတစ်ဦးကပြောသည်။

"ဒီနှစ်ကြက်သွန်က အထွက်ကောင်းပြီးဈေးကောင်းမရတာ။ တစ်ပိဿာ ၁၅၀ ဈေး ၂၀၀ ဈေးနဲ့ ရောင်းနေရတာကြာတော့ ပြီးခဲ့တဲ့လကုန်ရက်ပိုင်းက ရှိသမျှကြက်သွန်တွေ တစ်ပိဿာ ၁၂၀ ဈေးနဲ့ ပွဲစားလက်တောင်းတောင်းပန်ပန်နဲ့ အပ်ခဲ့ရတာ။ အခုပြည်ပရော ပြည်တွင်းရောဝယ်လိုအားကြောင့် ဈေးတက်တဲ့အထိ ကြက်သွန်ပွဲစားတွေက ငွေမချေသေးဘူး။ ကျဈေးမှာ အကြွေးအပ်ခဲ့ရတာ ပိုများတယ်" ဟု မုံရွာမြို့နယ် သမန္တာကျေးရွာဒေသခံတောင်သူတစ်ဦးက ပြောသည်။

## မန္တလေးမြို့လိုင်စင်မဲ့ယာဉ်များ လေလံဖွင့်ရက် အကန့်အသတ်မရှိရွှေ့ဆိုင်း

**စိုင်းသာအောင်**

**ရန်ကုန်၊ ဩဂုတ် - ၂၀**

မန္တလေးတိုင်းလိုင်စင်မဲ့ယာဉ် လေလံတင်ထုခွဲရောင်းချရေးအဖွဲ့မှ ကြေညာထားသော လိုင်စင်မဲ့မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် လေလံဖွင့်မည့်ရက်အား ရက်အကန့်အသတ်မရှိရွှေ့ဆိုင်းလိုက်ကြောင်း တရားဝင်ထုတ်ပြန်ချက်အရသိရသည်။

မူလက ဩဂုတ်လ ၂၁ ရက်တွင်ကျင်းပမည်ဟု ကြော်ငြာထားခဲ့ခြင်းဖြစ်သည်။ လေလံတင်ရောင်းချမည့်ယာဉ်များမှာ မတ်ခ်တူးမော်တော်ယာဉ်တစ်စီး၊ မော်တော်ဆိုင်ကယ် လေးစီးတို့ဖြစ်ပြီး လျှောက်လွှာပုံစံများကို တစ်စောင်လျှင် ငါးထောင်ကျပ်နှုန်းဖြင့် မန္တလေးစီမံကိန်းဦးစီးရုံးတွင် ဝယ်ယူနိုင်ကြောင်းသိရသည်။ လိုင်စင်မဲ့ယာဉ်များအား လေလံတင်ရောင်းချရေးအဖွဲ့မှ လေလံဖွင့်မည့်ရက်ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

## ပဲစင်းငုံစိုက်တောင်သူအချို့ နှစ်ကြိမ်ပြန်စိုက်သူများလာ

**မျိုးမင်းဦး**

**မုံရွာ၊ ဩဂုတ်- ၁၈**

မုံရွာမြို့နယ်အတွင်း မေလနှင့် ဇွန်လက အပူချိန်မြင့်တက်ခဲ့မှုကြောင့် ပဲစင်းငုံစိုက်ခင်းအချို့ ပျက်စီးခဲ့သဖြင့် ယခုနှစ်ဩဂုတ်လ အတွင်း ရွာသွန်းသော မိုးရေဖြင့် ဒုတိယအကြိမ် ပြန်လည်စိုက်ပျိုးသူပိုများလာကြောင်းမုံရွာအရှေ့ဘက်ပိုင်းရှိ ပဲစင်းငုံစိုက်တောင်သူများက ပြောကြားခဲ့သည်။

"ပြီးခဲ့တဲ့ ကဆုန်၊ နယုန်လတွေအတွင်း မိုးသည်းသည်းသုံးလေးကြိမ်ရွာတော့ တောင်သူတွေ ပဲစင်းငုံစချခဲ့တာ။ အပင်လေးလည်း ပေါက်ရော မိုးအဆက်ဝေးသွားတော့ အပင်တွေသေရော။ အချို့ ပဲစင်းငုံစိုက်ခင်းတွေကတော့ ရေသွင်းစိုက်တော့ ပြန်ရတယ်။ ပျက်စီးသွားတဲ့ ပဲစင်းငုံခင်းတွေက ဝါဆိုလကုန်ရွာတဲ့ မိုးနဲ့ ပြန်ထွန်ပြန်စိုက်နဲ့ ဒီနှစ် တစ်ရာသီတည်း ပဲစင်းငုံနှစ်သီးစိုက်တဲ့သူပိုများတယ်"ဟု ကျောက္ကာကျေးရွာဒေသခံတောင်သူတစ်ဦးကပြောသည်။

"နှစ်တိုင်းမိုးဦးစကျတာနဲ့ ပဲစင်းငုံစစိုက်ကြတာ။ ဒီနှစ်လည်း မိုးဦးကျချိန် စစိုက်ပေမယ့် မိုးက အလှမ်းဝေးတာရော အပူချိန်ပိုတာရောကြောင့် အပင်အဖြစ်နည်းလို့အချို့တောင်သူတွေက ပြန်ထွန်ပြီး ပြန်စိုက်ကြတာ။ ကုန်းမြင့်ကျပြီး ရေမလွယ်တဲ့ ဒေသတွေမို့ မိုးပြီးပဲစင်းငုံစိုက်ကြတာ ရေလွယ်တဲ့ဒေသတွေက ရေသွင်းပြီး ပဲစင်းငုံသာမကဘူး ရေသွင်းစပါး၊ ဝါနဲ့ ဟင်းသီးဟင်းရွက်စိုက်ခင်းတွေပုံမှန်အတိုင်း စိုက်နေကြပြီ"ဟု မုံရွာမြို့နယ် ကျောက်စစ်ပုံကျေးရွာဒေသခံတောင်သူတစ်ဦးက ပြောသည်။


၂၀၀၉-၂၀၁၀ ရာသီက မြန်မာနိုင်ငံအလယ်ပိုင်းဒေသတစ်ခုတွင် တွေ့ရသော ပဲစင်းငုံခင်း။

## နေပြည်တော်ဒေသထွက် ကောက်သစ်ဆန် ရန်ကုန်ဈေးကွက်ကိုဆင်း

**ထူးသန့်**

**နေပြည်တော်၊ ဩဂုတ်- ၁၆**

နေပြည်တော်ဒေသ နွေစပါးစိုက်ခင်းများမှထွက်ရှိသော ဆင်းသွယ်ယဉ်ကောက်သစ်ဆန်အမျိုးအစားများမှာ ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့နေရပြီး နေပြည်တော်တပ်ကုန်း၊ ရမည်းသင်းနှင့်ပျော်ဘွယ်ဒေသများသို့လည်းတင်ပို့နေရကြောင်း နေပြည်တော်ပျဉ်းမနားမြို့မှ ဆန်စက်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"ကောက်သစ်တွေပေါ်နေတာ တစ်လကျော်လောက်တောင် ရှိပြီ။ ဆန်ကိုရန်ကုန်ဈေးကွက်ကိုပို့နေရတယ်။ နေပြည်တော် တပ်ကုန်း၊ ရမည်းသင်းနဲ့ ပျော်ဘွယ်ဘက်တွေကိုလည်း သွားပါတယ်။ကောက်သစ်စပါးဈေးနှုန်းက တင်းတစ်ရာကို သုံးသိန်းခြောက်ထောင်လောက် အနည်းဆုံးရှိနေပြီး ဆန်ကတော့တစ်အိတ် (၂၄ ပြည်)ကိုတစ်သောင်းသုံးထောင်လောက်ရှိတယ်" ဟု အဆိုပါလုပ်ငန်းရှင်က ပြောကြားသည်။

ယခုနှစ်တွင် ထူးခြားမှုအဖြစ် တိရစ္ဆာန်အစာဖြစ်သော ဖွဲနုသည် ကောက်သစ်ပေါ်ပြီး ဈေးကျခြင်းမရှိကြောင်း ဈေးကွက်ဝယ်လိုအားများနေပြီး ဈေးကွက်ကလိုအပ်သလောက်ထုတ်လုပ်ပေးနိုင်ခြင်းလည်း မရှိသေးကြောင်းနှင့်ဖွဲနုကိုလည်း ရန်ကုန်ဈေးကွက်ကို တင်ပို့လျက်ရှိပြီး ဒေသတွင်း၌လည်းဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

"ဖွဲနုကလည်းအဝယ်များတော့ ဈေးမကျဘူး။ ဖွဲနုလည်း ရန်ကုန်ကိုတင်ပို့နေရတာပဲ။ ပြောရရင်ဈေးကွက်က မှာသလောက်ကိုတောင် ကိုယ့်ဘက်ကမပေးနိုင်ဘူး" ဟု ၎င်းကပြောကြားသည်။ ယခုနှစ် နွေရာသီအတွင်းဆည်ရေများကိုခွဲဝေသုံးစွဲခဲ့ရသည့်အတွက် နွေစပါးစိုက်ဧကမှာလည်း ယခင်နှစ်ကထက်လျော့နည်းခဲ့ကြောင်း သိရသည်။




7 DAY NEWS JOURNAL
Vol.9, No.23. AUGUST 26, 2010

# အင်တာနက် Access Kit အသုံးပြုမှုအဆင်မပြေ၍ အင်တာနက်ကဖေးအသုံးပြုသူ ပိုများလာ

**မျိုးမင်းဦး**

**မုံရွာ၊ ဩဂုတ်- ၁၆**

အော်တိုတယ်လီဖုန်းလိုင်းရှိရုံဖြင့်အင်တာနက်အသုံးပြုနိုင်သော Internet Access Kit သုံးစွဲသူများပြားလာခြင်းကြောင့် အင်တာနက်လိုင်း ချိတ်ဆက်ရန် အခက်အခဲများကြုံတွေ့ရပြီးနောက်ပိုင်း အင်တာနက်ကဖေးဆိုင်များတွင် သုံးစွဲသူပိုမိုများပြားလာကြောင်း မုံရွာမြို့ခံ အင်တာနက်အသုံးပြုသူများကပြောသည်။

"အရင်နှစ်တွေတုန်းက အိမ်ကဖုန်းနဲ့ ချိတ်ဆက်သုံးလို့ရတဲ့ Prepaid Internet Access Kit ကို သုံးတာများတယ်။ ဒီနှစ်ပိုင်းမှာ မနက်စောစောပဲလိုင်းဝင်ပြီး သုံးရတာကျန်တဲ့အချိန်တွေမှာ သုံးလို့မရတော့ဘူး။ ညပိုင်းတွေမှာတောင် လိုင်းချိတ်လို့ရလိုက်မရလိုက်နဲ့ ဖြစ်နေတာကြာပြီ။ အင်တာနက်ချိတ်ရတော့လည်း ဂျီမေးလ်၊ ဂျီတော့ သုံးလို့မရတော့၊ သုံးရတာအဆင်မပြေဘူး။ အခုနောက်ပိုင်း အင်တာနက်ဆိုင်တွေမှာ သွားသုံးတာပိုများတယ်" ဟု မုံရွာဒေသခံ Prepaid Internet Access Kit အသုံးပြုသူကိုအေးမင်းကပြောသည်။

"အင်တာနက် Access Kit တွေမှာ ၁၅ နာရီ၊ နာရီ ၃၀၊ နာရီ ၆၀ ဆိုပြီး အသုံးပြုခွင့်အလိုက် တန်ဖိုးကွာခြားတယ်။ ဈေးသက်သက်သာသာနဲ့ အင်တာနက်ချိတ်ဆက်နိုင်လို့ သုံးတဲ့သူတွေအတွက် အဆင်ပြေတယ်။ နှစ်နှစ်၊ သုံးနှစ်လောက်အထိ သုံးရတာအဆင်ပြေလို့ Access Kit ကတ်တွေ ရောင်းကောင်းခဲ့တယ်။ ဒီနှစ်လိုင်းမိလိုက်၊ မမိလိုက်နဲ့ အင်တာနက်ချိတ်ဆက်မှု အခက်အခဲဖြစ်လို့ သုံးရတာမတန်တော့ဘူး။ အမြဲတမ်း ဆာဗာက Busy ဖြစ်နေတော့ အင်တာနက်ဆိုင်တွေသုံးတဲ့သူပိုများလာတာပေါ့" ဟု Internet Access Kit ရောင်းချပေးသော မုံရွာမြို့ခံ ကွန်ပျူတာဆက်စပ်ပစ္စည်းအရောင်းဆိုင်ရှင်တစ်ဦးက ပြောသည်။

" Prepaid Internet Access Kit များကို ပုဂံတယ်လီပို့က ၂၀၀၆ ကစပြီး ဈေးအသက်သာဆုံးအင်တာနက်ချိတ်ဆက်မှုအဖြစ် ရောင်းချပေးခဲ့တာ Access Kit သုံးစွဲသူတွေ တစ်နှစ်ထက်တစ် နှစ်ပိုများလာတယ်။ Dial up connection အမျိုးအစားဖြစ်တဲ့ အင်တာနက်လိုင်းဖြစ်ပြီး Access Server နံပါတ် ၁၄၆ တစ်ခုတည်း ချိတ်ဆက်အသုံးပြုရတာဖြစ်တယ်။ အခုနောက်ပိုင်းသုံးစွဲ သူဦးရေ တစ်နှစ်ထက်တစ်နှစ်ပိုများလာတဲ့အတွက် အင်တာနက်ချိတ်ဆက်တဲ့အခါ လိုင်းရရှိဖို့ပိုပြီးခက်ခဲလာတယ်" ဟု မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (စစ်ကိုင်းတိုင်း)မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

Internet Access Kit များကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့် အော်တိုတယ်လီဖုန်း တပ်ဆင်ထားသော မြို့များတွင် သုံးစွဲလျက်ရှိပြီး အင်တာနက်သုံးစွဲသူဦးရေများပြားလာသည့်အတွက် အင်တာနက်ကဖေးဆိုင်များ အဆိုပါမြို့ကြီးများတွင် အပြိုင်အဆိုင် တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး ဝန်ဆောင်မှုများ ပိုမိုလုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။




# မောင်တောနှင့်စစ်တွေမြို့များတွင် ပလတ်စတစ်သုံးစွဲမှု များပြားဆဲဖြစ်

**ထွန်းကိုလင်း**

**စစ်တွေ၊ ဩဂုတ်-၁၆**

ယခုနှစ် ဧပြီလမှစတင်ကာ မောင်တောနှင့်စစ်တွေမြို့များတွင် ပလတ်စတစ်အိတ်(ကြွပ်ကြွပ်အိတ်) သုံးစွဲမှု များပြားနေဆဲဖြစ်ကြောင်းသိရသည်။



လမ်းဘေးမုန့်ရောင်းဈေးသည်အချို့ အင်ဖက်၊ ဗာဒံရွက်၊ ငှက်ပျောရွက်များနှင့် ထုပ်ပိုးအသုံးပြုကြသော်လည်း မိုးများသည့်ဒေသဖြစ်သည်နှင့်အညီ ပလတ်စတစ်ကိုရေကာခံအဖြစ် အသုံးပြုကြကြောင်း ဒေသခံများက ပြောသည်။ "ဒီနေရာမှာ အရေးပါတာက လျှော့ချဖို့ Reduce နဲ့ ပြန်အသုံးပြုဖို့ Reuse လောက်ပဲဖြစ်သင့်တယ်"ဟု စစ်တွေမြို့မှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ဆောင်နေသူတစ်ဦးက ပြောသည်။

ဒေသတွင်း ပလတ်စတစ်မသုံးစွဲရေးအတွက် အခြေခံလူတန်းစားများအားလုံးအထိ အသိပညာများ ဖြန့်ဝေပေးဖို့လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

# ဖွဲနုချော ဝယ်လက်များ၍ ဈေးကောင်းရ

**မင်းမျိုးနွယ်**

**မြောက်ဦး၊ ဩဂုတ်-၁၉**

မြောက်ဦးမြို့နယ်မှ ဖွဲနုအချောများ ရန်ကုန်သို့တင်ပို့နေရ၍ ဈေးကောင်းရရှိကာ ဝယ်လက်များ ယခင်ကထက်များပြားလျက်ရှိကြောင်း သိရသည်။အဆိုပါ ဖွဲနုများမှာ ၃၁ ပိဿာပါ တစ်အိတ်လျှင် မြောက်ဦးမြို့တွင် ၆,၅၀၀ ကျပ်ပေးဝယ်ရကာ ရန်ကုန်တွင် တစ်အိတ်လျှင် ကျပ် ၁၀,၀၀၀ ကျော်အထိ ရရှိနေပြီး အဝယ်လိုက်နေကြောင်း သိရသည်။ ယခင်က မြောက်ဦးတွင် ဆန်စက်များမှ ဖွဲနုများကိုအလွယ်တကူဝယ်ယူရရှိခဲ့သော်လည်း ယခုအခါ ဆန်စက်များတွင် စရန်ငွေများပေးကာဝယ်ယူနေရကြောင်း ရန်ကုန်သို့ ဖွဲနုတင်ပို့နေသူ ကိုကျော်ထွန်းဝင်းကပြောသည်။

"ဖွဲနုတွေ ဈေးကောင်းရလာတဲ့အတွက် ဝယ်လက်တွေ များလာတယ်။ အရင်နှစ်တွေကဆိုရင် ဝယ်လက်တစ်ယောက်၊နှစ်ယောက်လောက်ပဲရှိတာ။ ဈေးလည်း ပေါတယ်။ အခုဒီမှာတော့ တစ်အိတ်ကို ၆,၅၀၀ ကျပ်ထိ ပေးဝယ်နေရတယ်။ ဒါတောင် စက်တွေကိုကြိုတင်ငွေ လေး၊ ငါးသိန်းလောက် ပေးထားနိုင်မှရတာ"ဟု ၎င်းက ပြောသည်။

7DAY NEWS JOURNAL
Vol.9, No.23. AUGUST 26, 2010



# ကျောက်ပန်းတောင်း ဆိုင်ကယ်ဈေးကွက် အရောင်းအဝယ်သွက်

မိုးဇော်

**ကျောက်ပန်းတောင်း၊ ဩဂုတ်- ၁၆**

အညာမြေလတ်ဒေသ၏ ကျောက်ပန်းတောင်းမြို့ ဆိုင်ကယ်ဈေးကွက်တွင် ဈေးအနည်းငယ်ကောင်းလာပြီး အရောင်းအဝယ်လိုက်လာကြောင်း ဆိုင်ကယ်ရောင်းဝယ်သူများထံမှ သိရသည်။

လိုင်စင်ပိတ်ပြီးသည်မှစ၍ တရုတ်ဆိုင်ကယ်များမှာ ပျမ်းမျှ ၃၀,၀၀၀ ကျပ်ဝန်းကျင် ဈေးမြင့်လာပြီး အောက်ဘီးများပါ ဈေးပြောင်းလဲလာသည်။ ထို့အပြင်မြို့နယ်တိုင်းတွင် ကောက်ပဲသီးနှံများ အသစ်ပေါ်သည့်ရက်ဖြစ်ခြင်းနှင့် လိုင်စင်မဲ့ဘီးများ သိမ်းဆည်းနေခြင်းတို့ကြောင့်လည်း တရားဝင်ဘီးများကို ပိုကြိုက်ကြကြောင်း ကျောက်ပန်းတောင်း ဆိုင်ကယ်ဈေးကွက်မှသိရသည်။

ဆိုင်ကယ်များတွင် ရုပ်ဆိုး (125-တရုတ်) ကျပ်ငါးသိန်းဝန်းကျင်၊ ဟိုင်းဘတ် ၅၀ (၂၀၁၀- တရုတ်) ကျပ်ခြောက်သိန်းဝန်းကျင်၊ KENBO (150-တရုတ်) ကျပ်ကိုးသိန်း၊ ဖိုက်တာ (၂၀၁၀)ကျပ် ခုနစ်သိန်းရှစ်သောင်း၊ DT (125, Yamana (လ)ဂျပန်) ကျပ်ခြောက်သိန်းမှ တစ်ဆယ့်နှစ်သိန်းဝန်းကျင်ဈေးရှိကြောင်း သိရသည်။



# မကွေးနှင့်မုံရွာတွင် အီလက်ထရွန်နစ်နှင့် လူသုံးကုန်ပြပွဲ ကျင်းပမည်

မျိုးမင်းဦး

**မုံရွာ၊ ဩဂုတ်- ၁၇**

အညာဒေသမြို့ကြီးနှစ်မြို့ဖြစ်သော မကွေးတိုင်းမြို့တော် မကွေးမြို့နှင့် စစ်ကိုင်းတိုင်း မုံရွာမြို့တို့တွင် ပထမ အကြိမ်အီလက်ထရောနစ်နှင့် လူသုံးကုန်ပစ္စည်းများ ပြပွဲကို ဩဂုတ်လကုန်နှင့် စက်တင်ဘာလဆန်းတို့တွင် ကျင်းပရန် စီစဉ်ထားကြောင်း သိရှိရသည်။

"မကွေးမြို့မှာ ဩဂုတ်လ ၂၅ ရက်ကနေ ၂၉ ရက်အထိ၊ မုံရွာမြို့မှာ စက်တင်ဘာ ၃ ရက်ကနေ ၇ ရက်အထိ အီလက်ထရွန်နစ်နှင့် လူသုံးကုန်ပစ္စည်းများပြပွဲကို မြို့ကြီးနှစ်မြို့ရဲ့ မြို့တော်ခန်းမမှာ ပြသမှာပါ။ ပြခန်းပေါင်း ၁၀၀ ကျော်ဝင်ရောက်ပြသမှာဖြစ်ပြီး ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ မုံရွာ၊ မကွေးကလုပ်ငန်းရှင်တွေ၊ ကုမ္ပဏီတွေဝင်ရောက်ပြီး ပြသမှာ ဖြစ်တယ်။ မကွေးနဲ့ မုံရွာမှာပထမဆုံးပြသတဲ့ ပြပွဲပါ။ နည်းပညာအသစ်အဆန်းတွေ ပြသပေးသွားမှာဖြစ်ပြီး ကုမ္ပဏီတွေ တိုက်ရိုက်ရောင်းချပေးတဲ့ ကုန်ပစ္စည်းမိတ်ဆက်ပွဲလည်း ဖြစ်ပါတယ်"ဟုအဆိုပါပြပွဲကျင်းပသော Smart Business Group မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

# ယာဉ်အန္တရာယ်တားဆီးကာကွယ်ရေး အချက်ပြမီးတိုင်ဖျက်ဆီးသူတစ်စုအား ဖမ်းဆီးအရေးယူ

စိုင်းသာအောင်

**မန္တလေး၊ ဩဂုတ် - ၂၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်မြေမြို့နယ် ငါးမြို့နယ်တွင်ယာဉ်အန္တရာယ်တားဆီးကာကွယ်ရေးအတွက် တပ်ဆင်ထားသောသတိပေးမီးများ၊ မီးပွိုင့်များအားဖျက်ဆီးမှုများရှိသဖြင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များအား စောင့်ကြည့်အရေးယူပေးပါရန် မေတ္တာရပ်ခံတိုင်ကြားထားကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနခေတ္တဌာနမှူး ဦးမျိုးအောင်က ပြောသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ မေတ္တာရပ်ခံတိုင်ကြားချက်များကြောင့် မန္တလေးတိုင်းရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားမှုဖြင့် မန္တလေးမြို့ပေါ်ရှိ နယ်မြေခံစခန်းအသီးသီးက ယာဉ်အန္တရာယ်တားဆီးကာကွယ်ရေးအတွက်တပ်ဆင်ထားသော အချက်ပြသတိပေးမီးများအား အကြောင်းမဲ့ဖျက်ဆီးနေသူလူငယ်တစ်စုကို အမှတ်(၉)ရဲစခန်းက ဩဂုတ် ၁၃ ရက်ညတွင် ဖမ်းဆီးရမိခဲ့သည်။

အဆိုပါည ၁၂ နာရီခန့်က မန္တလေးမြို့မဟာအောင်မြေမြို့နယ် ၇၈ လမ်း၊ ၃၅ လမ်းနှင့် ၃၆ လမ်းကြားရှိ ဆိုလာအချက်ပြမီးတိုင်အား အသက်(၁၉)နှစ်မှ (၃၂) နှစ်အတွင်းရှိ လူငယ်လေးဦးက ပိုက်များနှင့်ဝိုင်းဝန်းရိုက်နှက်ဖျက်ဆီးနေသည်ကို နယ်မြေခံရဲတပ်ဖွဲ့များက ဖမ်းဆီးရမိခဲ့သည်ဟုဆိုသည်။ ယင်းသို့ ယာဉ်အန္တရာယ်တားဆီးကာကွယ်ရေးအချက်ပြဆိုလာမီးအား ဖျက်ဆီးသူလူငယ်လေးဦးကို အမှတ်(၉)ရဲစခန်း၌ ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်သော အက်ဥပဒေပုဒ်မ ၆ (၂)အရ အမှုဖွင့်အရေးယူဆောင်ရွက်ထားသည်။

# လယ်သမားများသို့ ဒေသအာဏာပိုင်အဖွဲ့က ဓာတ်မြေဩဇာအပိုဆောင်းစနစ်ဖြင့် ရောင်းချ

ထူးသန့်

**နေပြည်တော်၊ ဩဂုတ်- ၁၃**

နေပြည်တော်ပျဉ်းမနားမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဒေသခံလယ်သမားများသို့ ယူရီးယား(ပုလဲ)ဓာတ်မြေဩဇာ အပိုဆောင်းစနစ်ဖြင့် လက်ငင်းရောင်းချပေးလျက်ရှိကြောင်းလယ်သမားအချို့ထံမှသိရသည်။ "မြေဩဇာက ပုလဲ(ယူရီးယား)ဓာတ်မြေဩဇာပါ။ တစ်ဧကကို တစ်အိတ်နှုန်းနဲ့တစ်အိတ်ကို ကျပ်နှစ်သောင်းနှုန်းနဲ့ပါ။ ၄ အိတ်နဲ့အထက်ဝယ်ယူရင်တစ်အိတ်အပို(အခမဲ့)ရပါတယ်" ဟု ဒေသခံလယ်သမားတစ်ဦးဖြစ်သူ ဦးဝင်းမြင့်ကပြောသည်။ ၎င်းဓာတ်မြေဩဇာ အမျိုးအစားမှာ ပြင်ပဈေးကွက်တွင်လည်း ယင်းနှုန်းထားနှင့်အတူနီးပါးရှိကြောင်း၊ သို့သော်လည်း အပိုဆောင်းစနစ်ကြောင့်လယ်သမားများ စိတ်ဝင်စားမှုရှိသည်။ ယင်းသတင်းအချက်အလက်နှင့်ပတ်သက်၍ ရပ်ကွက်တာဝန်ရှိသူတစ်ဦးကလည်း "ဟုတ်ပါတယ်ဗျာ။ အဲဒီအတိုင်းပါပဲ။ ရုံးမှာကိုကြော်ငြာဘုတ်နဲ့ကြော်ငြာထားပါတယ်" ဟု အတည်ပြုပြောကြားသည်။

# LCCI စာမေးပွဲ မုံရွာတွင် ပထမအကြိမ်ကျင်းပမည်

မျိုးမင်းဦး


**မုံရွာ၊ ဩဂုတ်- ၁၅**

အင်္ဂလန်နိုင်ငံ အသိအမှတ်ပြု စာရင်းအင်းပညာသင်တန်းများဖြစ်သော LCCI Level I, II, III စာမေးပွဲများကို လာမည့်နိုဝင်ဘာလမှစ၍ မုံရွာမြို့တွင် စတင်ကျင်းပခွင့်ပြုလိုက်ကြောင်း သိရသည်။

"LCCI စာမေးပွဲတွေကို အရင်နှစ်တွေတုန်းက ရန်ကုန်၊ မန္တလေးမြို့ကြီးနှစ်မြို့မှာ ကျင်းပခဲ့တာဒီနှစ် မုံရွာ၊ ရွှေဘို၊ တောင်ကြီး၊ လားရှိုးမြို့ကြီးတွေမှာ စာမေးပွဲသတ်မှတ်စည်းမျဉ်းစည်းကမ်းနဲ့အညီ ကျင်းပလိုတယ်ဆိုရင် သက်ဆိုင်ရာက ခွင့်ပြုပေးမှာဖြစ်တယ်။ သင်ကြားရေးစင်တာတစ်ခုတည်းသီးသန့်ပဲဖြေဖြေ၊ သင်ကြားရေးစင်တာတွေစုပေါင်းပြီးဖြေဖြေ စာဖြေသူ ၂၅ ဦးကို စာစစ်သူ ၁ ဦးနှုန်း၊ မြို့တစ်မြို့မှာ LCCI အတန်းအားလုံးစုပေါင်းပြီး စာဖြေသူ ၃၀ ဦးရှိရင် စာဖြေဌာန ကျင်းပခွင့်ပေးတယ်။ စာဖြေဌာနမှာ အလင်းရောင် ကောင်းကောင်းရှိရမယ်။ ကျောင်းသားကျောင်းသူအတွက် သန့်စင်ခန်းရှိရမယ်။ စာဖြေသူတစ်ဦးနဲ့တစ်ဦး သတ်မှတ်အကွာအဝေးရှိရမယ်ဆိုတဲ့ စာမေးပွဲစည်းမျဉ်းစည်းကမ်းပြည့်စုံရင် စာမေးပွဲကျင်းပနိုင်တယ်လို့ သိရတယ်။ မုံရွာမြို့မှာ ပုဏ္ဏားမိစာရင်းကိုင်သင်တန်းအနေနဲ့ သတ်မှတ်ထားတဲ့ စာဖြေသူဦးရေထက် ကျော်လွန်တဲ့အတွက် သင်ကြားရေး စင်တာသီးသန့်အနေနဲ့ရော၊ စင်တာစုပေါင်းလို့ဖြစ်ဖြစ် မုံရွာမှာ LCCI စာမေးပွဲကျင်းပသွားဖို့စီစဉ်နေပါတယ်"ဟု မုံရွာမြို့၊ ပုဏ္ဏာမိစာရင်းကိုင်သင်တန်းတာဝန်ခံ ဒေါ်လှဲ့လှဲ့ဆွေကပြောသည်။

"အင်္ဂလန်မှာ တစ်နှစ်လေးကြိမ်ကျင်းပပြီး မြန်မာအနေနဲ့ တစ်နှစ်သုံးကြိမ်ကျင်းပတယ်။ ဧပြီလ၊ ဇွန်လ၊ နိုဝင်ဘာလတွေမှာ စာမေးပွဲ ကျင်းပတာပါ။ အရင်နှစ်တွေမှာ မန္တလေးသွားဖြေရတယ်။ Level I, II က စာမေးပွဲအတွက် နှစ်ရက်ခန့်နေရပြီး၊ Level III အတွက် စာမေးပွဲက ၁၀ ရက်လောက်နေရတော့ စာမေးပွဲဝင်ကြေးမပါဘဲ နေထိုင်တည်းခိုစရိတ်အတွက် ကျောင်းသားတစ်ဦး ကိုငါးသောင်း၊တစ်သိန်းလောက်ကုန်တယ်။ မန္တလေးသွားရလာရနေထိုင်ရေးအတွက် ရှာရနဲ့ အခက်အခဲအမျိုးမျိုးကြုံခဲ့ရတယ်။ အခုမုံရွာမြို့မှာ ပထမဆုံးအကြိမ်စာမေးပွဲ ကျင်းပပေးမယ်ဆိုတော့ LCCI သင်တန်းသားတွေ စာမေးပွဲအတွက် ပိုပြီးအဆင်ပြေလာတယ်" ဟု မုံရွာဒေသခံ LCCI Level I, II, III သင်တန်းတက်ရောက်သူတစ်ဦးက ယင်း၏ အတွေ့အကြုံကိုပြောသည်။

မုံရွာမြို့တွင် LCCI စာရင်းအင်းပညာသင်တန်းများကို ၁၉၉၄ တွင် စတင်သင်ကြားခဲ့ပြီး ယခုနှစ်တွင် LCCI အသိအမှတ်ပြု သင်တန်းကျောင်း ၃ ကျောင်းဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။




# ယိုးတရုတ်-ကျောက်တော် ရထားလမ်းပိုင်း ဆောင်းဦးရာသီဖွင့်လှစ်နိုင်ရေးဆောင်ရွက်

ရဲပန်ဇင်း

**ကျောက်တော်၊ ဩဂုတ်- ၁၅**

စစ်တွေ-အမ်း-မင်းဘူးရထားလမ်းစီမံကိန်းကို ၂၀၀၉ စတင်ဖောက်လုပ်ခဲ့ရာ အပိုင်းလိုက်ပြီးစီးသည်များကိုဖွင့်လှစ်ပြီးခရီးသည်နှင့်ကုန်စည်များ ပို့ဆောင်နေပြီဖြစ်သည်။ စစ်တွေ-ရေချမ်းပြင်အပိုင်းနှင့် ပုဏ္ဏားကျွန်း(ကွန်းတောင်) -ယိုးတရုတ်အပိုင်းကိုလည်း မေလ ၁၅ ရက်က ဖွင့်လှစ်ပြေးဆွဲခဲ့သည်။ ယိုးတရုတ်-ကျောက်တော်အပိုင်းအား လာမည့်ဆောင်းဦးပေါက်ရာသီတွင်ရထားများပြေးဆွဲနိုင်ရန်ဆောင်ရွက်လျက်ရှိသည်။ ဤသို့ဆောင်းရက်ရာသီ၌ တံတားကြီးတစ်စင်းဖြစ်သည့် ယိုးချောင်းရထားကူးတံတားသစ်အား တည်ဆောက်ခြင်းနှင့် ကျောက်တော်မြို့အနီး ပိတောက်ချောင်းတံတားအားကား-ရထားပြေးဆွဲနိုင်သည့်တံတားအဖြစ် အဆင့်မြှင့်ပြင်ဆင်ခြင်းများပါဝင်သည်။ ဤလမ်းပိုင်းရှိ မြေကြီးလုပ်ငန်းများပြီးစီးသလောက်ရှိနေပြီဖြစ်ကာ ပြီးစီးသည့်အပိုင်းများတွင်လည်း ဇလီဖားတုံးနှင့်မီးရထားသံလမ်းများချခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်နေကြောင်းသိရသည်။

ယိုးတရုတ်-ကျောက်တော် အပိုင်းရထားလမ်းပြီးစီးပါက မင်းချောင်းတံတား(ကွန်းတောင်)မှ ပုဏ္ဏားကျွန်း-ယိုးတရုတ်ကျေးရွာများကိုဖြတ်ကာ ကျောက်တော်အထိရထားဖြင့် တိုက်ရိုက်သွားနိုင်ကြမည်ဖြစ်ပြီး ထန်စောက်တောင်အရှေ့ခြမ်းရထားလမ်းနှင့်ဝေးနေသည့်ကျေးရွာများမှပြည်သူများ အသွားအလာလွယ်ကူသွားမည်ဖြစ်သည့်အပြင်ကျောက်တော်ဒေသထွက် ဥယျာဉ်ခြံမြေထွက်ပစ္စည်းများကိုလည်း ဈေးသက်သက်သာသာဖြင့် ဈေးကွက်များသို့ တင်ပို့နိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

Education

7 DAY NEWS JOURNAL

Vol.9, No.23. AUGUST 26, 2010

# နိုင်ငံတကာအသိအမှတ်ပြုပညာရေးလက်မှတ် ရယူလိုသောလူငယ်ပိုများလာ

နေလင်းထွန်း

**ရန်ကုန်၊ ဩဂုတ် - ၂၀**

ပြည်တွင်းမှ ကျောင်းသားလူငယ်များသည် နိုင်ငံတကာအလုပ်အကိုင်အခွင့်အလမ်းများကို မျှော်လင့်လာကြသည့်အတွက် နိုင်ငံတကာအသိအမှတ်ပြုဘာသာရပ်ဆိုင်ရာစာမေးပွဲများကို လေ့လာဆည်းပူးဖြေဆိုလာကြသည်။ နိုင်ငံတကာအသိအမှတ်ပြုပညာရေးလက်မှတ်ကိုင်ဆောင်ထားနိုင်ခြင်းသည် နိုင်ငံရပ်ခြား၌ အဆင့်မြင့်ပညာများ ဆက်လက်သင်ယူရန်နှင့် အသက်မွေးဝမ်းကျောင်းအတွက် အာမခံချက်တစ်ခုရှိသည်ဟုရှုမြင်လာကြသည်။



ထိုကဲ့သို့ နိုင်ငံတကာအသိအမှတ်ပြုဘာသာရပ်များတွင် ဗြိတိန်နိုင်ငံအခြေစိုက် Abe အဖွဲ့အစည်း၏ စီမံခန့်ခွဲမှုဘာသာရပ်များကို မြန်မာလူငယ်များလေ့လာသင်ယူနေကြသည်။ ယနေ့အချိန်အထိ Abe ဘာသာရပ်များကို တရားဝင်အသိအမှတ်ပြုသင်ကြားခွင့်ရရှိနေသောသင်တန်းများမှာ ရန်ကုန်မြို့၌ သင်တန်းကျောင်းငါးခုနှင့် မန္တလေးမြို့၌ သင်တန်းကျောင်းတစ်ခုရှိသည်။ Abe ဘာသာရပ်များကို လေ့လာဖြေဆိုသူများလည်းမြင့်တက်လာကြောင်း သိရသည်။

" Abe ဖြေဆိုတဲ့ကျောင်းသားက ၂၀၀၈ တုန်းက ၇၅၀ လောက်ရှိတယ်။ မနှစ်က ၈၅၀ လောက်နဲ့ ဒီနှစ် ဇွန်မှာဖြေတာ ၅၅၀ လောက်ရှိတယ်။ ဖြေဆိုတဲ့သူများလာတယ်လို့ပြောလို့ရပါတယ်"ဟု ၎င်းဘာသာရပ်များ၏ စာစစ်ဌာနဖြစ်သော ဗြိတိသျှကောင်စီ(မြန်မာ)မှ တာဝန်ရှိသူက ပြောသည်။

Abe တွင် စီးပွားရေးစီမံခန့်ခွဲမှု(BM)၊ စီးပွားရေးသတင်းအချက်အလက်စနစ်(BIS)၊ဘဏ္ဍာရေးစီမံခန့်ခွဲမှု(FM)၊ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု(HRM)၊ ဈေးကွက်ရှာဖွေရေးနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးစီမံခန့်ခွဲမှုဘာသာရပ်ဟူ၍ ဘာသာရပ်ခြောက်မျိုးရှိပြီး မြန်မာနိုင်ငံတွင် စီးပွားရေးစီမံခန့်ခွဲမှု(BM)ဘာသာရပ်ကို လူငယ်များပိုမိုစိတ်ဝင်စားကြောင်း သိရသည်။

"ဒီမှာက ဈေးကွက်အရ Abe နဲ့ BM ကို တွဲမြင်ကြတယ်။ Abe တက်ကြတဲ့သူတွေက နိုင်ငံခြားကျောင်းသွားတက်ဖို့ မိဘလုပ်ငန်းတွေမှာ ဝိုင်းကူလုပ်ဖို့နဲ့ စီးပွားရေးလုပ်ငန်းထဲမှာ လုပ်ကိုင်လိုသူတွေတက်ကြတာများပါတယ်။ လက်ရှိလုပ်ငန်းခွင်ထဲက မန်နေဂျာတွေ၊ အင်န်ဂျီအိုအဖွဲ့အစည်းကလူတွေ၊ လုပ်ငန်းရှင်တွေလည်းတက်ကြပါတယ်။ ကျွန်တော်တို့ကျောင်းအနေနဲ့ကတော့ ဆယ်တန်းအောင်ကျောင်းသားတွေကို အဓိကရည်ရွယ်ထားပါတယ်"ဟု Abe ၏ စီးပွားရေး စီမံခန့်ခွဲမှုဘာသာရပ်ကိုသင်ကြားနေသော PS သင်တန်းကျောင်း၏ အမှုဆောင်အရာရှိချုပ်ကိုမျိုးမင်းက ပြောသည်။

*စာ(၂၀)သို့*

## ပညာရေးသတင်းတိုများ

### အမေရိကန်စင်တာ၏စာအုပ်ပြပွဲ

**ရန်ကုန်၊ ဩဂုတ် - ၁၉**

ဒဂုံမြို့နယ်၊ တော်ဝင်လမ်းရှိ အမေရိကန်စင်တာ၌ ဩဂုတ်လ ၃၁ ရက် ညနေ၄နာရီခွဲမှစတင်၍ စာအုပ်ပြပွဲကျင်းပပြုလုပ်မည်ဟု သိရသည်။ အဆိုပါစာအုပ်ပြပွဲတွင် အနုပညာဆိုင်ရာစာအုပ်များကိုခင်းကျင်းပြသသွားမည်ဖြစ်ပြီး စိတ်ဝင်စားသူများ လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း ယင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

### ခရီးသွားလုပ်ငန်းဆိုင်ရာ ဒီပလိုမာသင်တန်း လျှောက်လွှာတင်ရမည့်နောက်ဆုံးရက်

**ရန်ကုန်၊ ဩဂုတ် - ၂၀**

ဗိုလ်တထောင်မြို့နယ်ရှိ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်တွင် ဖွင့်လှစ်မည့် ခရီးသွားလုပ်ငန်းပညာနှင့်စီမံခန့်ခွဲမှုဆိုင်ရာ ဒီပလိုမာသင်တန်းအတွက် စက်တင်ဘာ ၃ရက်နောက်ဆုံးထား လျှောက်ထားရမည်ဟုသိရသည်။ သင်တန်းဝင်ခွင့်အတွက် တက္ကသိုလ်ဘွဲ့တစ်ခုရရှိထားပြီး အသက် ၂၅နှစ်မှ ၄၅နှစ်အတွင်းရှိသူများ လျှောက်ထားနိုင်သည်။ သင်တန်းချိန်မှာ တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၇နာရီမှ ၉နာရီဖြစ်ပြီး သင်တန်းကာလမှာ ၉လ ကြာမြင့်မည်ဖြစ်သည်။

### ဂျပန်ပညာရေးနှင့် ပြည်ဝင်ခွင့်အကြောင်း ဟောပြောမည်

**ရန်ကုန်၊ ဩဂုတ် - ၁၈**

ဂျပန်နိုင်ငံတွင် ကျောင်းတက်ရောက်ရန် လိုအပ်သောအရည်အချင်းများ ပြည်ဝင်ခွင့်ဗီဇာနှင့်ပတ်သက်သောအချက်အလက်များ၊ ပညာသင်ဆုဆိုင်ရာအချက်အလက်များကို စက်တင်ဘာ ၃ရက် နံနက် ၉နာရီခွဲမှ ၁၁နာရီခွဲအထိ ဟောပြောဆွေးနွေးမည်ဟုသိရသည်။ ဟောပြောပွဲတက်ရောက်လိုသူများအနေဖြင့် ပန်းပဲတန်းမြို့နယ်၊ ၂၈လမ်း(အောက်ဘလောက်)ရှိ JETC သင်တန်း ကျောင်းသို့ လာရောက်လေ့လာနိုင်ကြောင်း ယင်းမှတာဝန်ရှိသူကပြောသည်။

## JCUကစီးပွားရေးနှင့် စီမံခန့်ခွဲမှုပညာမဟာဘွဲ့ တက်ရောက်လိုသူများအတွက် ပညာသင်ဆုအစီအစဉ်ရှိ

သီဟ

ရန်ကုန်၊ဩဂုတ် – ၁၈

မြန်မာနိုင်ငံမှ စီးပွားရေးနှင့်စီမံခန့်ခွဲမှုပညာမဟာဘွဲ့ MBA တက်ရောက်လိုသူများအား James Cook Universityက ယခုလာမည့်အောက်တိုဘာဝင်ခွင့်တွင် စင်ကာပူဒေါ်လာ ၄၀၀၀မှ ၈၀၀၀ အထိ ချီးမြှင့်မည့် ပညာသင်ဆု ထောက်ပံ့ရေးအစီအစဉ်ရှိကြောင်းသိရသည်။

ယခုပေးအပ်မည့် ပညာသင်ထောက်ပံ့ကြေးအစီအစဉ်သည် JCU ၏မြန်မာနိုင်ငံအတွက်ပထမဆုံးပေးအပ်သည့် ပညာသင် ထောက်ပံ့ကြေးအစီအစဉ်ဖြစ်သည်။ ပညာသင်ထောက်ပံ့ကြေးရရှိရန်အတွက် စိတ်ပါဝင်စားသူများ စာမေးပွဲဝင်ရောက်ဖြေဆိုနိုင်ပြီး စာမေးပွဲတွင် MBA ဝင်ခွင့်ပုံစံများအတိုင်း အထွေထွေဗဟုသုတများနှင့် Multiple Choice နှစ်နာရီ မေးခွန်းများဖြေဆိုရမည်ဖြစ်ကြောင်း သိရသည်။ ပညာသင်ထောက်ပံ့ကြေး ပေးအပ်ရန်အတွက် ကျောင်းသားအရည်အတွက်ကန့်သတ်ချက်မရှိ ဟုဆိုသည်။

"ဒီစာမေးပွဲမျိုးကို မြန်မာနိုင်ငံက MBA စိတ်ဝင်စားတဲ့သူတွေ ဝင်ဖြေကြည့်သင့်ပါတယ်။ တချို့မေးခွန်းတွေက ကန့်သတ်ထားတဲ့ မိနစ်အတွင်းဆုံးဖြတ်ချက်ချရတဲ့ မေးခွန်းမျိုးတွေဖြစ်ပါတယ်၊ဖြေကြည့်လိုက်တော့ နိုင်ငံတကာမှာ MBA တက်ဖို့ကိုယ့်ရဲ့ စဉ်းစားတွေးခေါ်မှုကို သိနိုင်မှာဖြစ်ပါတယ်" ဟု ပညာရေးအတိုင်ပင်ခံတစ်ဦးကပြောသည်။

အဆိုပါ ပညာသင်ထောက်ပံ့ကြေးစာမေးပွဲအတွက် စက်တင်ဘာ ၄ရက်နေ့တွင် ပါ့ခ်ရွိုင်ရယ်ဟိုတယ်၌အသေးစိတ်ဟောပြောပွဲကို Crown Education ကပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။

## တက္ကသိုလ်ဝင်တန်းအောင်ပြီးသူများ အင်္ဂလန်ရှိ တက္ကသိုလ်အကြိုသင်တန်းတစ်ခုသို့ တက်ရောက်နိုင်

သီဟ

ရန်ကုန်၊ဩဂုတ် – ၁၆

မြန်မာနိုင်ငံမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများသည် အင်္ဂလန်နိုင်ငံရှိ တက္ကသိုလ်အကြိုသင်တန်းတစ်ခုဖြစ်သည့် BTEC Higher National Diplome အတန်းအား ၂နှစ်တက်ရောက်နိုင်ကြောင်းသိရသည်။



အဆိုပါအတန်းသို့ တက်ရောက်ရန်အတွက် အင်္ဂလိပ်စာလိုအပ်ချက်မှာ IELTS 5.5 သို့မဟုတ် ယင်းနှင့်ညီမျှသည့် အင်္ဂလိပ်စာအဆင့်အတန်းရှိရမည်ဖြစ်သည်။

BTEC HND ကိုတက်ရောက်မည့်သူများသည် HND in Business,HND in Business (Accounting),HND in Business (Human Resources), HND in Business(Law),HND in Business(Information Technology)အစရှိသည့်ဘာသာရပ်များအား အထူးပြုလေ့လာနိုင်ကြောင်းသိရသည်။

ယင်းဒီပလိုမာသင်တန်းပြီးပါကအင်္ဂလန်နိုင်ငံရှိ Bournemouth University,Oxford Brooks University,University of Northamptom,University of the West England,York St John University အစရှိသည့် တက္ကသိုလ်များတွင် နောက်ဆုံးနှစ်အားတိုက်ရိုက်တက်ရောက်နိုင်သည်။

ဒီပလိုမာအတန်းအတွက် ကုန်ကျစရိတ်မှာ တစ်နှစ်လျှင် စတာလင်ပေါင် ၄,၅၀၀(မြန်မာကျပ်ငွေ သိန်း ၇၀)ခန့်ကုန်ကျနိုင်ကြောင်းသိရသည်။






# Technology

7DAY NEWS JOURNAL

Vol.9, No.23. AUGUST 26, 2010


## အိုင်စီတီသုတေသနခန်း ဩဂုတ် ၂၁ ရက်တွင် ဖွင့်လှစ်မည်

**ယုဇနကိုကို**

**ရန်ကုန်၊ ဩဂုတ် - ၁၈**

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း MCPA မှ ၎င်း၏ အသင်းဝင်များနှင့် နည်းပညာကိုလေ့လာနေသူများ၏ အိုင်စီတီပညာဆိုင်ရာ လက်တွေ့လေ့လာမှုများ ပြုလုပ်နိုင်ရန်နှင့် နည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် အိုင်စီတီသုတေသနခန်း (ICT Laboratory)ကို ဩဂုတ်လ ၂၁ ရက်မှစတင်၍ ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

MCPA မှယင်း၏ အသင်းသားများနှင့် နည်းပညာစိတ်ဝင်စားသူများ၊ လေ့လာလိုက်စားသူများ၏ နည်းပညာဆိုင်ရာ လက်တွေ့လိုအပ်ချက်များကိုအထောက် အပံ့ပေးနိုင်မည့် ICT Lab သည် ပြည်တွင်း၌ ပထမဆုံးဖွင့်လှစ်နိုင်မည့် နည်းပညာလက်တွေ့သုတေသနပြုလုပ်ခန်းတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း အသင်းနည်းပညာတာဝန်ခံ ဦးအောင်စိုးမိုးက 7Day News သို့ပြောသည်။

၂၀၁၀-၂၀၁၂ ခုနှစ်အတွက် MCPA ၏အိုင်စီတီဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း (ICT Research & Development Center) တည်ထောင်မည့်လုပ်ငန်းစဉ်တွင် ပထမဆုံးအဆင့်အနေဖြင့် လုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ ICT Lab ကိုတည်ထောင်ရခြင်းလည်းဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များနှင့် စိတ်ဝင်စားသူ မည်သူမဆို အခမဲ့တက်ရောက်လေ့ကျင့်နိုင်မည့် အဆိုပါ MCPA ၏ ICT Lab ကို ဖွင့်လှစ်ပြီးပါကလည်း သက်ဆိုင်ရာနည်းပညာလက်တွေ့သင်ခန်းစာများကို ကွန်ပျူတာပညာရှင်များကပို့ချပေးမည်ဖြစ်ကြောင်းလည်းသိရသည်။

ပြည်တွင်း၏ ပထမဆုံးသော အိုင်စီတီဆိုင်ရာ ဓာတ်ခွဲစမ်းသပ်ခန်းကို မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းတည်ရှိရာ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာအင်ဖိုတက်ဝင်းအတွင်း ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

## အင်တာနက်မြန်နှုန်းမြင့်ရန်အတွက် ဒိုမိန်းလိပ်စာအသစ်များ ပြောင်းလဲသုံးစွဲမည်



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ယုဇနကိုကို**

**ရန်ကုန်၊ ဩဂုတ်- ၂၁**

ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်က ၎င်းတို့၏ အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းများလုပ်ဆောင်ရာတွင် လတ်တလောအသုံးပြုနေသည့် ယခင်ပုဂံဆိုက်ဘာတခ်(Bangan Cyber Tech)မှ Domain Name Server (DNS) လိပ်စာများအစား လိပ်စာအသစ်များဖြင့် အစားထိုးအသုံးပြုသွားတော့မည်ဖြစ်ကြောင်းသတင်းရရှိသည်။

အင်တာနက်ဆက်သွယ်မှုမြန်နှုန်းများ လုပ်ဆောင်ရာတွင် အဓိကအရေးကြီးသည့် အဆိုပါ Domain Name Server လိပ်စာအသစ်များအားယင်းကဲ့သို့ပြောင်းလဲလိုက်ခြင်းအတွက် ပြည်တွင်း၏ အင်တာနက်မြန်နှုန်းများပိုမိုမြန်ဆန်လာမည်ဖြစ်ကြောင်း ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ယခုကဲ့သို့ ပြောင်းလဲလိုက်ရသည့် ရည်ရွယ်ချက်မှာ အင်တာနက်အသုံးပြုသူ များပြားလာခြင်းအတွက်ကြောင့်ဟုသိရသည်။

"ဒီလ ၁၈ ရက်နဲ့ ၂၁ ရက်မှာ ဒိုမိန်းအမည်လိပ်စာတွေပြောင်းခဲ့တယ်။ အဓိကကတော့ အရင်ပုဂံဆိုက်ဘာတက်မှာ ကတည်းကအသုံးပြုခဲ့တဲ့ စက်တွေကို အသစ်တွေနဲ့ အစားထိုးပြောင်းလဲအသုံးပြုလိုက်တဲ့သဘောပါ။ဒီလိုပြောင်းလဲလိုက်ပြီးနောက်ပိုင်းမှာပြည်တွင်းအင်တာနက် မြန်နှုန်းတွေအရင်ထက် ပိုမြန်လာဖို့ရှိပါတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ဆက်သွယ်ရေးစာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၏ သတင်းအချက်အလက်ဆိုင်ရာ လုပ်ငန်းများအား တစ်ဦးတည်းလုပ်ကိုင်ခွင့်ရရှိထားသော ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်အနေဖြင့် ယခုကဲ့သို့ Domain Name Server လိပ်စာများပြောင်းလဲလိုက်ခြင်းအား ယခုလ ၁၈ ရက်နှင့် ၂၀ ရက်များတွင် အင်တာနက်အဖွင့်စာမျက်နှာများ၌ ၎င်းတို့မှ ဝန်ဆောင်မှုပေးနေသော အင်တာနက်ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်စေရေးအတွက် Network Device များ အစားထိုးလဲလှယ်မှုအား သက်မှတ်ချိန်များအတွင်း ဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ယင်းဆောင်ရွက်ချိန်အတွင်း ရတနာပုံတယ်လီပို့ မှ ဆက်စပ်ဝန်ဆောင်မှုများ အသုံးပြု၍ ရနိုင်မည်မဟုတ်ကြောင်း ကြိုတင်ကြေညာချက်များထုတ်ပြန်ထားသည်။

ယခုလက်ရှိ ပြည်တွင်း၏ အင်တာနက်မြန်နှုန်းများမှာအနည်းငယ်နှေးကွေးလျက်ရှိကြောင်း အင်တာနက်အသုံးပြုသူများထံမှသတင်းရရှိသည်။ ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်အနေဖြင့် ၎င်းတို့၏ DNS လိပ်စာများပြောင်းလဲမှုအား ရန်ကုန်မြို့တွင်း ပြုလုပ်ပြီးစီးသွားပါက မန္တလေးနှင့် ပြင်ဦးလွင်မြို့များတွင်ဆက်လက်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

## ဂျီအက်စ်အမ်ဖုန်းများအတွက် ဝန်ဆောင်မှုအသစ်စတင်

**ယုဇနကိုကို၊ အောင်သူရ**

**ရန်ကုန်၊ ဩဂုတ်- ၂၀**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိက ကုမ္ပဏီတစ်ခုဖြစ်သော Fortune International ကုမ္ပဏီလီမိတက်တို့မှ အကျိုးတူပူးပေါင်းဆောင်ရွက်ထားသော My Ring Tune ဟူသည့် မိုဘိုင်းဖုန်း မြည်သံဝန်ဆောင်မှုတစ်ခုကို လာမည့်စက်တင်ဘာ ၁ ရက်တွင် စတင်ဝန်ဆောင်မှု ပေးတော့မည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှသတင်းရရှိသည်။

Caller ring back tone စနစ်ဟုခေါ်ဆိုပြီး My Ring Tune အမည်ရှိ အဆိုပါဝန်ဆောင်မှုသည် ပြည်တွင်းရှိ ဂျီအက်စ်အမ်မိုဘိုင်းဖုန်းလိုင်းများအားလုံးတွင် ထည့်သွင်းအသုံးပြုနိုင်မည်ဖြစ်သည်။

အဆိုပါစနစ်ဖြင့် သီချင်းထည့်သွင်းထားသောဂျီအက်စ်အမ်ဖုန်းသို့ ခေါ်၍ ဖုန်းဝင်သွားပါက ဖုန်းခေါ်ဆိုသူဘက်မှလည်း သီချင်းသံကြားရမည်ဖြစ်သည်။

လက်ရှိအချိန်အထိ ဂျီအက်စ်အမ်ဖုန်းများအား ခေါ်ဆိုရာတွင် ဖုန်းဝင်သွားပါက တစ်ဖက်မှခေါ်ဆိုသူက "တူ. . . တူ"ဟူသောအသံသာကြားရပြီး မိမိထည့်ထားသောဖုန်းမြည်သံမှာ မိမိထံတွင်သာကြားရသည်။

နိုင်ငံတကာ၌ တွင်ကျယ်စွာအသုံးပြုနေပြီဖြစ်သော အဆိုပါစနစ်အားပြည်တွင်းတွင်လည်း အသုံးပြုနိုင်ကြစေရန် ရည်ရွယ်သည်ဟုဆိုသည်။

"ဒီနည်းပညာက ကိုယ်ကအဲဒီဝန်ဆောင်မှုကို အသုံးပြုထားတဲ့သူရဲ့ မိုဘိုင်းဖုန်းကို ဆက်သွယ်မယ်ဆိုရင် ပုံမှန်ကိုယ်ကြားနေကျဖုန်းအော်တိုဝင်သံအစား သီချင်းသံတစ်ခုခုကို ကြားရလိမ့်မယ်။ ဒီသီချင်းသံက ကိုယ်ခေါ်လိုက်တဲ့ ဖုန်းရဲ့ အော်တိုဝင်သွားတဲ့ဖုန်းမြည်သံအစား ထည့်ထားတဲ့စနစ်ပါ။ တစ်ဖက်က ဖုန်းကိုမကိုင်သေးဘဲ ကိုယ်ကသူထည့်ထားတဲ့သီချင်းသံကို နားထောင်ရင်းစောင့်လို့ရတယ်လေ"ဟု အထက်ပါကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးဖြစ်သော ဒေါ်မေမွန်ဖုန်းမြင့်က 7Day News သို့ပြောသည်။

My Ring Tune ဝန်ဆောင်မှုကိုအသုံးပြုလိုသူအနေဖြင့် အဆိုပါဝန်ဆောင်မှုအားသီချင်းတစ်ပုဒ်လျှင် ကျပ်သုံးရာနှုန်းဖြင့် ဝယ်ယူနိုင်မည်ဖြစ်ပြီး လစဉ်ပုံမှန်ကြေးအနေဖြင့် အဆိုပါဝန်ဆောင်မှုအား သီချင်းတစ်ပုဒ်လျှင် ကျပ်သုံးရာနှုန်းဖြင့် ဝယ်ယူနိုင်မည်ဖြစ်ပြီး လစဉ်ပုံမှန်ကြေးအနေဖြင့် ကျပ်နှစ်ထောင် ပေးသွင်းရမည်ဖြစ် ပီး ပြည်တွင်းနှင့် နိုင်ငံတကာသီချင်းသံများ ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မည့် အဆိုပါ ဝန်ဆောင်မှုအား ဝယ်ယူစိတ်ဝင်စားသူများသည် ယင်း၏ ဝက်ဘ်ဆိုက်ဖြစ်သော www.myringtune.com.mm သို့ဝင်ရောက်ပြီး သီချင်းများကို ရွေးချယ်ဝယ်ယူနိုင်ကြောင်းသိရသည်။

ယင်းဝန်ဆောင်မှုအတွက် ကျသင့်သည့် ဝန်ဆောင်ခအား

စာ(၂၂)သို့







## ဟိုတယ်နှင့်ခရီးသွား အလုပ်အကိုင်များနှင့် ပတ်သက်သည့် ဝက်ဘ်ဆိုက်လွှင့်တင်

နေလင်းထွန်း

ရန်ကုန်၊ ဩဂုတ်- ၂၀

ဟိုတယ်နှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများတွင် လုပ်ကိုင်လိုသူများအတွက် ပြည်တွင်းပြည်ပဟိုတယ်နှင့် ခရီးသွားဝန်ဆောင်မှု အလုပ်အကိုင် အခွင့်အလမ်းများကို ကြည့်ရှုလေ့လာနိုင်ရန် ဝက်ဘ်ဆိုက်တစ်ခုလွှင့်တင်ထားကြောင်း Staresources ဟိုတယ်ဝန်ဆောင်မှုသင်တန်းမှ မန်နေဂျင်းဒါရိုက်တာဒေါ်နေရီအောင်က ပြောသည်။

အဆိုပါဝက်ဘ်ဆိုက်တွင် ဟိုတယ်နှင့် ခရီးသွားဝန်ဆောင်မှုဆိုင်ရာ အလုပ်အကိုင်များဖြစ်သော ညှော့ကြို၊ အချက်အပြုတ်၊ အိပ်ခန်းဆောင်ထိန်းသိမ်းမှု၊ လေကြောင်းလိုင်း၊ သင်္ဘောလိုင်းစသည့် အလုပ်နေရာလိုအပ်မှုများကို အချိန်နှင့်တစ်ပြေးညီဖော်ပြထားကြောင်းသိရသည်။

"ဝက်ဘ်ဆိုက်လွှင့်ထားတာတော့ နည်းနည်းကြာပါပြီ။ ဒါပေမဲ့ အခုနောက်ပိုင်းမှ ပိုပြီး Update (အချိန်နှင့်တစ်ပြေးညီ)လုပ်ဖြစ်တယ်။ အင်တာနက်ကောင်းနေရင် နေ့ချင်းတင်ပေးပါတယ်"ဟု ဒေါ်နေရီအောင်ကပြောသည်။

၎င်းဝက်ဘ်ဆိုက်လိပ်စာမှာ www.lanpya.com ဖြစ်ပြီး အသင်းဝင်စာရင်းသွင်းရန်မလိုအပ်ဘဲ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

### *စာ(၂၁) - ဂျီအက်စ်အမ်ဖုန်းများအတွက် ဝန်ဆောင်မှုအသစ် စတင် မှ*

အသုံးပြုသူ၏ ဖုန်းဘီလ်တွင် ထည့်သွင်းကောက်ခံသွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရသည်။


ပြည်တွင်းတွင် ပထမဆုံးအကြိမ် အခကြေးငွေဖြင့် ဝန်ဆောင်မှုပေးမည့် ယင်းစနစ်နှင့် ပတ်သက်ပြီး ရန်ကုန်မြို့တွင်း နေထိုင်ကာ မိုဘိုင်းဖုန်း အသုံးပြုနေသူအမျိုးသမီးတစ်ဦးက"ကိုယ်ဒီဝန်ဆောင်မှုကိုဝယ်ယူထားလို့ ကိုယ့်ရဲ့ဖုန်းကိုဆက်သွယ်လာသူတွေဘက်က ပုံမှန်ဖုန်းမြည်သံနေရာမှာ ဒီလိုသီချင်းသံလေးတွေကိုထည့်ထားတာကောင်းပါတယ်။ ပိုပြီးဆန်းသစ်တာပေါ့"ဟု ပြောသည်။

My Ring Tune ဝန်ဆောင်မှုအား စတင်ရောင်းချမည့် အချိန်တွင် ဂျီအက်စ်အမ်ဖုန်းများတွင်သာ ဝန်ဆောင်မှုပေးမည် ဖြစ်သော်လည်း လာမည့် စက်တင်ဘာလကုန်တွင် ၀၉-၈၀××××× ဖုန်းများတွင်လည်း ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။






7DAY NEWS JOURNAL
Vol.9, No.23. AUGUST 26, 2010



# ဆရာရှာမှားမယ်

ကျော်တင့်ဝင်း

**"အတတ်ပညာသင်သောအခါ ဆရာစိစစ်ရွေး။ ဆရာကောင်းထံ နည်းနာခံဂုဏ်လျှံဖြိုးဖွေးဖွေး။ ဆရာညံ့က၊ ကိုယ်ညံ့ရ၊ လူစမိုန်မှေးမှေး။ ပမာပုံခင်း၊ ချက်ထမင်း၊ ချက်ရင်းမနပ်မူ။ ထမင်းပွဲကျ၊ ဘယ်နပ်ပ၊ မူလအတိုင်းဟူ။ ဤပုံထောက်ဆ၊ ကျင့်သင့်လှ၊ သုတရှာမှီးသူ။"**

*ဒဂုန်ဦးစန်းငွေ(ဓမ္မနီတိသံခိပ်)*

တစ်နေ့ သိမ်းဆည်းထားသောဂျာနယ်များကိုရှင်းရင်း ၁၉၈၆ အတွေးအမြင်စာစောင် အမှတ်-၁၀ ကို ပြန်လည်ဖတ်မိပါသည်။ ဆရာကြီးဒဂုန်ဦးစန်းငွေ၏ ဓမ္မနီတိသံခိပ် ဘာသာပြန်ဆောင်းပါးကိုဖတ်မိရင်း ယနေ့ခေတ် ပြင်ပပညာရေးလောကအခြေအနေကို စဉ်းစားမိပါတော့သည်။

လောကတွင် အစစ်ထက်အတုက နေရာတကာမှာ ရေပန်းစားနေသည်။ ကုန်ပစ္စည်းအတု၊ ဆေးဝါးအတုတို့ထက်ဆိုးသည်က ဆရာအတုအယောင်ကိစ္စ။ ယခင်ကထက် ယခုက ပိုဆိုးနေသည်။

၁၉၅၀-၁၉၆၀ ဝန်းကျင်လောက်က ရန်ကုန်၊ မန္တလေးအပြင် နယ်မြို့များတွင် တက္ကသိုလ်ဝင်တန်း(မက်ထရစ်)စာမေးပွဲအတွက် ကိုယ်ပိုင်သင်တန်းကျောင်းများပေါ်ပေါက်ခဲ့သည်။ ထိုခေတ်က ဘာသာရပ်သင် ကိုယ်ပိုင်ကျောင်းများသည် စည်းကမ်း၊ စနစ်၊ သင်ကြားမှုကောင်းမွန်၍ နာမည်ကျော်ခဲ့သည်။ ၁၉၇၀-၈၀ နှစ်များတွင် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို အခြေခံသောပညာရေးမူဝါဒနှင့်အညီ ဘာသာရပ်တစ်ခုစီ သင်ကြားသော ကိုယ်ပိုင်သင်တန်းကျောင်းများပေါ်ပေါက်ခဲ့သည်။ ၁၉၈၆ တွင် အစိုးရက ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းဥပဒေကိုပြဋ္ဌာန်းပေးခဲ့သည်။ ဘာသာရပ်သင်(ပြင်ပ)ဆရာတစ်ဦးသည် မိမိရရှိသောဘွဲ့ဘာသာရပ်နှင့် တွဲဖက်သင်ဘာသာရပ်တစ်ခုကို သင်ကြားခွင့်ပြုခဲ့သည်။ တစ်ဘာသာ တစ်လ ကျူရှင်လခ ၁၀ ကျပ်၊ နှစ်ဘာသာယူလျှင် ၁၅ ကျပ်သာ။ ထိုအချိန်က ဆရာများကလည်းမိမိတို့တတ်သိထားသောပညာရပ်များကို ဆရာစားမချန်အိတ်သွန်ဖာမှောက်သင်ပေးခဲ့ကြသည်။ ထိုအချိန်က ရန်ကုန်မြို့ကျူရှင်လောကတွင် ရန်ကုန်-မန္တလေးအသွားအပြန်လေယာဉ်ဖြင့် စာသင်သော ဆရာဂုဏ်ထူးဦးသိန်းနိုင်၊ ဆရာဒိုး(မန်းတက္ကသိုလ်)၊ ဆရာနေအုပ်(စိန်ပေါလ်)၊ ဂုဏ်ထူးဦးအောင်ခိုင် (အင်္ဂလိပ်စာ)၊ ဂုဏ်ထူးဦးသိန်းလွင်၊ ဆရာသင်္ချာသန်းနိုင်၊ ဆရာဦးစံခင်၊ ဆရာဦးယုံဝေး၊ဆရာမြတ်ထိန်လင်း၊သင်္ချာဦးသာ၊ရူပဗေဒဆရာဦးအောင်ဖေညွှန့်စသည်တို့ကား အောင်မြင်ကျော်ကြားသော ဆရာများပင်။

၁၉၈၈ အရေးအခင်းကာလနောက်ပိုင်း ပညာရေးပုံစံက တစ်မျိုး။ လူ ၁၅၀-၂၀၀ သင်သောစာသင်ခန်းမမှသည် အိမ်စာသင်ဝိုင်းပုံစံသို့ ပြောင်းလဲလာသည်။ ငွေကြေးတတ်နိုင်သူများက ဘာသာရပ်ဆရာများကို အိမ်ခေါ်သင်သည့် အိမ်ဝိုင်းပုံစံ ခေတ်စားခဲ့သည်။ ထိုအခါ ကျူရှင်လောကအတွင်းသို့ လူမျိုးစုံဝင်ရောက်လာတော့သည်။ အခြားအလုပ်အကိုင်အဆင်မပြေသူများက အသိမိတ်ဆွေကလေးများကို စာသင်၊ စာကျက်ပေးသည့်ပုံစံဖက်လှည့်လာသည်။ တစ်နည်း အရင်းအနှီးမစိုက်ထုတ်ရဘဲ ထိုက်သင့်သည့်ပညာသင်ကြေးရသဖြင့် ခရီးသွားဟန်လွှဲဝင်လုပ်သူများဖြင့် ကျူရှင်ပညာရေးလောကပျက်စီးခြင်းစပါတော့သည်။

မူလတန်းမှသည် အထက်တန်း ထိုမှတက္ကသိုလ်အထိ ကျူရှင်မယူလျှင် လူရာမဝင်တော့သည့်သဘော ဖန်တီးကြတော့သည်။ အချို့သည် ဆရာမကကျောင်းမှာ စာကောင်းကောင်းမသင်။ ကျူရှင်မှာ စာကောင်းကောင်းသင်သည်။ သူ့ကျူရှင်တက်သောကလေး အတန်းလပတ်စာမေးပွဲ ကောင်းကောင်းဖြေနိုင်သည်။ ကျူရှင်မတက်သောကလေး လပတ်စာမေးပွဲကျသည်။ မိဘများ သားသမီးများအရေးခေါင်းမီးတောက်ကြရတော့သည်။ အစား၊ အဝတ်၊ အသုံးခြိုးခြံပြီး သားသမီးကို ပညာတတ်စေရေး၊ စာမေးပွဲမကျရေးဦးတည်ချက်ဖြင့် ကျူရှင်ပို့ကြရပါတော့သည်။

အိမ်ခေါ်သင်သော ကျူရှင်တွင် ဆရာမက သူကိုယ်တိုင်သင်တာသင်သည်။ မသင်နိုင်တာကျတော့ မောင်တွေ၊ ညီမတွေ၊ သူနှင့်ခင်မင်ရင်းနှီးရာသူတွေကိုခေါ်ပြီး သင်ခိုင်းတော့သည်။ ထိုအခါ စာမတတ်သူလည်း ငွေရ၍ စာသင်သည်။ ငတ်နေသူကလည်း ငွေရ၍ စာဝင်သင်ပါတော့သည်။

ဤတွင် ပြဿနာစပါသည်။ အတုအယောင်ကိစ္စ။ နယ်၊ ကျေးလက်တောရွာများတွင် ၁၀ တန်းအောင်ပြီဆိုသည်နှင့် မိမိရပ်ရွာပညာရေးအတွက်ကလေးငယ်များကိုစာသင်ရန်မူလတန်းဆရာ(ဆွဲခန့်)အဖြစ်ခန့်ကြပါသည်။ စာသင်ပေးသူကလည်းမိမိမိသားစုနှင့်မခွဲမခွာဆရာဂုဏ်ပုဒ်နှင့်လည်း တင့်တယ်ဆိုတော့ အဆင်ပြေလှပါသည်။ မြို့ကြီးပြကြီးကျတော့ သူ့ထက်သူ လူစွမ်းကောင်းကများလှသည်။ ၁၀ တန်းအောင်မပြောနှင့်။ ဘွဲ့ရတွေပင် ရိုက်သတ်လို့မကုန်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ပညာတတ်ဘွဲ့ရလူဦးရေအချိုးအစားကမမျှတ၊ ဤတွင် ၉ တန်း၊ ၁၀ တန်း Guide ဟုခေါ်သော ပညာရေးဝန်ဆောင်မှုတစ်ရပ်ပေါ်ပေါက်လာခဲ့သည်။ တစ်နည်း စာကျက်အကူ။ ပျင်းသော၊ စာမကျက်ချင်သော၊ ဉာဏ်သိပ်မကောင်းသောကျောင်းသားများအတွက် Guide ကို မိဘများကခေါ်ပေးသည်။အလွန်ပင်ထိရောက်မှုရှိပါသည်။နေရာတကာစာသင်၊စာကျက် Guide ခေတ်စားလာတာ ၁၉၉၅-၉၆ နှောင်းပိုင်းကာလများတွင်သာ။ Guide ယူသောကျောင်းသားက တစ်ဘာသာချင်းခွဲမယူ၊ ဘာသာစုံယူတာများသည်။ ဤတွင် သိပ္ပံဘွဲ့ရ၊ ဝိဇ္ဇာဘွဲ့ရတွင် Guide သိပ္ပံဘွဲ့ရက ပိုအလုပ်ဖြစ်သည်။ ဒါမှမဟုတ် ၁၀ တန်းလောလောဆယ်အောင်ပြီး ဂုဏ်ထူးနှစ်ခု၊ သုံးခုရသည့်သူများက ဘာသာစုံ Guide လုပ်ကြရာ ငှားမည့်သူလည်းများ၍ အဆင်လည်းပြေကြသည်။

သို့သော် အချို့ ၁၀ တန်းအောင်ပြီး ဘွဲ့မရသူ၊ ဝိဇ္ဇာဘွဲ့ရများက ကျူရှင်ကြီးတစ်ခုမှာဝင်။ အောက်ခြေသိမ်း စာရေးလုပ်၊ ဘာသာစုံဆရာများသင်တာ နည်းနာယူပြီး Guide လုပ်ကြသည်။ မိမိသားသမီးကိုဘာသာစုံ Guide ငှားမည့်မိဘက သူ့သားသမီး စာသင်၊ စာပြပေးမည့်ဆရာကို ရွေးချယ်ရာမှာ ဘွဲ့ရ၊ ပညာရေးအခြေအနေ၊ လုပ်သက်၊ ကျန်သည့်လူမှုရေးကိစ္စများပါကြည့်ပြီး ရွေးချယ်ကြသည်။

လောကတွင် လူမှန်၊ လူကောင်းထက် လူလိမ်က အပြောအဆိုအပြုအမူသာသည်။ သားသမီး ပညာရေးအတွက် မိဘကိုလိမ်လို့ အကောင်းဆုံးပင်။ ကျိန်းသေအောင်ရမည်ဟုလိမ်သည်။ ဘယ်ပါမောက္ခ၏တပည့်ဟုဆိုကာလိမ်သည်။ မေးခွန်း ဘယ်နှမှတ်ဖိုးရရမည်ဟုလိမ်သည်။ ထိုသို့လိမ်ရန်အတွက် ထိုဆရာအတုအယောင်များက ဘွဲ့လက်မှတ်အတုကိုဖန်တီးထားသည်။ မြို့နယ်လူမှုရေးပွဲတွေမှာ သူတို့နှင့် ဌာနဆိုင်ရာလူကြီးတွေ တွဲ၍ဓာတ်ပုံအရိုက်ခံကာ သူတို့ဖွင့်သောကျူရှင်၊ သူတို့အိမ်၊ သူတို့ကျူရှင်ကြော်ငြာစာအုပ်တွင် အကြီးအကျယ်ကြော်ငြာပြသည်။ ပါမောက္ခတွေ၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းအဆင့်လူကြီးတွေကလည်း တို့ကျေးရွာ၊ ရပ်ကွက်၊ လူမှုရေးလုပ်ငန်းတွေမှာ အားတက်သရောပါတာပဲဆိုကာကျေးဇူးတင်ကြသည်။

ထိုကျူရှင်ဆရာ အတုအယောင်တို့ကား ပညာရေးဆို၍ ဘာသာရပ်တစ်ခုခုကို ထဲထဲဝင်ဝင်ကျွမ်းကျင်ပိုင်နိုင်သည်မဟုတ်။ အပေါ်ယံကြော၊ အောင်မှတ်ရရုံသာသင်ကြသည်။ ဘာသာရပ်တစ်ခုကို အစ၊ အဆုံးမသင်။ ဒီနှစ် ဘယ်ဟာက အရေးကြီးသည်။ ဘယ်ဟာက အရေးမကြီးဆိုကာ သူတို့ဘာသာသူတို့ ဆုံးဖြတ်၊ ဟာသများများပြော၊ လွယ်သောပုစ္ဆာတွက်ပြ။ ကျောင်းသားက အထင်ကြီးကြသည်။ ထဲထဲဝင်ဝင် နှိုက်နှိုက်ချွတ်ချွတ်သင်သော ဆရာကို မကြိုက်ချင်ကြတော့၊ စာမေးသော ဆရာကို မကြိုက်တော့၊

နောင် အောင်စာရင်းထွက်သောအခါကျမှ ကျောချမှ ဓားပြမှန်းသိကြတော့သည်။ သို့သော် ခေတ်ရေစီးကြောင်းက အမြဲပြောင်းလဲနေသည်မဟုတ်ပါလား။

နှစ်စဉ် နှစ်စဉ် ကျောင်းသားကပြောင်းသွားသည်။ ဆရာကမပြောင်း။ အဲဒီအခါ ထိုဆရာအတုအယောင်တို့ကား တွင်ကျယ်နေဆဲ။ နောင်တစ်ချိန် ပါတီစုံဒီမိုကရေစီခေတ်တွင် အမတ်လောင်းများ၊ ကိုယ်စားလှယ်လောင်းများအဖြစ် ဝင်ရောက်နေရာယူလာခဲ့လျှင်. . .

မြန်မာလူမျိုး၏ စရိုက်ဗီဇကလည်း ဆရာဆိုလျှင် အနန္တောအနန္တဝင်ဂိုဏ်း သတ်မှတ်ချင်သည်နှင့်. . . . .

ဆရာရှာမှားလျှင် ဒုက္ခတွေ့မည်သာ။ ။

# လာနီညာကို စိန်ခေါ်သူများ

လွင်ချန်ဖြိုး (နတ်မောက်)

ပြီးခဲ့တဲ့ ၂၀၀၉ နှစ်ကုန်ပိုင်းကနေ ၂၀၁၀ ဇွန်လဆန်းလောက်အထိ ကျွန်တော်တို့နိုင်ငံ အပါအဝင် ပတ်ဝန်းကျင်ဒေသတွေမှာ အပူချိန်တွေ စံချိန်ချိုးပြီး မိုးခေါင်မှုတွေ ဆိုးဆိုးရွားရွားဖြစ်ခဲ့တဲ့ အယ်လ်နီညိုရာသီဥတု ဒဏ်ကိုခံခဲ့ကြရပါတယ်။ အခုတစ်ခါ ဆန့်ကျင်ဘက်ရာသီဥတုဖြစ်တဲ့ အပူချိန်တွေ လျော့ကျပြီး အအေးလွန်ကဲမယ်။ မုန်တိုင်းမိုးနဲ့ မုန်တိုင်းအန္တရာယ်တွေ ကြုံရမယ်။ အခါလွန်မိုးကောင်းခြင်း၊ ရေကြီးခြင်းနဲ့ မြေပြိုခြင်းတွေ ကြုံရနိုင်တယ်လို့ မိုးလေဝသပညာရှင်တွေက ဆိုပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံ အလယ်ပိုင်း မိုးနည်းရပ်ဝန်းမှာ နေထိုင်ကြသူ အများစုက မိုးနဲ့ အဓိက ပတ်သက်နေတဲ့ တောင်သူလုပ်ငန်းလုပ်ကိုင်ကြသူတွေပါ။ မိုးပုံမှန်ရွာခြင်း၊ မရွာခြင်းက ဒေသသီးနှံအထွက်အပေါ် တိုက်ရိုက်အကျိုးသက်ရောက်ပါတယ်။ မိုးရေဝဝသောက်ရမှသာလျှင် အပင်တွေအောင်အောင်မြင်မြင် ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းတာဖြစ်ပါတယ်။ အခု ဒီနှစ်စိုက်ပျိုးထားတဲ့ သီးနှံတွေရဲ့ အခြေအနေက အထက်မှာပြောခဲ့တဲ့ အယ်လ်နီညို ရာသီဥတုဒဏ်ကို ခံခဲ့ကြရတယ်လို့ ဆိုရမှာပါ။ မနှစ်က နောက်ပိုင်းမိုးနည်းခဲ့တာကြောင့် မြေအစိုဓာတ်အပြည့်အဝမရခဲ့ဘူး။ နွေရာသီ ပူပြင်းခြောက်သွေ့ချိန်ကလည်း ကြာမြင့်ခဲ့တယ်။


နည်းနည်းနောက်ကျတဲ့ မိုးဦးကျ မိုးလေးရွာလိုက်တော့ နောက်မိုးတွေ လိုက်လာမှာပဲဆိုတဲ့ မျှော်လင့်ချက်နဲ့ရှိတဲ့မျိုးစေ့ မျိုးဆန်လေးထုတ်ကြဲကြတယ်။ အပင်လေးတွေ ပေါက်လာတော့ ပေါင်းထိုး၊ ဆေးဖျန်းနဲ့ သားသမီးကို ဂရုစိုက်ရတဲ့ မိဘတွေလိုပါပဲ။ ကိုယ့်ဘက်က မလိုအောင် အကုန်လုပ်ပေးထားရတယ်။ အပင်လေးတွေ ငွားငွားစွင့်စွင့်နဲ့ ဖူးဖို့၊ ပွင့်ဖို့၊ သီးဖို့ အရှိန်ကောင်းကောင်းနဲ့ အားယူမယ်ဆိုတော့ မောင်မင်းကြီးသား ကိုရွှေမိုးက ခွာသွားပြီ။ သူနဲ့ မဆိုင်သလို လှည့်မကြည့်တော့ဘူး။ ဒီတော့ရှိပြီးသား အပင်လေးတွေကလည်း နာတာရှည်ရောဂါခံစားနေရတဲ့ အပျိုမလေးလို နွမ်းရိရိနဲ့။ ခုချိန်မှာ လိုအပ်နေတာက ကယ်တင်ရှင် မိုးရေပဲ။

နတ်မောက်မြို့နယ် အိုင်ပေါက်ကုန်းရွာက တောင်သူဒေါ်စိန်သန်းက "အစပိုင်းတော့ တော်တော်ကောင်းတယ်။ နှမ်းပင်တွေဆို ခါးကျော်တယ်။ မြေပဲတွေလည်း ဖြစ်တယ်။ နှမ်းပင်တွေ သီးအားကောင်းတုန်းမှာ မိုးက ဆက်မရွာတော့ မြေမာကုန်းနေရာတွေက နှမ်းမြောပြီး မှည့်သွားကြတယ်။ အထွက်နှုန်းလျော့တာပေါ့။ ရသင့်သလောက် မရကြတော့ဘူး။ တချို့ဆို လုံးဝမရတာလည်းရှိတယ်။ နောက်ပိုင်း မိုးကောင်းမယ်ဆိုရင်တော့ ဝမ်းသာပါတယ်။ ပဲနောက်နဲ့ ပဲတီစိမ်း၊ ပဲစင်းငုံတွေ၊ မြေပဲခင်းတွေအတွက် မျှော်လင့်ရတာပေါ့" လို့ ပြောပါတယ်။

မကွေးမြို့နယ် ကြာကန်ရွာက တောင်သူတစ်ဦးကလည်း "ဒီနှစ်မိုးပြတ်သွားတော့ နှမ်းအထွက် ကျဆင်းသွားနိုင်ပါတယ်။ ဒေသဆီအိုးကြီးကို ထိခိုက်နိုင်ပါတယ်။ တောင်သူဆိုတာက တစ်နှစ်ချော်သွားရင် ဆယ်နှစ်လိုက်မမီပါဘူး။ ခုနေ မိုးရွာရင်တော့ နည်းနည်း အချိန်မီသေးတယ်လို့ ပြောရမှာပါ။ ဒီနှစ်ကုန်ပိုင်းမိုးတွေ များမယ်၊ မိုးတွေရွာမယ်ဆိုရင်တော့ နောက်ပိုင်းသီးနှံတွေအတွက် ကောင်းတာပေါ့" လို့ ဆိုပါတယ်။ကျွန်တော်ကိုယ်တိုင်တောင်သူနှစ်နှစ်လောက် အချိန်ပြည့်လုပ်ခဲ့ဖူးတော့ တောင်သူတွေအကြောင်း ကောင်းကောင်း သိနေပါတယ်။ ဒါကြောင့် လက်ရှိတာဝန်အရ မုံရွာမှာ နေနေရပေမယ့် ကိုယ်နဲ့ နီးနွယ်ပတ်သက်တဲ့ ဆွေမျိုးသားချင်း မိတ်ဆွေတောင်သူတွေဆီကို မကြာမကြာ ဖုန်းဆက်ပြီး အကျိုးအကြောင်းလှမ်းမေးဖြစ်ပါတယ်။ မီဒီယာတွေကနေတစ်ဆင့် ကိုယ်သိထားတဲ့ ရာသီဥတုဖြစ်စဉ်တွေ၊ ခန့်မှန်းချက်တွေကိုလည်း သူတို့လုပ်ငန်းမှာ ကြိုတင်စီစဉ်စီမံနိုင်အောင် ပြောပြပေးပါတယ်။ ကျွန်တော့်အနေနဲ့ ခရီးတစ်ခုသွားလို့ ဘယ်နေရာကိုပဲ ရောက်ရောက် အရင်ဆုံးမေးဖြစ်တာက အဲဒီဒေသရဲ့ စိုက်ရေးပျိုးရေး၊ မိုးလေဝသအခြေအနေနဲ့ သီးနှံပင်တွေရဲ့ အကြောင်းပါပဲ။ အခုတင်ပြချက်တွေကလည်း ဆန့်ကျင်ဘက်ရာသီဥတုနှစ်ခု အကူးအပြောင်းကြားမှာရှိတဲ့ တောင်သူတွေရဲ့အနေအထားနဲ့ သူတို့ရဲ့ အမြင်သဘောထားတွေပဲ ဖြစ်ပါတယ်။

ရေနံချောင်းမြို့နယ် ရေဆုံးရွာက တောင်သူတစ်ဦးနဲ့ကျောက်ပန်းတောင်းမြို့နယ်၊ အင်တောကျယ်ရွာက တောင်သူတွေကလည်း စိုက်ပြီးသား သီးနှံပင်တွေအတွက် မိုးလိုအပ်သလို၊ နောက်ထပ်စိုက်မယ့် ပဲနောက်၊ ပဲတီစိမ်းတွေအတွက် မိုးရွာဖို့လိုကြောင်း ပြောပါတယ်။ တောင်သာမြို့နယ် ကျောဇီရွာက တောင်သူတစ်ဦးကလည်း "နောက်ပိုင်း မိုးများမယ်ဆိုရင်လည်း မမှားပါဘူး။ သီးနှံတွေ အောင်အောင်မြင်မြင်နဲ့ သိမ်းရဆည်းရတာပေါ့" လို့ဆိုပါတယ်။ ညောင်ဦးမြို့နယ်၊ ပန်းကုံးပင်ရွာက တောင်သူကိုမျိုးကလည်း "ဒီနယ်မှာက မိုးခေါင်တဲ့ဒဏ်ကို ခါးစည်းခံခဲ့ရတာများတော့ မိုးများတဲ့ဒဏ်ကို ပြုံးပြီးခံနိုင်ကြမှာပါ။ ကျွန်တော်တို့ဆီမှာ ယာမြေပေါ်ပါတယ်။

စာ(၁၈) သို့



**လူ့အတော်များများတွင် ဖတ်ခဲ့ဖူးသောစာအုပ်တွေထဲက စာတစ်ပုဒ်စာတစ်စ၊ ယုတ်စွအဆုံး စာတစ်ကြောင်း ဒါမှမဟုတ် ကြည့်ခဲ့ဖူးသောရုပ်ရှင်ကားများထဲမှ ဇာတ်ဝင်ခန်းတစ်ခန်း၊ ဇာတ်ကွက်တစ်ကွက်တလေ မမေ့နိုင်ဘဲ စွဲလမ်းနေတတ်တာ ကြုံဖူးကြမည်ထင်ပါသည်။ ထိုထိုသောအကြောင်းအရာထဲမှ မကြာခဏ သတိရနေတတ်သောစာတစ်ပုဒ် ရုပ်ရှင်ကားမျိုးလည်းရှိကြမည်ထင်ပါ၏။ ယခုပြောလိုသည်မှာ ထိုသို့သော အကြောင်းအရာပေါ် မူတည်နေပါ၏။**

ကွယ်လွန်သူ စာရေးဆရာ သော်တာဆွေကို သိကြပါလိမ့်မည်။ ဆရာသော်တာဆွေသည် ၁၉၁၉ခုနှစ်ဖွားဖြစ်၍ ဆရာဒဂုန်တာရာ၊ ဆရာထင်လင်းတို့နှင့် တစ်နှစ်တည်းမွေးဖွားသူဖြစ်ပါသည်။ ဆန်ကုန်သည်လုပ်ရင်း အရင်းပြုတ်ရှုံးရာမှ စာပေရေးသားရင်း စာရေးဆရာဖြစ်လာသူဖြစ်၏။ အစပိုင်းက ဟာသစာပေချည်းသက်သက်ရေးခဲ့ရာမှ တဖြည်းဖြည်း လေးနက်သောဘဝ သရုပ်ဖော်စာပေများ ရေးခဲ့သူလည်းဖြစ်ပါသည်။ ဆရာသော်တာဆွေ၏ စာပေအရေးအဖွဲ့သည် ဝါကျတိုတိုတွင်

# မုန်းကန်ခြင်းနှင့် ရဲရင့်ခြင်း ( သို့မဟုတ် ) စွဲနေသောစာတစ်ပုဒ်

ချမ်းငြိမ်း

ပြောဟန် စွက်ရေးသားခြင်းဖြစ်ရာ ဖတ်ရသည်မှာ ရှောခနဲ ရှောခနဲ နားထဲဝင်သွားစေသောအရေးအသားမျိုးဖြစ်သည်။ ဆရာသော်တာဆွေသည် စာရေးသက်ကာလတစ်လျှောက်လုံး ဝတ္ထုတိုရှည် ၅၀၀ကျော်ရေးသားခဲ့ရာ ယနေ့တိုင် နှစ်ခြိုက်စွာ ဖတ်ရှုခြင်းခံရသော စာရေးဆရာမျိုးလည်းဖြစ်သည်။ ဆရာသော်တာဆွေရေးခဲ့သော ဝတ္ထုတိုများအနက် အထင်ရှားဆုံးတစ်ပုဒ်မှာ **မုန်းကန်ခြင်းနှင့် ရဲရင့်ခြင်း** ဖြစ်ပါသည်။ ယင်းဝတ္ထုသည် တစ်ခေတ်တစ်ချိန်က ဒေသကောလိပ်သုံးပင်ရင်းမြန်မာစကားပြေထဲတွင် သင်ရိုးညွှန်းတမ်းအဖြစ် ထည့်သွင်းခံရသည်ကိုမှတ်မိကြပါဦးမည်။ ယခုဆောင်းပါးနှင့် စပ်လျဉ်း၍ဇာတ်အကျဉ်းမျှဖော်ပြလိုပါသေးသည်။

သူကြီးခေတ်က ရွာတစ်ရွာတွင် ဦးအောင်ဒွန်းဆိုသောသူကြီးတစ်ဦးရှိသည်။ ဦးအောင်ဒွန်းသည် သတ္တိရှိသည်။ ရဲရင့်သည်။ တော်ရုံတန်ရုံလူ အထိုးမခံဝံ့သော ထိုးကွင်းကို ပေါင်နှစ်ဖက်သာမက ကျောပြင်မှာပါ ထိုးထား၏။ သတ္တိရှိရှိဖြင့် ရပ်ရွာကိုကာကွယ်၍ နာမည်ကောင်းလက်မှတ်နှင့်ဆုတော်ငွေများသာမက နှစ်လုံးပူးသေနတ်ပါ ကိုင်စွဲခွင့်ရထားသူဖြစ်၏။ တစ်ရွာလုံးသာမက ရွာနီးချုပ်စပ်ကပါ ကြည်ညိုလေးစားခံရသောသူကြီး၊ ထိုသို့သော သိက္ခာ သမာဓိရှိရှိနှင့်နေထိုင်ရင်း မလွတ်လပ်သောဘိန်းစားကိုဖိုးဆိုင်ဆိုသူ၏ မယားမချောဖြူနှင့်ငြိ၏။ မချောဖြူသည်စာရိတ္တကောင်းသူမဟုတ်၊ အိမ်ထောင်ရှိသောသူကြီးကို မြူဆွယ်၏။ ဤတွင် သူကြီးဦးအောင်ဒွန်းသည် မစိတ်မွန်ပြီး၊ မချောဖြူယောက်ျားဘိန်းစားဖိုးဆိုင်ကို အမှုဆင်ကာ ဖမ်းဆီးထောင်ချလိုက်လေသည်။ မကြာ၊ ဦးအောင်ဒွန်း မချောဖြူနှင့်ယူလိုက်၏။ ဤ တွင်

တစ်သက်လုံး ယုံကြည်ကိုးစားခဲ့သောရွာသူရွာသားများ ဦးအောင်ဒွန်းကို အကြည်ညိုပျက် ကြပြီ။ ဦးအောင်ဒွန်း၏ လုပ်ရပ်ပေါ် တက်တခေါက်ခေါက်၊ ဦးအောင်ဒွန်းကို ရှောင်ကြသည်။ ဤတွင် ဦးအောင်ဒွန်းနှင့်အသက်အရွယ်မကွာလှသော ၆၀ကျော် မချောဖြူ၏အမေအိုက ဦးအောင်ဒွန်းနှင့် သူ့သမီးရှိရာအိမ်သို့ နံနက်တိုင်း ထဘီစွန်တောင်ဆွဲကာ ရောက်လာ၏။ ခုနစ်အိမ်ကြားရှစ်အိမ်ကြား အော်ဟစ်ဆဲရေးတိုင်းထွာ၏။ ဦးအောင်ဒွန်းတို့ထံမှ ဘာအသံမျှမကြားရ။ ခွန်အားဗလပြည့်စုံပြီး ဩဇာအာဏာညောင်းခဲ့သော ဦးအောင်ဒွန်း နည်းနည်းမှ မလှုပ်ဝံ့၊ မတုံ့ပြန်ဝံ့၊ ငုံ့ခံနေရသည်။ အမေ အိုဘက်မှာ တစ်ရွာလုံးရှိသည် မဟုတ်လား။ မကြာပါချေ။ သူကြီးဦးအောင်ဒွန်း ရွာကိုပစ်ကာ မိုးမလင်းသေးခင် လှည်းပေါ်ပစ္စည်းတင်၍ မချောဖြူအားခေါ်ကာ ပြေးလေ၏။ ထိုသို့ ပြေးသည်အထိ အားအင်ချည့်နဲ့သောအမယ်အိုကြီးကို ရင်မဆိုင်ရဲခဲ့ပေ။ မကြာမီ အခြားရွာတစ်ရွာတွင် ခိုလှုံနေသောဦးအောင်ဒွန်းသည် ကိုယ်စိတ်နှလုံး ချုံးချုံးကျကာ မထင်မရှားကွယ်လွန်သွားပါသည်။

(၂)

"ဟေ့-အောင်ဒွန်း မယားခိုးရဲ့၊ လူ့တိရစ္ဆာန်ရဲ့၊ နင် ငါ့သမက်အိတ်ထဲ အတင်းဘိန်းထည့်ပြီး နင့်နောက်တော်ပါ သက်သေလိမ်တွေနဲ့ အမှုဆင်ပြီး ထောင်ချတယ်ဆိုတာ လူတိုင်းက သိကြတယ်ဟဲ့"

"ချလွမ်း"ဓားနှင့် တစ်ချက်ပစ်လိုက်ပြန်သည်။

"ဟို မျောက်မထားမရောဆင်းခဲ့၊ နင့်ပါ ငါ နုတ်နုတ်စဉ်းပစ်မယ်။ နင့်အတွက် ငါ တစ်ခါက နှစ်ခါရှက်၊ နှစ်ခါက သုံးခါရှက်. . တစ်သက်လုံး ရှက်နေရမှာလားဟဲ့. . နင်တို့ကိုသတ်ပြီး ငါပါသေပစ်လိုက်မဟဲ့"

ဤအချိန်တွင် ကျွန်တော့်မှာ အသက်ရှစ်နှစ်၊ ကိုးနှစ်မျှရှိဦးမည်ဖြစ်၍ အဖေ့နားသို့ ချဉ်းကပ်သွားကာ. .

"အဖေရယ်. . ဘိုးက ဒီအမယ်ကြီးပိန်ပိန်ကလေးများဘာလို့ကြောက်နေရသလဲ၊ အောက်ဆင်းပြီးဖမ်းလိုက်ရောပေါ့၊ ဘိုးက အားအများကြီးကြီးတာပဲ မဟုတ်လား၊ နို့ပြီး ဘိုးကသူကြီး. ."

"ဟဲ့ ဘာကြီးဖြစ်နေနေ ကိုယ်အမှားလုပ်မိတဲ့အခါမှာ မှန်သူကိုရင်မဆိုင်ဝံ့တော့ဘူး။ ကြောက်နေရော ဒါဟာ တရားသဘောပဲ"

**မုန်းကန်ခြင်းနှင့် ရဲရင့်ခြင်း** ဝတ္ထုထဲမှ ယနေ့တိုင် စွဲလမ်းနေသောစာများပဲဖြစ်ပါသည်။ ယင်းဝတ္ထုတွင်ပင် ဆရာသော်တာဆွေက **သတ္တိနှင့်သစ္စာ၊ မုန်းကန်ခြင်းနှင့်ရဲရင့်ခြင်းတို့သည် ဒွန်တွဲနေ၏။ သစ္စာမဲ့သူသည် သတ္တိမဲ့သူဖြစ်၏။ သစ္စာရှိသူသည် သတ္တိရှိသူဖြစ်၏။ သစ္စာကိုသတ္တိနှင့်စောင့်ထိန်းရ၏။ သတ္တိဆိုရာ၌ မုန်းကန်သောကိစ္စကို ရဲဝံ့စွာပြုလုပ်ခြင်းသာ မဟုတ်သေး၊ မကောင်းမှုကို စောင့်ထိန်း ခြင်း၊ မှားယွင်းသောဆန္ဒလောဘကို ချုပ်တည်းနိုင်ခြင်း၊ အောင့်အည်းသည်းခံနိုင်ခြင်းတို့သည်လည်း သတ္တိမည်၏။ မုန်းကန်ခြင်းနှင့် ရဲရင့်ခြင်းလည်း ထိုနည်းတူ တစ်ခုနှင့်တစ်ခုအမှီသဟဲပြုနေ၏။ ပင်ကိုယ်မူလက မည်မျှပင် ရဲရင့်သူဖြစ်နေစေကာမူ မမုန်းကန်သောအမှုကို ပြုလိုက်မိပြီဟု မိမိကိုယ်မိမိ သိလိုက်သည်နှင့်တစ်ပြိုင်နက် ထိုသူ၏ရဲရင့်ခြင်းတို့သည် ပျောက်ကွယ်သွား၍ ကြောက်ရွံ့သူအဖြစ်သို့ရောက်ရှိသွားတော့၏** ဟု ရေးသားခဲ့ရာ မည်သည့်အချိန်ပြန်ဖတ်ဖတ် ဒိုးဒိုးဒေါက်ဒေါက်နှင့် အမှန်တရားကို လှစ်ဟပြနေသောစာများသာဖြစ်ပါ၏။ ဆရာသော်တာဆွေသည် လူ့ဘဝ လူ့ဇာတ်ခုံပေါ်၌အသုံးတော်ခံကပြနေသော ၎င်း၏ဝန်းကျင်မှဖြစ်ရပ်တို့ကို နှလုံးသွင်းဆင်ခြင်ကာ **မုန်းကန်ခြင်းနှင့်ရဲရင့်ခြင်း** ကို ရေးခဲ့သည်ထင်ပါ၏။

(၃)

အတန်ငယ် စာဖတ်သက်ရလာသောအခါ ငယ်စဉ်က ဖတ်ခဲ့ဖူးသော ယင်းဝတ္ထုကလေးအပေါ် မကြာခဏ ဆင်ခြင်မိပါသည်။ မုန်းကန်ခြင်း၊ ရဲရင့်ခြင်းသာမက ယင်း၏နောက်ဆက်တွဲ သစ္စာတရားနှင့်တရားမျှတမှုကိုပါ တွေးတောမိလာသည်။ သစ္စာတရားအကြောင်းကိုပြောရလျှင် လောက၌ **သမုတိသစ္စာ၊ ပရမတ္ထသစ္စာ၊အရိယသစ္စာ** ဟူ၍ သုံးမျိုးရှိသည့်အကြောင်း၊ သမုတိသစ္စာသည် လူတွေကြားတွင် လှည့်စားမှုမပါရှိဘဲ အရိုးခံအတိုင်း၊ အမှန်ကို အမှန်အတိုင်း ပြောဆိုဆက်ဆံခြင်းဖြစ်ပြီး ပရမတ္ထသစ္စာသည် လောက၌ အမှန်တကယ်ရှိသော မဖောက်မပြန်သည့်တရားကို ဆိုလိုခြင်းဖြစ်ကြောင်း၊ အရိယသစ္စာဟူသည်ကား သစ္စာလေးပါးကိုသိမြင်သော မဂ်ဉာဏ်ကိုဆိုလိုကြောင်း တဖြည်းဖြည်း နားလည်သိရှိလာခဲ့သည်။ ထို့ကြောင့်လည်း ကတိသစ္စာတည်ကြည်သောရှေးခေတ်က **ကတိသစ္စာ၊ တည်သောအခါကား၊ ဩဇာလေးနက်၊ ပေါ်ဆီတက်၍ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏** ဟု ရှေးလူကြီးများ ဆိုရိုးရှိခဲ့သည် မဟုတ်ပါလား။

ရှေးအခါကပင် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်အုပ်စုနှင့်တစ်အုပ်စု၊ မင်းနှင့်ပြည်သူသစ္စာရှိခဲ့မှုကြောင့် သဘာဝတရားကိုကျော်လွန်၍ လောင်နေသောမီးကိုငြိမ်းစေခြင်း၊ စီးနေသောရေကို တန့်စေခြင်း၊ မရွာသည့်မိုးကိုရွာစေခြင်းနှင့် ရွာသောမိုးကိုရပ်စေခြင်း ဟူသောဖြစ်ရပ်မျိုး အမှန်တကယ်ပင် ရှိခဲ့ဖူးပေသည်။ အထူးသဖြင့် သစ္စာ၊ မေတ္တာတရားကြီးမားသော ဗုဒ္ဓဘာသာဆရာတော်ကြီးများသည် ဝေနေယျလူသားတို့ ဘေးဒုက္ခအမျိုးမျိုးမှ လျော့နည်းပပျောက်အောင် သစ္စာဆိုတိုင်တည်သည့်ဖြစ်ရပ်များအထင်အရှားရှိခဲ့သည်။ ပထမလယ်တီဆရာတော်ကြီးဦးညာဏဓဇသည် သံဃာတော်များ၏ ရေအိမ်အညစ်အကြေးများအား နှစ်ပေါင်းနှစ်ဆယ်ကျော်ကြာ သန့်စင်ဆေးကြောကာ ဝတ်ကြီးဝတ်ငယ်ပြုခဲ့ခြင်းကို မြန်မာပြည်အရပ်ရပ်၌ မိုးခေါင်ရေရှားဖြစ်သောအခါ သစ္စာဆိုပြီး မိုးကြီးများရွာသွန်းစေခြင်း၊ တောင်မြို့အမရပူရ မဟာဂန္ဓာရုံဆရာတော်ရှင်ဇနကာဘိဝံသသည် မန္တလေးမြို့ကြီး မိုးခေါင်နေမှုကို ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်၍ မိုးကြီးရွာသွန်းစေခြင်း၊ တောင်တန်းသာသနာပြုဆရာတော်ကြီးဦးဥတ္တမသာရသည် မီးဘေးကိုတားနိုင်သည့် အစွမ်းသတ္တိရှိခြင်းနှင့် အင်းဝခေတ်က တောင်ဖီလာဆရာတော်သည် မတရားစွပ်စွဲခံရသည့်အရေးကို သစ္စာတိုင်တည်ပြီး ရေကန်ထဲ ဓားမတစ်ချောင်းပစ်ချကာ ဓားမရေကူးသွားစေသောဖြစ်ရပ်တို့မှာ သစ္စာတရားနှင့်ပတ်သက်၍ သမိုင်း၌ ထင်ရှားသောဖြစ်ရပ်မှန် သာဓကများဖြစ်ပါသည်။

(၄)

မုန်းကန်ခြင်း၊ ရဲရင့်ခြင်းနှင့် သစ္စာတရားအကြောင်းပြောမည်ဆိုပါက တရားမျှတမှုနှင့် ယုံကြည်မှုဆိုတာလည်း မလွဲမသွေ ပါလာမည်ဖြစ်ပါသည်။ လောကတွင် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့၊နယ်ပယ်ဝန်းကျင်တစ်ခုအတွင်း၊ လူ့အဖွဲ့အစည်းတစ်ရပ်အတွင်း ယုံကြည်မှု ထားရှိခြင်း၊ ယုံကြည်မှုတည်ဆောက်ခြင်းမှာ အရေးကြီးသော အစိတ်အပိုင်းတစ်ခုလည်းဖြစ်ပါ၏။ တစ်ဦးနှင့်တစ်ဦး၊တစ်ဖွဲ့နှင့်တစ်ဖွဲ့ သစ္စာမဲ့ခဲ့ပါက တည်ဆောက်ထားသော ယုံကြည်မှုလည်း နေလာနှင်းပျောက်ဆိုသလိုဖိတ်စဉ်လွင့်ကွဲသွားပေမည်။ ထိုယုံကြည်မှုဆိုသည်မှာလည်းတရားမျှတခြင်း (Justice) ပေါ်မူတည်နေပါ၏။ ထို့ကြောင့်လူအများသည် တရားမျှတမှုအနည်းအများ ပေါ်လိုက်၍ ယုံကြည်မှုကို တည်ဆောက်ကြသည်မဟုတ်ပါလော။

(၅)

ငယ်စဉ်က စွဲခဲ့သော စာတစ်ပုဒ်ပေါ်မူတည်၍ ဆင့်ပွားတွေးမိခြင်းသာဖြစ်ပါသည်။ သစ္စာလမ်းကြောင်းမှ ဖောက်ပြန်၍ သူတစ်ပါးအား မတရားပြုမိသောသူသည် အမှတ်တရားကို မည်မျှ ပင်ဖုံးကွယ်ထားပါစေသေခါနီးအရေးကြီးသည့်အချိန်၌ ထိုမတရားမှုပေါ်ထွက်လာတတ်သလို ယင်း၏အကျိုးပေးမှုကလည်း နောင်ဘဝပဋိသန္ဓေအား အဆုံးအဖြတ်ပေးမည်ဖြစ်ပါသည်။ သစ္စာတရားသည် တရားမျှတမှု၏ တမန်တော်လည်းဖြစ်ပါသည်။ လောကနီတိအရလည်း **တရားစောင့်သူကိုတရားကပြန်စောင့်ပြီး သစ္စာစောင့်သိသူကို သစ္စာကပြန်စောင့်လေ့ရှိသည်** ဆိုပါ၏။ ထို့ကြောင့် သစ္စာပျက်ယွင်းပြီး တရားမျှတခြင်းကင်းမဲ့ခဲ့သော သူကြီးဦးအောင်ဒွန်းသည် ဘိန်းစားဘိုးဆိုင်အား မတရားထောင်ချခြင်း၊ သူတပါးအိမ်ရာအား ကာမေသုကံကျူးလွန်ခြင်းတို့ကြောင့် တစ်သက်လုံး သိက္ခာသမာဓိရှိရှိနေခဲ့သော သူကြီးဂုဏ်ပုဒ်ကို စွန့်လွှတ်ကာ တစ်ရွာတစ်ကျေး၌ စိတ်ရောကိုယ်ပါ ညှိုးညှိုးနွမ်းနွမ်း မထင်မရှား သေဆုံးရခြင်းသာ ဖြစ်ပါမည်။ ။

> ထို ယုံကြည်မှုဆိုသည်မှာလည်းတရားမျှတခြင်း (Justice) ပေါ်မူတည်နေပါ၏။ ထို့ကြောင့်လူအများသည် တရားမျှတမှုအနည်းအများ ပေါ်လိုက်၍ယုံကြည်မှုကို တည်ဆောက်ကြသည်မဟုတ်ပါလော။

7DAY NEWS JOURNAL

# Current Affairs

Vol.9, No.23. AUGUST 26, 2010

## ယူဒီပီပါတီ နာယကဦးရွှေအုံး ကွယ်လွန်



ငြိမ်းငြိမ်းနိုင်

"ဘဘက ဇနကမင်းသားထုံး နှလုံးမူတယ်။ ပင်လယ်ထဲရောက်နေပြီ။ ကူးရင်ကူး၊ မကူးရင်နစ်မယ်။ တစ်နေ့တော့ မေခလာနတ်သမီးပေါ်လာမှာပဲ။ ရောက်တာမရောက်တာ ဘဘအလုပ်မဟုတ်ဘူး။ ဘဘကတော့ ကူးနေမှာပဲ"

ရွေးကောက်ပွဲဝင်ရန် ဆုံးဖြတ်ရခြင်းနှင့်ပတ်သက်၍ ရှမ်းတိုင်းရင်းသား နိုင်ငံရေးသမားကြီး ဦးရွှေအုံးက ၂၀၁၀ မတ် ၁၉ ရက်က 7Day News နှင့်တွေ့ဆုံစဉ်က ပြောကြားခဲ့ခြင်းဖြစ်သည်။

အသက် ၈၉ နှစ်ရှိပြီဖြစ်သော ဦးရွှေအုံးသည် သူ့ယုံကြည်ချက်အတိုင်း ရွေးကောက်ပွဲဝင်ရန်ပြင်ဆင်ကာ ပြည်ထောင်စုဒီမိုကရေစီပါတီတွင် နာယကအဖြစ်တာဝန်ယူခဲ့သော်လည်း ရွေးကောက်ပွဲကျင်းပရန် ၇၉ ရက်အလို ဩဂုတ် ၂၀ ရက်တွင် အသည်းရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

အသည်းရောဂါကြောင့် ၆ လသာနေရတော့မည်ဖြစ်ကြောင်း ဆရာဝန်ကပြောကြားခဲ့သော်လည်း ဦးရွှေအုံးက ပါတီဝင်အင်အားတစ်ထောင်ရရှိရေးအတွက် ရှမ်းပြည်နယ်သို့သွားရောက်ကာ စည်းရုံးရေးဆင်းခဲ့သည်။ ထိုခရီးစဉ်သည် ဦးရွှေအုံး၏ နောက်ဆုံးနိုင်ငံရေးလှုပ်ရှားမှုခရီးစဉ်တစ်ခုဖြစ်ခဲ့သည်။

"သူက ရှမ်းပြည်နယ်၊ တောင်ကြီးနဲ့ အင်းလေးကိုသွားပြီး ပါတီဝင်အင်အားအတွက် စည်းရုံးရေးဆင်းပြီး ကျန်းမာရေးဆိုးလာလို့လဲတော့မှပဲ လေယာဉ်နဲ့ပြန်ခေါ်လာခဲ့ရတယ်။ သူက ကျွန်တော်တို့ပါတီရဲ့ နာယကလည်းဖြစ်၊ တည်ထောင်သူလည်းဖြစ်၊ ရှမ်းတိုင်းရင်းသားခေါင်းဆောင်တစ်ယောက်လည်းဖြစ်တဲ့အတွက် ကျွန်တော်တို့ အတိုင်းမသိဝမ်းနည်းရပါတယ်"ဟု ပြည်ထောင်စုဒီမိုကရေစီပါတီ ဥက္ကဋ္ဌဦးဌေးကပြောသည်။

ပြည်ထောင်စုဒီမိုကရေစီ မဟာမိတ်အဖွဲ့ချုပ်တွင် နာယကအဖြစ်ဆောင်ရွက်ခဲ့ကာ ယင်းအဖွဲ့ချုပ်နှင့် လူထုဒီမိုကရေစီပါတီတို့ပူးပေါင်းပြီး ပြည်ထောင်စုဒီမိုကရေစီပါတီဟု ပြောင်းလဲဖွဲ့စည်းရာ ၎င်းပါတီတွင် ကွယ်လွန်ချိန်အထိ နာယကအဖြစ်ဆောင်ရွက်ခဲ့သည်။

အသက် ၁၃ နှစ်အရွယ်ကပင် နိုင်ငံရေးနှင့် နီးစပ်ခဲ့ရသူဟုဆိုရင်း ၎င်း၏နိုင်ငံရေးဘဝအစပျိုးခဲ့ပုံကိုပြောပြခဲ့ဖူးသည်။

"၁၉၆၄ နောက်ပိုင်း အစိုးရက အလုပ်ကနားခိုင်းလိုက်တော့ လွတ်လပ်သွားပြီ။ ၁၆ နှစ်လောက် အစိုးရအလုပ်လုပ်ခဲ့ရတာကိုး။ ဒါပေမဲ့ အဲဒီအချိန်မှာ နိုင်ငံရေးထဲမဝင်ချင်ဘူး။ နိုင်ငံရေးလုပ်မယ်ဆိုရင် လမ်းစဉ်ပါတီထဲဝင်ရမယ်။ တစ်ပါတီခေတ်ကိုး။ လမ်းစဉ်ပါတီထဲမဝင်ချင်လို့ နိုင်ငံရေးကို ထဲထဲဝင်ဝင်မလုပ်ဖြစ်ခဲ့ဘူး"ဟုဆိုသည်။

၁၉၇၀ နောက်ပိုင်းတွင် ရှေ့နေအလုပ်ကို စတင်လုပ်ကိုင်ခဲ့ကာ နှစ် ၂၀ နီးပါးကြာအောင် ရှေ့နေဘဝတွင် နှစ်မြှုပ်ခဲ့သည်။ ထို့နောက် ၁၉၈၉ တွင် ရှမ်းပြည်တိုင်းရင်းသားလူမျိုးစုများ ဒီမိုကရေစီအဖွဲ့ချုပ်တည် ထောင်ကာ ၁၉၉၀ ရွေးကောက်ပွဲဝင်ခဲ့သည်။

ယခု ၂၀၁၀ တွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကာ ၎င်းပါတီမှ ကိုယ်စားလှယ်လောင်းများအနိုင်ရရှိပြီး သူပြင်ဆင်လိုသည်များကို ပြင်ဆင်နိုင်ရေးအတွက် အားသန်နေခဲ့သည်။

ဦးရွှေအုံးသည် ၂၀၁၀ ရွေးကောက်ပွဲဝင်ရန်ပြင်ဆင်နေရင်း သေဆုံးခဲ့ရသည့် ဒုတိယမြောက်ပါတီအကြီးအကဲတစ်ဦးဖြစ်ပြီး ပထမတစ်ဦးမှာ ဒီမိုကရက်တစ်ပါတီ(မြန်မာ)ဒုတိယဥက္ကဋ္ဌဦးရဲထွန်းဖြစ်သည်။



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ ပါတီရုံးခွဲများကို ဩဂုတ်လ ၂၀ရက်က မြန်မာနိုင်ငံအနှံ့အပြားတွင် စတင်ဖွင့်လှစ်ခဲ့ရာ ထိုနေ့တွင်ဖွင့်လှစ်ခဲ့သော စမ်းချောင်းမြို့နယ် ပါတီရုံးခွဲကို တွေ့ရစဉ်။

ဓာတ်ပုံ–ဂျေမောင်မောင်(အမရပူရ)

## ဒေသတစ်ခုတည်းတွင်သာ ယှဉ်ပြိုင်မည့် ပါတီများ တစ်နိုင်ငံလုံးယှဉ်ပြိုင်မည့် ပါတီများထက် အခြေအနေပိုကောင်း

အိဖြူလွင်

**ရန်ကုန်၊ ဩဂုတ်- ၂၂**

မှတ်ပုံတင်ခွင့်ရရှိထားသော နိုင်ငံရေးပါတီ ၄၁ ပါတီအနက်ပြည်နယ်တိုင်းများတွင်သာ ယှဉ်ပြိုင်မည့် တိုင်းရင်းသား အခြေပြုပါတီများသည် တစ်နိုင်ငံလုံးကိုယ်စားပြုယှဉ်ပြိုင်မည့် ပါတီများထက်ပို၍ ကိုယ်စားလှယ်လောင်း ရွေးချယ်နိုင်မှုနှင့် ရွေးကောက်ပွဲဝင်ရန် ပြင်ဆင်မှုအနေအထားများ ပိုမိုသာလွန်နေသည်ဟုသိရသည်။

ရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အမှတ် ၈၉/၂၀၁၀ (ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကျင်းပမည့် နေ့ရက် သတ်မှတ်ကြေညာခြင်း) နှင့် ကြေညာချက်အမှတ် ၉၀/၂၀၁၀ (လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့် စပ်လျဉ်းသည့် နေ့ရက်များ သတ်မှတ်ကြေညာခြင်း)စသည့် ကြေညာချက်များထုတ်ပြန်ပြီးသည့် အချိန်တွင် ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းနှင့် မဲဆန္ဒနယ်များ အတွက် ဒေသတစ်ခုတည်းကိုသာ အာရုံစိုက်ရသည့် တိုင်းရင်းသားအခြေပြုပါတီများအနေဖြင့် အခြားသော တစ်နိုင်ငံလုံးကိုယ်စားပြုယှဉ်ပြိုင်မည့် ပါတီများထက်ပို၍ အသင့်ဖြစ်ပြီး အခြေအနေသို့ ရောက်ရှိနေခြင်းဖြစ်သည်။

ချင်းတိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးနိုးထန်ကပ်က "ကျွန်တော်တို့ ပါတီအနေနဲ့က ပြင်ဆင်ထားတာကြာပါပြီ။ ဒါကြောင့် နောက်မကျဘူး။ အချိန်မီပါတယ်။ ပြိုင်ဖို့လုပ်ထားတဲ့ မြို့နယ်တွေမှာ တစ်မြို့နယ်လောက်တော့ ကျန်ရင်ကျန်မယ်။ အများကြီးတော့မဟုတ်ပါဘူး။ ရွေးကောက်ပွဲအတွက် အသင့်ဖြစ်ပြီလို့ ပြောလို့ရပါတယ်"ဟု ပြောကြားခဲ့သည်။

တိုင်းရင်းသားပါတီအများစုမှာ ၎င်းတို့ဝင်ရောက်ယှဉ်ပြိုင်မည့် ဒေသများအတွင်း စည်းရုံးမှုများ ထိုက်သင့်သလောက်ပြုလုပ်ပြီးဖြစ်သောကြောင့် ပို၍အသင့်ဖြစ်နေသည့် အခြေအနေရှိကြောင်း သိရသည်။

အထွေထွေရွေးကောက်ပွဲတွင် ပြည်ထောင်စု တစ်ဝန်းလုံးရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင်တိုင်းရင်းသားလူမျိုးများ လွှတ်တော်ကိုယ်စားလှယ်ရွေးကောက်တင်မြှောက်ခွင့် ရှိသည့် တိုင်းရင်းသားလူမျိုးများလည်း ရှိရာထိုအချက်သည်တိုင်းရင်းသားလူမျိုးစုအတွက် အခွင့်အရေးပိုရသော အချက်ဖြစ်သည်ဟုတိုင်းရင်းသားပါတီများနှင့် တစ်နိုင်ငံလုံးအခြေပြုပါတီများ၏ပြောကြားချက်အရသိရသည်။

ဒီမိုကရက်တစ်ပါတီ (မြန်မာ) မှ ဥက္ကဋ္ဌဦးသုဝေက "အခုချိန်မှာ တိုင်းရင်းသား ပါတီတွေက အခြေအနေပိုကောင်းပါတယ်။ ကော်မရှင်ကို ပါတီဝင်အင်အား တင်ပြီးတဲ့စာရင်းအရလည်း တိုင်းရင်းသားပါတီတွေက ပိုများနေပါတယ်"ဟု ပြောကြားခဲ့သည်။

ဩဂုတ်လ ၂၀ ရက်အထိ ရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့် မှတ်ပုံတင်ခွင့်ရပြီးသည့် နိုင်ငံရေးပါတီ ၄၁ ခုရှိကြောင်း သိရသည်။ ပါတီဝင်အင်အား စာရင်းတင်ပြပြီးသည့် ပါတီအရေအတွက်မှာ ၂၂ ပါတီရှိသည်။

## ဈေးသက်သာသည့် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ ဈေးကွက်တွင်များလာ

ပြည်သိမ်း၊ အောင်သူရ

**ရန်ကုန်၊ ဩဂုတ်-၂၁**

ပြည်တွင်းဈေးသက်သာခြင်း၊ အကြွေးဝယ်ယူရရှိခြင်းတို့ကြောင့် အရည်အသွေးစံချိန်မမီသည့် ပြည်တွင်းပုဂ္ဂလိကထုတ် ဓာတ်မြေဩဇာများနှင့် နယ်စပ်မှ တင်သွင်းလာသော ပိုးသတ်ဆေးများသည် ဈေးကွက်တွင် နေရာရရှိလာကြောင်းစုံစမ်းသိရသည်။

အဆိုပါ အရည်အသွေးစံချိန်မပြည့်သည့် ပစ္စည်းများကို ဈေးကွက်တွင်း၌ ဝယ်ယူသုံးစွဲမှုများမှာ ၂၅ ရာခိုင်နှုန်းထိရှိကြောင်း ပြည်ပမှ စိုက်ပျိုးရေးပစ္စည်းများ တင်သွင်းရောင်းချသည့် ကုမ္ပဏီတစ်ခုက ကောက်ယူထားသော သတင်းများအရ သိရသည်။

"ဓာတ်မြေဩဇာဆိုရင် ပြည်တွင်းသုံးစွဲမှု တန်ချိန် လေးသိန်းကနေ ငါးသိန်းကြားထဲရှိတယ်။ ဒီကမှ အရည်အသွေးမမီတဲ့ ဓာတ်မြေဩဇာက တန်ချိန် တစ်သိန်းကျော်လောက်နေရာယူထားတယ်" ဟု အထက်ပါကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကရှင်းပြသည်။

ပြည်တွင်းဈေးကွက်တွင် ရောင်းချနေသော ပိုးသတ်ဆေးများတွင်လည်း ကုမ္ပဏီများမှ ထုတ်လုပ်ရောင်းချသည့် ဆေးများနှင့်အပြိုင် ထိုင်း၊ တရုတ်နယ်စပ်မှ တင်သွင်းသော ဆေးများလည်း ရောင်းချနေကြသည်။

နယ်စပ်မှ ဝင်လာသော ဆေးများသည် ပြည်တွင်းမှ နာမည်ကြီးနေသော အမှတ်တံဆိပ် ဆေးများနှင့် အမည်ကအစ ဆင်တူရိုးမှားပြုလုပ်ပြီး တင်သွင်းကြသည်။ ယင်းဆေးများသည် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံနယ်စပ်တို့ရှိစက်ရုံများမှ ထုတ်လုပ်ခြင်းဖြစ်သည်။ ယင်းဆေးများတွင် ဆေးအာနိသင်ပါဝင်နှုန်းမှာ ပြည်တွင်းရှိ ကုမ္ပဏီများမှ တင်သွင်းသည့် ဆေးများနှင့်နှိုင်းယှဉ်လျှင် ၃ ပုံ ၁ နီးပါးလျော့နည်းနေကြောင်း သိရသည်။

"ငဝန်မြစ်ဘေးနားမှာ အရင်က မြေပဲစိုက်ကြတယ်။ ပိုးကျရင် ဘယ်လိုမှ မနိုင်ဘူး။ဆေးကလည်း မတိုးဘူးဖြစ်လာတော့ ခုဆိုရင် မတ်ပဲကိုပဲ ပြောင်းစိုက်ကြတယ်" ဟု ငသိုင်းချောင်းမြို့နယ်မှ ဒေသခံ လယ်သမားတစ်ဦးက ရှင်းပြသည်။

လက်ရှိအချိန်တွင် ပိုးသတ်ဆေးအတုများကြောင့် ပိုးများကို မထိန်းချုပ်နိုင်မှုမှာ ပဲခူးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းတို့တွင် အများဆုံးတွေ့နေရကြောင်း သိရသည်။

အရည်အသွေးမမီ ဓာတ်မြေဩဇာသည် ပိုးသတ်ဆေးအတုကဲ့သို့ အန္တရာယ်မများသော်လည်း သုံးစွဲသူတောင်သူများအတွက် အကျိုးအမြတ်နည်းနိုင်သည်။ဈေးကွက်၌ အရည်အသွေးညံ့သည့် ပြည်တွင်း ပုဂ္ဂလိကထုတ် ဓာတ်မြေဩဇာများသည် ကုမ္ပဏီများမှတင်သွင်းသော ဓာတ်မြေဩဇာများနှင့် နှိုင်းယှဉ်ပါက များစွာဈေးနှုန်းသက်သာကြောင်းလည်း သိရသည်။

ကုမ္ပဏီများမှ တင်သွင်းသည့် ပါဝင်မှုအချိုးနည်းသော ဓာတ်မြေဩဇာတစ်အိတ်လျှင် အနိမ့်ဆုံး ၁၅,၀၀၀ ကျပ်ဝန်း ကျင်ရှိသည်။ နိုက်ထရိုဂျင်၊ ပိုတက်၊ ဖော့စဖိတ်ပါဝင်မှုအချိုးများသည့် ဓာတ်မြေဩဇာ ၁၅ ပတ်လည် တစ်အိတ်လျှင် ၄၅,၀၀၀ ကျပ်ဝန်းကျင်အထိရှိသည်။

ဈေးကွက်တွင်းရောင်းချနေသော တရုတ်နိုင်ငံမှ တင်သွင်းသည့် ဓာတ်မြေဩဇာများမှာ ပုလဲဓာတ်မြေဩဇာတစ်အိတ်လျှင် ၁၈,၅၀၀ ကျပ်၊ တီစူပါဓာတ်မြေဩဇာ ၁၉,၃၀၀ ကျပ်၊ ပိုတက်ဓာတ်မြေဩဇာ ၁၈,၀၀၀ ကျပ် ဈေးရှိကြောင်းသိရသည်။ တရုတ်နိုင်ငံမှတင်သွင်းသည့် အရည်အသွေးညံ့ ကွန်ပေါင်းဓာတ်မြေဩဇာများမှာ တစ်အိတ်လျှင် ၁၃,၀၀၀ ကျပ်ဝန်းကျင်ဈေးရှိသည်။ ပြည်တွင်းပုဂ္ဂလိကထုတ်ဓာတ်မြေဩဇာများမှာတစ်အိတ်လျှင် ၉,၅၀၀ ကျပ်မှ ၁၃,၅၀၀ ကျပ်ကြား ရောင်းချနေကြကြောင်း ဘုရင့်နောင်ပွဲရုံတန်းရှိ ဓာတ်မြေဩဇာပွဲရုံမှ စုံစမ်းသိရှိရသည်။

## မြန်မာ့ရေထွက်ကုန်များ အီးယူ၏နာမည်ပျက်စာရင်းမဝင်စေရန် တာဝန်ရှိသူများသတိပေး

**သန်းဌေး**

**ရန်ကုန်၊ ဩဂုတ် - ၁၇**

မြန်မာ့ရေထွက်ကုန်များ ဥရောပနိုင်ငံများသို့ တင်ပို့ရာတွင် အစားအစာဘေးဥပဒ်ဖြစ်စေသော ဒြပ်ပစ္စည်းများပါဝင်ကြောင်းကြေညာခြင်းမခံရစေရန် သတိပြုကြစေလိုကြောင်း ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးခင်ကိုလေးက လုပ်ငန်းရှင်များသို့ သတိပေးပြောကြားသည်။

ဥရောပကော်မရှင် အဖွဲ့ဝင်နိုင်ငံ(အီးယူ)၂၇ နိုင်ငံသို့ တင်ပို့သောစားသောက်ကုန်များအား အစားအစာဘေးဥပဒ်ကင်း၊မကင်းကို ချက်ချင်းသတိပေးစနစ် (Rapid Alert System)ဖြင့် စောင့်ကြည့်ကြေညာလေ့ရှိရာ၊ မြန်မာ့ရေထွက်ကုန်များမှာ ဘေးဥပဒ် မကင်းကြောင်း ကြေညာခြင်း မရှိခဲ့ဖူးကြောင်း ၎င်းကဆက်ပြောသည်။

သို့ရာတွင် အိမ်နီးချင်းထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံများသို့ မြန်မာ့ရေထွက်ကုန်များတင်ပို့ရာတွင် အဆိုပါနိုင်ငံများမှ အီးယူသို့ ထပ်မံတင်ပို့မှုများရှိနေသည်။ ယခုအခါ အဆိုပါနိုင်ငံများမှ တင်ပို့သည့် ရေထွက်ကုန်များတွင် ဘေးဥပဒ်ဖြစ်စေသော ဒြပ်ပစ္စည်းများပါဝင်နေ၍ အီးယူကကြေညာခြင်းခံနေရကြောင်း ၎င်းကဖြည့်စွက်ပြောကြားသည်။

ပြည်ကြီးငါး၊ ကျူနာ၊ ငါးနီတူနှင့်ဆို့ဒ်ဖစ်ရှ်ငါးများတွင် အန္တရာယ်ဖြစ်စေသော ဒြပ်ပစ္စည်းများ မပါစေရန် ပိုမိုဂရုစိုက်ရန်လိုကြောင်း လုပ်ငန်းရှင်များသို့ ညွှန်ကြားရေးမှူးချုပ်က ဩဂုတ်လ ၁၇ရက်တွင် မှာကြားခဲ့သည်။

ယခုရက်ပိုင်းတွင် တရုတ်နိုင်ငံမှ အီးယူသို့တင်ပို့သောငါးများကိုရေခဲမလုံလောက်မှုကြောင့် ငါးအရည်အသွေးကျဆင်းသဖြင့် ဖျက်ဆီးခံခဲ့ရသည်။ ထို့အတူ ထိုင်းနိုင်ငံမှ ပြင်သစ်နိုင်ငံသို့တင်ပို့သောငါးနီတူများတွင်လည်း ဓာတုဓာတ်ကြွင်းအပြင်းစားများပါဝင်သောကြောင့် ငြင်းပယ်ခြင်းခံခဲ့ရသည်။ ထို့အပြင် စင်ကာပူနိုင်ငံမှ စပိန်နိုင်ငံသို့တင်ပို့သော ငါးဘုရင်နှင့်ကျူနာငါးတွင်လည်း အပြင်းစားသတ္တုဓာတ်နှင့် ဟစ်စတမင်းပါဝင်သောကြောင့် ငြင်းပယ်ခံခဲ့ရပြီး၊ သီရိလင်္ကာမှ စပိန်နိုင်ငံသို့တင်ပို့သော ကျူနာငါးတွင်လည်း လူတို့၏မျိုးဆက်ပွားမှုကိုမြှုံစေသောဘက်တီးရီးယားများပါဝင်နေခြင်းကြောင့် ကြေညာခြင်းရကာ ငြင်းပယ်ခံရမှုများကြုံတွေ့နေရကြောင်း ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆက်လက်ပြောကြားသည်။

အီးယူနိုင်ငံများက ၁၉၇၉ ခုနှစ်ကတည်းက အဆိုပါအစားအသောက်များ ဘေးဥပဒ်ကင်း၊မကင်းကို ချက်ချင်းအသိပေးစနစ်ကျင့်သုံးကာအကောင်အထည်ဖော်၍ဆောင်ရွက်လျက်ရှိကြောင်း ရေထွက်ပစ္စည်းတင်ပို့မှုစစ်ဆေးရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

## ပြည်ပမှ တင်သွင်းသောရေသန့်ဘူးများလည်း အခွန်တံဆိပ်ကပ် ရောင်းရပြီ

**အောင်သူရ၊ သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဩဂုတ် - ၁၈**

ပြင်သစ်နိုင်ငံ ရေခဲတောင်ဒေသများမှ နှင်းရည်အား ပေါင်းခံ၍ ရေသန့်ပြုလုပ်ထားသော အီဗီယန်သောက်ရေသန့်ဘူးများအား ဩဂုတ်လ ၁၈ ရက်မှစ၍ အခွန်တံဆိပ်တုံးကပ်၍ ရောင်းချစေခဲ့ကြောင်း အေးရှားလိုက်အရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

“အရင်တုန်းကတော့ အရက်၊ဘီယာတွေပဲ အခွန်တံဆိပ်ကပ်ရောင်းခိုင်းတာ။ ဒီနေ့မှ ရေသန့်ကိုကပ်ပြီး ရောင်းခိုင်းတယ်ဆိုတော့ နိုင်ငံခြားက တင်သွင်းတဲ့ပစ္စည်းအားလုံး အခွန်တံဆိပ်ကပ်ပြီးမှ ရောင်းရတော့မှာလားမသိဘူး”ဟု အဆိုပါတာဝန်ရှိသူကဆိုသည်။

“သောက်ရေသန့်က အရင်ကတည်းက အခွန်တံဆိပ်တုံးကပ်ခိုင်းထားတာ။ ပြင်ပက ဝင်တဲ့သောက်ရေသန့်ကို တံဆိပ်တုံး မကပ်ရင်တော့ သိမ်းမှာပဲ”ဟု ရန်ကုန်တိုင်းအခွန်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပြင်ပမှ ဝင်ရောက်လာသော ကုန်ပစ္စည်းများအတွင်း၌ အရက်၊ ဘီယာ၊ စီးကရက်၊ ဝိုင်နှင့်သောက်ရေသန့်ငါးမျိုးမှာ ၂၀၀၇ခုနှစ်ကတည်းက အခွန်တံဆိပ်တုံးများကပ်ခိုင်းထားခဲ့ကြောင်းသိရသည်။

အဆိုပါပစ္စည်းများကို အခွန်တံဆိပ်တုံးမကပ်ပါက ဈေးဝယ်စင်တာများသာမက ဟိုတယ်၊ တည်းခိုခန်း၊ စားသောက်ဆိုင် စသောနေရာများသို့ပါ လိုက်လံစစ်ဆေးသိမ်းဆည်းမှုများရှိကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.9, No.23. AUGUST 26, 2010





# ‘သိန်းတစ်ထောင်၊ ထောင့်နှစ်ရာမရှိရင် မြို့ထဲမှာနေဖို့ အိပ်မက်တောင်မမက်နဲ့’

## မန္တလေးမြို့မှ အိမ်ခြံမြေ ဈေးကွက်ကျွမ်းကျင်သူ ဦးကျော်ဝင်းနှင့် တွေ့ဆုံခြင်း

**အားမာန်**

မန္တလေးမြို့တွင် ယခုလပိုင်းအတွင်း အလှုပ်ရှားဆုံး စီးပွားရေးလုပ်ငန်းများကို ပြပါဆိုလျှင် အိမ် ခြံမြေရောင်းဝယ်ခြင်းလုပ်ငန်းများကို ပြရမည်ဖြစ်သည်။ ၂၀၀၉ ခုနှစ် နှစ်ဆန်းပိုင်းမှ ၂၀၁၀နှစ်လယ်ပိုင်းအထိ တစ်နှစ်ကျော်ကြာ အရောင်းအဝယ် အေးနေသော အိမ်ခြံမြေအရောင်းအဝယ်မှာ ဇူလိုင်လမှ စတင်၍ အရှိန်အဟုန်ဖြင့် သွက်လက်နေပြန်သည်။ မန္တလေးမြို့တော်၏ စီးပွားရေးအရ မဟာဗျူဟာကျသောနေရာတွင် တည်ရှိနေခြင်းကြောင့် ငွေကြေးတတ်နိုင်သူများက အနာဂတ်အတွက် မျှော်မှန်းကာ ခြံမြေများကို ရင်းနှီးမြှုပ်နှံနေ၍ အရောင်းအဝယ်များစွာ ဖြစ်ထွန်းနေပြီး ဈေးနှုန်းများမှာလည်း မြို့ခံတို့ မျှော်မှန်းမထားသော ဈေးနှုန်းများကို ရောက်ရှိနေပြီဖြစ်သည်။ မန္တလေးမြို့၏ လက်ရှိအိမ်ခြံမြေ အရာင်းအဝယ်ဈေးကွက်ကို စာဖတ်သူများ သုံးသပ်နိုင်ရန် အိမ် ခြံမြေအရောင်းအဝယ် ဝန်ဆောင်မှုလုပ်ငန်းကို နှစ် ၂၀ ဝန်းကျင်လုပ်ကိုင်ခဲ့၊ လုပ်ကိုင်ဆဲဖြစ်သော ဦးကျော်ဝင်းနှင့် ဩဂုတ်၁၄ရက်က တွေ့ဆုံမေးမြန်းခဲ့သည်များမှကောက်နုတ်ဖော်ပြလိုက်ပါသည်။

**မန္တလေးမှာ အိမ်၊ ခြံ၊ မြေအရောင်းအဝယ်တွေ တအားဖြစ်လာတာဘယ်လောက်ကြာပြီလဲ။**

၇ လပိုင်း(ဇူလိုင်လ)လောက်က စတယ်။ ၇လပိုင်း ဒုတိယပတ်လောက်ကစပြီး လှုပ်ရှားလာတာပေါ့။ နှစ်စဉ်ကလည်း ၇လပိုင်း၊ ၈ လပိုင်း၊ ၉လပိုင်း၊ ၁၀လပိုင်း ဒီလေးလက မြေတအားအရောင်းအဝယ်သွက်ပြီးတော့ ဈေးအမြင့်ဆုံးဖြစ်တဲ့ ကာလတွေပေါ့။

**ရန်ကုန်မှာတော့သိန်းပေါင်းချီတဲ့ အရောင်းအဝယ်တွေ ကျောက်မျက်ပြပွဲပြီးနောက်ပိုင်း တော်တော်လေးဖြစ်လာတယ်။ ဒီမှာရော. .**

ဒီမှာလည်း သိန်းတစ်သောင်းခွဲကနေ နှစ်သောင်းခွဲလောက်အထိဖြစ်တယ်။ သိန်းသောင်းချီ အရောင်းအဝယ်ဖြစ်တဲ့နေရာတွေက လမ်း ၃၀ လိုနေရာမျိုး၊ ၇၈ လမ်း၊ နောက် လမ်း ၈၀၊ ၈၄ လမ်း၊ မြို့သစ်က ၆၂ လမ်းလိုနေရာမျိုး။အဲဒါမျိုးတွေမှာဖြစ်တာ။ ဒါပေမဲ့ တစ်ခုတော့ရှိတာပေါ့။ ဘောင်တော့ခတ်ထားတယ်။ ဘောင်ခတ်ထားတယ်ဆိုတာ ဥပမာ-လမ်း ၃၀ဆိုရင် ၇၈ လမ်းကနေ ၆၂ လမ်းအထိ ဈေးကောင်းတာမျိုး။

**သိန်းသောင်းချီအရောင်းအဝယ်တွေဖြစ်တယ်ဆိုတော့ ဇူလိုင်လဒုတိယပတ်ကနေ ဩဂုတ်လဒုတိယဒုတိယပတ်ကနေ ဘယ်နှခုလောက်ဖြစ်လဲ။**

၁၀ ခုလောက်ရှိမယ်။ များတယ်။ ဒီနှစ် တော်တော်များတယ်။ ဘဏ်တွေကလည်း ဖွင့်မယ်။ ဘဏ်တွေဖွင့်ရင် ငွေတွေချေးနိုင်မယ်။ ပြီးတော့ ငွေတွေပေါလာမယ်။ အဲဒါကြောင့် မြေဈေးတွေလည်း တက်နိုင်တယ်ဆိုပြီး ပိုက်ဆံရှိတဲ့သူတွေက မြေကိုကြိုတင်ဝယ်ထားကြတာပေါ့။

**ဒီအချိန်မှာဘယ်လိုလူမျိုးတွေက သိန်းသောင်းချီမြေကွက်တွေကို လိုက်ဝယ်နေကြတာလဲ။**

များသောအားဖြင့် ကုန်သည်ပွဲစားတွေ ဝယ်တာများတယ်။ ကျောက်သမားလည်းရှိတယ်။ ထက်ဝက်လောက်စီပေါ့။ ဒီနှစ်ပိုင်းမှာတော့ ကျောက်သမားတွေက ပိုစွာနေတာ။

**အသစ်ဖွင့်တဲ့ ပုဂ္ဂလိကဘဏ်ကြီးတွေကော ဒီမှာမြေလာဝယ်တာရှိသလား။**

ဒီမှာလည်းရှိတယ်။

**လက်ရှိ မန္တလေးမှာ ဈေးအကြီးဆုံးနေရာတွေက ဘယ်နေရာဖြစ်မလဲ။**

ဈေးအကြီးဆုံးနေရာတွေကတော့ လမ်း ၈၀ နဲ့ ၇၈ လမ်း။ အဲဒီမှာတောင် ၂၆ နဲ့ ၃၅ လမ်းအတွင်းပေါ့။ အခုဆိုရင်တော့ ၇၈ လမ်းက ၄၂ လမ်းလောက်အထိ စွာသွားပြီ။ ဘာကြောင့်စွာလဲဆိုတော့ အစိုးရမြေနေရာတွေပေါပြီးတော့ ပုဂ္ဂလိကက ၃၅ရဲ့ ဟိုဘက်မှာရှိတာကိုး။ ၇၈ လမ်းက ဘာကြောင့်ထပ်စွာလဲဆိုတော့ ၇၈ ဈေးဝယ်စင်တာကြောင့်လည်း ပါတယ်။ နောင် ဒိုင်းမွန်းပလာဇာတို့ပေါ်လာရင် ၇၈ လမ်းက လမ်း ၈၀ ထက်စွာသွားမယ်။ လမ်း ၈၀ မှာက ရွှေဆိုင်တွေရယ်၊ ဘဏ်တွေရယ်ပဲရှိတာ။ ၇၈ မှာကျတော့ ၇၈ ဈေးဝယ်စင်တာလည်းရှိတယ်။ ရတနာပုံဈေးလည်းရှိတယ်။ ရန်ကုန်-မန္တလေးလမ်းမကြီးရဲ့ အဓိကလမ်းမလည်းဖြစ်တယ်။ အဲဒါကြောင့် တော့ပ်ဝမ်း(နံပါတ်တစ်လမ်းမ)တောင်ဖြစ်နိုင်တယ်။ နောင်သုံးနှစ်ဆိုရင် လမ်း ၈၀ ထက်စွာသွားမယ်ထင်တယ်။ ၈၄ လမ်းကလည်း ထားခဲ့လို့မရဘူး။ မန္တလေးမြို့ရဲ့ မူလမိန်းလမ်းမကြီးဖြစ်နေတာနဲ့ ဈေးချိုရှိနေတာကိုး။ အခုနောက်ဆုံး တက်လာတာကတော့ လမ်း ၃၀၊ ၃၅ လမ်းနဲ့ ၆၂ လမ်းတို့ပေါ့။

**ဒီနှစ်ပိုင်းအတွင်းမှာ ဈေးသိသိသာသာ ပြောင်းသွားတဲ့နေရာရှိရင်ပြောပြပါလား။**

၃၅ လမ်းလို့ပြောရတယ်။ ကျွန်တော်တို့ မန္တလေးကို ၁၉၇၆ ခုနှစ်မှာရောက်တာ။ ဟိုတုန်းက ၃၅ လမ်းဆိုတာ အရက်စော်နံနေတာပဲ။ အနူတွေလာတဲ့နေရာပေါ့။ အခု ၃၅ လမ်းက ဈေးအကြီးဆုံးနေရာထဲပါသွားပြီ။

**မန္တလေးမြို့က စီးပွားရေးသမားတွေကပြောကြတယ်။ အိမ်၊ ခြံ၊ မြေမှာ ရင်းနှီးမြှုပ်နှံရင် ရှုံးတယ်ဆိုတာမရှိဘူး။ အမြတ်အနည်း၊ အများပဲရှိတယ်ဆိုတာဟုတ်လား။**

ဟုတ်တယ် ရှုံးတယ်ဆိုတာမရှိဘူး။ ကျွန်တော်တို့ မန္တလေးမှာ။ နောက် Upper Myanmar (မြန်မာနိုင်ငံ အထက်ပိုင်း)ရဲ့မြို့တော်လိုဖြစ်နေတယ်။ ၂၀၁၅ မှာဆိုရင် AFTA စတော့မယ်။ AFTA စရင်လည်း မန္တလေးက အရေးပါတယ်။ အဲဒါကြောင့် စီးပွားရေးလုပ်ငန်းရှင်တွေက မန္တလေးကို စိတ်ဝင်စားကြတယ်။

**မြို့ခံတွေတော်တော်များများက အိမ်၊ ခြံ၊ မြေဈေးကောင်းတော့ မြို့ထဲကအိမ်တွေကိုရောင်းပြီး မြို့သစ်ကိုပြောင်းသွားကြတယ်လို့ကြားတယ်။အဲဒါ ဟုတ်လား။**

မှန်တယ်။ မြို့ထဲမှာ တချို့ကလည်း အမွေဆိုင်အိမ်တွေရှိကြတယ်။ မြို့ထဲကဈေးတွေက တအားတက်လာတယ်။ ဥပမာ-ဈေးတက်လာရင် ဒီမှာ ကျပ်သိန်းခုနစ်ထောင်နဲ့ ရောင်းပြီး၊ ဟိုမှာကျတော့ ပေ ၉၀ × ပေ ၁၅၀ ဆိုရင် ကျပ်သိန်းနှစ်ထောင်ကျော်နဲ့ဝယ်ရတယ်။ ဒါဆိုရောင်းရတဲ့ငွေက ပိုသေးတာပေါ့။ အဲဒီတော့ တစ်ဖက်မှာလည်း အရင်းအနှီးလုပ်မယ်။ တစ်ဖက်မှာလည်း နေရတာအဆင်ပြေတော့ မြို့သစ်ကို ပိုပြီးစိတ်ဝင်စားတယ်ပေါ့။

> **“အရင်တုန်းက လုပ်ငန်းရှင်တွေက မြေဆိုပြီးပြီးရော ဝယ်တယ်။ အခုတော့ ဒီလိုမဟုတ်တော့ဘူး။ သတင်းအချက်အလက်ကို အရင်နားထောင်တယ်”**

**မြို့သစ်ရဲ့ဖွံ့ဖြိုးလာမှုပုံစံကိုလည်း အကျဉ်းချုပ်ပြောပေးပါဦး။**

မြို့သစ်က ဖွံ့ဖြိုးလာတာက မြို့ထဲနဲ့တော့မတူဘူးပေါ့။ မြို့သစ်မှာကျတော့ မီးရေး၊ ထင်းရေး စိတ်ချရတယ်။ အရေးရယ် အကြောင်းရယ်ဆို ဥပမာ-ကျွန်တော်တို့ရုံးကိုပဲကြည့်လိုက်၊ ဟိုဘက်မှာ ဝန်း၊ ဒီဘက်မှာလည်း ဝန်း။ အဲဒီ့ဝန်းတွေမီးလောင်ရင် ဒီအိမ်ပါသွားမှာသေချာတယ်။ မြို့သစ်မှာကျတော့ တစ်အိမ်၊ နှစ်အိမ်လောင်ပြီးရင်တောင် ကြားလမ်းတွေရှိတဲ့အတွက် မီးသတ်ကားဝင်လို့ရတယ်။ ပြီးတော့ လူနေမှုအဆင့်အတန်းလည်းညီတယ်။

**မြို့ထဲမှာနေတဲ့မြို့ခံတွေထဲက မြေရောင်းပြီးမြို့သစ်ကိုပြောင်းသွားတဲ့လူဘယ်လောက်တောင်များပြီလဲ။**

တစ်ရာမှာ နှစ်ဆယ်ရာခိုင်နှုန်းလောက်ပါ။ တချို့ကျတော့လည်း အရင်းအနှီးလိုတယ်။ အမွေခွဲလိုတဲ့လူတွေ ရောင်းကြတာပေါ့။ များသောအားဖြင့်တော့ ရှိကြပါသေးတယ်။ မြို့သစ်မှာက ကက၊ ခခ၊ ဂဂ တို့မှာနေမယ်ဆိုရင် ညီအစ်ကိုမောင်နှမတွေအဆင်ပြေတယ်။ တစ်ယောက် တစ်လုံးစီနေလို့ရမယ်။ ကျယ်ကျယ်ဝန်းဝန်းလည်း နေရမယ်ဆိုတော့ အဲဒီကိုပြောင်းကုန်ကြတာပေါ့။

**ဒီနောက်ပိုင်း မန္တလေးမြို့က အရှေ့တောင်နဲ့ တောင်ဘက်ကိုပဲ ချဲ့လာတယ်ဆိုတာ ဟုတ်လား။**

ပုံစံပြောင်းလာတယ်။ ဟုတ်တယ်။ အရှေ့တောင်ထောင့်ကိုပဲ ဦးတည်လာတာပေါ့။ အရှေ့တောင်ထောင့် ဦးတည်လာတယ်ဆိုတာက မြို့သစ်ချဲ့တာလည်း အရှေ့တောင်ထောင့်၊ စီးပွားရေးလုပ်ငန်းတွေကလည်း အရှေ့တောင်ထောင့်ဘက်မှာ ရှိတာကိုး။ ဥပမာစက်မှုလုပ်ငန်းကြီးတစ်ခုလုံးက အဲဒီဘက်မှာရှိနေတယ်မဟုတ်ဘူးလား။ အဲဒီတော့ မြို့ထဲက လုပ်ငန်းရှင်အားလုံး၊ စက်ရုံ လုပ်ငန်းရှင်အားလုံးကလည်း အရှေ့တောင်ထောင့်မှာပဲ အာရုံ စိုက်ကြတယ်ပေါ့။ အကုန်လုံးလိုပေါ့။

**မန္တလေးမြို့မှာ မြေဈေးတွေကောင်းခဲ့တဲ့ကာလတွေအကြောင်း အကျဉ်းချုပ်ပြောပေးပါလား။**

၉၇-၉၈ မှာ မြေဈေးတွေ တအားတက်သွားတယ်။ အဲဒီ့ကနေ ၉၉-၂၀၀၀ မှာ ငြိမ်သွားတယ်။ အာရှစီးပွားရေးပျက်ကပ်ကြောင့်ပေါ့။ အဲဒီကနေ ၂၀၀၁ လောက်က စပြီး တဖြည်းဖြည်းတက်လာတာ။ ၂၀၀၈ နှစ်ကုန်လောက်အထိပဲ။ ကမ္ဘာ့စီးပွားရေးပျက်ကပ်ကြောင့် ၂၀၀၉ နှစ်ဆန်းကနေ ၂၀၁၀ နှစ်ဦးလောက်ထိပေါ့။ ဇူလိုင်လနောက်ပိုင်းကတော့ ပြန်တက်လာတယ်။ ဘဏ်တွေလည်း ဖွင့်လာတယ်။ ရွှေ့လာမယ့်အလားအလာကိုကြည့်ပြီးတော့ စီးပွားရေးလုပ်ငန်းရှင်တွေ ရင်းနှီးမြှုပ်နှံကြတော့ မြေဈေးတွေတအားတက်လာတာပေါ့။

**မြေဈေးတွေ တက်တာက တစ်ပြေးညီလား။ ဒါမှမဟုတ် ကွက်ကြားလား။**

တစ်ပြေးညီ မတက်ဘူး။ ကွက်ကြားတက်တာ။ ဥပမာ ၆၂ လမ်းမကြီးကို စံထားပေါက်လိုက်တယ်။ ၂၀၀၇ခုနှစ်က သိန်း ၅၀၀ လောက်ပဲရှိတယ်။ အခု ၂၀၁၀ မှာ ၂၅၀၀-၂၈၀၀ လောက်အထိ ဖြစ်သွားတယ်။ တော်တော်လေးကို ခုန်သွားတယ်။ စက်မှုကွက်တွေလည်း အဲဒီအတိုင်းပဲ။

၂၀၀၈တုန်းက ၂၅၀ပဲရှိတယ်။ အခု ၈၀၀ ဖြစ်နေပြီ။ ဥပမာ-အရင်တုန်းက ၆၂ လမ်းအထိ သိပ္ပံလမ်းခင်းထားတယ်။ ၆၂ လမ်းနဲ့ ၇၁ လမ်းကြားလောက်က သိပ္ပံလမ်းကိုပဲ မက်ကြတာ။ အခု သိပ္ပံလမ်းကို တိုးချဲ့လိုက်တော့ ထပ်တိုးချဲ့တဲ့လမ်းဘက်က မြေကွက်တွေမှန်သမျှ အကုန်တက်ကုန်တယ်။ အဲဒီတော့ အစိုးရရဲ့ ဖွံ့ဖြိုးမှုလုပ်ဆောင်မှုပေါ် မူတည်ပြီး မြေတွေက ကွက်ကြားဈေးတက်တာ။ ကွက်ကြားဈေးတက်တယ်ဆိုတာ မြို့တော်စည်ပင်က ဈေးဆောက်ပေးမယ်လို့ သတင်းထွက်တဲ့နေရာ၊ တကယ်လည်း ဈေးဆောက်ပေးတော့ အရင်တုန်းက သိန်းနှစ်ရာလောက်ရှိတဲ့မြေကွက်က ချက်ချင်းသိန်းသုံးရာဖြစ်သွားတယ်။ ပြင်ဦးလွင်လမ်းဖောက်မယ်ကြားတော့ မနော်ဟရီဘက်က ဈေးထိုးတက်သွားတယ်။ ဒီနေရာမှာလုပ်ငန်းရှင်တွေရဲ့ မြေဝယ်တဲ့ပုံစံတွေ ပြောင်းသွားတယ်။

**ဘယ်လိုပုံစံပြောင်းသွားတာလဲ။**

အရင်တုန်းက လုပ်ငန်းရှင်တွေက မြေဆို ပြီးပြီးရောဝယ်တယ်။ အခုတော့ ဒီလိုမဟုတ်တော့ဘူး။ သတင်းအချက်အလက်ကို အရင်နားထောင်တယ်။ နားထောင်ပြီးတော့မှ ရင်းနှီးမြှုပ်နှံကြတယ်။ အဲဒီလိုပုံစံပြောင်းသွားတာ ၂၀၀၄-၀၅လောက်ကစပြီးတော့ပဲ။ ဘာဖြစ်လို့လဲဆိုတော့ ၉၈-၉၉ တုန်းက လုပ်ငန်းရှင်တွေ တော်တော်ရှုံးတယ်။ဆယ်သိန်းတန်ကတစ်သိန်းတန်လောက်ဖြစ်သွားတာကိုး။

**လက်ရှိမန္တလေးမြို့ရဲ့မြေဈေးတွေ တအားကောင်းတော့ လူလတ်တန်းစားတွေအနေနဲ့ မြို့လယ်ထဲမှာ မြို့ကွက်ပိုင်ဖို့မလွယ်တော့ဘူးပေါ့။**

လူလတ်တန်းစားမျိုးအနေနဲ့တော့ မြေကွက်ပိုင်ဖို့မလွယ်ဘူး။ တစ်ခုတော့ရှိတယ်။ ဥပမာ-သိန်းငါးရာ၊ ခြောက်ရာတတ်နိုင်တဲ့သူတွေက ထန်းကိုးပင်ဘက်ကို မက်ကြတယ်။ နောက်တစ်ခါ ရဲဝင်းတောင်ထဲမှာလည်း ရသေးတယ်။ ၂၆ လမ်း ဘီကနေ ၃၅ လမ်းမှာရှိတဲ့ရပ်ကွက်ပေါ့။ အဲဒီမှာလည်း သိန်းထောင့်ငါးရာ၊ နှစ်ထောင်ရင်းနိုင်မှ မြေကွက်ရမယ်။

**ဒါဆိုမန္တလေးမှာမြေဈေးအသက်သာဆုံးနေရာကဘယ်နေရာလဲ။**

ဈေးအသက်သာဆုံးကတော့ ရတနာပုံမြို့သစ်ပေါ့။ ကြားကွက်ဆိုရင် ပေ ၄၀× ပေ ၆၀ ဆိုရင် သိန်းခုနစ်ဆယ်ဆိုရင်ဝယ်လို့ရတယ်။ အဲဒါပဲရှိတယ်။

**မြို့ထဲမှာရော ဈေးအသက်သာဆုံးမြေက ဘယ်ဈေးရှိမလဲ။**

မြို့ထဲမှာကတော့ ကြားကွက်ဆိုရင်တော့သိန်းတစ်ထောင်၊ ထောင့်နှစ်ရာလောက်ရှိတယ်။

**ဒါဆို သိန်းတစ်ထောင်၊ တစ်ထောင့်နှစ်ရာမရှိရင်မြို့ထဲမှာနေဖို့ အိပ်မက်မက်လို့မရဘူးပေါ့။**

ဟုတ်တယ်။ သိန်းတစ်ထောင်၊ တစ်ထောင့်နှစ်ရာမရှိရင် မြို့ထဲမှာနေဖို့ အိပ်မက်တောင်မမက်နဲ့။

***-အခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။***

7DAY NEWS JOURNAL
Vol.9, No.23. AUGUST 26, 2010

# စောင့်ကြည့်ရမယ့် မန္တလေး

အားမာန်ရေးသား၍ စိုင်းသာအောင် ပုံပိုးသည်

(၁)

မီးရောင်ခပ်မှိန်မှိန်သာ ထွန်းထားသောအခန်းကျယ်အတွင်းသို့ လေအေးပေးစက်မှထွက်လာသော လေအေးအေးလေးပျံ့နှံ့နေသည်။ အခန်းထဲမှ စားပွဲဝိုင်းအများတွင် သူ့အစုနှင့်သူထိုင်နေသူတို့ ရှိနေသော်လည်း ထူးထူးခြားခြား တိတ်ဆိတ်နေ၏။ ထိုင်နေသူများမှာ လူကြီးပိုင်း၊ လူလတ်ပိုင်းနှင့် လူငယ်ပိုင်းအရွယ်တို့ဖြစ်သည်။ ကော်ဖီသောက်၍ မုန့်စားရင်း အလုပ်ကိစ္စပြောနေသော စားပွဲများရှိသလို၊ ချစ်သူရည်းစားစုံတွဲများ၊ သူငယ်ချင်းများ တွေ့ဆုံ စကားပြောနေသောစားပွဲဝိုင်းများလည်း တွေ့ရသည်။ မန္တလေးမြို့ ကျုံးဘေးတွင် ဖွင့်လှစ်ထားသော ဗီကဖီးအမည်ရှိ ကော်ဖီဆိုင်၏ ဩဂုတ်လ ၁၂ရက် ညနေပိုင်းမြင်ကွင်းဖြစ်သည်။

"မိတ်ဆွေ၊ သူငယ်ချင်းတွေ အေးအေးလူလူထိုင်လို့ရအောင် ဖွင့်ထားတာမကြာသေးဘူး"ဟု ဗီကော်ဖီဆိုင်ပိုင်ရှင်ဦးကျော်ဝင်းကပြောသည်။ သုံးလကျော်သာ ဆိုင်သက်တမ်းရှိသေးသော သူ့ဆိုင်မှာ ယခုဝင်ငွေ၊ ထွက်ငွေမျှပြီး ကောင်းစွာလည်ပတ်သွားနိုင်နေပေပြီ။

မန္တလေးမြို့ရှိ နေရာအနှံ့၌ ဖွင့်လှစ်ထားသော အဆင့်မြင့် ကော်ဖီဆိုင်အများစုမှာ အထက်ပါဆိုင်ကဲ့သို့ သူ့ဧည့်သည်နှင့်သူ လူပြတ်သည်မရှိ။ အဆင့်မြင့်ကော်ဖီနှင့် စားသောက်ဆိုင်များတွင် ထိုင်နိုင်သူတိုးလာခြင်းကြောင့်ပင် တစ်ကြိမ်ထိုင်လျှင် ငွေထောင်သောင်းချီအသုံးပြုရသောကော်ဖီဆိုင်များ ယခုနောက်ပိုင်း များလာခြင်းဖြစ်၏။ မန္တလေးတွင် ယခုအခါ အဆင့်မြင့်ကော်ဖီဆိုင် ၁၅ဆိုင်ဝန်းကျင်ရှိလာပြီး၊ အများစုမှာ ယခုနောက်ပိုင်းနှစ်များတွင်မှ ပေါ်ပေါက်လာခြင်းဖြစ်သည်။

(၂)

အိမ်စီးကားတစ်စီး ဟိုတယ်ရှေ့ထိုးရပ်လာသည်။ ကားအတွင်းမှ အမျိုးသားတစ်ဦးဆင်းလာ၍ ဟိုတယ်ဧည့်ကြိုကောင်တာသို့ အခန်းလွတ် ရှိမရှိနှင့် ဈေးနှုန်း တို့ကိုစုံစမ်းသည်။ အခန်းလွတ်တစ်ခန်းသာရှိသောအခန်းကိုယူလိုက်ပြီးနောက် ကားပေါ်မှ အထုပ်များကို ဟိုတယ်ထဲသို့ ဧည့်ကြိုအမျိုးသားဝန်ထမ်းများက သယ်ပေးကြသည်။ အမျိုးသား၏ဇနီးလည်း ဟိုတယ်ဧည့်ခန်းသို့ရောက်လာသည်။ တစ်ခန်းတည်းသာကျန်သော နှစ်ယောက်ခန်းကို တည်းခိုနိုင်ရန် အသားနီစပ်စပ်နှင့်စကားမပီသော ထိုစုံတွဲ မိနစ် ၂၀ ဝန်းကျင်ခန့်ထိုင်စောင့်ရသည်။ ရှေ့မှ ဧည့်သည်များထွက်ပြီးစဖြစ်၍ ဝန်ထမ်းများ အခန်းသန့်ရှင်းရေးလုပ်နေ၍ဖြစ်၏။ ဩဂုတ် ၁၄ရက် ညနေပိုင်းက မန္တလေးမြို့ အဆင့်မြင့်ဟိုတယ်တစ်လုံး၏မြင်ကွင်းပင်။

အဆင့်မြင့်ဟိုတယ်၆၀ကျော်ရှိသော မန္တလေးဟိုတယ်များသို့ ဧည့်သည်ဝင်ရောက်မှု အနည်း၊ အများခန့်မှန်းနိုင်ရန် နမူနာတစ်ခုဖြစ်သည်။ ယခုနှစ်ပိုင်းတွင် ဟိုတယ်သို့ နေ့စဉ် ဧည့်ဝင်ရောက်မှုမှာ အခန်းအားလုံး၏ ၇၅ရာခိုင်နှုန်းဝန်းကျင်ပုံမှန်ရှိကြောင်း ဟိုတယ်မန္တလေးမှဝန်ထမ်းများကပြောသည်။ ငွေငန်းဖြူဟိုတယ်မှ ဝန်ထမ်းအချို့ကလည်း ပြီးခဲ့သည့် ဇူလိုင်လတို့တွင်သာလူအဝင်နည်းခဲ့၍ ကျန်ကာလများတွင် ဧည့်ဝင်ရောက်မှုများကြောင်းပြောသည်။ သို့သော် ယခုဩဂုတ်လဆန်းမှစ၍ ထူးထူးခြားခြားဧည့်သည်များလာသည်။ သောင်းချီ၍ အခန်းခပေးရသော ဟိုတယ်အများစုတွင် တည်းခိုသူများမှာ နိုင်ငံစုံမှ နိုင်ငံခြားသားများပါဝင်သော်လည်း ဒေသအနှံ့မှလာသော ပြည်တွင်းဧည့်သည်နှင့် တရုတ်လူမျိုးများက အများဆုံးဖြစ်နေသည်။

(၃)

မန္တလေးသို့ သုံးနှစ်၊ လေးနှစ်အတွင်း မရောက်ဖြစ်ဘဲ ယနေ့မှ ရောက်သွားမည်ဆိုပါက မြို့၏ ပြောင်းလဲမှုများက သင့်ကို အံ့ဩစေပါလိမ့်မည်။ မန္တလေးမြို့လယ်၊ အထူးသဖြင့်၇၈လမ်း၏အဆောက်အအုံနှင့် ဈေးဝယ်စင်တာသစ်များနှင့် ၆၂လမ်းတို့က မန္တလေးမြို့၏ပြောင်းလဲမှုကိုပြောပြ ပါလိမ့်မည်။




ယခင်က မန္တလေးမြို့၏ အစည်ကားဆုံးဖြစ်ခဲ့သော လမ်း၈၀ကို ဩဂုတ်ဒုတိယပတ်ကတွေ့ရစဉ်။
ဓာတ်ပုံ-အားမာန်

ဟုတ်ပါသည်။သက်ဦးဆံပိုင်ဘုရင်စနစ်ချုပ်ငြိမ်းရာ နန်းမြို့တော်ဟောင်း၏ပြောင်းလဲ သွားသောလမ်းမများနှင့် အဆောက်အအုံများက မန်းမြို့တော်အနေအထားကိုလှစ်ပြနေသည်။ နေပြည်တော်မှအပ မြန်မာနိုင်ငံရှိ မည်သည့်မြို့မှမန္တလေးမြို့လောက် ယခုနှစ်ပိုင်းအတွင်း ရုပ်ဝတ္ထုဖွံ့ဖြိုးသောမြို့မရှိဟုဆိုရမည်။ သို့သော် နေပြည်တော်ရှိ အဆောက်အအုံသစ်များမှာ အစိုးရက အကောင်အထည်ဖော်သောစီမံကိန်းအများစုဖြစ်၍ မန္တလေးမြို့က ထိုသို့မဟုတ်။ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏စီမံကိန်းများက ပိုများ၍ဖြစ်သည်။

♦ ♦

မန္တလေးမြို့မှ စီးပွားရေးလုပ်ငန်းမျိုးစုံမှ လုပ်ငန်းရှင်များက မြို့၏စီးပွားရေး၊ လူမှုရေးမှာ နောက်ဆုံး လေး၊ငါးနှစ်အတွင်း သိသိသာသာဖွံ့ဖြိုးလာသည်ဟု တူညီစွာပြောကြသည်။

"စလိုးမိုးရှင်းလို ပြောင်းသွားတာ။ စောင့်ကြည့်သူတွေမြင်နိုင်တယ်"ဟု သစ္စာစေတနာဆောက်လုပ်ရေးပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင်ဦးကျော်ဝင်းက မန္တလေးမြို့ဖွံ့ဖြိုးလာပုံကို ဥပမာပေးသည်။

"မန္တလေးမှာတော့ ဒီနောက်ပိုင်း လုပ်ငန်းအားလုံးလိုလို အလုပ်ကောင်းတယ်။ Beauty Saloon (အလှပြင်ဆိုင်)တွေ (မှတ်ချက်- အလှအပကိုသာ သီးသန့်ပြုပြင်ပေးသောဆိုင်များ) လည်း ပိုများလာတယ်။ ဒီငါးနှစ်အတွင်းတော်တော်များလာတယ်။ လူတွေ ဝင်ငွေကောင်းလာကြတာလည်းပါတယ်။ အရင်အနှီးသိပ်မများဘဲ လုပ်ငန်းထောင်လို့ရတာလည်းပါမယ်။ ဆိုင်တွေ များလာပေမယ့် ဆိုင်တိုင်းလိုလို အလုပ်ကောင်းကြပါတယ်"ဟု ဂျေဂျေဖြူးတီးစလွန်းပိုင်ရှင်မမြင့်မြင့်ဝေကလည်း မြို့၏ စီးပွားရေးလုပ်ငန်းများအခြေအနေကို အကျဉ်းချုပ်ပြောသည်။

"မန္တလေးမှာ အလုပ်မရွေးဘူးဆိုရင် အလုပ်ပေါတယ်။ ရန်ကုန်လိုမဟုတ်ဘူး"ဟု မန်းတွင် အလုပ်ပေါကြောင်းဂုဏ်ယူစွာပြောနေသူက ဆိုင်ကယ်ကယ်ရီသမားတစ်ဦးပင်။

နည်းပညာကုမ္ပဏီတစ်ခုဖြစ်သော ALPHA ကုမ္ပဏီမှအုပ်ချုပ်မှုဒါရိုက်တာဖြစ်ပြီး မန္တလေးဇာတိဖြစ်သော ဦးရဲမြတ်သူကလည်း မန္တလေးမြို့၏ ကာလတိုအတွင်းပြောင်းလဲသွားမှုကိုအောက်ပါအတိုင်းပြောသည်။

"မန္တလေးမှာ သိသိသာသာကောင်းသွားတာက လမ်းတွေပေါ့။ နောက် မြို့သစ်ဘက်ကို သွားကြည့်စမ်းပါ။ အဲဒီမှာ ညပိုင်းတွေဆိုရင် လူတွေစည်ကားနေတာပွဲတော်ကြီးလိုပဲ။ မြို့ထဲမှာတောင် ဒီနောက်ပိုင်းအဲဒီလောက်မစည်ဘူး။ မြို့သစ်ဘက်မှာ တအားစည်နေတာ။

မန္တလေးမြို့ကလည်း ဒီနောက်ပိုင်း တောင်ဘက်၊ အရှေ့တောင်ဘက်ကို ကျယ်လာတယ်။ တကယ်တမ်းကျယ်သွားတာ တောင်ဘက်ကို။ အရင် ဧရိယာထက်ပိုကျယ်တယ်။ ထူးဆန်းတာက မြောက်ဘက်ကို လုံးဝ တက်မသွားဘူး"ဟု ဦးရဲမြတ်သူက နောက်ဆုံးပေါ် ipad ဖြင့် Google Earth (ကောင်းကင်မြေပုံ) အသုံးပြု၍ မန္တလေးမြို့ကို ဂျီပီအက်စ်မှကြည့်ကာ ပြောပြသည်။



ကုန်ထမ်းစရာမရှိ၍ အသိမိတ်ဆွေ၏ဆိုင်ကယ်ကို ဖုန်သုတ်ပေးနေသော ဦးမောင်မြင့်။ ဓာတ်ပုံ-အား

ဟုတ်ပါသည်။စီးပွားရေးလုပ်ငန်းများ ပိုမိုများပြားလာကာ ကြီးထွားလာခြင်း၊ မြေကွက်နှင့် အဆောက်အအုံတန်ဖိုးများ ထိုးတက်သွားခြင်း၊ မြို့၏ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာကာ ခေတ်မီဈေးဝယ်စင်တာများတိုးလာခြင်း၊ ရန်ကုန်ရှိ စီးပွားရေးလုပ်ငန်းကြီး အားလုံးနီးပါး လုပ်ငန်းခွဲ၊ ရုံးခွဲများထားရှိလာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုများပြားလာခြင်း၊ တရုတ်နှင့်အိန္ဒိယနိုင်ငံများသို့ နယ်စပ်ကုန်သွယ်ရေး ပြုလုပ်ရာတွင် မန္တလေးက ပို၍အရေးပါ




ဈေးချိုနာရီစင်ကို ဩဂုတ်လ ၁၅ရက်ကတွေ့ရစဉ်။
ဓာတ်ပုံ-အားမာန်

7 DAY NEWS JOURNAL
Vol.9, No.23. AUGUST 26, 2010



...ဟ်တုမှတွေ့မြင်ရသော မန္တလေးမြို့၏
...ာင်းကင်ဓာတ်ပုံ။
...ဓိရောင်ဖြင့်ဝိုင်းပြထားသော နေရာများမှာ
...သစ်ထပ်မံချဲ့လာသော မြို့သစ်ဖြစ်သည်။


...မာန်


တရုတ်အစားအစာနှင့်ရှမ်းအစားအစာများရသော ညဈေးတန်းကို ဩဂုတ်၁၃ရက်ကတွေ့ရစဉ်။ ဓာတ်ပုံ-အားမာန်


မြို့သစ်တွင်နေထိုင်သော လူငယ်များ မြို့တွင်းသို့လုပ်ငန်းခွင်ဝင်ရန် စက်ဘီးစီး၍လာနေစဉ်။ ဓာတ်ပုံ-အားမာန်

လာခြင်းများကြောင့် မြို့၏ရုပ်ဝတ္ထုဖွံ့ဖြိုးတိုးတက်လာမှုကို လူတိုင်းသတိပြုမိနိုင်သည်။ ထိုသို့ မန်းမြို့၏စီးပွားရေးလုပ်ငန်းများနှင့် ရုပ်ဝတ္ထုအရှိန်အဟုန်နှင့်ဖွံ့ဖြိုးလာမှုများကြောင့် မြို့လူဦးရေတစ်သန်းကျော်ရှိသော မန်းမြို့က လူဦးရေငါးသန်းကျော်ရှိသည့် မြို့တော်ရန်ကုန်၏ စီးပွားရေးအင်အားကို မကြာမီ လိုက်မီ၍ နောင်တွင်ကျော်တက် သွားလိမ့်မည်ဟုပင် ဒေသခံစီးပွားရေးလုပ်ငန်းရှင်ကြီးများက မျှော်လင့်နေကြသည်။

သို့သော် မြို့၏ရုပ်ဝတ္ထုများဖွံ့ဖြိုးတိုးတက်မှုများမှာ ပုံစံတကျဖွံ့ဖြိုးမှုမျိုးတော့ မဟုတ်ကြောင်း မြို့ခံစီးပွားရေးလုပ်ငန်းရှင်အချို့ကပြောသည်။

စိတ်ဝင်စားဖို့ကောင်းသည်က ထိုသို့ဖွံ့ဖြိုးလာရခြင်း၏အကြောင်းရင်းများဖြစ်သည်။

“မန္တလေးက ဒီနှစ်ထဲမှာ ပိုဖွံ့ဖြိုးလာတယ်။ မြေကွက်ဈေးတွေဆို ဘယ်လိုမှ လိုက်မမီဘူး။ မထင်တဲ့။ မမှန်းထားတဲ့ဈေးတွေဖြစ်နေတာ။ နောက် Chidia လို့ခေါ်တဲ့ ကမ္ဘာ့စီးပွားရေးအင်အားကြီး တရုတ်နဲ့ အိန္ဒိယနဲ့ မြန်မာကနီးတယ်။ မန္တလေးက ဒီနှစ်နိုင်ငံနဲ့ နယ်စပ်ကုန်သွယ်မှုလုပ်မယ်ဆိုရင် Main (အဓိက)ဖြစ်နေတော့ ရင်းနှီးမြှုပ်နှံကြတယ်။ ရင်းနှီးမြှုပ်နှံမယ့်သူတွေအတွက်ကျတော့လည်း မန္တလေးက ပိုဖွံ့ဖြိုးလာဦးမယ်မှန်းပြီး ပိုရင်းနှီးမြှုပ်နှံကြလို့။ နောက်နေပြည်တော်နဲ့ နီးတာလည်းပါမယ်”ဟု စိန်နှင့်မြမွေ့ရာပရိဘောဂလုပ်ငန်းပိုင်ရှင်နှင့် မန္တလေးတိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးကျော်မင်းကပြောသည်။

မန္တလေးမြို့တွင် အလှုပ်ရှားဆုံးစီးပွားရေးလုပ်ငန်းဖြစ်သော အိမ်ခြံမြေရောင်းဝယ်ရေးများကို ဝန်ဆောင်မှုပေးနေသည့်လုပ်ငန်းတစ်ခု၏ပိုင်ရှင်ဖြစ်သောဦးကျော်ဝင်းက မြေကွက်ဈေးများကောင်းလာမှုမှာ ကျောက်သူဌေးများ မြေကိုဈေးကောင်းပေးဝယ်ယူမှုမှာ အဓိကအချက်တစ်ချက်ဟုပြောသည်။

“မန္တလေးကို လားရှိုးကလာမယ်။ မိုးကုတ်ကလာမယ်။ ဖားကန့်ကလာမယ်။ များသောအားဖြင့် တောင်ပေါ်က လုပ်ငန်းရှင်တွေအားလုံး၊ ကျောက်သမားတွေအားလုံး စုတဲ့နေရာပဲ။ ဥပမာ-နီ၊ စိမ်း၊ ပြာတွေ(ပတ္တမြား၊ ကျောက်စိမ်း၊ နီလာစသော ကျောက်သူဌေးများကိုဆိုလိုသည်) အားလုံးဟာ ဒီမှာ စုတဲ့နေရာပဲ”အိမ်၊ ခြံ၊ မြေရောင်းဝယ်ခြင်းဝန်ဆောင်မှုကို နှစ် ၂၀ ဝန်းကျင်လုပ်ကိုင်လာသောဦးကျော်ဝင်းကပြောသည်။

အထက်ပါအချက်အချို့မှာ မန်းမြို့ရုပ်ဝတ္ထုဖွံ့ဖြိုးလာမှု၏အကြောင်းအချက်အချို့ဖြစ်သော်လည်းအဓိကအချက်တော့မဟုတ်ပေ။ ယူနန်နွယ်ဖွား ငွေကြေးတတ်နိုင်သူများက ပုံစံမျိုးစုံဖြင့် ရင်းနှီးမြှုပ်နှံလာခြင်းကသာ အဓိကဖြစ်သည်။

“မန္တလေးက ရှေးကတည်းကတော့ ဖြည်းဖြည်းမှန်မှန်ပဲ တိုးတက်တာ။ အခုလို တစ်ဟုန်ထိုးထိုးတက်လာတာကတော့ တရုတ်တွေ နယ်စပ်က ဝင်လာပြီး ရင်းနှီးမြှုပ်နှံကြလို့ပဲ”ဟု မန္တလေးမြို့ကုန်သည်ပွဲစားစက်ပိုင်များ၊ မဟာကထိန်တော်ကြီးအသင်း ဒုတိယဥက္ကဋ္ဌဦးကိုကိုကြီးကလည်းပြောသည်။

“မန္တလေးက Asian Highway (အာရှအဝေးပြေးလမ်းမ)မှာ အရှေ့ဘက် လားရှိုးမြို့ကတစ်ဆင့် တရုတ်ပြည်ထဲ တန်းရောက်တယ်။ ဒါကြောင့်လည်း မန္တလေးမှာ တရုတ်တွေရဲ့လွှမ်းမိုးမှုကို ပိုတွေ့မြင်ရပြန်တယ်။ လူမျိုးစုံကိုလည်း တွေ့မြင်ရပြန်တယ်”ဟု Living Color မဂ္ဂဇင်းတွင်ဖော်ပြထားသော ပါမောက္ခဒေါက်တာအောင်ထွန်းသက်၏ မန်းတောင်ရိပ်ခိုဆောင်းပါးတွင် ရေးသားထားသည်။

ကမ္ဘာ့စီးပွားရေးဒုတိယအင်အားကြီးနိုင်ငံမှလာသော လုပ်ငန်းရှင်များက မြို့၏ အချက်အချာကျသော အိမ်၊ ခြံ၊ မြေ ရင်းနှီးမြှုပ်နှံခြင်း၊ ဟိုတယ်လုပ်ငန်း၊ ပုဂ္ဂလိကဆေးခန်း၊ စားသောက်ဆိုင်လုပ်ငန်းမှစကာ အဝတ်အထည်ဖက်ရှင်နှင့် အလှပြင်လုပ်ငန်းများအထိ ရင်းနှီးမြှုပ်နှံ ဖြန့်ကြက်လုပ်ကိုင်နေသည်ကိုလည်းတွေ့ရသည်။

ထိုအခြေပေါ်တွင် မြို့ခံစီးပွားရေးသမားများ၏ရှုမြင်ပုံချင်း မတူညီသည်ကိုလည်းတွေ့ရသည်။ “ကျွန်တော်ကတော့ ကြိုက်တယ်။ ကန့်သတ်ပိတ်ပင်မှုတွေလုပ်လို့ တိုးတက်လာတာမရှိဘူး။ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်မှာ တစ်နိုင်ငံတည်းလည်း လုပ်လို့မရဘူး။ မူအရ ပိတ်ပင်ထားမယ်ဆိုတဲ့မူက ကောင်းကျိုးထက် ဆိုးကျိုးပိုများတယ်လို့ ကျွန်တော်ယုံတယ်။ ဒါကြောင့် ခုချိန်အပြင်ဘက်က ရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာတာကောင်းတယ်လို့ မြင်တယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့မှာ ငွေကြေး၊ နည်းပညာ၊ အတတ်ပညာပိုင်းတွေမှာလိုနေသေးတယ်”ဟုခေတ်ပညာတတ်လူငယ်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက သူ၏အမြင်ကိုပြောသည်။

ထိုသို့ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာခြင်းကြောင့် အလုပ်အကိုင် အခွင့်အလမ်း၊ ငွေကြေးနှင့်နည်းပညာများကိုဒေသခံများက ရယူနိုင်ရန်မှာ အရေးကြီးဆုံးဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

မြို့ရှိ အိမ်၊ ခြံ၊ မြေကဏ္ဍတွင် ပြင်ပမှ လုပ်ငန်းရှင်များ ဝင်ရောက်ရင်းနှီးမြှုပ်နှံခြင်းနှင့် ပတ်သက်၍ ခေတ်ပညာတတ်လူငယ်လုပ်ငန်းရှင်တစ်ဦးကလည်း အောက်ပါအတိုင်းပြောသည်။ “သစ်ပင်တွေ၊ တောတွေခုတ် ပြည်ပကိုရောင်းပြီး ငွေရတာနဲ့စာရင် ကိုယ့်ပြည်တွင်းမှာပဲရှိတဲ့မြေကို ရောင်းပြီး ငွေရတာက ကောင်းတာပေါ့။ မြေဆိုတာက ဝယ်လိုအားသာမရှိရင် ဘာမှသုံးမရဘူး။ ဝယ်မယ့်သူရှိလို့သာ ဈေးတွေကောင်းနေတာ”

သို့သော် အထက်ပါ ကဲ့သို့ ဒေသခံမဟုတ်သော လုပ်ငန်းရှင်များအင်နှင့်အားနှင့် ဝင်ရောက်ရင်းနှီးမြှုပ်နှံလာခြင်းအပေါ် မြို့ခံစီးပွားရေးသမားအများစုက စောင့်ကြည့်နေပြီး၊ ယှဉ်ပြိုင်မှု ပိုမိုပြင်းထန်လာသော ၎င်းတို့၏ လုပ်ငန်းများအတွက် ပူပန်မှုများရှိနေကြောင်း တွေ့ရသည်။

မြို့၏ရုပ်ဝတ္ထုများဖွံ့ဖြိုးမှုနှင့်အတူ သက်တမ်း ၁၅၁ နှစ် (မင်းတုန်းမင်း မန္တလေးမြို့ကို ခရစ်နှစ် ၁၈၅၉၊ မြန်မာသက္ကရာဇ် ၁၂၂၁ တွင်က စတင်တည်ထောင်ခဲ့) ရှိခဲ့ပြီဖြစ်ကာ၊ ယဉ်ကျေးမှုမြို့တော်ဟု အသိအမှတ်ပြုထားသောမန်းမြို့တော်တွင် ယဉ်ကျေးမှုပေါင်းစုံ၏တိုးတိုက်မှုများကို ၂၁ ရာစုတွင် အထင်အရှားမြင်နေရပါပြီ။ အသားညိုညို၊ ရွှေခြေကျင်းဝတ်၊ ပုံတော်ဖိနပ်စီးပြီး ကျွန်တော် ကျွန်တော်နှင့် စကားဆိုသော မန္တလာသူတို့၏ အတိတ်က မန်းဆန်ခဲ့သောပုံရိပ်များနေရာတွင် ဆံပင်ရောင်စုံ၊ ဂျင်းဘောင်းဘီတို၊ အသားကပ်ဘောင်းဘီနှင့် အသားအလွန်ဖွေးသော ယနေ့မန္တလေးသူများ၏ပုံရိပ်များက အစားထိုးသွားလေပြီ။

“ဒီမှာ ဟိုတုန်းက မတွေ့ရတဲ့ ဝတ်တာ စားတာတွေတွေ့လာတယ်။ တဖြည်းဖြည်းနဲ့ ယဉ်ကျေးမှုဆုတ်ယုတ်လာတယ်လို့ပြောရမယ်”ဟု ဦးကိုကိုကြီးက သူ၏အမြင်ကိုပြောသည်။

ဟစ်ဟော့ပ်အဆိုတော် ရန်ရန်ချမ်းနှင့် သားစိုး သရုပ်ဖော်ခဲ့သော ‘ရန်ကုန်-မန္တလေး’သီချင်းအတိုင်း ဒီနေ့မန္တလေးသူများ ခြေသလုံးတုတ်သည်ဆိုသည်မှာ မသေချာသော်လည်း တရုတ်မလေးတွေ အလွန်ပေါတဲ့မြို့ဖြစ်နေသည်ကတော့ သေချာသည်။ မိန်းကလေးများသာမက ယောက်ျားလေးများပါ ကိုရီးယားဖက်ရှင်ရေစီးနောက် မျောပါနေသည်ကိုလည်းတွေ့ရသည်။ သို့သော် ထိုသို့ယဉ်ကျေးမှုများ ပွတ်တိုက်ခြင်းမှာ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် မည်သည့်နိုင်ငံ၊ မည်သည့်မြို့တွင်မှ ရှောင်လွှဲ၍မရသည့်အချက်ဖြစ်ကြောင်း မြို့ခံခေတ်ပညာတတ်လူငယ်တစ်ဦးကပြောသည်။

“ရှိတဲ့သူက မရှိတဲ့သူကို ကူညီရမယ်ဆိုတာ မန္တလေးစိတ်ဓာတ်ပဲ။ လူသားအချင်းချင်း ကူညီချင်တဲ့စိတ်ကတော့ ရှိပါသေးတယ်။ ဒီစိတ်ဓာတ်အပေါ်မှာလည်းဂုဏ်ယူကြတယ်”ဟုမန္တလေးသူ၊ မန္တလေးသားများ၏စိတ်ဓာတ်ကိုအဓိပ္ပာယ်ဖွင့်ပြသူကဗြဟ္မစိုရ် လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းမြင့်ဖြစ်သည်။ သူပြောသကဲ့သို့ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းအပါအဝင်၊ မြို့၏ လူမှုရေးလုပ်ငန်းများဆောင်ရွက်နေသော အသင်း ၄၀ ကျော်နှင့် မလွန်ဈေးဆန်လှူအသင်းကြီးကဲ့သို့ သာသနာရေး၊ လူမှုရေးအသင်းများတွင် လူကြီးများကဲ့သို့ လူငယ်၊ လူလတ်ပိုင်းများမှာ တက်ကြွစွာပါဝင်ကူညီနေခြင်းများကလည်း မြို့ခံများ၏စိတ်ထားကို တစ်နည်းတစ်ဖုံဖော်ညွှန်းနေသည်။

၂၁ရာစု မန္တလေးမှာ ရုပ်ဝတ္ထုအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာသည်မှာ ထင်သာမြင်သာရှိလှသော်လည်း အဆိုပါအပြောင်းအလဲများမှာ မြို့ခံအားလုံးအတွက်တော့မဟုတ်ပေ။ “မြို့ကြီးက တိုးတက်လာပေမယ့် ကျုပ်တို့ကတော့ ဝင်ငွေပိုနည်းလာတယ်။ တိုးတက်တဲ့မြို့ကြီးမှာနေပြီး ကိုယ့်ဘဝက ပြောင်းလဲမှုမရှိတော့ ရင်နာတာပေါ့။ ဘဝသမားတွေအားလုံးဒီလိုပါပဲ”ဟူသောစကားကိုတစ်လုံးချင်းပြောသူက ဂေါ်ဝိန်ဆိပ်ကမ်းမှကုန်ထမ်းသမားဦးမောင်မြင့်ပင်။ အသက် ၅၃ နှစ်အရွယ် သားသမီးလေးယောက်နှင့် ဇနီးတို့ စားဝတ်နေရေးအတွက် ဂေါ်ဝိန်ဆိပ်ကမ်းတွင် သူ ကုန်ထမ်းခဲ့သည်မှာ ၂၂နှစ်ကျော်ပြီဖြစ်သည်။ လမ်းတံတားသစ်များ တိုးလာပြီးနောက် ဧရာဝတီမြစ်ကြောင်းအတိုင်း ကုန်စည်ပို့ဆောင်မှု လျော့ကျပြီး၊ မြစ်ကြောင်းကိုအသုံးပြု၍လာသော ဒေသခံတောင်သူများ ရာသီဥတုကြောင့် သီးနှံအထွက်လျော့ခြင်းမှာသူအလုပ်မကောင်းခြင်း၏အကြောင်းရင်းများဖြစ်၏။

မိသားစုတာဝန် ပိုကြီးလာချိန်တွင် လိုသလောက်မရှာနိုင်ခြင်းနှင့်ပတ်သက်၍ နောင်တစကားဆိုသည်။ “မနေ့က တစ်ပြားမှ မဝင်ဘူး။ ဒီနေ့လည်း ငုတ်တုတ်တိုင်နေရတယ်။ အရင်တုန်းက စုဆောင်းမှုနည်းပါးခဲ့တာကို နောင်တရတယ်”

ဦးမောင်မြင့်လိုပင် ဖွံ့ဖြိုးလာသောမြို့မှ အလုပ်ဖြစ်နေသူများကိုကြည့်၍ နောင်တစကားဆိုသူတစ်ဦးရှိပါသေးသည်။ သူက သူ၏အပြုအမူအတွက်ရသောနောင်တမဟုတ်ဘဲ၊ဇနီးသည်၏အပြုအမူကြောင့်ရသောနောင်တဖြစ်သည်။ “မြို့သစ်မှာ ကုန်စုံဆိုင်ရောင်းလို့ပြုတ်သွားတော့ ကျွန်တော်က ဆိုင်ကယ်ကယ်ရီဆွဲ၊ သူက ကွမ်းရောင်းကြတယ်။ ကွမ်းက ရောင်းကောင်းတော့ တစ်ရက် တစ်ပိဿာလောက် ရောင်းရတာကို မိန်းမက ပိုက်ဆံမအပ်နိုင်ဘူး။ နှစ်လုံး၊သုံးလုံး ထိုးပစ်တာ။ သူ အဲလိုထိုးတော့ ဘယ်စုနိုင်မလဲ”ဟု အသက်၄၂နှစ်အရွယ် ဆိုင်ကယ်ကယ်ရီမောင်းသူ ဦးအောင်မိုး(အမည်ပြောင်း)ကပြောသည်။

“မြို့ကြီးက ဖွံ့ဖြိုးနေတာ ကိုယ်တွေနဲ့တော့မဆိုင်သလိုပါပဲ” ဟု သူကဖွင့်ဟသည်။

မြို့ခံစီးပွားရေးသမား အများစု၏ဈေးဆိုင်များရှိသော ဈေးချိုတွင်လည်း ယခုနှစ်ပိုင်း အရောင်းအဝယ်အေးနေကြောင်း ကြံတိုင်းအောင်လွယ်အိတ်ဆိုင်ပိုင်ရှင်ဦးအောင်လင်းကပြောသည်။ “ဒီနှစ်က ရာသီမမှန်တော့ သီးနှံအထွက်လျော့ပြီး အရောင်းအဝယ်အေးတယ်။ ဈေးချိုတော်ကြီးတစ်ခုလုံးက နယ်တွေကိုပဲ အဓိကဖြန့်ရတာလေ”ဟု ဦးအောင်လင်းက ယခုနှစ်အရောင်းအဝယ်ပါးနေမှုကိုရှင်းပြသည်။

ယနေ့ မန္တလေး၏ ရုပ်ဝတ္ထုဖွံ့ဖြိုးမှုမှာ စနစ်ကျရန်လိုသေးသည်ဟုဆိုသော်လည်း၊ ဆင်းရဲချမ်းသာကွာဟမှုရှိနေဆဲဖြစ်သော်လည်း မန်းမြို့တော်၏ အနာဂတ်က မျှော်လင့်စရာများစွာဖြင့် တောက်ပနေကြောင်း မြို့ခံစီးပွားရေးသမားများနှင့် စီးပွားရေးပညာရှင်များကပြောသည်။

တရုတ်နှင့် အိန္ဒိယသို့ နယ်စပ်ကုန်သွယ်ရေးအတွက် အချက်ကျသောနေရာများတွင်ရှိနေခြင်း၊ အာရှအဝေးပြေးလမ်းမကြီးဖြတ်သန်းသွားမည့်မြို့ဖြစ်နေခြင်းကဲ့သို့ စီးပွားရေးအရ မဟာဗျူဟာကျလှသောမြို့၏တည်နေရာ၊ အလတ်စားနှင့်အသေးစားစီးပွားရေးလုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်ခွင့်မှာ အခြားမြို့များထက် လွယ်ကူမှုစသောအရေးပါသောအကြောင်းရင်းများကြောင့် မြို့အနာဂတ်က တောက်ပနေသည်။

“မန္တလေးမြို့ရဲ့ Strategic Location မဟာဗျူဟာကျတဲ့ တည်နေရာအနေအထားဟာ အလွန်တန်ဖိုးရှိလှပါတယ်”ဟု ဒေါက်တာအောင်ထွန်းသက်က ပြောသည်။

စာ(၃၀)သို့

7 DAY NEWS JOURNAL
Vol.9, No.23. AUGUST 26, 2010

# လိုင်စင်မဲ့ကားပိုင်ရှင်များ လိုင်စင်ဝင်ရန် အခြေအနေကိုစောင့်ကြည့်နေ

**အားမာန်၊ စိုင်းသာအောင်**
**ရန်ကုန်၊**
**ဩဂုတ် - ၁၃**

မန္တလေးမြို့တွင် လိုင်စင်မဲ့မော်တော်ယာဉ်များကို သတ်မှတ်ဒဏ်ကြေးပေးဆောင်စေပြီး တရားဝင်လိုင်စင်ရရှိအောင် ဆောင်ရွက်ပေးနေသော်လည်း ဩဂုတ်လလယ်ပိုင်းအထိ လိုင်စင်ရရှိအောင် ဆောင်ရွက်သူနည်းနေဆဲဖြစ်ပြီး လိုင်စင်ဝင်ရန် အခြေအနေကို အဆက်မပြတ်စုံစမ်းကာ စောင့်ကြည့်နေကြသူများကြောင်း မန္တလေးမြို့ရှိ ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့ခေါင်းဆောင် ဦးကျော်ထူးလွင်က ပြောသည်။

"စုံစမ်းတဲ့သူပဲများတယ်။ တကယ်ကျတော့လုပ်တာနည်းတယ်။ စုံစမ်းတဲ့သူကတော့ တစ်ရက်၊ တစ်ရက် လေးဆယ်၊ငါးဆယ် ရှိတယ်။ စစချင်း ရက်တွေဆို ခုနစ်ဆယ်လောက်ရှိတယ်။ အဲဒီတော့ မန္တလေးအခြေအနေကတော့ စုံစမ်းပြီး စောင့်ကြည့်နေကြတယ်" ဟုဦးကျော်လွင်ထူးက ပြောသည်။

မန္တလေးတိုင်းအတွင်းရှိ မြို့နယ် (၇) မြို့နယ်အတွက်ပြည်ပမှ တရားမဝင်တင်သွင်းလာသော ယာဉ်များကို သတ်မှတ်ဒဏ်ကြေးပေးဆောင်စေပြီး တရားဝင်လိုင်စင်ပြုလုပ်ပေးခြင်းကို အထက်ပါအဖွဲ့က ဇူလိုင် ၂၇ ရက်မှစတင်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ဆောင်ရွက်ပေးပြီး နှစ်ပတ်ကျော်အကြာ ဩဂုတ်လ ၁၃ရက်အထိ ကား ၆စီး၊ ဆိုင်ကယ် ၃ စီးသာသတ်မှတ်ငွေသွင်းပြီးလိုင်စင်ရရှိအောင် ဆောင်ရွက်ထားသေးကြောင်း ယင်းကဆက်လက်ပြောသည်။

တရားဝင်လိုင်စင်ပြုလုပ်သော အထက်ပါကားအရေအတွက်မှာ လိုင်စင်မဲ့ကားနှင့် ဆိုင်ကယ်ပေါများလှသော မန္တလေးမြို့အနေအထားနှင့်ယှဉ်လျှင် အလွန်နည်းသေးကြောင်း ကားဝယ်ရောင်းတစ်ဦးကပြောသည်။

လိုင်စင်မဲ့ကားရှိသူများ လိုင်စင်ဝင်သူနည်းပါးနေသေးခြင်းမှာဒဏ်ကြေး ၈၅ ရာခိုင်နှုန်းကို ပြင်ပတွင်လျှော့ပေးမည်ဟု သတင်းထွက်နေခြင်းကြောင့် ဒဏ်ကြေးငွေလျှော့ဦးမည်လားဟု စောင့်ကြည့်နေကြခြင်းနှင့် လိုင်စင်မဲ့ကားများ လိုင်စင်ပြုလုပ်နိုင်သည့်နောက်ဆုံးရက် မသတ်မှတ်ရသေး၍ အချိန်မရွေးလိုင်စင်ဝင်နိုင်သည့် အခြေအနေတို့ကြောင့်ဖြစ်ကြောင်း ဈေးကွက်ကျွမ်းကျင်သူတစ်ဦးက်ပြောသည်။

သို့သော် မော်တော်ယာဉ်တရားဝင်လိုင်စင်ပြုလုပ်ပေးနေမှုကို နေ့စဉ်စုံစမ်းလျက်ရှိသော မန္တလေးမြို့မှ ကားဝယ်ရောင်းတစ်ဦးကဒဏ်ကြေးသတ်မှတ်ရာခိုင်နှုန်း လျှော့၊မလျှော့ထက် ယာဉ်တန်ဖိုးစိစစ်သတ်မှတ်သော နှုန်းများကိုသာ လိုင်စင်မဲ့ကားရှိသူများကပိုစိတ်ဝင်စားသည်ဟုပြောသည်။ အကြောင်းမှာ ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့က သတ်မှတ်သောဈေးနှုန်းများမှာ ပြင်ပကားပေါက်ဈေးများထက် မြင့်မားနေခြင်းကြောင့် ဖြစ်သည်ဟု ယင်းကဆက်ပြောသည်။

ယာဉ်တန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့က သတ်မှတ်သော ကားဈေးမှာ ပြင်ပထက်များနေသည်ဆိုခြင်းမှာလိုင်စင်မဲ့ကားများတရားဝင်လိုင်စင်ရအောင်ပြုလုပ်ပေးသည့် အစီအစဉ်ကြောင့် ဇူလိုင်လမှစ၍ ပြင်ပကားဈေးနှုန်းများဆက်တိုက်လျှော့ကျသွားခြင်းကြောင့်သာဖြစ်နိုင်ကြောင်း ဦးကျော်လွင်ထူးက ပြောသည်။ လိုင်စင်ဝင်ရန် သတ်မှတ်ဒဏ်ကြေး၈၅ရာခိုင်နှုန်းလျှော့ပေးမည်ဆိုသော သတင်းနှင့်ပတ်သက်၍ ဦးကျော်လွင်ထူးကို မေးရာ "ဒီနေ့အထိတော့ တစ်စုံတစ်ရာမှညွှန်ကြားချက်မရှိသေးပါဘူး" ဟုပြောသည်။မန္တလေးမြို့ရှိကာလတန်ဖိုး စိစစ်သတ်မှတ်ရေးအဖွဲ့မှာ အောင်မြေမန္တလာအားကစားကွင်းတွင်ရုံးစိုက်ထားပြီး အစိုးရရုံးဖွင့်ရက်များတွင် နံနက် ၉နာရီခွဲမှ ညနေ၄နာရီအတွင်း လိုင်စင်မဲ့ကားများ လိုင်စင်ရရှိအောင်ဆောင်ရွက်ပေးလျက်ရှိသည်။

နောက်ဆုံးရရှိသော သတင်းများအရ ဩဂုတ်လ ၂၀ ရက်ထိ အထက်ပါယာဉ်တန်ဖိုးဖြတ်အဖွဲ့သို့ တရားဝင်လိုင်စင်ရရှိအောင် ဆောင်ရွက်သော လိုင်စင်မဲ့ကားတိုးမလာသေးဘဲ ဆိုင်ကယ်တစ်စီးသာတိုးလာကြောင်းအထက်ပါတာဝန်ရှိသူက ပြောသည်။



**PHOTO NEWS**

*တရုတ်နိုင်ငံမှ ဝင်ရောက်လာသော ကုန်စည်များ ဧရာဝတီမြစ်ကြောင်းမှ တစ်ဆင့် ဂေါဝိန်ဆိပ်ကမ်းသို့ ရောက်ရှိလာပြီး ထိုကုန်စည်များကို ကားပေါ်သို့ တင်ဆောင်နေစဉ် ယခုနှစ်ပိုင်းအတွင်း တရုတ်ကုန်များ ထိုနည်းအတိုင်း မန္တလေးသို့ဝင်ရောက်မှုများလာသည်။*
*ဓာတ်ပုံ–အားမာန်*

## အယ်နီညိုရာသီဥတုကြောင့် ပြင်ဦးလွင်မြို့မြေကွက်များ တစ်ဟုန်ထိုး ဈေးတက်

**အားမာန်၊ စိုင်းသာအောင်**

မန္တလေး၊ ဩဂုတ် - ၁၆

**အယ်နီညိုရာသီဥတု၏ သက်ရောက်မှုကြောင့် မြန်မာနိုင်ငံတွင် ၂၀၁၀မေလ၌ စံချိန်တင်ပူပြင်းခဲ့ပြီးနောက် တောင်ပေါ်အပန်းဖြေမြို့ဖြစ်သော ပြင်ဦးလွင်ရှိ မြေကွက်များကို ငွေကြေးတတ်နိုင်သူများကဝယ်ယူနေကြသဖြင့် ပြင်ဦးလွင်မြို့မြေဈေးနှုန်းများ လပိုင်းအတွင်းခုန်တက်သွားခဲ့ကြောင်း မန္တလေးမြို့အခြေစိုက် အိမ်ခြံမြေဈေးကွက်ကျွမ်းကျင်သူများကပြောသည်။**

"အရင်က သိန်း ၃၀၀ လောက်ပဲရှိတဲ့ ပေ ၈၀၀× ပေ ၁၀၀ပတ်လည်မြေကွက်တွေ ဆိုရင် အခုသိန်း ၁,၀၀၀လောက်ဖြစ်သွားတာ"ဟု ပြင်ဦးလွင်မြို့ပြမြေဈေးများ လပိုင်းအတွင်း မြင့်တက်ခဲ့ခြင်းကို အိမ်ခြံမြေဈေးကွက် ကျွမ်းကျင်သူတစ်ဦးကပြောသည်။ အထက်ပါဈေးနှုန်းမှာ ယခုနှစ်ဆန်းပိုင်း ဈေးနှုန်းနှင့် အယ်နီညိုရာသီ ဥတုသက်ရောက်မှု အဆိုးဆုံးခံခဲ့ရသော မေလနောက်ပိုင်းဈေးနှုန်းများဖြစ်သည်။

"ဒီနှစ်မန္တလေးပူတာ ပိုက်ဆံရှိတဲ့သူတွေက တော်တော်ကြောက်သွားကြတယ်။ အဲဒီတော့ အေးတဲ့ပြင်ဦးလွင်မှာ မြေကွက်တွေသွားဝယ်ပြီးနေကြတာ။ မန္တလေးမှာဆိုရင် ပိုက်ဆံရှိတဲ့လူ ၁၀၀မှာ ၂၀ လောက်က ပြင်ဦးလွင်မှာ သွားပြီးဝယ်ထားကြတယ်"ဟု မန္တလေးမြို့မှ အိမ်ခြံမြေဈေးကွက် ကျွမ်းကျင်သူ ဦးကျော်ဝင်းက ရှင်းပြသည်။ ပြင်ဦးလွင်မှ မြေကွက်ဝယ်ယူကြသူများတွင် မန္တလေးမြို့မှ ငွေကြေးတတ်နိုင်သူများသာမက ရန်ကုန်၊ မိုးကုတ်၊ နေပြည်တော်၊ မုံရွာစသော ဒေသများမှ ငွေကြေးတတ်နိုင်သူများပါ ပါဝင်ပြီး မန္တလေးမြို့မှ ဝယ်ယူသူမှာ အများဆုံးဖြစ်သည်။

ထိုသို့ပြင်ဦးလွင်မြို့တွင် မြေဝယ်ထားသူများလာခြင်းမှာ ရာသီဥတုအေးခြင်း၊ မန္တလေးမှ သွားပါက ၂နာရီအတွင်း ရောက်ရှိနိုင်ခြင်း၊ ပြင်ဦးလွင်-မိုးကုတ်လမ်းဖောက်လုပ်လျက်ရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေး ပိုကောင်းလာကာ မြို့တည်နေရာမှာ အနာဂတ်တွင် စီးပွားရေးအတွက် အလားအလာ ပိုကောင်းလာနိုင်ခြင်းစသည်တို့ကြောင့်ဖြစ်ကြောင်း အိမ်ခြံမြေဈေးကွက် ကျွမ်းကျင်သူနှင့် ဒေသခံလုပ်ငန်းရှင်များက ပြောသည်။

"ပြင်ဦးလွင်ဆိုလို့ရှိရင် စပေးပေးချင်း ငါးသောင်းနဲ့ပေးတဲ့မြေကွက်ကဟိုတလောကတစ်ယောက်ကရောင်းတော့ ၁၆သိန်းနဲ့ ရောင်းလိုက်တယ်။ ၁၆သိန်းနဲ့ ဝယ်တဲ့သူက နောက်ဆုံး သိန်း ၆၀၀ နဲ့ပြန်ရောင်းလိုက်ရတယ်" ဟု ပြင်ဦးလွင်မြို့မြေဈေးများနှစ်ပိုင်းအတွင်း ခုန်တက်နေခြင်းကို စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ပြီးခဲ့သည့် နွေရာသီ၏ အပူဆုံးလဖြစ်သော ဧပြီနှင့် မေလတွင်ပြင်ဦးလွင်မြို့ရှိ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းအားလုံးပြည့်လျှံခဲ့ပြီး နေအိမ်များကိုပင် ခေတ္တငှားရမ်း၍ အပူရှောင်သူများပြားခဲ့ကြောင်းဒေသခံများက ပြောသည်။

## အုတ်ဂူတည်ခြင်းလုပ်ငန်းကို ပုဂ္ဂလိကသို့ကန်ထရိုက်စနစ်ဖြင့် စတင်ခွင့်ပြု

**အားမာန်၊ စိုင်းသာအောင်**
**မန္တလေး၊**
**ဩဂုတ်-၁၆**

မန္တလေးမြို့ရှိ ကြာနီကန်သုသာန်တွင် အုတ်ဂူတည်ခြင်းလုပ်ငန်း ကို ပုဂ္ဂလိကကုမ္ပဏီတစ်ခုသို့ ကန်ထရိုက်စနစ်ဖြင့် ယခုလဆန်းမှ စတင်၍ လုပ်ကိုင်ခွင့်ပြုလိုက်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာန၊ ဌာနမှူးဦးတင်ထွဋ်ကျော်က ပြောသည်။

ယခင်က သန့်ရှင်းရေးဌာနကပင် အစဉ်အဆက်လုပ်ကိုင်ခဲ့သော အုတ်ဂူတည်သော လုပ်ငန်းကို ပုဂ္ဂလိကသို့ ကန်ထရိုက်စနစ်ဖြင့် စတင်လုပ်ကိုင်ခွင့်ပြုရာ၊ AKဆောက်လုပ်ရေး ကုမ္ပဏီကတစ်လလျှင် ကျပ်ဆယ်သိန်းဖြင့် လုပ်ခွင့်ရသွားခြင်းဖြစ်သည်။ ထိုကန်ထရိုက်အရ AKဆောက်လုပ်ရေးကုမ္ပဏီက ယခုနှစ် ဩဂုတ်၃ရက်မှ ၂၀၁၁ မတ်လအထိ ရှစ် လတာအတွင်း အုတ်ဂူတည်ခြင်းလုပ်ငန်းကို တစ်ဦးတည်း လုပ်ကိုင်ခွင့်ရရှိမည်ဖြစ်သည်။

ယခုနှစ်မှစ၍ နောင်တွင်လည်း အုတ်ဂူတည်ခြင်းလုပ်ငန်းကို ပုဂ္ဂလိကသို့ ကန်ထရိုက်စနစ်ဖြင့် ခွင့်ပြုသွားတော့မည်ဖြစ်ကြောင်း ဦးတင်ထွဋ်ကျော်က ဆက်လက်ပြောသည်။

AKဆောက်လုပ်ရေးကုမ္ပဏီမှ မန္တလေးမြို့တွင် ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော ကုမ္ပဏီကြီးတစ်ခုဖြစ်သည်။

စာ - ၂၉၊ စောင့်ကြည့်ရမယ့် မန္တလေးမြို့ မှ

"ကျွန်တော့်သူငယ်ချင်း တရုတ်စီးပွားရေးသမားတစ်ယောက်ကပြောတာ၊ သူတို့ဆီမှာ တွက်ချက်ထားပြီး အနာဂတ်မှာ အရေးပါတဲ့မဟာဗျူဟာကျတဲ့မြို့တွေစာရင်းထဲမှာ နယူးယောက်တို့ ဟောင်ကောင်တို့ပါသလို၊ ထူးခြားတာက မန္တလေးမြို့ပါနေတယ်တဲ့။ ရန်ကုန်မပါဘူး"ဟု ဦးရဲမြတ်သူကလည်း မန္တလေးမြို့၏အရေးပါပုံကိုပြောပြသည်။

ထို့အပြင် မန္တလေးမြို့သို့ တရုတ်၊ အိန္ဒိယ၊ ထိုင်းမှ သံရုံးမှ အရာရှိများ အပတ်စဉ်နီးပါးလာရောက်နေခြင်းမှာလည်း မြို့၏အရေးပါမှုကိုပြနေသောအချက်အချို့ဖြစ်ကြောင်း မြို့ခံစီးပွားရေးသမားတစ်ဦးကဆိုသည်။

"တည်နေရာအရ အရေးပါတာကြာလှပြီ။ အရှေ့အနောက်ကူးဖို့ တံတားဦးလေဆိပ်က အရေးပါတာကြာလှပြီ။ ဘန်ကောက်မဖြစ်ခင်ကတည်းက"ဟု စီးပွားရေးပညာရှင်ခင်မောင်ညို (ဘောဂဗေဒ)ကလည်းပြောသည်။ ထို့ကြောင့် ရှိနေသောအခွင့်အလမ်းကိုဆုပ်ကိုင်ပြီး၊ မိရိုးဖလာလုပ်ကိုင်မှုပုံစံမှဖောက်ထွက်၍ လက်တွေ့ကြိုးပမ်းလုပ်ကိုင်ရန်လိုပြီဖြစ်ကြောင်း သူကအကြံပြုသည်။

"ဒီကလူငယ်တွေ အလုပ်လုပ်တာက မိသားစုပုံစံမျိုးလုပ်ကြတာများတယ်။ အရေးအကြောင်းရှိရင်တော့ အိမ်က ကားယူလာပြီး ကူဖို့လည်း ဝန်မလေးဘူး။ မိသားစုစိတ်ဓာတ်မျိုးနဲ့လုပ်ပေးတယ်။ အဲ သူ့ဘက်က တစ်ခုခုဖြစ်ရင်လည်းလျှော့ပေးရတယ်။ လူမှုရေးကိစ္စတစ်ခုခုရှိလို့ မလာနိုင်တာ၊ ဘာညာရှိရင် ခွင့်လွှတ်ပေးရတယ်။ ရန်ကုန်နဲ့မတူဘူး"ဟု မြို့ခံလူငယ်များ အလုပ်ဝင်သည့်ပုံစံကို လုပ်ငန်းရှင်တစ်ဦးကရှင်းပြသည်။

အနာဂတ်မှာ လူငယ်များ၏လက်တွင်သာရှိသည်ဆိုခြင်းကြောင့် မန်းလူငယ်ထုမှာလည်း မိရိုးဖလာလုပ်ကိုင်သည့်ဟန်၊ မန္တလေးပုံစံဖြစ်သော လူမှုရေးများသည့်ဟန်များထဲမှ ကောင်းသည်တို့ကိုယူ၍ မကောင်းသည့်အချက်များထားခဲ့ပြီး နိုင်ငံတကာအထိ အမြင်ရှိသော တတ်သိမှုဖြင့်လုပ်ကိုင်ရန်လိုကြောင်း စီးပွားရေးသမားများကပြောသည်။ ကောင်းသည့်အချက်မှာ ယနေ့ မန်းလူငယ်အချို့မှာလည်း ပြည်ပထွက်၍ နိုင်ငံတကာအဆင့် ပညာရေးကိုဆည်းပူးနေကြခြင်းပင်။

မြို့ခံလူငယ်များ ထားသင့်သောစိတ်ဓာတ်နှင့်ပတ်သက်၍ ဟိုတယ်လုပ်ငန်းနှင့် ရွှေလုပ်ငန်းများ လုပ်ကိုင်နေသောဦးခင်မောင်ဆွေက အောက်ပါအတိုင်းအကြံပြုသည်။ "လူငယ်တွေက ကိုယ့်ရဲ့ဇာတိဂုဏ်၊ အမျိုးဂုဏ်ထိန်းဖို့၊ ပညာတတ်ဖို့၊ နိုင်ငံတကာအသိရှိဖို့၊ မျိုးချစ်စိတ်ရှိဖို့လိုတယ်"

ယဉ်ကျေးမှုနှင့်လူမျိုးစုံလာသော မြို့တွင် မြို့ခံများထားသင့်သောစိတ်ဓာတ်နှင့်ပတ်သက်၍ ဦးရဲမြတ်သူက သူ၏အမြင်ကို အောက်ပါအတိုင်းပြောသည်။

"မန္တလေးက လူစုံတယ်။ ဒါပေမဲ့ အင်စကျူးရှင်းနယ်လိုက်ဇေးရှင်းဖြစ်ဖို့တော့ လိုတယ်။ စုပေါင်းနေထိုင်တယ်ဆိုလို့ရှိရင် အများလက်ခံနိုင်တဲ့ စည်းမျဉ်းစည်းကမ်းတွေ စီမံကိန်းတွေကို ယဉ်ကျေးမှုအရပဲဖြစ်ဖြစ်၊ ဥပဒေအကြောင်းအရာမှာပဲဖြစ်ဖြစ် တစ်ယောက်နဲ့တစ်ယောက် လက်ခံနိုင်တဲ့ဓလေ့ရှိဖို့လိုတယ်"

လူအချို့ အိပ်ရာထဲ ဇိမ်နှင့်ကွေးနေချိန်တွင် အချို့က ကျုံးဘေးတွင် သွေးပူလေ့ကျင့်ခန်းများလုပ်ပြီး တစ်နေ့တာလုပ်ငန်းခွင်ဝင်ရန် အဆင်သင့်ဖြစ်နေသော၊ ဒေသအစားအစာဖြစ်သော ဆီထမင်းနှင့် နန်းကြီးသုပ်ကို နှစ်သက်သူများရှိသလို ယူနန်ခေါက်ဆွဲ၊ မာလာဟင်းနှင့်ဥရောပအစားအစာများကို နှစ်သက်သူများရှိသော၊ ဘုရားကြီးကို ပုံမှန်ဖူးမြော်ပြီး ဘာသာရေးလုပ်နေသောလူငယ်များရှိသလို လက်ဖက်ရည်ဆိုင်ထိုင်ရန် ပိုက်ဆံရှာနေရသူများရှိသလိုဟိုတယ်နှင့်စားသောက်ဆိုင်ကြီးများတွင် မပူမပင် စားသောက်နေရသောလူပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံတို့စုံလာသော ယနေ့ မန်းမြို့တော်တွင် အပြန်အလှန်လေးစားပြီး သဟဇာတဖြစ်စွာ နေထိုင်နိုင်ရေးမှာ လွန်စွာ အရေးကြီးကြောင်း မြို့ခံများကပြောသည်။

7DAY NEWS JOURNAL
Vol.9, No.23. AUGUST 26, 2010



# ကဏန်းပျော့ဈေးသတ်မှတ်မှု တစ်တန်လျှင် ကန်ဒေါ်လာ ၁,၀၀၀ လျှော့

**သန်းဌေး**

**ရန်ကုန်၊ ဩဂုတ်-၁၇**

ပြည်ပတင်ပို့သော ကဏန်းပျော့ ဈေးနှုန်းသတ်မှတ်မှုကို ယခင်နှုန်းထက် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၁,၀၀၀ ဝန်းကျင် လျှော့ချပေးလိုက်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ အဆင့်မြင့်အရာရှိကြီးတစ်ဦးကပြောကြားသည်။

၂၅၀ ဂရမ် အရွယ်အစားရှိ အေအဆင့်သတ်မှတ်ထားသော ဂဏန်းပျော့တစ်တန်လျှင် မူလဈေးနှုန်းကန်ဒေါ်လာ ၅,၈၀၀ မှ ၅,၀၀၀ သို့လည်းကောင်း၊ ၂၀၀ ဂရမ်အရွယ်အစားရှိ ဘီအဆင့်သတ်မှတ်သော ကဏန်းပျော့တစ်တန်လျှင် မူလဈေးနှုန်း ကန်ဒေါ်လာ ၅,၅၀၀ မှ ၄,၅၀၀ သို့ ကန်ဒေါ်လာ ၁,၀၀၀ ဒေါ်လာလျှော့ကာ ဈေးနှုန်းသတ်မှတ်လိုက်ခြင်းဖြစ်သည်။

"ကမ္ဘာ့ကဏန်းပျော့ဈေးကွက်မှာ အင်ဒိုနီးရှားထက် ဈေးများနေလို့"ဟု ဩဂုတ် ၁၇ ရက်တွင်ကျင်းပသော သားငါးကဏ္ဍဆိုင်ရာ လုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံပွဲတွင် ကဏန်းဈေးလျှော့ခြင်းနှင့်ပတ်သက်၍ ယင်းကပြောသည်။

ကမ္ဘာ့ကဏန်းပျော့ဈေးကွက်သို့ အင်ဒိုနီးရှားက ဈေးနှုန်းလျှော့ချကာ အလုံးအရင်းတင်ပို့ကာ ထိုးဖောက်လျက်ရှိသည်။ ထို့ကြောင့် မြန်မာ့ကဏန်းပျော့များကို တင်ပို့ရာတွင် အင်ဒိုနီးရှားကဏန်းပျော့ထက် ဈေးနှုန်းပိုမိုလျှော့ချတင်ပို့နိုင်မှသာ ဈေးကွက်ဝေစုရရှိနိုင်မည်ဖြစ်သောကြောင့် ယခုကဲ့သို့ ဆောင်ရွက်ရခြင်းဖြစ်ကြောင်းအထက်ပါပုဂ္ဂိုလ်ကဆက်လက်ပြောကြားသည်။

ကဏန်းတစ်ကောင်၏ ကန့်လန့်ဖြတ်အလျား ၈ ဒသမ ၁၅ စင်တီမီတာနှင့် ဒေါင်လိုက်အနံ ၆ ဒသမ ၁၅ စင်တီမီတာမရှိသော အလေးချိန် ၁၀၀ ဂရမ် မပြည့်မီသည့် ကဏန်းများကို သဘာဝမှ ဖမ်းဆီးမိသောအခါ ကဏန်းပျော့မွေးမြူထုတ်လုပ်၍ ပြည်ပသို့တင်ပို့နေခြင်းဖြစ်ကြောင်းကဏန်းလုပ်ငန်းဆိုင်ရာပညာရှင်တစ်ဦးကပြောသည်။

"တရားမဝင်လမ်းကြောင်းကနေ ထိုင်းနိုင်ငံ ခေါင်တိုင်ဒေသကို ခိုးထုတ်တယ်။ အဲဒီကနေ ကဏန်းအသေးတွေကိုဗီယက်နမ်သဘော်ဆီ သွားရောင်းတော့တာပဲ။ သူတို့က ကဏန်းပျော့ထုတ်ပြီး ကမ္ဘာ့ကဏန်းပျော့ဈေးကွက်ကို တင်ပို့တာ"ဟု ၎င်းကပြောသည်။

ထို့ကြောင့် ၁၀၀ ဂရမ်အောက် ကဏန်းအသေးများကို



ပြည်ပနိုင်ငံများသို့ မရောင်းပါက အဆိုပါနိုင်ငံများ၏ ကဏန်းပျော့ထုတ်လုပ်မှုကျဆင်းကာ မိမိတို့သာ ကဏန်းပျော့ဈေးကွက်တွင် အသာစီးရလာနိုင်ကြောင်း မြန်မာနိုင်ငံကဏန်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးနှင်းဦးက အမှတ်စဉ် ၂၃/၂၀၁၀ သားငါးကဏ္ဍဆိုင်ရာ လုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံအစည်းအဝေးတွင်ပြောကြားသည်။

၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ရေထွက်ပစ္စည်းတင်ပို့မှုတွင် ကဏန်းကဏ္ဍအတွက် ကန်ဒေါ်လာ ၃၅ သန်း လျာထားရာတွင် ၃၀ ဒသမ ၃၉၀ သန်းရရှိခဲ့ရာ ကဏန်းပျော့တင်ပို့မှုမှ ကန်ဒေါ်လာ ၈ ဒသမ ၅၃၈ သန်းရှာဖွေပေးနိုင်ခဲ့သည်။

ယခုကဲ့သို့ ကဏန်းပျော့ပြည်ပတင်ပို့မှု ဈေးနှုန်းလျှော့ချသတ်မှတ်ပေးမှုကြောင့် နောက်ပိုင်းကာလများတွင် ပိုမိုတင်ပို့လာနိုင်ပြီး ဝင်ငွေပိုလာမည်ဖြစ်ကြောင်း ကဏန်းပျော့မွေးမြူထုတ်လုပ်တင်ပို့သောအောင်မိုးခိုင်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

သို့သော် အထက်ပါတာဝန်ရှိသူက ယခုကဲ့သို့ ငါးလုပ်ငန်းဦးစီးဌာနမှ ဈေးနှုန်းပြောင်းလဲသတ်မှတ်ပေးမှုကို တရားဝင်မသိရှိရသေးကြောင်း ဩဂုတ် ၁၈ရက်ကပြောသည်။

ပြည်ပတင်ပို့သော ရေထွက်ကုန်များအား သုံးလတစ်ကြိမ်လိုင်စင်ထုတ်ပေးသောကြောင့် အောက်တိုဘာလဆန်းမှသာ ဈေးနှုန်းအသစ်စတင်အသက်ဝင်မှာဖြစ်ကြောင်း ယင်းကပြောကြားသည်။

"ကျွန်တော်တို့ကုမ္ပဏီက တစ်လကို ကဏန်းပျော့ တန် ၄၀ တင်ပို့ပါတယ်။ ဩစတြေးလျ၊ ဟောင်ကောင်နဲ့ တရုတ်(တိုင်ပေ)တွေကို အများဆုံးတင်ပို့ရတယ်။ အင်ဒိုနီးရှားကဏန်းပျော့ တစ်ကီလိုကို တစ်ဒေါ်လာလောက် ကျွန်တော်တို့ထက် ဈေးလျှော့ရောင်းနိုင်တယ်"ဟု ယင်းက ဆက်လက်ရှင်းလင်းပြောကြားသည်။

## မိန်းမလှကျွန်းအနီးတွင် စပါးအစား ပင်လယ်နှမ်းကို ပိုမိုစိုက်ပျိုးလာ

**အိဖြူမွန်**

ရန်ကုန်၊ ဩဂုတ်-၁၅

**ပင်လယ်နှင့်နီးသော ဧရာဝတီတိုင်း၊ ဘိုကလေးမြို့နယ် မိန်းမလှကျွန်းအနီးရှိ ကျေးရွာများတွင် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိပြီး ကြွက်ဖျက်ဆီးမှု မရှိသော ပင်လယ်နှမ်း(မိကျောင်းကွမ်းဖက်)ကို ယခုနှစ် မိုးရာသီ၌ စပါးအစားထိုး ပိုမိုစိုက်ပျိုးလာကြကြောင်း ဒေသခံများက ပြောကြားသည်။**

ဘိုကလေးမြို့နယ်ရှိ ကျေးရွာအချို့တွင် လယ်ဧကပိုင်ဆိုင်မှု၏ထက်ဝက်ကို ပင်လယ်နှမ်းစိုက်ပျိုးကြပြီး တစ်ဝက် ကို ဝမ်းစာစပါးအတွက် စိုက်ပျိုးကြကြောင်း ယခုကဲ့ သို့စိုက်ပျိုးလာခြင်းမှာ ၂၀၀၉ ခုနှစ်နောက်ပိုင်းတွင် လူသိများလာပြီး ၂၀၁၀ တွင် လယ်မြေဧက၏ တစ်ဝက်အထိ တိုးမြှင့်၍ စိုက်ပျိုးလာကြကြောင်း ပဒဲကောကျေးရွာမှ ဒေသခံဦးဌေးမြင့်က ပြောသည်။

"အခု လယ်သမားတွေ အားလုံး လယ်ဧကတစ်ဝက်လောက်စိုက်ကြတယ်။ ကုန်တန်းပေါက်ကျေးရွာမှာဆိုရင် စပါးမစိုက်ဘဲ ပင်လယ်နှမ်းကိုပဲ စိုက်ကြတာများတယ်။ ဒီအနားက ခြောက်ရွာ၊ ခုနစ်ရွာလောက်က စိုက်ကြတယ်။ ပြီးခဲ့တဲ့နှစ်က စပါးဖြစ်ပေမယ့် ကြွက်ကိုက်လို့သေကုန်တယ်။ ဒီအပင်က စပါးလောက် မြေဩဇာကျွေးစရာလည်း မလိုဘူး။ ရေကြီးလို့လည်း မပျက်စီးဘူး။ ရာသီဒဏ် တော်တော်ခံတယ်"ဟု အထက်ပါ ပုဂ္ဂိုလ်ကပြောသည်။ ယင်းပင်လယ်နှမ်းကို တရုတ်နယ်စပ်သို့တင်ပို့ကြောင်း၊ တရုတ်နိုင်ငံတွင် ခေါင်းလျှော်ရည်ပြုလုပ်ရာ၌ အသုံးပြုပြီး ယခုနှစ်၌ ဈေးကောင်းရ၍ တစ်ပြည်လျှင် ၃,၅၀၀ ကျပ်မှ ၆,၅၀၀ ကျပ်အထိ ဈေးရရှိကြောင်းသိရသည်။

ယခင်က ယင်းပင်လယ်နှမ်းသည် မိန်းမလှကျွန်း၊ ဖြုန်းမွှေးကျွန်းနှင့် လယ်ကွက်ကန်သင်းများတွင် အလေ့ကျပေါက်လေ့ရှိကြောင်း၊ ယခုနှစ်များနောက်ပိုင်း၌ ဈေးကောင်းရရှိခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းအပြင် ကြွက်များ၏ နှောင့်ယှက်မှုကြောင့် အစားထိုးစိုက်ပျိုးလာကြကြောင်းသိရသည်။




7DAY NEWS JOURNAL
Vol.9, No.23. AUGUST 26, 2010



အမြဲတမ်းတောင်းဆိုပါ။ မင်းလိုချင်တာရလိမ့်မယ်။ အမြဲတမ်းရှာဖွေပါ။
မင်းတွေ့ချင်တာကိုတွေ့လာလိမ့်မယ်။ အမြဲတမ်းတံခါးကိုခေါက်ပါ။
တစ်ချိန်ချိန်မှာ မုချပွင့်လာလိမ့်မယ်။

(မက်သရူး)

# စောင့်ဆိုင်းခြင်းကို အလိုမရှိ

အိန်ဂျယ်လင်း



စိတ်ပျက်အားငယ်မှုကြောင့်ကျွန်မ၏မျက်နှာမှာရှုံ့မဲ့နေမည်မှာသေချာလှသည်။ ကျွန်မအလွန်တက်ချင်၍မျှော်လင့်စောင့်စားနေခဲ့သော ဟိုးလီးခရော့စ်တက္ကသိုလ်မှအကြောင်းပြန်စာစာရွက်ရောက်လာသည်။ ဒီစာရွက်ကို ကျွန်မမျှော်နေသည်မှာကြာလှပြီဖြစ်သည်။ တကယ်တမ်းရောက်လာတော့လည်းခန့်မှန်းထားသလိုမဖြစ်ဘဲ ခပ်သေးသေးစာအိတ်ကလေးတစ်လုံးနှင့်သာရောက်လာခဲ့သည်။ အဲဒီတုန်းကကျွန်မကအထက်တန်းကျောင်းသူသာသာပဲရှိသေးသဖြင့်စာအိတ်ဆိုက်လောက်ကိုကြည့်လိုက်ရုံဖြင့်အထဲကအကြောင်းအရာကိုအဆိုးအကောင်းခန့်မှန်းနိုင်သည်ဆိုသည်ကို ကျွန်မမသိသေးပေ။ ဧရာမမနီလာစာအိတ်ကြီးတွေနှင့်လာလျှင် ဝမ်းသာဂုဏ်ယူဖွယ်အကြောင်းအရာများဖြစ်နေတတ်ပြီးသင့်အားဂုဏ်ယူစွာလက်ခံကြောင်းဘာညာစသဖြင့် မျှော်လင့်ချက်ပြည့်စရာအကြောင်းများဖြစ်နေတတ်သည်။ အကယ်၍ပုံမှန်ဆိုက်လုပ်ငန်းသုံးစာအိတ်ရိုးရိုးများနှင့်လာပါက 'သင့်ကိုဝမ်းနည်းစွာဖြင့်အကြောင်းကြားလိုက်ပါတယ်။ သင်ဟာယခုဖြေဆိုတဲ့ . . . 'စတဲ့စကားတွေကိုကြားရပြီသာမှတ်ပေတော့ဟု ထိုစဉ်ကတည်းက သိပြီးသားဖြစ်သည်။

စာအိတ်ကို အစွန်းဘက်မှတဖြည်းဖြည်းချင်းဖွင့်ဖောက်နေတုန်းသက်ပြင်းတစ်ချက်ချလိုက်မိသေးသည်။ ရှောင်လွှဲမရတော့သောရလဒ်ကို တတ်နိုင်သမျှနောက်ဆုတ်သွားစေရန်အတွက်စာအိတ်ကိုဖြည်းနိုင်သမျှဖြည်းဖြည်းဖွင့်နေမိသည်။ ဟုတ်တော့လည်း ဟုတ်သည်။ ကျွန်မတို့အထက်တန်းကျောင်းမှဆရာကဟိုးလီးခရော့စ်တွင်တက်လိုပါက ရောက်ရုံပဲရောက်သည့်သဘောမျိုးဖြစ်နေလိမ့်မည်ဟုပြောဖူးသည်။ ကျွန်မအထက်တန်းကျောင်းတွင်ရခဲ့သည့်အမှတ်များအရဆိုလျှင် ထိုကျောင်းတွင်ဝင်ခွင့်ရခဲ့သည့်တိုင်အောင်အဆင့်မှာ အညံ့ဆုံးထဲတွင်သာအမြဲပါနေဖို့များသည်။ 'အိုဆရာကလည်းကျွန်မက ဒီကျောင်းမှာပဲတက်ဖို့ဆုံးဖြတ်ထားပြီးသား၊ ဒီကျောင်းကကျွန်မကျောင်းပဲလေ' ဆိုပြီး ပြန်ဆင်ခြေပေးရသည်။ ဆရာကတော့ကျွန်မကိုကြည့်ပြီးမယုံသင်္ကာသလိုနှင့်ပြုံးလို့သာနေခဲ့သည်။ ကျွန်မ၏ပညာရည်အဆင့်အတန်းနှင့်ပိုမိုသင့်လျော်သောကျောင်းများကိုသာဆက်လက်ရွေးချယ်ပေးနေတော့သည်။

ဟိုးလီးခရော့စ်ကျောင်း၏သစ်ပင်တန်းများ တစ်ဖက်တစ်ချက်စီခြံရံထားသော အဝင်လမ်းမသို့ ပထမဦးဆုံးတစ်ကြိမ်ရောက်ကတည်းကကျွန်မတက်ချင်ခဲ့တဲ့တစ်ခုတည်းသောကျောင်းဖြစ်လာခဲ့သည်။ ကျောင်း၏ အိုမင်းဟောင်းနွမ်းပုံရသောကော်ရစ်ဒါများ တစ်လျှောက်လှည့်လည်ရင်း၊ လှလှပပအဆင်အကွက်တွေဖော်ထားတဲ့မြေမျက်နှာပြင်အခင်းအကျင်းတွေပေါ်လျှောက်သွားရင်းနှင့်ထိုကျောင်းကို မိမိနှင့်ရင်းနှီးကျွမ်းဝင်ပြီးသောနေရာတစ်ခု၊ မိမိနှင့်သက်ဆိုင်သောနေရာတစ်ခုအဖြစ်စတင်ခံစားလာမိခြင်းပင်ဖြစ်သည်။ အဲဒီအချိန်တုန်းကကျောင်းတော်တော်များများကိုကျွန်မသွားရောက်လည်ပတ်လေ့လာခဲ့သည်။ နေ့လယ်စာတည်ခင်းကျွေးမွေးပုံတွေ၊ အဆောင်တွေဖွဲ့စည်းထားရှိပုံတွေ၊ ဘာသာရပ်ရွေးချယ်စရာတွေ၊ စာသင်ခန်းပြင်ပလှုပ်ရှားဆောင်ရွက်မှုတွေစတဲ့အရာတော်တော်များများကိုနှိုင်းယှဉ်လေ့လာခဲ့ပြီးဖြစ်သည်။ သို့သော်ဟိုးလီးခရော့စ် ကျောင်း၏ ပင်မထမင်းစားဆောင်နှင့်ဧရာမ စာကြည့်တိုက်ကြီးကို တွေ့ပြီးနောက်တွင် ကျန် ကျောင်းများကိုစိတ်ဝင်စားသည်များအားလုံးပျောက်ကွယ်သွားတော့သည်။ ဒီကျောင်းဟာငါတက်ရမယ့်ကျောင်းပဲလို့ချက်ချင်းသိပြီးကျောင်းလျှောက်လွှာကို အမြန်ရေးကာရင်ခုန်လှုပ်ရှားစွာဖြင့်ပို့လိုက်သည်။ လျှောက်လွှာစာအိတ်ကလေးကို အမြတ်တနိုးနှင့်အနမ်းတစ်ချက်ပင်ပေးလိုက်သေးသည်။

ထိုအချိန်မှစ၍လပေါင်းအတန်ကြာအောင်ပြန်စာကိုစောင့်ရသည်။ နေ့စဉ်လာတဲ့စာတွေကိုပြန်စာများပါလေမလားဟူ၍ရင်တထိတ်ထိတ်နှင့်မျှော်ရသည်ကအမောပင်။ အခုတော့လာပြီ။ ကျွန်မဒီစာကိုမီးဖိုထဲယူသွားပြီးဖောက်လိုက်သည်။ အေးစက်နေသောစာအိတ်အဖြူထဲမှ ပါးပါးလျားလျားနှင့်ထူးမခြားနားပုံစံပေါ်နေသောစာကိုဆွဲထုတ်လိုက်သည်။ စာကို တစ်မျက်နှာလုံးခြုံမိအောင်ကသောကမျောအမြန်ဖတ်ရသည်။ ကျွန်မရှာသည်က လက်ခံသည်၊ သို့မဟုတ် ငြင်းပယ်လိုက်သည်ဟူသောစကားလုံးများပင်ဖြစ်မည်။ ယခုနှစ်တွင်ကျွန်ုပ်တို့ကျောင်းမှလျှောက်လွှာအများအပြားလက်ခံရရှိဖြင့် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်ဟူသော စာမျိုးလည်းပါသည်။ သို့သော်အားလုံးအတွက်တော့နေရာပေးနိုင်မည်မဟုတ်သည်ကိုနားလည်ပေးကြစေလိုပါသည်စသဖြင့်သိုင်းဝိုင်းရေးသားနေသည်ကများရာကျွန်မလိုချင်သော အဖြူအမဲအဖြေကိုအတော်နှင့်မတွေ့နိုင်ဖြစ်နေရသည်။ နောက်ဆုံးကျမှ သင့်ကို အရန်စာရင်းခေါ် စောင့်ဆိုင်းစာရင်းထဲတွင်ထည့်ထားသည်ဟူသောအကြောင်းပြချက်ကိုရလေသည်။ ဟူး၊ ဘယ်လိုလုပ်ရပါ့။

ကျွန်မအဖြေဖောက်ဖတ်နေသည်ကိုစိတ်လှုပ်ရှားစောင့်ကြည့်နေသောအဖေက အကျိုးအကြောင်းကိုသိချင်သည်။ 'ဝင်ခွင့်တော့မရဘူးအဖေ၊ စောင့်ရမယ့်အရန်စာရင်းထဲမှာတော့ပါနေတယ်' ဟု သူ့ကိုရှင်းပြရသည်။ ဒါပေမဲ့ကျွန်မရဲ့ ရင်ခုန်စိတ်လှုပ်ရှားနေမှုတွေကို ဒီရလဒ်က အဆုံးသတ်သွားစေနိုင်လောက်တာတော့အမှန်ပင်။ အရန်စာရင်းတဲ့၊ ဘာမှမသေချာတော့တဲ့ကိစ္စကြီးပဲ၊ ဘာလုပ်ရမှာလဲ။

'သမီးရယ်၊ ဘာပဲဖြစ်ဖြစ်ဒါဟာသမီးကို ငြင်းပယ်တာတော့မဟုတ်ဘူးလေ' အဖေပြောတာကသဘာဝတော့ကျပါသည်။ 'ဟုတ်တော့ဟုတ်တာပေါ့အဖေရယ်၊ ဒါပေမဲ့' ကျွန်မမျက်လုံးထောင့်မှာ မျက်ရည်စကလေးတစ်ခုစီးကျစပြုလာသည်။ 'အခုလိုစောင့်ခိုင်းတာဘာလုပ်ရမှာလဲ။ သမီးက သမီးကိုလက်ခံစေချင်တာ။ သမီး တကယ်တက်ချင်တဲ့ကျောင်းကဒီကျောင်းတစ်ခုပဲရှိတာအဖေလည်းသိသားနဲ့။ အခုတော့သွားပြီ၊ ဒီလို အရန်စောင့်ဆိုင်းစာရင်းထဲကနေ ဘယ်နှစ်ယောက်များ ဝင်ခွင့်ရမှာမို့လို့လဲ အဖေရယ်။ သမီးရဲ့အိပ်မက်တွေအကုန်ပျက်စီးကုန်ပါပြီ။ သူတို့က အခုလိုလုပ်တာဟာ သက်သက်ချွေးသိပ်ဖို့ကြိုးစားတာပဲ' ကျွန်မပါးစပ်ကစကားတွေအဆက်မပြတ်ထွက်လာသည်။ သိပ်မကြာခင်ကျွန်မ ကလေးတစ်ယောက်လိုချုံးပွဲချငိုကြွေးမိလိမ့်မည်ထင်သည်။

'သမီးရဲ့ခံစားချက်တွေ သူတို့ကိုသွားပြောပါလား။ ကျောင်းအာဏာပိုင်တွေကိုလေ'

'ဘယ်လို၊ ဘယ်လို'

'အဖေတကယ်ပြောတာသမီးရဲ့။ အခုကားမောင်းပြီး အဲဒီကျောင်းကိုသွားလိုက်မယ်လေ။ တာဝန်ရှိတဲ့သူတွေကို သမီးဘယ်လောက်စိတ်အားထက်သန်နေတယ် ဆိုတာပြောပြလိုက်ရင်အကျိုးရှိနိုင်တယ်။ ဒီလိုသွားပြောလို့ကိုယ့်မှာအကျိုးယုတ်စရာဘာမှမရှိဘဲ သမီးရယ်။'

အဖေပြောတာ ဟုတ်သလိုလိုရှိသည်။ 'ဒါပေမဲ့ ဒီလိုလုပ်လည်းထူးမယ်မထင်ပါဘူးအဖေရယ်။'

'ဒါကတော့အဖေလည်းအတင်းအကျပ်မတိုက်တွန်းပါဘူး။ သမီးသဘောပါပဲ။ ဒါပေမဲ့ သမီးနေရာမှာအဖေဆိုရင်တော့ဒီကျောင်းကိုတက်ဖို့ကိုယ်ဘယ်လောက်စိတ်ထက်သန်နေတယ်ဆိုတာကို သူတို့သိအောင်တော့ပြောရမှာပဲ'

ကျွန်မလည်း ဘာလုပ်ရမှန်းမသိ၊ စိတ်ပျက်လက်ပျက်နှင့်အပေါ်ထပ်ရှိကျွန်မ၏အခန်းထဲသို့တက်လာခဲ့သည်။ ခေါင်းအုံးပေါ်မျက်နှာအပ်ရင်းနှင့် အဖေပေးသည့်အကြံဉာဏ်က တဝဲဝဲတလည်လည်ဖြစ်နေသည်။ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ။ ငါက ဝင်ခွင့်တောင်းရင်တောင် ပေးချင်မှပေးမှာ။ သက်သက်အချိန်ဖြုန်းသလိုဖြစ်မှာပဲ။ ငါလည်း အလကားနေရင်းအရှက်တကွဲထပ်ဖြစ်ရဦးမယ်။ ကျွန်မအတွေးတွေကရှုပ်ထွေးနောက်ကျိနေသည်။နောက်သုံးလေးရက်လောက်ဒီအကြောင်းကိုခေါင်းထဲတဝဲဝဲတလည်လည်စဉ်းစားရင်းအဖေပြောတာဟုတ်သလိုလိုထင်မြင်လာမိသည်။ ဟုတ်တယ်။ စမ်းကြိုးစားကြည့်လို့တော့ဆုံးရှုံးစရာမရှိဘူး။ ကိုယ့်သဘောထားကိုသူတို့သိသွားလျှင်လက်ခံစဉ်းစားလာနိုင်သည်။ နောက်ဆုံးကြိုးစားကြည့်သင့်သည်ဟူသောဆုံးဖြတ်ချက်ကျသည်။ မဟုတ်ရင် ဘာမှထပ်သိနိုင်တော့မည်မဟုတ်ပေ။ အဲဒီကျောင်းကိုကားမောင်းပို့ပေးဖို့ပြောတော့ အဖေကဝမ်းသာအားရလက်ခံသည်။

ကျောင်း၏ခန့်ညားကြီးမားလှသောကျောင်းသားရေးရာ အဆောက်အအုံကြီး၏ဝင်ပေါက်သို့ရောက်သည့်အချိန်တွင် ကျွန်မရင်တွေထိန်းလို့မရအောင်ခုန်နေသည်။ အဆောက်အအုံကြီးကိုယ်၌ကအဟန့်ကြီးလွန်းလှသည်။ ကျွန်မတို့သား အဖနှစ်ယောက် လူသူတိတ်ဆိတ်နေသောဧရာမခန်းမဆောင်ကြီး တစ်လျှောက်ဖြတ်လျှောက်လာခဲ့သည်။ ကျောင်းပိတ်ရက်ဖြစ်သဖြင့် လူသူကင်းရှင်းပြီး ကျွန်မတို့ခြေသံများကို ပဲ့တင်သံအဖြစ်ပင် ပြန်ကြားနိုင်လေသည်။ ကျွန်မ တွေ့ဆုံရမည့်ကျောင်းလက်ခံရေးဆိုင်ရာ အတွင်းရေးမှူး၏အခန်းဝနားအရောက်တွင်အဖေကခုံတန်းတစ်ခုမှာ ထိုင်စောင့်ကျန်နေခဲ့သည်။

'ကံကောင်းပါစေသမီးရေ'

ကျွန်မတစ်ယောက်တည်းခန်းမကြီးဆုံးအောင်ဆက်လျှောက်သွားပြီး ညာဘက်သို့ချိုး၍ ကျောင်းဝင်ခွင့်ရွေးချယ်ရေးဆိုင်ရာအတွင်းရေးမှူး၏အခန်းထဲသို့ဝင်လိုက်သည်။ ထို့နောက်ကျွန်မ၏ဝင်ခွင့်လျှောက်လွှာကို အင်တာဗျူးစစ်ဆေးသူနှင့်တစ်မိနစ်နှစ်မိနစ်လောက်တွေ့ခွင့်ပေးပါဟုခွင့်တောင်းလိုက်သည်။ သူကကျွန်မကိုခဏစောင့်ခိုင်းသည်။

စာ(၃၄)သို့

## နိုင်ငံရေးအဆိုအမိန့်များ

မောင်ဝံသ

''The military don't start wars. Politicians start wars".

*- General William Westmoreland*

စစ်ပွဲတွေကို စတာ စစ်တပ်က မဟုတ်ဘူး။
နိုင်ငံရေးသမားတွေက စတာ။ *-ဗိုလ်ချုပ်ကြီးဝီလျံဝက်စ်မိုးလင်း။*

''In America the President reigns for four years, and Journalism governs forever and ever:.

*-Oscar Wilde*

အမေရိကမှာ သမ္မတတစ်ယောက်ဟာ လေးနှစ်ကြာ စိုးမိုးအုပ်ချုပ်တယ်။ စာနယ်ဇင်းတွေကတော့ ထာဝရအမြဲတမ်းစိုးမိုးတယ်။

*-အော်စကာ ဝိုင်းလ်ဒ်။*

''Voters don't decide issues, they decide who will decide issues". *-George F. Will*

မဲဆန္ဒရှင်တွေက ကိစ္စရပ်တွေကို ဆုံးဖြတ်တာ မဟုတ်ဘူး။ ကိစ္စရပ်တွေကို အဆုံးအဖြတ်ပေးမယ့်သူတွေကို ရွေးချယ်ပေးတာ။

*-ဂျော့အက်ဖ်ဝီလ်။*

''One man's wage increase is another man's price increase".

*-Harold Wilson, British prime minister*

သူတည်းတစ်ယောက်၊ လစာမြောက်မှု၊ တစ်ယောက်သူမှာ၊ ဈေးတက်နာလိမ့်။ *-ဟယ်ရိုးလ် ဝီလ်ဆင်။*

''It only takes 20 years for a liberal to become a conservative without changing a single idea".

*-Robert Anton Wilson*

လစ်ဘရယ်တစ်ယောက် အတွေးအခေါ်တစ်စုံတစ်ရာမျှ မပြောင်းလဲဘဲ ကွန်ဆာဗေးတစ်တစ်ယောက်ဖြစ်သွားဖို့ဟာ နှစ် ၂၀ လောက်ပဲ အချိန်ကြာမယ်။ *-ရောဘတ် အန်တန် ဝီလ်ဆင်။*

''Never attempt to murder a man who is committing suicide"". *-Woodrow Wilson*

သူ့ကိုယ်သူ သတ်သေတော့မယ့်လူကို ဘယ်တော့မှ သတ်ဖို့ မကြိုးစားပါနဲ့။ *-ဝုဒ်ရိုး ဝီလ်ဆင်။*

''Even the most powerful connot rule without the cooperation of the ruled". *-Mahatma Gandhi*

အုပ်ချုပ်ခံတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုမရှိရင် အာဏာအရှိဆုံးပုဂ္ဂိုလ်သည်ပင် အုပ်ချုပ်ခြင်းငှာ မစွမ်းနိုင်။ *-မဟတ္တမဂန္ဒီ။*

''If you want to make enemies, try to change something"". *-Woodrow Wilson*

# Opinion

7DAY NEWS JOURNAL
Vol.9, No.23. AUGUST 26, 2010

ယခုတစ်လော ကုမ္ပဏီတွေ၊စီးပွားရေးလုပ်ငန်းတွေမည်သို့ဖြစ်ကြသည်မသိပေ။ ကွန်ပျူတာကျွမ်းကျင်သူ၊ စာရင်းကိုင်ရာထူးကို အလုပ်စတင်ဝင်ရောက်လျှင် လစာငွေကျပ်တစ်သိန်းအထိ ပေးတတ်ကြသည်။ နောက်ထပ်လည်းအရည်အချင်းအလိုက် လစာတိုးပေးဦးမည်ဟုဆိုပါသည်။ ဝမ်းသာစရာကြီးပါတကား။ သို့သော်ကုမ္ပဏီပိုင်ရှင်တို့ သဘောထားချင်းတူညီနေသည့်အချက်မှာ ဝန်ထမ်းသစ်၏နိုင်ငံသားစိစစ်ရေးကတ်ပြား(မှတ်ပုံတင်)မူရင်းကို သူတို့ထံမှာပေးထားရမည်ဟုဆိုပါသည်။ အလုပ်ရှင်အပေါ် ယုံကြည်မှုရှိရမည်။ ဝန်ထမ်းကို ငွေသိန်းနှင့်ချီပြီး ကိုင်ခိုင်းထားရမည်ဖြစ်၍ သူတို့ဘက်ကစိတ်ချရအောင်မှတ်ပုံတင်သိမ်းယူထားခြင်းဟုဆိုကြပါသည်။

## နိုင်ငံသားမှတ်ပုံတင်ကို ပေါ့ပေါ့မထင်နှင့်

ခင်ပြုံး(မြန်မာစာ)

လူကို ယုံပါ၏။ ကုန်ကိုအကြွေးမပေးနိုင်ပါဆိုသကဲ့သို့ သမီးကြီးကလည်း သူ့မှတ်ပုံတင်ကို ပေးမထားနိုင်ပါဆိုပြီး အလုပ်လျှောက်လွှာပါ ပြန်ယူလာခဲ့ပါတော့သည်။ ဒီလို မှတ်ပုံတင်မူရင်းတောင်းတာ ကုမ္ပဏီနှင့် လုပ်ငန်းတိုင်းတော့ မဟုတ်။ အချို့သာဖြစ်၏။

အရပ်ထဲတွင် လူကောင်း၊ သူကောင်းတစ်ယောက်အနေဖြင့် သန်းခေါင်စာရင်း၊ မှတ်ပုံတင်မူရင်း မရှိဘဲ နေထိုင်ရန်ဖြစ်နိုင်၊ မဖြစ်နိုင်ထည့်သွင်းစဉ်းစားကြစေလိုပါသည်။ အချိန်မတော်မိမိအိမ်သို့ သန်းခေါင်စာရင်း လာစစ်လျှင် ခဏနေပါဦးဆိုပြီး သူတို့ထံသို့ တံခါးခေါက်ပြီး တောင်းယူရပါမည်လား။



အမျိုးသားမှတ်ပုံတင်ကို ပေါ့သေးသေး မထင်ကြပါနှင့်။ မကြာမီကပင် ကျွန်မ၏ မိတ်ဆွေတစ်ယောက်သည် အမှတ်တမဲ့၊ အလွယ်တကူ သူ၏မှတ်ပုံတင်ကို လူစိမ်းတစ်ဦးအား ငှားရမ်းမိ၍ ယခု အမှုကြီးနှစ်မှုကို ဘုမသိဘမသိ ရင်ဆိုင်နေရရှာပါသည်။ ဖြစ်စဉ်မှာ ထိုမိတ်ဆွေက အငှားကားမောင်းသူဖြစ်ပါသည်။ ထိုနေ့မှာ သူ့ဇနီးက သူ့မှတ်ပုံတင်ကိုထုတ်ပေးလိုက်မိသည်တဲ့။ သူ၏ကားကို ငှားစီးသူဖြူဖြူသန့်သန့်လူရွယ်တစ်ဦးက "ဦးလေး ကျွန်တော်ငွေထုတ်စရာရှိလို့ပါ။ ကျွန်တော့်မှတ်ပုံတင် မေ့ကျန်ခဲ့လို့၊ ဦးရဲ့ မှတ်ပုံတင်လေးခဏငှားပါ ခင်ဗျာ။ ဦး၊ ဒီဘဏ်ရှေ့က စောင့်နေပါ။ မကြာပါဘူး။ ကျွန်တော်ပြန်လာပြီးပေးပါမယ်" ဟု ဆိုပါသည်။ အမှန်တကယ်လည်း သူ့မှတ်ပုံတင်ကိုပြန်လာပေးပြီးတခြားတစ်နေရာသို့ ထွက်ခွာသွားပါတော့သည်။

မကြာမီရက်အတွင်းမှာပင် သက်ဆိုင်ရာ ရဲများက သူ့မှတ်ပုံတင်တွင်ပါရှိသော လိပ်စာအတိုင်းလိုက်လာရာ သူ့မိခင်နှင့် သူ့အစ်မတို့ နေထိုင်ရာတိုက်ခန်းသို့ရောက်ရှိလာတော့သည်။ ထိုမှတစ်ဆင့် သူ့အိမ်သို့ ရဲတပ်ဖွဲ့ဝင်များရောက်လာတော့သည်။ သူ၏အမှုအကြောင်းကိုကျွန်မအားရှင်းပြသော်လည်း အပြည့်အစုံတော့ နားမလည်မိပေ။ နားလည်မိသည်မှာ နယ်မြို့ရှိ ခရိုင်ဆရာဝန်ကြီးတစ်ဦးထံမှ ငွေခြောက်သိန်းကိုလိမ်လည်ထုတ်ယူမှု၊ အယောင်ဆောင်မှုတို့ ဖြစ်ပါသည်တဲ့။ သူ့မှာ အမှုအခင်းဖြစ်ပြီဆိုသောအခါ မနေသာတော့ဘဲ ဆွေမျိုးမိတ်ဆွေများထံ အကူအညီတောင်းပြီး ဆရာဝန်ကြီး၏ငွေကိုသွားရောက်ပေးပြီးပါပြီ။ သို့သော် အမှုကား မပြီးသေးပါ။ မကြာခဏ ရုံးချိန်းရှိတိုင်း နယ်တရားရုံးသို့ အမှုသွားရောက် ရင်ဆိုင်ဖြေရှင်းနေရသဖြင့် ခရီးစရိတ်ငွေ၊ တည်းခိုခန်းခ၊ စားသောက်စရိတ်တို့ပါ ကုန်ကျနေပါသည်။ သူမောင်းနေသောအငှားကားကိုလည်း ပိုင်ရှင်က ပြန်သိမ်းသွား၍ ကားမမောင်းရ၊ ဝင်ငွေမရှိတော့ပါ။ သူများထံမှ ချေးယူငွေတို့သာ ထပ်တလဲလဲများနေသဖြင့် မိသားစုစားဝတ်နေရေး အတော်လေးအခက်အခဲဖြစ်နေပါသည်။ သူ့ဇာတ်ကြောင်းကို နားထောင်ရသော ကျွန်မမှာ "ရှင်တော့ အကုသိုလ်ဝင်တာပဲ၊ ဘုရားတရား များများလုပ်ပြီး သက်ဆိုင်ရာတွေကိုသာ အချိန်ပြည့်မေတ္တာပို့ပေတော့" ဟူ၍သာ အကြံပေးနိုင်ပါတော့သည်။

ကျွန်မ၏ သမီးလတ်ဖြစ်သူသည် နယ်မှနေပြီး ကျွန်မထံသို့ ငွေပို့ပေးလျှင် ကျွန်မက သမီးကြီးနာမည်၊ မှတ်ပုံတင်နံပါတ်နဲ့ မပို့နဲ့။ သူသွားထုတ်ဖို့ အလုပ်မအားဘူး၊ သမီးလေးနာမည်၊ မှတ်ပုံတင်နံပါတ်နှင့်သာပို့ဟု ဖုန်းဆက်ပြီးပြောရပါသည်။ သမီးလတ်ပို့လိုက်သည့် လူသာ မှတ်ပုံတင်ပြပြီး ငွေထုတ်ယူ၍ ရပါသည်။ ယခုကိစ္စက အမှုကွင်းဆက်တွေ မည်သို့ ကြိုတင်စီစဉ်ထားပြီး လုပ်လိုက်သည်မသိပေ။

ကျွန်မတော့ စဉ်းစားကြည့်၍ ညာဏ်မမီတော့ပါ။ နီးစပ်ရာလူတွေကိုသာ ကိုယ့်မှတ်ပုံတင်ကို သူများကိုမငှားကြနဲ့နော်။ ပြဿနာတက်နိုင်တယ်ဟူ၍သာ သတိပေးနေရပါတော့သည်။ လူတစ်ခု၊ ပူမှုရယ်တဲ့ဆယ်ကုဋေ၊ လွတ်အောင်သာ ရှောင်ကြလေ။ ။

## JOKE

### ပြဿနာ

ညဘက် အိပ်မပျော်ဖြစ်လေ့ရှိသော စာရင်းကိုင်တစ်ဦး ဆရာဝန်ထံ သွားရောက်ပြသသည်။

"ဆရာရယ်၊ ကျွန်မညဘက်ဆို အိပ်လို့မရဘူး"

"မင်း သိုးကလေးတွေ ရေတွက်တဲ့နည်းမသုံးဘူးလား"

"အဲဒါက ပြဿနာပဲဆရာ။ သိုးတွေကို ရေတွက်တာမှားလို့ ဘယ်မှာမှားလဲပြန်ရှာနေတာနဲ့ မိုးလင်းလင်းသွားတာပဲ ဆရာ"

### ဖောင်ပုံစံ ၁၀၄၀

အမေရိကန်နိုင်ငံတွင် အစိုးရသို့ အခွန်ဆောင်ရာတွင် အသုံးအများဆုံးဖောင်မှာ ပုံစံ ၁၀၄၀ ဟု ခေါ်ဆိုကြသည်။ အခွန်ဆောင်မည့်သူ အများစုမှာ ယင်းဖောင်ပုံစံ တစ်မျိုးမဟုတ်တစ်မျိုး ဖြည့်ကြရပါသည်။

အဘယ်ကြောင့် ပုံစံ ၁၀၄၀ ဟူ၍ခေါ်ပါသလဲ စဉ်းစားကြည့်ဖူးသူများရှိပါလိမ့်မည်။ အကြိုက်ဆုံး ဖွင့်ဆိုချက်တစ်ခုမှာ ဤသို့. . . .

"သင့်ဝင်ငွေ ဒေါ်လာ ၅၀ ရှိပါက သင်ရရှိမည့်ငွေမှာ ၁၀ ဒေါ်လာဖြစ်၍ သူတို့ကိုပေးရမည့်ငွေမှာ ဒေါ်လာ ၄၀"

## စာ-၃၃၊ စောင့်ဆိုင်းခြင်းကို အလိုမရှိ မှ

၁၅ မိနစ်လောက်စောင့်ဆိုင်းပြီးနောက် အလားတူတောက်ပလင်းထိန်နေသောနောက်အခန်းတစ်ခုသို့ဝင်ခွင့်ရသည်။ ကျောင်းဝင်ခွင့်လျှောက်ထားတုန်းကကျွန်မလူတွေ့စစ်ဆေးခံခဲ့ရသောနေရာပင်ဖြစ်နေသည်။ ကျွန်မ၏ကျောင်းဝင်ခွင့်ကိုလက်ခံဆုံးဖြတ်မည့်ပုဂ္ဂိုလ်ကြီးကို ဒုတိယအကြိမ်ပြန်လည်ဆုံတွေ့ရပြန်သည်။ သူကကျွန်မကိုပြုံးပြီးနှုတ်ဆက်သည်။ သူကပြုံးနေသော်လည်း ကျွန်မ၏ကံကြမ္မာကသူ့လက်ထဲမှာရောက်လို့နေသည်။

'ဘာကူညီပေးရမလဲသမီးရယ်' သူကချိုသာစွာမေးသည်။

'ဟုတ်ကဲ့ဆရာ၊ ကျွန်မအခုလာတာဒီကျောင်းကိုကျွန်မဘယ်လောက်ချစ်တယ်ဆိုတာရယ်၊ ဒီမှာကျောင်းတက်ခွင့်ရဖို့အခွင့်အရေးကိုကျွန်မဘယ်လောက်တန်ဖိုးထားတယ်ဆိုတာကိုပြောဖို့လာတာပါပဲဆရာ။ အခုကျွန်မရဲ့ဝင်ခွင့်လျှောက်လွှာကိုစောင့်ဆိုင်းစာရင်းထဲကို ပို့ထားတယ်။ ကျွန်မဒီကျောင်းကိုတက်ခွင့်ရဖို့အများကြီးအားခဲထားရပါတယ်။ ပြီးတော့ကျွန်မတက်ချင်တဲ့တစ်ခုတည်းသောကောလိပ်ကျောင်းကဒီကျောင်းပဲဆရာ။ ကျွန်မဒီမှာကျောင်းတက်ခွင့်ရရင် ကျွန်မရဲ့အချိန်တွေကိုအကောင်းဆုံးအသုံးချသွားမယ်၊ ကျွန်မကိုဝင်ခွင့်ပေးတဲ့အတွက် ဆရာတို့ကျောင်းဟာ ဘယ်တော့မှနောင်တမရစေရဘူးဆိုတာကျွန်မအခိုင်အမာကတိပေးတယ်ဆရာ' စိတ်လှုပ်ရှားစွာဆက်တိုက်ပြောပြီးကျွန်မမောပန်းသွားသည်။ အသက်ကို ပြင်းပြင်းရှူနေရသည်။ ဆရာကတော့ကျွန်မပြောသမျှကိုပြုံးပြီးနားထောင်ပေးနေခဲ့သည်။ ကျွန်မလည်း ပြောချင်ဇောအားကြီးလွန်းသဖြင့် စကားလုံးတွေကကျွန်မပါးစပ်ကနေရေသွန်သလိုဆက်တိုက်ကျလာခြင်းဖြစ်သည်။ ဘာစကားလုံးဘယ်လိုသုံးနေသံထားနှင့်ပြောမည်ဆိုသည်ကို လုံးဝစဉ်းစားမိခြင်းမရှိပေ။

ဆရာကငယ်ရွယ်ပြီးတည်ငြိမ်သူဖြစ်သည်။ မျက်နှာထားလည်းချိုသည်။ ကျွန်မစကားဆုံးတော့ ကျွန်မကို တစ်မိနစ်လောက်မိုးပြီးကြည့်နေသည်။ ထို့နောက်အားရပါးရပြုံးလိုက်သည်။

'ဟုတ်ပြီသမီးရေ၊ ဆရာတို့ကြားချင်တာထဲမှာဒါမျိုးတွေလည်းပါပါတယ်။ ကောင်းပြီ၊ သမီးကိုလက်ခံပေးမယ်'

'ရှင်၊ ဘယ်လိုဆရာ' စိတ်ဇောအဟုန်အပြည့်ဖြင့်ပြောလိုက်ရသဖြင့်ကျွန်မလည်ချောင်းတွေခြောက်ကပ်နေပြီး ဆရာဘာပြောသလဲသေသေချာချာမကြားလိုက်မိပေ။

'ဆရာတို့လည်း ဒီကျောင်းကိုစိတ်အားထက်သန်စွာတက်ချင်တဲ့သူတွေ၊ ဒီကျောင်းရဲ့ပညာရေးအဆင့်အတန်းနဲ့ ဂုဏ်သတင်းကိုမြှင့်တင်ပေးမယ့်သူတွေကိုအမြဲပဲလက်ကမ်းကြိုနေပါတယ်။ သမီးအခုလိုဆရာနဲ့တွေ့ပြီးလာပြောပြနိုင်တာကိုအရမ်းဝမ်းသာတယ်။ အခုစာသင်နှစ်မှာသမီးအတွက်တစ်နေရာထည့်ပေးဖို့ဆရာတာဝန်ယူပါတယ်ကွယ်''ကျေးဇူးပဲဆရာ' ကျွန်မအသံကမယုံကြည်နိုင်မှုဖြင့်တိုးတိုးကလေးပဲထွက်သည်။ စိတ်ထဲကလည်း ကျေးဇူးပဲဟုဆက်တိုက်ပြောနေမိသည်။

သူ့ကိုနှုတ်ဆက်ပြီးထွက်လာတော့ကျွန်မခြေထောက်တွေကြမ်းပြင်ကိုထိသည်ဟု မထင်ရပေ။ လေထဲမှာပူဖောင်းလေးတစ်လုံးလိုလွင့်မျောပျော်ရွှင်နေမိသည်။ မယုံနိုင်စရာပျော်ရွှင်မှုနှင့်ကြုံရသဖြင့်မျက်ရည်မကျအောင်မထိန်းနိုင်တော့ပေ။ အပြင်တွင် စိတ်လှုပ်ရှားစွာဖြင့်စောင့်နေသောအဖေကကျွန်မငိုပြီးထွက်လာတော့အခြေအနေမကောင်းဘူးဟုထင်ပြီး ကျွန်မကိုပွေ့ဖက်၍ ချော့မော့ဖျောင်းဖျရန်ကြိုးစားသည်။ အဖြစ်မှန်ကိုပြောလိုက်တော့အဖေမျက်နှာတစ်ခုလုံးဝင်းထိန်သွားသည်။ ပြီးတော့ကျွန်မကိုပွေ့ဖက်ပြီးသားအဖနှစ်ယောက်ကျောင်းဝင်းထဲက ဝမ်းသာအားရထွက်လာကြသည်။ အပြင်ရောက်တော့အဖေကဖုန်းကိုထုတ်ပြီး အမေ့ဆီကိုဖုန်းဆက်သတင်းပေးသည်။ အမေကလည်း ကျွန်မသတင်းကိုစောင့်မျှော်နေခြင်းဖြစ်သည်။

ဟိုးလီးခရော့စ်တွင်ကျောင်းတက်ခွင့်ရသော လေးနှစ်တာကာလသည်ကျွန်မထင်ထားခဲ့သလိုပင်ပျော်ရွှင်မှုနှင့် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုများတိုးပွားခဲ့သော ကာလများပင်ဖြစ်သည်။ စာသင်နှစ်ဆုံးသော်သမိုင်းဘာသာကို ဂုဏ်ထူးဖြင့်ဘွဲ့ရရှိခဲ့သည်။ ဟိုးလီးခရော့စ်သည် ကျွန်မအဖို့မိမိဘာသာယုံကြည်မှုနှင့် ဘယ်တော့မှလက်မလျှော့မှုတို့ကို လက်တွေ့သာဓကဆောင်ပြခဲ့သော နေရာတစ်ခုပင်ဖြစ်လေတော့သည်။ ။

*Ref: 'Lilacs and the Waiting List' by Nacie Carson*

**အယ်ဒီတာချုပ်**- သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ**- အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ** - စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ**- အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ **အကြီးတန်းသတင်းထောက်**- မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်**- ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ**- လှထွဋ်ဦး။ **သတင်းထောက်များ**- သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းဌေး၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်**- ထူးသန့်။ **နယ်သတင်းထောက်များ**- စိုင်းသာအောင်၊ မျိုးမင်းဦး၊ စောရန်နိုင်၊ သတင်းထောက်လှမြင့်၊ ဆန်းညွန့်(ရေနံချောင်း)၊ အင်မိုင်ခါ၊ မျိုးဇော်၊ မောင်ကံ၊ ရဲပန်ဇင်း၊ ကျော်ထွန်း။ **သုတေသန**- အောင်အောင်။ **စာမျက်နှာဖွဲ့စည်းမှု**- ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ**- စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်**- စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်**- အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး**- သက်ပိုင်ဌေး။ **လိုဂိုဒီဇိုင်း**- ကျောက်ဆည်။ **ဘဏ္ဍာရေး**- ကလျာအောင်။ **ကြော်ငြာတာဝန်ခံ**- မိုးပပ။ **ထုတ်ဝေသူ**- ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်**- သုဝဏ္ဏသီရိပုံနှိပ်တိုက်။ **ဖလင်**- Sunn Colour Separation. **စောင်ရေ**- ၁,၀၀၀။ **ရောင်းဈေး**- ၄၅၀ကျပ်။

7Day News **ရုံးနယ်တိုက်** - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၇၊ ၂၄၃ ၅၄၂၊ ၃၈၄၅၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm၊

# Business

7DAY NEWS JOURNAL

Vol.9, No.23. AUGUST 26, 2010


## ငါးလုပ်ငန်းအဖွဲ့ချုပ်က လုပ်ငန်းရှင်သုံးဦးအား အမည်ပျက်စာရင်းသွင်း

**သန်းဖွေး**

**ရန်ကုန်၊ ဩဂုတ် - ၁၀**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီးနာယကတာဝန်ယူကာ ဖွဲ့စည်းထားသော မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ အငြင်းပွားမှုဖြေရှင်းရေးကော်မတီက ရေလုပ်ငန်းပိုင်ရှင်သုံးဦးအား အမည်ပျက်စာရင်း(Black List) ကြေညာလိုက်ကြောင်းသတင်းရရှိသည်။

ပြည့်ဖြိုးကျော်မရိမ်းပရောဒတ်စ်ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာနှစ်ဦးနှင့် ကျော်စန်းပွင့်အအေးခန်းစက်ရုံပိုင်ရှင်တို့ သုံးဦးအား ရေလုပ်ငန်းဆိုင်ရာစီးပွားရေးနယ်ပယ်မှ ကြဉ်သည်အထိ အမြင့်ဆုံး အရေးယူဆောင်ရွက်လိုက်ကြောင်း ဇူလိုင်လ ၂၃ ရက်နှင့် ၂၄ ရက်နေ့များတွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ ထုတ်ပြန်ကြေညာခဲ့သည်။

အထက်ပါလူပုဂ္ဂိုလ်သုံးဦးသည် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ သင်းဖွဲ့စည်းမျဉ်း အပိုဒ်(၃)ပါ "မြန်မာနိုင်ငံငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအလိုက် ငါး၊ ပုစွန် မွေးမြူ ဖမ်းဆီးရေး၊ ပြုပြင်ထုတ်လုပ်ရေး၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ တိုးတက်စေရေး"ရည်ရွယ်ချက်ကို အဟန့်အတားဖြစ်စေခဲ့သောကြောင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ရေလုပ်ငန်းနယ်ပယ်၌ ဆက်ဆံရန်မသင့်သူ၊ နာမည်ပျက်ရှိသူများအဖြစ် အမည်ပျက်စာရင်း (Black List) ကြေညာလိုက်ပါကြောင်း အဆိုပါထုတ်ပြန်ကြေညာချက်တွင်ပါရှိသည်။

အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရပ်ကွက်ရှိ (EP)စက်ရုံတွင် ကုန်ချောထုတ်လုပ်ရောင်းချနေသည့် ပြည့်ဖြိုးကျော်မရိမ်းပရောဒတ်စ်ကုမ္ပဏီလီမိတက်သို့ စစ်တွေခရိုင်မှ ရေလုပ်ငန်းရှင်သုံးဦးက ပြည်ပတင်ပို့သည့် ရေချိုပုစွန်တုပ်ကြီးများကို ကြိုတင်ငွေမယူဘဲ ယုံကြည်မှုဖြင့် အပ်နှံရောင်းချခဲ့သည်ဟုဆိုသည်။ အလားတူ အဆိုပါကုမ္ပဏီသို့ ရေလုပ်ငန်းရှင်အမျိုးသမီးကြီးတစ်ဦးတို့ကလည်း ယုံကြည်အပ်နှံရောင်းချခဲ့ကြကြောင်း စစ်တွေမြို့ TS ရေလုပ်ငန်းရှင် ဦးတင်ရွှေက ပြောသည်။

၂၀၀၉ နှစ်ဆန်းပိုင်းကတည်းက ကြွေးကျန်ငွေများလာပြီး ဇွန်လ ၁၇ ရက်အထိ ရရန်ငွေ ကျပ်သိန်းရှစ်ရာခြောက်ဆယ်ကျော်ကို လုံးဝမပေးတော့၍ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်သို့ ဩဂုတ်လ ၇ ရက်တွင် စတင်တိုင်ကြားခဲ့ကြောင်း ယင်းကပြောသည်။

"အရင်က သိန်းရှစ်ရာကျော်ကြွေးကျန်တာ၊ ငါးလုပ်ငန်းအဖွဲ့ချုပ်ကညှိပေးလို့ အောက်တိုဘာ ၁ရက်နေ့မှာ သိန်းတစ်ရာ့သုံးဆယ်ပြန်ရတယ်။ ဖေဖော်ဝါရီလ ၉ရက်မှာ နှစ်ဆယ့်ရှစ်သိန်းထပ်ရတယ်။ ခုနစ်ရာကျော်ကျန်သေးတယ်။ ငွေကများတော့ တရားစွဲဖို့ အခုတိုင်ပင်နေတယ်"ဟု ယင်းကပြောသည်။

အဆိုပါကုမ္ပဏီမှ ရရန်ရှိသည့် ငွေကျပ်သုံးဆယ့်ခြောက်သိန်းကျော်မရသော ရေလုပ်ငန်းရှင်အမျိုးသမီးကြီးတစ်ဦးက စတင်တရားစွဲလိုက်ခြင်းဖြစ်သည်။

ရေလုပ်ငန်းရှင်များက ကုမ္ပဏီသို့ ပစ္စည်းတင်သွင်းစဉ်က ရာခိုင်နှုန်းအများစုမှာ အရည်အသွေးမကောင်းသောကြောင့် ပြည်ပသို့တင်ပို့ရာတွင် White Spot ဗိုင်းရပ်စ်အပြင် အရောင်ပြောင်းနေ၍ အနည်းငယ်သာ ပြည်ပသို့ ရောင်း၍ရခဲ့သည်ဟု ပြည့်ဖြိုးကျော် ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ထို့ကြောင့် ရောင်းရငွေဖြင့် ပိုက်ဆံချေပြီး ကျန်ငွေများကို ပေးချေရန်ကြိုးစားစဉ် ကုမ္ပဏီဒါရိုက်တာတစ်ဦး ရှောင်တိမ်းသွား၍ ကျန်လူများက ပြဿနာပြေလည်အောင် ကြိုးပမ်းစဉ် အမည်ပျက်စာရင်းကြေညာခံလိုက်ရခြင်းဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

ထို့အတူ စစ်တွေမြို့၊ ဆတ်ရိုးကျရပ်ကွက်ရှိ အအေးခန်းစက်ရုံပိုင်ရှင်အား စစ်တွေခရိုင် ရေလုပ်ငန်းရှင် ၁၅ ဦးက ငါး၊ပုစွန်ဘိုးကြွေးကျန်ငွေကျပ် သိန်းသုံးရာငါးဆယ်ကျော်ပေးရန် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်သို့ တိုင်ကြားထားသည်။

အငြင်းပွားမှုဖြေရှင်းရေးကော်မတီမှ ညှိနှိုင်းပေးမှုကြောင့် ၂၀၀၉ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ငွေကျပ်ကိုးဆယ့်ကိုးသိန်းကျော် ပြန်လည်ရရှိပြီး ကျန်ငွေများမရရှိတော့၍ တရားစွဲဆိုရန်စီစဉ်နေကြကြောင်း သတင်းရရှိသည်။ ယခု အမည်ပျက်စာရင်းကြေညာခံရသူများအား အခြားသောရေလုပ်ငန်းရှင်များက ယခုကိစ္စများကိုမသိရှိဘဲ ထပ်မံ၍ သွားရောက်ဆက်သွယ်ရောင်းချမိမည်ကို စိုးရိမ်ပါကြောင်းလည်း ရေလုပ်ငန်းရှင်တစ်ဦးကပြောသည်။

## ရုပ်ရှင်ရုံနှစ်ရုံပါသော Junction Centre Maw Tin ကို စက်တင်ဘာလအတွင်း ဖွင့်မည်



*အသစ်ဖွင့်လှစ်မည့် Junction Centre Maw Tin ရှိ ရုပ်ရှင်ရုံတွင် စမ်းသပ်ပြသနေစဉ်။*

**အေးသူ**

**ရန်ကုန်၊ ဩဂုတ်- ၂၁**

ရန်ကုန်မြို့၏ လူစည်ကားရာနေရာဖြစ်သော လမ်းမတော်မြို့နယ်ရှိ ယခင်မော်တင်ဈေးဟောင်းနေရာတွင် ရုပ်ရှင်ရုံနှစ်ရုံအပါအဝင် ဈေးဝယ်စင်တာပါဝင်သော Junction Centre Maw Tin ကို လာမည့် စက်တင်ဘာလတွင်း ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း အဆိုပါစင်တာအား တည်ဆောက်ဖွင့်လှစ်မည့် ရွှေတောင် ကုမ္ပဏီမှ အုပ်ချုပ်မှုနှင့် လူ့အရင်းအမြစ်ဌာနမန်နေဂျာက 7Day News သို့ပြောသည်။

"စက်တင်ဘာလထဲမှာတော့ဖွင့်ဖို့သေချာသလောက်ရှိပါတယ်။ ရက်ကတော့ Confirm မဖြစ်သေးပါဘူး။ စက်တင်ဘာဒုတိယပတ်လောက်ဖြစ်ဖို့တော့များပါတယ်။ အရင်က ဩဂုတ်လလောက် မှန်းထားပေမယ့် ရွှေ့ရင်းနဲ့ စက်တင်ဘာထဲ ရောက်သွားတာပါ"ဟု အဆိုပါတာဝန်ရှိသူကပြောသည်။

Junction Centre Maw Tin ကို အရှေ့တိုင်းယဉ်ကျေးမှုနှင့်အ နောက်တိုင်းဗိသုကာဒီဇိုင်းများ ဖြည့်စွက်တည်ဆောက်ထားပြီး ဆိုင်ခန်းများ၊ လူနေတိုက်ခန်းများ၊ လူ ၂၀၀ ဆံ့ရုပ်ရှင်ရုံနှစ်ရုံတို့ပါဝင်မည်ဖြစ်သည်။ ဖက်ရှင်ပစ္စည်းများ၊ အဝတ်အထည်၊ အသုံးအဆောင်၊ အလှကုန်၊ အလှပြင်ဆိုင်၊ စူပါမားကတ်၊ ကစားကွင်း၊ စားသောက်ဆိုင်နှင့် ကော်ဖီဆိုင်တို့လည်းပါဝင် မည်ဖြစ်ပြီး ရုပ်ရှင်ရုံ ၂ ရုံတွင် နောက်ဆုံးထွက် မြန်မာရုပ်ရှင်ဇာတ်ကားများနှင့် ပြည်ပဇာတ်ကားများကို ပြသမည်ဖြစ်ကြောင်းသိရသည်။

ရွှေတောင်ကုမ္ပဏီသည် ယခုဖွင့်လှစ်မည့် Junction Centre Maw Tin အပါအဝင် နေပြည်တော်တွင်လည်း ၂၀၀၉ ဩဂုတ်လက Junction Centre Nay Pyi Taw ကို ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ယင်းစင်တာ၏ ပုံစံနှင့် ဝန်ဆောင်မှုအတိုင်းပင် ယခု Junction Centre Maw Tin ကို တည်ဆောက်ဖွင့်လှစ်မည်ဖြစ်ကြောင်း ရွှေတောင်၏ Business Development Director Mr Sonny Boey က မေလ ၁၅ ရက်က နေပြည်တော် Centre ၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

### ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၄၃၇ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၈၆၇ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၅. ၆၆ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၇၉ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၆. ၆၀ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၃၅၅၇ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၈၃. ၂၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၄၀၈ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၅၂ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၉၂၀. ၀၀ | ရူးပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၁၉,၄၆၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၁. ၀၄၇၆ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၁. ၄၁၇၄ | ဒေါ်လာ | (နယူးဇီလန်) |

### အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၂၂၈. ၈၀၀ |
| ရေနံ | စည် | ၇၄. ၂၆၀ |
| ငွေ | ၁ အောင်စ | ၁၈. ၀၄၁ |
| ကြေးနီ | ပေါင် | ၃၃၁. ၁၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၁၁၇ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၀ ခုနှစ် ဩဂုတ် ၂၁ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။







7 DAY NEWS JOURNAL
Vol.9, No.23. AUGUST 26, 2010

## ဟသ်ာတ - ဇလွန်နှင့် ဟသ်ာတ - ကျောင်းကုန်း လမ်းပိုင်းတွင် ကုန်တင်ကားကြီး ဖြတ်သန်းမှု ယာယီတားမြစ်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဩဂုတ်-၁၉**

မိုးတွင်းကာလ၌ ဟသ်ာတ-ဇလွန်နှင့် ဟသ်ာတ-ကျောင်းကုန်း သွားလမ်းများပေါ်၌ ကုန်တင်ယာဉ်ကြီးများ သွားလာခြင်းမပြုလုပ်ရန် ဟသ်ာတကုန်တင်ကားများအသင်းနှင့် ဟသ်ာတခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ တရားဝင် စာများထုတ်ဝေထားကြောင်း သိရသည်။

အဆိုပါ လမ်းကြောင်းများတွင် ၁၀ ဘီး၊ ၁၂ ဘီး ယာဉ်ကြီးများနှင့် တန် ၂၀ နှင့်အထက် ကုန်တင်ယာဉ်များ ဖြတ်သန်းသွားလာခွင့် မပြုကြောင်း ကားဂိတ်လုပ်ငန်းရှင်များက ပြောသည်။

အဆိုပါလမ်းပိုင်းတွင် ယာဉ်နှင့်ကုန် ၄၀ တန်အထက် ကုန်တင်ယာဉ်ကြီးများဖြတ်သန်းသွားလာမှုကြောင့် မိုးရာသီတွင် လမ်းတစ်လျှောက်၌ ကတ္တရာလမ်းသားများ နိမ့်ကျပျက်စီးမှုများဖြစ်နေသောကြောင့် အထက်ပါကုန်တင်ယာဉ်များ ဖြတ်သန်းသွားလာခြင်းမရှိစေရန် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားမည်ဟု ဟသ်ာတ ကုန်တင်ကားများအသင်းမှ ဩဂုတ် ၁၅ရက်စွဲ ဖြင့် ထုတ်ဝေသောစာတွင် ဖော်ပြထားကြောင်းသိရသည်။

ထို့အပြင် စည်းကမ်းသတ်မှတ်လိုက်နာခြင်းမရှိပါက ကုန်တင်ကားများ၊ ပိုင်ရှင်များ၏ တာဝန်သာဖြစ်ကြောင်းလည်း ထည့်သွင်းဖော်ပြထားသည်ဟု ဟသ်ာတကားဂိတ်လုပ်ငန်းရှင် တစ်ဦးကပြောသည်။

အဆိုပါသတ်မှတ်ချက်များအရ ဩဂုတ် ၁ရက်မှစ၍ အောက်တိုဘာ ၃၁ ရက်အထိ ဖြတ်သန်းသွားလာခွင့်မပြုကြောင်းလည်း သိရသည်။

"၁၀ ဘီးနဲ့ ၁၂ ဘီးကားတွေက ကုန်တင်လိုက်ရင် တန် ၄၀ လောက်ရှိတယ်ဆိုတော့ ဒီကားတွေသွားလို့မရတော့ ခြောက်ဘီးကားတွေပဲ သွားရတော့မယ်" ဟု ဟသ်ာတကားဂိတ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။




## ရွှေဝယ်အား ပြန်လျော့ကျ



**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဩဂုတ်- ၁၈**

ရွှေဈေးကွက်တွင် ဩဂုတ်လ ဒုတိယပါတ်အတွင်း၌ အရောင်းအဝယ်မြင့်တက်လာသည်ဟုဆိုသော်လည်း တတိယပတ်တွင် ဝယ်လိုအားများ ပြန်လည်ကျဆင်းလာခဲ့ကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

ရွှေဈေးကွက်တွင်း၌ ရွှေဝယ်လိုအားမှာ ယခင်တစ်ပတ်နှင့် စာလျှင် ယခုရက်ပိုင်း၌ ၂၀ ရာခိုင်နှုန်းဝန်းကျင် ဝယ်လိုအား ပြန်လည်ကျဆင်းခဲ့ကြောင်း ရွှေဆိုင်လုပ်ငန်းလုပ်ကိုင်နေသူများကပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းများမှာ ယခင်တစ်ပတ်အတွင်းက တစ်အောင်စလျှင် ၁,၂၁၈ ဒေါ်လာရှိခဲ့ရာမှ ယခုရက်ပိုင်း၌ ၁,၂၂၆ ဒေါ်လာထိမြင့်တက်လာသည်။ ထို့ကြောင့် ပြည်တွင်းရွှေဈေးနှုန်းများမှာလည်း ယခင်တစ်ပတ်နှင့်စာလျှင် ၈,၀၀၀ ကျပ်အထိ ဈေးနှုန်းများမြင့်တက်လာကြောင်းသိရသည်။

ပြည်တွင်းရွှေဈေးနှုန်းသည် ယခင်တစ်ပတ်က အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၄၄,၀၀၀ ကျပ်ရှိနေရာမှ လက်ရှိရွှေပေါက်ဈေးမှာ ၆၅၂,၀၀၀ ကျပ်ထိ မြင့်တက်လာသည်။

ယင်းကဲ့သို့ အခေါက်ရွှေပေါက်ဈေးနှုန်းမှာ ၆၅၀,၀၀၀ ကျပ်ကျော်သို့ ရောက်ရှိလာသောကြောင့်ရွှေဝယ်လိုအားမှာပြန်လည်ကျဆင်းလာခဲ့ကြောင်း ရွှေလုပ်ငန်းရှင်များကပြောသည်။

"ရွှေက ၆၄၀,၀၀၀ ကျပ်ကျော်က ဈေးများတယ်ဆိုပေမယ့် ဒီနှစ်အတွက်က ဝယ်သူကြိုက်ဈေးဖြစ်နေတယ်။ ဒီနှစ်အနေနဲ့က ၁ လကျော်လောက်ကြာသွားတော့ ဝယ်တဲ့သူတွေများလာသေးတယ်။ အခု ၆၅၀,၀၀၀ ပြန်ကျော်သွားတာကြောင့် အဝယ်လျော့သွားတယ်"ဟု လသာမြို့နယ်ရှိ ရွှေဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။

ယခုကဲ့သို့ ရွှေဈေးနှုန်းများမြင့်တက်သွားခြင်းကြောင့် ရွှေအပိုင်းဝယ်စုသော ဈေးကွက်မှာ ပြန်လည်လျော့နည်းသွားခဲ့ကြောင်း သိရသည်။

"ရွှေဝယ်စုတဲ့သူကလည်း ဈေးတက်သွားတော့ အဝယ်နည်းသွားတယ်။ ပြန်ရောင်းတဲ့သူတချို့ရှိလာသလို ဈေးစောင့်ပြီးနေတဲ့သူတွေလည်းရှိနေတယ်"ဟု ရွှေဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။

ဩဂုတ်လ ၁၈ရက် ရွှေပေါက်ဈေးနှုန်းမှာ ၁၅ ပဲရည်တစ်ကျပ်သားလျှင် ၆၁၃,၀၀၀ ကျပ်ဈေးပေါက်နေကြောင်းသိရသည်။

## စီးတီးမတ်ဆိုင်ခွဲနှစ်ခု ထပ်မံဖွင့်လှစ်ရန်စီစဉ်

**ရန်ကုန်၊ ဩဂုတ်-၁၇**

ရန်ကုန်မြို့တွင် ဆိုင်ခွဲအများဆုံးဖွင့်လှစ်ထားသော စီးတီးမတ်စူပါမားကက်၏ ဆိုင်ခွဲအသစ်နှစ်ခုကို ယခုနှစ်အတွင်း ရန်ကုန်မြို့၌ ဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း စီးတီးမတ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လက်ရှိ ရန်ကုန်မြို့တွင် ဆိုင်ခွဲ ၁၀ ဆိုင်ဖွင့်လှစ်ထားသော စီးတီးမတ်စူပါမားကက်က ၁၁ ဆိုင်မြောက်ဆိုင်ခွဲကို ဂျန်းရှင်းမော်တင် (Junction Mawtin) ဈေးဝယ်စင်တာနှင့် ၁၂ ဆိုင်မြောက်ဖြစ်သောဆိုင်ခွဲကို ဓမ္မစေတီလမ်းနှင့် ရွှေတောင်ကြားလမ်းထောင့်တွင် ဆောက်လုပ်နေသောစီမံကိန်း၌ ဖွင့်လှစ်မည်ဟု အထက်ပါတာဝန်ရှိသူကပြောကြားသည်။ ဓမ္မစေတီလမ်းနှင့် ရွှေတောင်ကြားလမ်းထောင့်ရှိ မြေအကျယ် ၃၈,၀၀၀ စတုရန်းပေတွင် ဆောက်လုပ်နေသော စီမံကိန်းမှာ ၂၀၁၀ မတ်တွင် စတင်ခဲ့ပြီး လာမည့်ဒီဇင်ဘာလအတွင်း ပြီးစီးရန်မျှော်မှန်းထားသည်။ ထို့ကြောင့် ဆိုင်ခွဲကိုလည်း ဆောက်လုပ်မှုပြီးစီးသော လမှာပင် ဖွင့်လှစ်ရန်မျှော်မှန်းထားသည်ဟု ဆိုသည်။ အဆိုပါအထပ်နှစ်ထပ်ပါဝင်မည့် ဆိုင်သစ်တွင် စီးတီးမတ်အပြင် အခြားဆိုင်များလည်းပါဝင်ဦးမည်ဟုဆိုသည်။

# 7DAY BOOK REVIEW

## ရန်ကုန်သစ်စီးပွားရေးရာ ဆောင်းပါးများ



**မကြာသေးမီကထွက်ရှိခဲ့သော "ရန်ကုန်သစ်လက်ရွေးစင်ဆောင်းပါးများ" ကဲ့သို့ပင် ယခုထပ်မံထွက်ရှိလာသည့်ရန်ကုန်သစ်မဂ္ဂဇင်းမှစီစဉ်သောစီးပွားရေးနှင့်သက်ဆိုင်သည့် ဆောင်းပါးများစုစည်းမှုစာအုပ်ဖြစ်ပါသည်။ ရန်ကုန်သစ်မဂ္ဂဇင်းတွင် ၂၀၀၈ ဒီဇင်ဘာလမှ ၂၀၀၉ ဒီဇင်ဘာလအတွင်းဖော်ပြခဲ့သော စီးပွားရေးဆောင်းပါးများကို စုစည်းထားခြင်းဖြစ်သည်။ စာအုပ်တွင် နိုင်ငံတကာငွေရေးကြေးရေး၊ ဘဏ္ဍာရေး၊ ဖွံ့ဖြိုးရေးနှင့် စီးပွားရေးပညာရပ်နှင့် ဆက်စပ်သော ဆောင်းပါး ၂၁ပုဒ်ပါဝင်ပြီး ကျော်မျိုးသန့်၊ မြင့်ဟံသာ၊ မောင်သံဒိုင်(ဘောဂဗေဒ)၊ မောင်ကိုသီ၊ ဝင်းထွဋ်ဇော်၊ မြသူအောင်၊ ဦးငွေသိန်း(ကုမ္ပဏီလမ်းညွှန်)၊ ဦးကြည်မြင့် (လသာ)၊ ထင်အောင်ကျော်နှင့်သန်းစိုးနိုင်အစရှိသည့် စာရေးဆရာများက ဝင်ရောက်ရေးသားထားသည်။ ဆောင်းပါးအများစုမှာ တိုင်းမ်၊ နယူးဝိစ် အစရှိသည့်နိုင်ငံတကာမဂ္ဂဇင်းများနှင့်စီးပွားရေးစာတမ်းများမှကောက်နုတ်ဖော်ပြထားခြင်းကို ဖတ်ရှုရမည်ဖြစ်သည်။**

ယေဘုယျအားဖြင့် စာအုပ်ပါ ဆောင်းပါးများကို အုပ်စု ၃ စု ခွဲခြားနိုင်ပြီး ပထမအုပ်စုတွင် ဈေးကွက်စီးပွားရေးစနစ်နှင့် သင့်တော်မှန်ကန်သည့် စီးပွားရေးမူဝါဒများချမှတ်အကောင်အထည်ဖော်နိုင်ခဲ့သော နိုင်ငံများ၏ စီးပွားရေးတစ်ဟုန်ထိုး တိုးတက်ခဲ့ပုံကို ဖတ်ရှုရမည်ဖြစ်သည်။ ဒုတိယအုပ်စုတွင် ဈေးကွက်စီးပွားရေးစနစ်တွင် တွေ့ရှိရသော ချို့ယွင်းချက်၊ အားနည်းချက် အစရှိသည့် စီးပွားရေး မတည်မငြိမ်ဖြစ်မှု၊ ငွေကြေးဖောင်းပွမှုနှင့် အလုပ်လက်မဲ့ပြဿနာများကိုဖော်ပြထားသော ဆောင်းပါးများပါဝင်ပြီး တတိယအုပ်စုတွင် စီးပွားရေးပြဿနာများကြုံတွေ့လာသည့်အခါ သက်သာရှောင်လွှဲနိုင်အောင် အစိုးရအနေဖြင့်မည်သည့်ကဏ္ဍမှပါဝင်သင့်ခြင်းနှင့် မည်သို့သောအတိုင်းအတာထိ ပါဝင်သင့်သည်ကိုဖော်ပြထားသည့်ဆောင်းပါးများဖြစ်သည်။

အထူးသဖြင့် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သော အာဆီယံနိုင်ငံများ၏ စီးပွားရေး တည်ဆောက်ခဲ့ပုံနှင့် လက်ရှိ အခက်အခဲနှင့် ရုန်းကန်နေမှုများ အကြောင်းအကြမ်းဖျင်းသိရှိနိုင်မည်ဖြစ်သည်။

ထို့အပြင်နိုဘယ်ဆုရှင်ပေါလ်ခရပ်မင်၊ မြန်မာနိုင်ငံသို့ လာရောက်ခဲ့ဖူးသော စီးပွားရေးပညာရှင်စတတ်ဂလစ်ဇ်တို့နှင့် အမေရိကန်သမ္မတဘားရက်အိုဘားမားတို့၏ ဆက်ဆံရေးကို သိရှိနိုင်မည်ဖြစ်ပြီး ၂၀၀၈ ခုနှစ်က ကျရောက်ခဲ့သော ကမ္ဘာ့ငွေကြေးအကျပ်အတည်းကြီးနှင့် အမေရိကန်ဘဏ်ကြီးများ၏ အခန်းကဏ္ဍ၊ စီးပွားရေးအကျပ်အတည်းမှ ရုန်းထွက်ရန် အစိုးရ၏ အထောက်အပံ့အစီအစဉ်နှင့် ယင်းနှင့်စပ်ဆက်သော ပညာရှင်များ၏ အမြင်များကို ကွဲပြားခြားနားစွာ ဖတ်ရှုရမည်ဖြစ်ပါသည်။

ထူးခြားသည်မှာ စာအုပ်တွင်ဖော်ပြပါ ဆောင်းပါးများအနက် မြန်မာနိုင်ငံနှင့် ဆက်စပ်သော **မြန်မာ့ငွေကြေးသမိုင်းတစ်စိတ်တစ်ပိုင်း** ဆောင်းပါး၌ဆောင်းပါးရှင်မြသူအောင်၏ အားထုတ်မှုကို အသိအမှတ်ပြုဖတ်ရှုနိုင်မည်ဖြစ်ပါသည်။ ယင်းဆောင်းပါးတွင် မြန်မာနိုင်ငံသည် ငွေကြေးအဖြစ် ဒင်္ဂါးများကို ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာခေတ်တို့မှ ကုန်းဘောင်ခေတ်ထိတိုင် အဆင့်ဆင့်သွန်းလောင်းသုံးစွဲခဲ့ပုံ၊ ကိုလိုနီခေတ်မြန်မာ့ငွေကြေး၊လွတ်လပ်ပြီးခေတ် မြန်မာ့ငွေကြေးနှင့် မြန်မာနိုင်ငံတွင်ထုတ်ဝေခဲ့သော ငွေစက္ကူများ အဆင့်ဆင့်ပြောင်းလဲသုံးစွဲခဲ့ပုံကိုမျက်မှောက်ခေတ်အထိဖတ်ရှုရမည်ဖြစ်ပါသည်။

ရန်ကုန်စီးပွားရေးတက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ် ဦးမြတ်သိန်း၏အမှာတွင် "ဒီအားနည်းချက်တွေ၊ချို့ယွင်းချက်တွေကြောင့် ဈေးကွက်ကို ကျောခိုင်းလို့လည်း မဖြစ်ပါဘူး။ အင်္ဂလိပ်ဆိုရိုးတစ်ခုရှိပါတယ်။ "You don't have to throw the baby with the bath-water! ကလေးကို ရေချိုးပြီးရင်ရေနဲ့အတူ ပစ်လိုက်ရမှာမဟုတ်ဘူး"ဆိုတာပါပဲ။ ကောင်းတာတွေကိုယူပြီး မကောင်းတာတွေကိုသာပယ်ဖို့လိုအပ်ပါတယ်ဆိုတဲ့သဘောပါ"ဟုရေးသားထားသည်။ ခေတ်ပြတိုက် စာပေမှ တန်ဖိုး ၂,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge ပဟုသုတ

## ဖျောက်ဖျောက်မြည်အောင် လုပ်ကြည့်ကြမလား

လေပူဖောင်းများပါသော ပလတ်စတစ်စကို ဖောက်ခြင်း၊ ချောကလက်လုံးများပါသော ကတ်များကို ဖောက်ခြင်းမှရရှိသော စိတ်ခံစားမှုကို လူတိုင်းသတိပြုမိပေလိမ့်မည်။ အဆိုပါခံစားမှုမျိုးက စိတ်လက်ပေါ့ပါးသက်သာမှုကို ဖြစ်စေသဖြင့် ဖြစ်နိုင်လျှင်မကြာခဏဖြစ်စေလိုကြသည်။ Bandai အမည်ရှိဂျပန်ကုမ္ပဏီတစ်ခုက Mugen Toys အမည်ဖြင့် အထက်ပါဖြစ်စဉ်မျိုးပြုလုပ်လိုသူများအတွက် စိတ်ကူးဆန်းဆန်းဖြင့် ကစားစရာများထုတ်လုပ်ရောင်းချခဲ့သည်။ Mugen Peri Peri ခေါ် ဆုတ်ဖြဲပြီးဖောက်ရသည့် အထုပ်ငယ်များ၊ Mugen Beer ခေါ် ဘီယာဘူးဖောက်သည့်ပုံစံအရုပ်များ၊ Mugen Bubble Wrap ခေါ် ကတ်မှပစ္စည်းများဖောက်ထုတ်သည့်ပုံစံအရုပ်များ၊ စိတ်ဝင်စားစရာအကောင်းဆုံးအဖြစ် Mugen Edamame ခေါ် ဟင်းချက်ပစ္စည်းပုံစံ ပဲတောင့်ရှည်ထဲမှ ပဲစေ့များညှစ်ထုတ်ရသည့် ပဲသီးပုံစံအရုပ်များ ထုတ်လုပ်ထားပြီးဖြစ်သည်။

အဆိုပါအသစ်အဆန်းထုတ်ကုန်လေးများက ကုထုံးဆိုင်ရာအကျိုးပြုပစ္စည်းများအဖြစ် အသုံးပြုနိုင်ပြီး စိတ်ဖိစီးမှုလျော့ပါး သက်သာစေသည့် အကောင်းဆုံးနည်းလမ်းအဖြစ် အသုံးပြုလာကြသည်။ အမေရိက Bandai မှ ဈေးကွက်ဒါရိုက်တာ ဒန်နီယယ်အန်းဘက်စ်က 'ဒီပစ္စည်းလေးတွေက အလုပ်များလွန်းတဲ့ ယနေ့ခေတ်ကြီးရဲ့အသက်အရွယ်စုံလူတွေအတွက် ထုတ်လုပ်ထားတာဖြစ်ပါတယ်။ ရတဲ့အချိန်တိုလေးအတွင်းမှာ စိတ်ဖိစီးမှုလျော့အောင် အမြန်ဆုံးလုပ်ပေးနိုင်တဲ့ စိတ်အပန်းဖြေစရာရှာသူတွေအတွက်ဖြစ်ပါတယ်' ဟု ပြောကြားသည်။

*–Source: Reader's Digest*

# တစ်ပတ်တာ ကံကြမ္မာ

ဗေဒင်ဆရာ ...

**ဩဂုတ် ၂၆ ရက် မှ စက်တင်ဘာ ၁ ရက် အထိ**

### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

အရာရာအဆင်ပြေမည်။ ရည်မှန်းချက်များအောင်မြင်မည်။ လက်လွှတ်ထားသည်များပြန်ရမည်။ မူလတစ်ကြိမ်မှ လုပ်ကိုင်ဖူးခြင်းမရှိသေးသော အလုပ်စီးပွားသစ်များ လုပ်ကိုင်အောင်မြင်မည်။ ထူးခြားသောဖြစ်ရပ်များ တစ်မျိုးပြီးတစ်မျိုးကြုံမည်။ အရွေးရခက်အောင် အခွင့်အရေးနှစ်မျိုးကြုံမည်။ အပြောအဆိုအနေအထိုင်အထူးဂရုစိုက်ရမည်။ လူမုန်းခံရတတ်သည်။ စကားများတတ်သည်။ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်မည်။

### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

လုပ်ငန်းခွင်အတွင်း၌လည်းကောင်း၊ လူမှုရေးကိစ္စများနှင့်လည်းကောင်း၊ ငွေကြေးကိစ္စများတွင်လည်းကောင်း မပြောမဆို နှုတ်နည်းလေအကျိုးကောင်းလေဖြစ်သည်။ ပညာအတတ်ကိုအခြေတည်၍ လုပ်ကိုင်ဆောင်ရွက်ခြင်းများမှ ကောင်းသောအကျိုးဆက်ရရှိမည်။ အခက်အခဲစိတ်အနှောင့်အယှက်များနှင့်ကြုံတွေ့ပါက အင်္ဂါနေ့၊ ကြာသပတေးနေ့မွေးသောသူများနှင့် လိုအပ်သည်များညှိနှိုင်းပြီးဆောင်ရွက်ပါ။

### GEMINI မေထုန်ရာသီဖွား (မေ၂၂-ဇွန်၂၁)

အလုပ်အကြံအစည်များအောင်မြင်မည်။ စိတ်ရှည်မှု၊ မဖြစ်မနေလုပ်ကိုင်မှုနှင့် ပြတ်သားစွာစွန့်စားလုပ်ကိုင်မှုကြောင့် တိုးတက်မှုအဆင့်ဆင့်ရရှိမည်။ အကျိုးအမြတ်ကိုဦးစားမပေးဘဲ စေတနာကောင်းနှင့်လုပ်ကိုင်ခြင်းများမှ အကျိုးကောင်းစွာရရှိမည်။ အတတ်ပညာကိုအခြေတည်၍ တက်လမ်းများရှာဖွေသူများအတွက် အလိုပြည့်ဝခြင်း၊ ရည်မှန်းချက်အောင်မြင်ခြင်းရှိမည်။ အကြီးအကဲအကူအညီရမည်။

### CANCER ကရကဋ်ရာသီဖွား (ဇွန်၂၂-ဇူလိုင်၂၂)

အနှောင့်အယှက်အတိုက်အခံများ တစ်မျိုးပြီးတစ်မျိုးကြုံတွေ့ရမည်။ အလောတကြီး စိတ်မြန်၊ လက်မြန်ဆောင်ရွက်ခြင်းများရှောင်ပါ။ စနေနေ့မွေးသောသူများနှင့် အလုပ်တွဲဖက်လုပ်ကိုင်ခြင်းများတွင် သတိရှိပါ။ တနင်္ဂနွေနေ့မွေးသောသူများ ကတိပျက်မှုကြောင့် စိတ်အနှောင့်အယှက်ကြုံတတ်သည်။ ရန်ဒေါသဖြစ်စရာများနှင့်ထိပ်တိုက်တွေ့မည်။ ပစ္စည်းအပျောက်အရှများတတ်သည်။ သဘောထားမတူသူများနှင့်ဆက်ဆံရမည်။

### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

ငွေကြေးကိစ္စ၊ စာရွက်စာတမ်းကိစ္စ လက်လွှဲလက်ပြောင်းများတွင် အထူးသတိထား၍ဆောင်ရွက်ပါ။ တနင်္ဂနွေ၊ ကြာသပတေးနေ့မွေးသောသူများနှင့် ခရီးအတူသွားပါက အန္တရာယ်ကြုံတတ်သည်။ ၎င်းတို့နှင့် ပူးတွဲလုပ်ကိုင်သောအလုပ်ကိစ္စများသည်လည်း အဆင်မပြေပြတ်တောက်နေသောအဆက်အသွယ်များနှင့်ပြန်လည်ဆက်သွယ်မိမည်။ နေအိမ်တွင် အထားအသိုပြောင်းလဲခြင်း၊ ဖွဲ့စည်းမှုပြောင်းလဲခြင်းများပြုရမည်။

### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

အိမ်ထောင်ဦးစီးနှင့်ပတ်သက်သော ကောင်းသတင်းနှင့်တိုးတက်မှုသတင်းများကြုံတွေ့ရမည်။ မိသားစုတွင် စက်ပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်း အစရှိသည်များနှင့်ပတ်သက်သော ငွေကြေးရင်းနှီးမြှုပ်နှံထားသူများရှိက ၎င်းတို့တွင် ထူးထူးခြားခြား တိုးတက်ခြင်း၊ အဆင်ပြေခြင်းရှိမည်။ အိုး၊ အိမ်၊ ခြံ၊ မြေကိစ္စများအားပြောဆိုမှုများအောင်မြင်မည်။ အလုပ်ရှာဖွေသူများအလုပ်ရမည်။

### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

တနင်္လာနံ၊ စနေနံပစ္စည်းများနှင့်ပတ်သက်၍ မြှုပ်နေသောငွေများ လက်ဝယ်ပြန်လည်ရရှိမည်။ သူတစ်ပါးကြောင့် မိမိတွင် အမှုအခင်းဖြစ်တတ်သည်။ ဂုဏ်သိက္ခာထိခိုက်စေသောဖြစ်ရပ်များ ကြုံမည်။ လုပ်ငန်းခွင်ရှိသူများ မိမိနှင့်တွဲဖက်လုပ်သောသူ ခွင့်ရက်ရှည်ယူ၍ အလုပ်ပို၊ ကိစ္စပိုများလုပ်ကိုင်ရမည်။ ငွေကြေးကိစ္စ၊ စာရွက်စာတမ်းလက်လွှဲလက်ပြောင်းကိစ္စများသတိရှိပါ။

### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

အလုပ်သစ်၊ စီးပွားသစ်များဆောင်ရွက်ရမည်။ အလိုပြည့်မည်။ တစ်ပါးသူ လေးစားလောက်သောအပြုအမူများ အခိုင်အမာပြုနိုင်မည်။ သူတစ်ပါး ဆောင်ရွက်ခြင်းမရှိသောအလုပ်များ မိမိဆောင်ရွက်အောင်မြင်မည်။ အပြိုင်အဆိုင်ကြားမှ တိုးတက်မှုအဆင့်ဆင့်ရရှိမည်။ ကာလအတန်ကြာ ငြိမ်အေးနေသော ပြဿနာဟောင်းများ အသစ်သဖွယ်ပြန်လည်ဖြေရှင်းရမည်။ ငွေကြေးနှင့်ပတ်သက်သောကံကောင်းသည်။

### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

အထူးကောင်းသောကာလဖြစ်သည်။ အလုပ်စီးပွားတိုးတက်မည်။ အရှေ့အရပ်၊ အနောက်တောင်အရပ်မှ သူများနှင့် ပူးပေါင်းလုပ်ကိုင်မှုများမှ ထူးခြားသောအကျိုးကောင်းရရှိမည်။ အခါတိုင်းထက်ပို၍ ငွေကြေးကံကောင်းမည်။ နာမည်ကောင်းသတင်းနှင့်ကျော်ကြားမည်။ အလုပ်နှင့်ပတ်သက်သောစန်းအထူးမြင့်မားမည်။ ခရီးကိစ္စ၊ လူမျိုးကွဲများနှင့် ဆက်နွှယ်လုပ်ကိုင်သောကိစ္စများအကျိုးပေးမည်။

### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

တွေဝေဒွိဟဖြစ်မှုကြောင့် အခွင့်ကောင်းများ လက်လွှတ်ဆုံးရှုံးမည်။ ပစ္စည်းပျောက်တတ်သည်။ ပြဿနာအခက်အခဲများနှင့် ရင်ဆိုင်ရတတ်သည်။ လူငယ်၊ လူရွယ်များ ရေတွင်အပျော်ဆော့ကစားခြင်းရှောင်ပါ။ စီးနင်းနေကျ၊ မောင်းနှင်နေကျမဟုတ်သောယာဉ်စက်ပစ္စည်းများအား မောင်းနှင်ရန်မသင့်။ အန္တရာယ်ကြုံတတ်သည်။ စက်ပစ္စည်းများအဝင်မတော်။ လျှပ်စစ်ပစ္စည်းများ သတိနှင့်ကိုင်တွယ်ပါ။

### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

ခရီးသွား၍အကျိုးရှိမည်။ စိတ်ကူးသစ်များ လက်တွေ့လုပ်ကိုင်နိုင်မည်။ မထင်မှတ်ဘဲ စနေနေ့မွေးသောသူထံမှ အထောက်အကူရခြင်းရှိမည်။ ကံကောင်းခြင်းများဖြစ်ပေါ်မည်။ အိုးအိမ်နေရာထိုင်ခင်းအတွက် စကားပြောဆိုရခြင်း၊ စကားအောင်ခြင်းရှိမည်။ အရေးကြီးသောစာရွက်စာတမ်းများအတွက် စကားပြောဆိုရမည်။ ငွေကြေးကံကောင်းမည်။ တစ်ပါးသူစကား နားယောင်ခြင်း၊ တွေဝေခြင်းမရှိသင့်။

### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

အနှောင့်အယှက်အတိုက်အခံများကို ထိပ်တိုက်ရင်ဆိုင်ပြီး ဖြေရှင်းပါက အလုံးစုံအဆင်ပြေမည်။ စွန့်စားရဲလေ တိုးတက်လေဖြစ်သည်။ ငွေကြေးနှင့်ပတ်သက်သောကံကောင်းသည်။ ဆုံးဖြတ်ထားသည့်အတိုင်း ရဲဝံ့စွာရှေ့တိုးဆောင်ရွက်ပါ။ ကိုယ့်ကိုယ်ကိုယ် အားကိုးပါ။ တစ်ပါးသူအထောက်အကူအား မျှော်လင့်ရန်မသင့်။ အစာအိမ်၊ ဝမ်းဗိုက်ဒုက္ခပေးတတ်သည်။ ရင်ဘတ်၊ အဆုတ်အအေးမိတတ်သည်။

7 DAY NEWS JOURNAL
Vol.9, No.23. AUGUST 26, 2010

# နဂါးငွေ့တန်း အမိဖမ်းရတော့မည်



ကြည်နေဝင်းမင်း

တရုတ်နိုင်ငံ၏ စီးပွားရေးသည် ယခုနောက်ဆုံး သုံးလပတ်တွင် ဂျပန်နိုင်ငံအား ကျော်တက်ကာ ကမ္ဘာ့ဒုတိယ အကြီးမားဆုံး စီးပွားရေးဖြစ်လာခဲ့ရာ ယင်းမှာ အထီးကျန်ကွန်မြူနစ်နိုင်ငံ ဘဝမှ ထွန်းသစ်စ စူပါပါဝါအဖြစ် တက်လှမ်းလာခဲ့သော ဆယ်စုနှစ်သုံးစုကိုသရဖူဆောင်းလိုက်ခြင်း ဖြစ်ပါသည်။

ဂျပန်နိုင်ငံ၏ ယခုနှစ်ဒုတိယ သုံးလပတ် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုသည် ကန်ဒေါ်လာ ၁ ဒသမ ၂၈၈ ထရီလီယံရှိခဲ့ကြောင်း ဂျပန်အစိုးရဝန်ကြီးများရုံးက ဩဂုတ်လ ၁၆ ရက်တွင်ကြေညာခဲ့သည်။ တရုတ်နိုင်ငံ၏ ၎င်းကာလ ဂျီဒီပီ ကန်ဒေါ်လာ ၁ ဒသမ ၃၃၇ ထရီလီယံထက် လျော့နည်းနေသည်။ သို့သော်နှစ်စဉ်နှုန်းနှင့် ဆိုပါက တရုတ်စီးပွားရေးမှာ ကန်ဒေါ်လာ ၄ ဒသမ ၉ ထရီလီယံရှိ၍ ဂျပန်နိုင်ငံ၏ စီးပွားရေးမှာ ၅ ဒသမ ဝ၇ ထရီလီယံရှိကာ ၂၀၁၀ ခုနှစ် ပထမနှစ်ဝက်တွင် ဂျပန်စီးပွားရေးသည်တရုတ်နိုင်ငံထက်ပို၍ကြီးမားနေဆဲဖြစ်ကြောင်း ဂျပန်အစိုးရ အေဂျင်စီက ပြောပါသည်။

၁၉၇၈ ခုနှစ်တွင် တရုတ်နိုင်ငံခေါင်းဆောင် တိန့်ရှောင်ဖိန်က ပြင်းထန်သော ကွန်မြူနစ်ပေါ်လစီများကို စွန့်လွှတ်၍ လွတ်လပ်သော ဈေးကွက်ပြုပြင်ပြောင်းလဲမှုများကို ထွေးပိုက်လိုက်ချိန်ကနှင့် နှိုင်းယှဉ်လျှင် တရုတ်နိုင်ငံ၏ စီးပွားရေးသည် အဆကိုးဆယ်ကြီးထွားလာခဲ့ပြီ ဖြစ်သည်။ ယမန်နှစ်စီးပွားရေးကျကပ်မှုပင် ကမ္ဘာကြီးကို တရုတ်နိုင်ငံက ဦးဆောင်ကယ်ထုတ်ခဲ့သည်။ လူဦးရေ ၁ ဒသမ ၃ ဘီလီယံ မှီတင်းနေထိုင်သောနိုင်ငံသည် နှစ်စဉ် ဂျီဒီပီကန်ဒေါ်လာ ၁၄ ထရီလီယံခန့် ရှိလာချိန်တွင် ကမ္ဘာ့စီးပွားရေး အင်အားအကြီးဆုံးနိုင်ငံအဖြစ် အမေရိကန်နိုင်ငံကိုကျော်တက်သွားမည် ဖြစ်သည်။ ယင်းမှာ ၂၀၂၇ ခုနှစ်ခန့်တွင်ဖြစ်နိုင်ကြောင်း Goldman Sachs ဘဏ္ဍာရေးဝန်ဆောင်မှု ကုမ္ပဏီအုပ်စု စီးပွားရေးပညာရှင်ချုပ် ဂျင်အိုနီးလ်က ခန့်မှန်းထားသည်။

တရုတ်က ဂျပန်နိုင်ငံအား ကျော်တက်သွားခြင်းမှာ ကမ္ဘာ့ စီးပွားရေးကို တရုတ်နိုင်ငံက လွှမ်းမိုးလာခြင်း အမှတ်အသားဟု ဘရွတ်ကင်းအင်စတီကျူးရှင်းမှ စီနီယာပညာရှင်လည်းဖြစ်၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏တရုတ်လေ့လာရေးဌာန အကြီးအကဲဟောင်းလည်းဖြစ်သူ အက်စ်ဝါပရာဆက်က ပြောကြားပါသည်။ ထို့အပြင် အကျပ်အတည်းကာလအတွင်း တရုတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကြံ့ကြံ့ခံနိုင်မှုကြောင့် အခြား(အထူးသဖြင့် ကုန်ပစ္စည်းတင်ပို့သော) နိုင်ငံများသည် တရုတ်နိုင်ငံ၏အကျိုးစကို တွဲလဲခို၍ လိုက်ပါသွားနိုင်ခဲ့ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

၎င်းသတင်းများ ထွက်ပေါ်ပြီးနောက်ပိုင်း ရှန်ဟိုင်းအခြေခံစတော့ရှယ်ယာ ညွှန်ကိန်း ၂ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်သွားခဲ့ရာ ယင်းမှာ တစ်လအတွင်း အများဆုံးမြင့်တက်ခြင်း ဖြစ်သည်။

ယမန်နှစ်ကပင် တရုတ်သည်ကမ္ဘာ့အကြီးဆုံး ကားဈေးကွက်အဖြစ် အမေရိကန်နိုင်ငံအား ကျော်တက်သွားခဲ့ပြီး ကမ္ဘာ့အကြီးဆုံးကုန်ပစ္စည်းတင်ပို့သူအဖြစ် ဂျာမနီနိုင်ငံအား ကျော်တက်ခဲ့သည်။ ထို့အပြင် တရုတ်နိုင်ငံသည် သံရိုင်းနှင့် ကြေးသတ္တုဝယ်ယူမှုတွင် ကမ္ဘာ့နံပါတ်တစ် ဖြစ်သလို ကမ္ဘာ့ဒုတိယအကြီးဆုံး ရေနံစိမ်းတင်သွင်းသူလည်း ဖြစ်သည်။

တရုတ်နိုင်ငံ ကုန်ထုတ်လုပ်မှုအင်အားသည် ၂၀၀၉ ခုနှစ်နောက်ဆုံး သုံးလပတ်တွင် ဂျပန်ထက်ကြီးမားခဲ့သော်လည်း ဂျပန်နိုင်ငံက ၂၀၁၀ ခုနှစ် ပထမသုံးလပတ်တွင် တရုတ်နိုင်ငံကို ပြန်လည်ကျော်တက်ခဲ့သည်။ ၎င်းနိုင်ငံနှစ်နိုင်ငံတွင် ရာသီအလိုက် စီးပွားရေး အနိမ့်အမြင့်ကွဲပြားမှုပုံစံများရှိနေ၍ သုံးလပတ်အလိုက် နှိုင်းယှဉ်ခြင်းမှာ အနည်းငယ်အခက်အခဲရှိကြောင်း စင်ကာပူ Action Economics မှအာရှခန့်မှန်းရေးဌာန ခေါင်းဆောင် ဒေးဗစ်ကိုဟင်က ဆိုပါသည်။

ထို့အပြင် ယမန်နှစ်က စံချိန်တင်မြင့်တက်ခဲ့သော ကြွေးမြီဈေးကွက်ကြီးထွားလာမှု (ကန်ဒေါ်လာ ၁ ဒသမ ၄ ထရီလီယံ) ကိုအစိုးရကပြန်လည် ဇက်ကြိုးသတ်နေရာ တရုတ်စီးပွားရေးအနည်းငယ်အေးလာသည်။ အိမ်ရာဈေးနှုန်းများ မြင့်တက်လာခြင်းကို လျှော့ချရန်လည်းအိမ်နှစ်လုံး၊ သုံးလုံးဝယ်ယူမှုကို တရုတ်အစိုးရက အားမပေးတော့ချေ။

တရုတ်နိုင်ငံ၏ အိမ်ခြံမြေဈေးကွက်လည်း စတင်၍ ပြိုကျစပြုနေရာ ယင်းမှာ နိုင်ငံ၏ ဘဏ်လုပ်ငန်းများကို ထိခိုက်နိုင်ကြောင်း အိုင်အမ်အက်ဖ်၏ စီးပွားရေး ပညာရှင်ချုပ်ဟောင်းဖြစ်သူ ဟားဗတ်တက္ကသိုလ် ပါမောက္ခ ကက်နက်ရိုဂျော့ဖ်က ဇူလိုင် ၆ ရက်က ပြောကြားခဲ့ပါသည်။ သို့ဖြစ်စေကာမူ တရုတ်နိုင်ငံသည် ၂၀၂၀ ခုနှစ်ခန့်တွင် အမေရိကန်နိုင်ငံအားကမ္ဘာ့အင်အား အကြီးဆုံး စီးပွားရေးနိုင်ငံအဖြစ် ကျော်တက်ရန် အလားအလားကောင်းနေကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ဆောင်မှု ကုမ္ပဏီ Pricewater house Coopers ကဇန်နဝါရီလအစီရင်ခံစာတွင် ထုတ်ပြန်ဖော်ပြခဲ့သည်။ ယခုနှစ် ဒုတိယသုံးလပတ်တွင် ဂျပန်စီးပွားရေး နှစ်ရာခိုင်နှုန်းတိုးတက်ခဲ့သော်လည်း တရုတ်စီးပွားရေးမှာ ၁၀ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီးရှေ့လျှောက် ယင်းကွာဟချက်မှာ ပို၍ကြီးမားလာမည်ဖြစ်ရာ နောင်တွင်လည်း ဂျပန်က နံပါတ် ၂ နေရာကို ပြန်ရရန် အလားအလာမရှိကြောင်း မီဇူဟိုအာရှရှယ်ယာရောင်းဝယ်ရေးကုမ္ပဏီမှ ဟောင်ကောင်အခြေစိုက် စီးပွားရေး ပညာရှင်ရှန်ကျန်ဂွမ်းက ပြောကြားပါသည်။

ဈေးကွက်တွင် ငွေကြေးမတည်ရင်းနှီးမြှုပ်နှံထားမှုအရတွက်ချက်ပါကလည်း ကမ္ဘာ့ထိပ်တန်းကုမ္ပဏီဆယ်ခုတွင် လေးခုမှာတရုတ်နိုင်ငံ၌ရှိပါသည်။၎င်းတို့တွင်တရုတ်ရေနံ ကုမ္ပဏီ ပက်ထရိုချိုင်းနား၊ တရုတ်စက်မှုနှင့် စီးပွားရေးဘဏ်၊ ဆက်သွယ်ရေး ကုမ္ပဏီ ချိုင်းနားမိုဘိုင်းနှင့် တရုတ်ဆောက်လုပ်ရေး လုပ်ငန်းဘဏ်တို့ပါဝင်သည်။ ယခုလအတွင်းမှာပင် တရုတ်စိုက်ပျိုးရေးဘဏ်က ၎င်း၏ရှယ်ယာများအား ပြည်သူလူထုသို့ ကနဦး ရှယ်ယာရောင်းချခြင်း အစီအစဉ်ကို စတင်၍ ရှန်ဟိုင်းစတော့ ရှယ်ယာဈေးကွက်တွင် ရောင်းချခဲ့ရာ ကန်ဒေါ်လာ ၂၂ ဒသမ ၁ ဘီလီယံ ရှာဖွေနိုင်ခဲ့သည်။ ယင်းမှာ ကမ္ဘာ့အကြီးဆုံး ကနဦးရှယ်ယာရောင်းချမှု (IPO)အစီအစဉ်ဖြစ်ပါသည်။

ယင်းမှာ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်က အထိ လွတ်လပ်သော ဈေးကွက်စနစ်ကို မကျင့်သုံးသေးသော နိုင်ငံအတွက် ခမ်းနားသော အောင်မြင်မှုဖြစ်ပါသည်။ တရုတ်နိုင်ငံ၏ ခေါင်းဆောင်တိန့်ရှောင်ဖိန် မတက်လာမီကာလက ခေတ်နောက်ကျနေသောစိုက်ပျိုးရေး နိုင်ငံအဖြစ်မှ စက်မှုအင်အားကြီး နိုင်ငံဖြစ်လာစေရေး ရည်မှန်းအကောင်အထည်ဖော်ခဲ့သော ရှေ့သို့ မဟာခြေလှမ်းလှမ်းခြင်း အစီအစဉ်မှာ ကျဆုံးခဲ့သည်။ ယင်းနောက် ယဉ်ကျေးမှုတော်လှန်ရေး ဖြစ်ပေါ်ခဲ့ရာတရုတ်နိုင်ငံ၏ စီးပွားရေးမှာ လူမမာတစ်ယောက် လမ်းလျှောက်နေသည့်ပမာ ယိုင်ထိုးနေခဲ့သည်။

သို့သော် လွတ်လပ်သော ဈေးကွက်စနစ် စတင်ကျင့်သုံးလာချိန်မှစ၍ တရုတ်စီးပွားရေးမှာ နှစ်စဉ် ၁၀ ရာခိုင်နှုန်းနီးပါးတိုးတက်လာခဲ့ရာ နှစ်ပေါင်း ၃၀ ကျော်ကြာလာသောအချိန်တွင် ကမ္ဘာ့ဒုတိယနေရာသို့ ရောက်ရှိလာခြင်းဖြစ်သည်။ လွတ်လပ်သော ဈေးကွက်ပေါ်လစီများကိုကျင့်သုံးခဲ့ချိန်မှစ၍ တရုတ်နိုင်ငံသည် ၎င်း၏ နိုင်ငံသားသန်း ၃၀၀ ကိုဆင်းရဲတွင်းမှ ဆွဲထုတ်နိုင်ခဲ့သည်ဟု ကုလသမဂ္ဂကိန်းဂဏန်းများက ပြဆိုပါသည်။ သို့သော်ငြားလည်း တရုတ်နိုင်ငံသည်ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်သာ ရှိနေသေးပြီး တစ်ဦးချင်းဝင်ငွေဖြင့်တွက်ချက်ပါက ကမ္ဘာပေါ်တွင် ၁၂၇ နေရာ၌ရှိနေကြောင်း ကမ္ဘာ့ဘဏ်ကဆိုပါသည်။


“တရုတ်က လူဦးရေများတယ်။ စီးပွားရေးအခြေခံအားနည်းတယ်။ သူများနိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် သယံဇာတနည်းတယ်။ ဆင်းရဲတဲ့ လူဦးရေအများကြီးရှိတုန်းပဲ။ အခြေခံကျကျ ဆိုရင်ဒီအတိုင်းပဲ ရှိနေသေးတယ်” တရုတ်နိုင်ငံ၏ စာရင်းအင်းဗျူရိုအကြီးအကဲ မာကျန်တန်းကပြောခြင်းဖြစ်ပါသည်။ “ဒါကြောင့်မို့ တရုတ်နိုင်ငံရဲ့ စီးပွားရေးအရွယ်အစားကြီးမားလာတာ၊ အားကောင်းခိုင်မာလာတာကို မှတ်မှတ်သားသားရှိနေချိန်မှာပဲ တရုတ်နိုင်ငံဟာ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်နေသေးတယ်ဆိုတာကို ကြည်ကြည်လင်လင် သဘောပေါက်ဖို့ လိုပါတယ်” ဟု၎င်းကဆက်လက်ပြောကြားပါသည်။ ယင်းမှာအရှိတရားကို လက်သင့်ခံခြင်းဖြစ်သည်။ လက်တွေ့ဆန်ခြင်းဖြစ်သည်။ နိုးကြားနေသော နဂါးကြီးကိုမည်သူ ယှဉ်ပြိုင်နိုင်အံ့နည်း။ ။


—*Ref: Bloomberg, Guardian*












# CLASSIFIED

## အခမဲ့ကြော်ငြာကဏ္ဍ

**VB.Net, C#.Net နှင့် OJT**
အထူးသီးသန့် သင်တန်းရှိသည်။
**ဖုန်း- ၇၃၀၅၁၆၂၀၊ ၀၉-၂၂၁၅၉၆၈**

---

**တိုက်ခန်းရောင်းရန်ရှိသည်**
၁၂. ၅×၆၀ ပေ၊ ပထမထပ်၊ ကမာရွတ်ဘူတာရုံလမ်း၊ လှိုင်မြို့နယ်။ ညှိနှိုင်းဈေးဖြင့် ရောင်းမည်။
**ဖုန်း- ၅၀၁၆၁၄၊ ၀၉-၅၁၇၃၅၂၄**

---

အရှင်သုစိတ္တသာရ(မုတ်ကျွန်းရတနာ)၏ နှလုံးသားထဲက ပုံရိပ်များ ဓမ္မရသစာစုပဒေသာ ထွက်ရှိနေပါပြီ။
ဖြန့်ချိရေး-'တင်ရွှေစာပေ'
**ဖုန်း- ၅၃၆၄၄၄၊ ၀၉-၅၁၁၇၆၈၃**

---

**ရောင်းမည်**
14ပေ DHIHAISU- 14.B- (Engine) ၇ က/ရှစ်ထောင်ကျော် (က) လိုင်စင်၊ အုတ်၊ သဲ၊ ကျောက်၊ ဘော်ဒီ ညှိနှိုင်းဈေး။ **ဖုန်း- ၀၉-၉၉၇၂၇၆၈**

---

အသည်းဘီပိုးရောဂါ သက်သာပျောက်ကင်းဆေး (တိုင်းရင်းဆေး) ဝယ်ယူရရှိနိုင်ပါသည်။ ပျောက်ကင်းသူများ၏ မှတ်တမ်းများပါရှိသည်။
**ဖုန်း- ၅၁၉၉၅၆**

---

မူလတန်း၊အလယ်တန်း Study Guide လုပ်သည်။ ဆရာမ ဒေါ်လှလှသန်း (B.A-History)၊ **ဖုန်း-၂၉၀၂၈၄**

---

**ရောင်း၊ ငှားမည်**
ဟိုတယ်၊ အထပ်မြင့်အဆောက်အအုံ (ဓာတ်လှေကားပါ)၊ စားသောက်ဆိုင်ပစ္စည်းစုံပါ (စင်တင်) တည်းခိုခန်းပစ္စည်းစုံပါ(လိုင်စင်ရှိ)**ဖုန်း-၃၉၃၁၈၁**

---

**အမြန်ရောင်းလိုသည်**
2000 sq/ft 2BN (သိန်း ၁၂၀) ညှိနှိုင်း၊ စော်ဘွားကြီးကုန်း၊ အင်းစိန်။
**ဖုန်း-၇၃၀၃၄၈၃၆**

---

**ဆံပင်အထူးဖြောင့်လုပ်ငန်း**
ဆံပင်ဖြောင့်- ၇,၀၀၀-၁၀,၀၀၀ ကျပ်
ဆံပင်ကောက်- ၅,၀၀၀ ကျပ်
အိမ်အရောက်ဝန်ဆောင်မှုပေးသည်။
**ဖုန်း-၇၃၀၂၂၈၅၅**

---

KNOWLEDGE BANK Library တွင် member ဝင်လိုလျှင်
**ဖုန်း-၃၈၆၆၉၃**

---

**ဦးကျော်ဝင်းနိုင်(ဓာတုဗေဒ)**
သေချာပေါက်ဂုဏ်ထူးရဖို့အတွက် တစ်ဦး၊ အစု(အိမ်)ဝိုင်းများလက်ခံပြီ။
**ဖုန်း-၇၃၀၅၅၂၃၃**

---

**Future Light Centre**
(သင်္ဘောသားအင်္ဂလိပ်စာဝင်ခွင့်သင်တန်း) Basic English Skill Test ၊ ဩဂုတ်လဆန်းစပြီ။ **ဖုန်း-၃၉၁၂၆၆**

---

**ဆရာဦးမြင့်သန်း**
B.Sc(Maths),B.Ed ၊ သင်္ချာသီးသန့်စာသင်ဝိုင်းများ အိမ်အရောက်သင်ကြားသည်။ (၁)ဝိုင်း-၅ယောက်နှုန်း။
**ဖုန်း-၆၄၄၃၀၆**

---

**Medium Language Training**
-4 skills,Converstaion,Business Communication,IELTS
**ဖုန်း-၀၉ ၅၁၀၅၄၇၀၊ ၇၃၀၇၂၇၅၄**

---

မြန်မာ-ကိုရီးယား၊ ကိုရီးယား-မြန်မာ Dictionary Software ကို yayset group@gmail.com သို့ mail ပို့ပြီး အခမဲ့တောင်းယူနိုင်သည်။

---

Photoshop နှင့် Video Editing ကျွမ်းကျင်ဝန်ထမ်းများ အမြန်အလိုရှိသည်။(တက္ကသိုလ်ဟန်မင်းဦး ဓာတ်ပုံ အနုပညာသင်တန်းကျောင်း)
**အမှတ်(၂၀)၊ ရွှေတောင်တန်းလမ်း။**

---

MA(Eng:) and Dip in E.L.T ဘွဲ့ရဆရာမကိုယ်တိုင် ၉၊ ၁၀ တန်းသိပ္ပံတွဲဘာသာစုံကို Study Guide အဖြစ် သင်ကြားပေးသည်။**ဖုန်း-၇၃၀၅၁၇၀၂**

---

ဂျပန်မှ မြန်မာ၊ မြန်မာမှ ဂျပန်သို့ စာရွက်စာတမ်းများကို ဈေးနှုန်းချိုသာစွာ ဘာသာပြန်ပေးသည်။
**ဖုန်း-၀၉ ၉၉၂၀၂၀၆**

---

တောင်ဥက္ကလာပမြို့နယ်ရှိ လက်ရှိလည်ပတ်နေသော "သွား" ဆေးခန်းတစ်ခန်း ညှိနှိုင်းဈေးဖြင့်အမြန်ရောင်းမည်။ **ဖုန်း-၀၉ ၅၃၀၂၂၇၄**

---

**အိမ်အရောက်သင်ကြားပေးသည်**
၈၊ ၉၊ ၁၀ တန်း ဘာသာစုံ အိမ်အရောက်သင်ကြားပေးနေပါပြီ။
**ဖုန်း-၀၉ ၅၁၃၈၂၈၇၊ ၅၆၀၆၉၇**

---

**Vacancy For Hotel**
1.Chief Engineer(1-M),2.Restaurant Manager(1-M),3.Executive Chef(1-M),4.Chief Accountant (1-F),5.Cost Controller(1-F)
**ဖုန်း-၆၅၂၄၂၄**

---

**Real-Time SMS For 2010-2011 English Premier League**
ဈေးနှုန်းချိုသာစွာဖြင့် အချိန်နှင့်တပြေးညီ SMS ပို့ပေးပါသည်။
**ဖုန်း-၅၅၅၄၆၆၊ ၀၉ ၅၀၂၄၀၆၁**

---

English reading& Writing special, Grammer& Essay writing special, Translator Course
**ဒေါ်မေသူလွင်(ဖုန်း-၆၁၀၃၅၁)**

---

**အမြန်ရောင်းမည်**
ADSL Internet(Bagan) 1-line, Air con, HQ ရေခဲသေတ္တာ၊ computer
**ဖုန်း-၀၉ ၅၀၆၆၉၆၅၊ ၅၁၀၁၈၅**

---

**ရောင်းမည်**
(၁၂ခွဲ×၅၀)ပေ၊ ၆-ထပ်၊ ၁၃-လမ်း၊ ထပ်ခိုး ၃/၄၊ လမ်းမတော်မြို့နယ်။
**ဖုန်း-၀၉ ၅၁၅၆၇၈၇၊ ၇၃၀၂၇၄၄၀**

---

**ဝယ်လိုသည်**
ပေ(၂၅×၅၀)၊ ၃-ထပ်၊ ဘုန်းကြီးလမ်းနှင့်မောင်ခိုင်လမ်းကြား၊
**ဖုန်း-၀၉ ၅၁၅၆၇၈၇**

---

K4M Design House
အမှတ်(၃၈-အေ)၊ သီရိလမ်း၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်။
**ဖုန်း-၇၃၀၃၉၅၂၇**(ဩဂုတ်-၉စမည်)

---

Girl to Girl 10th Standard (a)English,(b)All subjects, ထိုင်းပြော၊ ရေး၊ ဖတ်
**ဖုန်း-၀၉-၅၄၁၃၈၄၇**

---

ကွန်ပျူတာ၊ Software နှင့် Game ထည့်သွင်းခြင်း၊ Virus သတ်ခြင်း၊ Internet ချိတ်ခြင်းတို့ကို အိမ်အရောက်ဝန်ဆောင်မှုပေးပါသည်။
**ဖုန်း-၀၉ ၅၆၄၀၃၀၁**

---

အင်တာနက်ဆိုင်ဖွင့်ရန်အသင့်အနေအထားဖြင့်ပစ္စည်းပုံရောင်းရန်ရှိသည်။
**ဖုန်း-၀၉ ၅၁၈၁၆၁၅**

---

**InGyin Computer Service**
ကွန်ပျူတာ၊ Software & Game ထည့်သွင်းခြင်း၊ PC Upgrade လုပ်ခြင်း၊ Virus သတ်ခြင်းများကိုဆောင်ရွက်ပေးပါသည်။**ဖုန်း-၇၃၀၃၂၇၆၇**

---

**Human Resource Management သင်တန်း**
HRဌာနကိုအမှီအခိုကင်းစွာဦးဆောင်နိုင်သည်အထိ သင်ပြပေးပါသည်။
**ဖုန်း-၀၉-၅၄၀၈၂၂၃**

---

**MK Computer Service and Training**
ကွန်ပျူတာစက်ပစ္စည်းချို့ယွင်းမှုများကို အိမ်အရောက်ဝန်ဆောင်မှုပေးပါသည်။ **ဖုန်း-၇၃၀၂၂၈၅၅**

---

**သင်ကြားပေးမည်**
ပရဟိတဘုန်းတော်ကြီးစာသင်ကျောင်းတွင် ကလေးများအတွက်သင်ကြားမှုပြုလုပ်ပေးမည်။ ဦးအောင်ကျော်ဆန်း (B.A)မြန်မာစာ၊ **ဖုန်း-၇၃၀၂၆၈၉၆**

---

**အမြန်ရောင်းရန်ရှိသည်**
မုန့်ကြိတ်စက်-(၁)သိန်းခွဲ၊ ဆန်ချိန်ကတ္တား-(၁)သိန်း၊ ဂါလီ(ဆိုက်ကား)-(၁)သိန်းခွဲ၊ ပီပါပိုင်းများ-(၅)သောင်း၊
**ဖုန်း-၇၂၂၈၃၆**

---

**အမြန်ရောင်းရန်ရှိသည်**
(၂၆. ၅×၄၅)ပေ၊ မြေညီ၊ ပ-ထပ်၊ အတွင်းလှေခါးပါ၊ ဇေယျာသီရိကျောင်းလမ်း၊ ဝေဇယန္တာဥယျာဉ်အိမ်ယာ၊ သယ်န်းကျွန်း။ **ဖုန်း-၀၉ ၅၁၀၁၂၃၄**

---

**အလိုရှိသည်(နေ့ဆိုင်၊ ညဆိုင်း)**
သန့်ရှင်းရေးဝန်ထမ်း ကျား-၂ ဦး၊
**ရွှေပုပ္ပါးအထူးကုဆေးခန်း**
**ဖုန်း-၅၅၆၀၀၁**

---

**ဝန်ထမ်းအမြန်အလိုရှိသည်**
Transaction Controller မ (၂)ဦး၊ Office/Shop Assistant ကျား၊မ (၂) ဦး၊ Assistant Stocks Controller (Outdoor) ကျား (၂)ဦး၊ Marketing/ Data Collector ကျား၊ မ(၈)ဦး၊ ယာဉ်မောင်း (စားရိတ်ငြိမ်း) ကျား (၁) ဦး၊ ၃၆၂၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

---

**Window Installation-2000 Ks**
Source: NCCE Computer Hardware and Network
**Ph:73052659,09 8632105**

---

**ရွှေပိတောက် သွားနှင့်ခံတွင်း အထူးကုဆေးခန်း**
**ဝန်ထမ်းအလိုရှိသည်**
အမျိုးသမီးဝန်ထမ်း(၁)ဦးအလိုရှိသည် အသက်(၁၈)မှ (၂၅)နှစ်အတွင်း၊ ဘွဲ့ရပြီး၊ Nurse aid သင်တန်းဆင်းလက်မှတ်ရရှိပြီးသူ၊အိမ်ထောင်မရှိသူ ဦးစားပေးမည်။**ဖုန်း-၀၉ ၅၀၄၇၃၆၄**

# Commodity Watch

7DAY NEWS JOURNAL
Vol.9, No.23. AUGUST 26, 2010

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 2.8 (E 5500) Processor | 67,300 |
| Intel P4 Core 2 Duo 2.93 (E 7500) (775)Processor | 117,600 |
| Intel P4 Core 2 Quad 2.5 GHz (Q8300) (775)Processor | 139,700 |
| Intel P4 Core i3 2.93 GHz (530) (1156)Processor | 116,600 |
| Intel P4 Core i7 2.8 Ghz (860)(1156)Processor | 305,500 |
| **Motherboard** | |
| MSI G31TM-P31(775) Motherboard | 52,300 |
| MSI G41 M-P33 (775) Motherboard | 63,300 |
| MSI P43- C51 (775) Motherboard | 83,400 |
| MSI P55-GD55 (1156) Motherboard | 152,800 |
| ASUS P7H55D- M Pro (775) Motherboard | 121,600 |
| ASUS P7P55-LX (1156) Motherboard | 117,600 |
| ASUS P5P43 TD/USB3 (775) Motherboard | 108,500 |
| ASUS P5G41T-MLX (775) Motherboard | 63,300 |
| Gigabyte H57M-USB3 (1156) Motherboard | 139,700 |
| Gigabyte H55M-USB3 (1156) Motherboard | 129,600 |
| **Memory** | |
| 1 GB DDR2 (800) Kingston Memory | 25,100 |
| 2 GB DDR2 (800) Kingston Memory | 43,200 |
| 2 GB DDR3 (1333) Kingston Memory | 46,200 |
| **Harddisk** | |
| 320 GB Seagate SATA | 50,700 |
| 500GB Seagate SATA | 53,300 |
| **PCI Express Card** | |
| MS R5570-MD 1GB DDR3 1GB PCI Express Card | 99,500 |
| MSI R4650 MD1GB DDR2 1GB PCI Express Card | 72,400 |
| MSI N240GT-MD1GB PCI Express Card | 105,500 |
| ASUS EAH 5450 1GB PCI Express Card | 79,400 |
| ASUS ENGT 220 1GB PCI Express Card | 84,400 |
| ASUS ENGT 210 1GB PCI Express Card | 76,400 |
| Gigabyte Geforce 250-1GI 1GB PCI Express Card | 145,700 |
| Gigabyte Geforce N 9600GT 1GB PCI Express Card | 125,600 |
| **Memory Stick** | |
| Memory Stick Kingston 2GB | 9,000 |
| Memory Stick Kingston 4GB | 11,500 |
| Memory Stick Kingston 16GB | 31,500 |
| Memory Stick SanDisk 4GB | 11,500 |
| Memory Stick SanDisk 8GB | 18,500 |
| Memory Stick Toshiba 8GB | 20,000 |
| Memory Stick Toshiba 16GB | 35,000 |
| Memory Stick HP 4GB | 13,000 |
| Memory Stick Sony 4GB | 14,500 |
| Memory Stick Transcend 8GB | 19,500 |
| **UPS** | |
| SVC (600VA) | 30,700 |
| Power Pro (650VA) | 36,500 |
| Allways (650VA) | 33,000 |
| STAR (650 VA) | 32,200 |
| STAR (650 VA) LCD Display | 38,200 |
| Orient (650 VA) | 38,200 |
| Orient (1.2KVA) | 66,300 |
| **DVD Writer** | |
| Sony (SATA) | 32,200 |
| ASUS (SATA) | 33,200 |
| **အိတ်ဆောင်တီဗီငှကအဘီတန်** | 210,000 |

Technoland ဆိုင်မှ ဩဂုတ်(၂၀) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Dell** | |
| Intel Core i3 2.27Ghz 2GB DDR3,500GB HDD,14.0″ | 789,000 |
| **Hp** | |
| Intel Corei5 2.27Ghz 4GB DDR3, 500GB HDD, 14.0″ | 944,700 |
| **Gigabyte** | |
| Intel Atom 1.66Ghz 1GB DDR2,250 GB HDD, 10.1″ | 316,000 |
| **Lenovo** | |
| Intel Core2 Duo 2.1Ghz 2GB DDR3,320GB HDD,14.1″ | 612,000 |
| **Asus** | |
| Intel Corei3 2.4Ghz 2GB DDR3,320GB HDD,14.0″ | 733,600 |
| **MSI** | |
| Intel Corei5 2.27Ghz 2GB DDR3,320GB HDD,14.0″ | 753,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| SamSung(LCD) | 22-350 | 205,000 |
| LG(LCD) | 22LH15R | 205,000 |
| Sony (LCD) | 22BH300 | 289,000 |
| Toshiba | LZE 21-28 | 130,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 25,000 |
| EVD(sukura) | DVK75 | 35,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 35,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 275,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

**မှတ်ချက်–** အထက်ပါဈေးနှုန်းများမှာ ဩဂုတ် (၂၁) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၇၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၅၅၀ |
| ဘိလပ်မြေ (ယိုးဒယား TPI) | တစ်အိတ် | ၅,၅၀၀ |
| ဘိလပ်မြေ (Blue Lion) | တစ်အိတ် | ၅,၃၅၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၈၀ |
| အုတ် (ကုန်းအုတ်- ဒုတိယတန်းစား) | တစ်လုံး | ၆၅-၆၈ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၇၇ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၁၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၅၀၀ |
| သဲ (အနု) | တစ်ကျင်း | ၅,၀၀၀ |
| ကျောက် | တစ်ကျင်း | ၆၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle (0.3mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle (0.312mm) | ၁ ပေ | ၉၀၀ |
| ကာလာစတီးအမိုးပြား 4 angle (0.34mm) | ၁ ပေ | ၁,၀၅၀ |
| ကာလာစတီးအမိုးပြား 4 angle (0.346mm) | ၁ ပေ | ၁,၁၀၀ |
| ကာလာစတီးအမိုးပြား 4 angle (0.42mm) | ၁ ပေ | ၁,၄၀၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၄၀ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၄၅ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၅၀ |
| ရိုးရိုးသွပ်မိုးပြား (စိန်ဆင် 6/7/8) | ၁ ပေ | ၃၆၀ |
| ရိုးရိုးသွပ်မိုးပြား (ဆင် 6/7/8) | ၁ ပေနှုန်း | ၃၆၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၉၅၀ |

**အထက်ပါဈေးနှုန်းများမှာ ဩဂုတ်(၂၁)ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။**

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၇,၀၀၀-၉,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၄၀၀-၅၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၅၀-၄၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၁,၀၀၀-၁,၅၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၆၀၀-၈၀၀ |
| ခရမ်းသီး | ၁ လုံး | ၆၀-၁၀၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၂,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ငရုတ်သီး(ပိန်) | ၁ ပိဿာ | ၂,၀၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၂,၃၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |

**ဈေးနှုန်းများမှာသီရိမင်္ဂလာဈေးမှ ဩဂုတ် (၂၀) ရက်က ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။**

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၈၀၀-၁,၂၅၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၈၀၀-၁,၂၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၅၀၀-၇၅၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၈၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၂၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၃၀၀ |
| ဆား | တစ်ထုပ် | ၁၀၀-၁၂၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၄၀၀-၅၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၃,၃၀၀ |
| သကြား | တစ်ပိဿာ | ၁,၈၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၁,၆၀၀-၁,၈၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀-၁,၀၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၇၂၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၆၇၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၁၀-၁၂၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၄၀၀-၁,၅၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၅,၀၀၀ |
| ငါးခူ | ၁ ပိဿာ | ၁,၈၀၀-၄,၅၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၁,၈၀၀-၄,၅၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၈၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၄၀၀-၂,၂၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၄၀၀-၂,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၃,၀၀၀-၁၆,၀၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၀၀၀-၆,၀၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၀၀၀-၅,၀၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၀၀၀-၅,၅၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၇၀၀-၃,၅၀၀ |
| ငါးတန်(မွေးမြူရေး) | ၁ ပိဿာ | ၁,၇၀၀-၃,၈၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၃၀၀-၁,၈၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၅၀၀-၇,၅၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၄၀၀-၃,၈၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၁,၅၀၀-၄,၈၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၃၀၀-၂,၂၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၁,၈၀၀-၂,၇၀၀ |
| ပုစွန်ကြော် | ၁ ပိဿာ | ၁,၄၀၀-၁,၆၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်ပြောင်တုပ် | ၁ ပိဿာ | ၁၀,၀၀၀-၂၀,၀၀၀ |
| ပုစွန်တုပ်ကြီး | ၁ ပိဿာ | ၁၃,၀၀၀-၁၈,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၅၀၀ |

**ဩဂုတ်(၁၉)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။**

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆ | ၄က | ၁၉၀ |
| စူဇူကီး ဝက်ဂွန် R+ | - | ၃ဂ | ၃၀၀ |
| စူဇူကီး ဝက်ဂွန် R+ | | စတိ | ၂၈၀ |
| စူဇူကီး R- (2 Way) | - | ၃ဂ | ၁၅၀ |
| ဟိုင်းလပ်ဆဖ် | လေလံ | ၃ဂ | ၈၅၀-၉၀၀ |
| စူပါဆလွန်း | ၉၀ | လ၊သ၊အ | ၁၈၀ |
| မတ်ခ်တူး(ဒီဇယ်) | ၉၄(လေလံ) | ၃ဂ | ၈၀၀ |
| တိုယိုတာဗင်ဖင်ကောက် (ဒီဇယ်) | ၂၀၀၁ | ၄ဂ | ၅၃၀ |
| တိုယိုတာလီမိတက် | ၈၈ | ၉က | ၂၂၀ |
| ပါဂျဲရိုစက်မှု(၂) | ၉၂-၉၃ | ၉က | ၇၀၀-၇၅၀ |

**ဩဂုတ် (၂၁)ရက်က ရန်ကုန်မြို့ရှိကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသောမော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။**

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | ဩဂုတ်(၁၅) | ဩဂုတ်(၁၆) | ဩဂုတ်(၁၇) | ဩဂုတ်(၁၈) | ဩဂုတ်(၁၉) | ဩဂုတ်(၂၀) | ဩဂုတ်(၂၁) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၀၀၀ | ၂,၉၀၀ | ၂,၉၀၀ | ၂,၉၀၀ | ၂,၉၀၀ | ၂,၉၀၀ | ၂,၉၀၀ |
| Octane ဒီဇယ် | ၃,၀၀၀ | ၂,၉၀၀ | ၂,၉၀၀ | ၂,၉၀၀ | ၂,၉၀၀ | ၂,၉၀၀ | ၂,၉၀၀ |
| Premier ဒီဇယ် | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ |

Environment
7 DAY NEWS JOURNAL
Vol.9, No.23. AUGUST 26, 2010

# မြန်မာနိုင်ငံတွင် ကျားကောင်ရေ ၁၀၀ မှ ၁၅၀ အထိ ကျန်ရှိမည်ဟုခန့်မှန်း

**အေးမြကျော်**

**ရန်ကုန်၊ ဩဂုတ် ၁၇**

မေလကုန်ပိုင်းက ထိန်းသိမ်းရေးနယ်မြေတိုးချဲ့သတ်မှတ်လိုက်သဖြင့် ကမ္ဘာ့အကြီးဆုံးကျားထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ခြင်းခံလိုက်ရသော ဟူးကောင်းကျားထိန်းသိမ်းရေးနယ်မြေအပါအဝင် မြန်မာတစ်နိုင်ငံလုံးတွင် ခန့်မှန်းကျားအကောင်ရေ ၁၀၀ မှ ၁၅၀ အထိကျန်ရှိကျက်စားနိုင်သည်ဟု သစ်တောဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာနိုင်ငံဧရိယာအတွင်းတွင် ကျားများကျန်ရှိကျက်စားသည့်နေရာသုံးနေရာရှိသည့်အနက် ဟူးကောင်းကျားထိန်းသိမ်းရေးနယ်မြေတွင် ကျားကောင်ရေ ၅၀ မှ ၈၀ ထိ ကျက်စားနိုင်ပြီး ကျန်နေရာများဖြစ်သော ထမံသီဘေးမဲ့တောတွင် ကောင်ရေ ၁၀ ကောင်မှ ၁၅ ကောင်အထိ၊ တနင်္သာရီ သဘာဝကြိုးဝိုင်းတွင် အကောင်ရေ ၂၅ မှ ၃၀အထိ ကျန်ရှိနိုင်သည်ဟု သစ်တောဦးစီးဌာနမှ ခန့်မှန်းထားပြီး မကြာမီသိပ္ပံနည်းကျစာရင်းကောက်ယူနိုင်ရေး အတွက်လည်း ကွင်းဆင်းလေ့လာမှုများပြုလုပ်နေကြောင်း သစ်တောဦးစီးဌာနမှသိရသည်။

မြန်မာနိုင်ငံတွင် ကျားမျိုးစိတ် ၂ မျိုး ကျန်ရှိကျက်စားပြီး ဟူးကောင်းဒေသနှင့် တမံသီဘေးမဲ့တောတွင် ဘင်္ဂလားကျားနှင့် တနင်္သာရီဒေသတွင်အင်ဒိုချိုင်းနားကျားမျိုးစိတ်တို့ကျက်စားလျက်ရှိသည်။ ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့(WWF)က တစ်ကမ္ဘာလုံးတွင် ကျားကောင်ရေ ၃,၀၀၀ သာ ကျန်ရှိကျက်စားနိုင်တော့ကြောင်း ခန့်မှန်းထားသဖြင့် မြန်မာနိုင်ငံ၏ ခန့်မှန်းကျားကောင်ရေမှာ တစ်ကမ္ဘာလုံး၏ အရေအတွက်၏ ၅ ရာခိုင်နှုန်း ရှိကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် ကျားထိန်းသိမ်းရေးလုပ်ငန်းများကို သစ်တောဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)ပူးပေါင်းကာ စီမံချက်ရေးဆွဲ၍ ၂၀၀၃ ခုနှစ်မှစတင်လုပ်ဆောင်ခဲ့ပြီး ကျားထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကိုလည်း ၂၀၀၇ မှ ၂၀၁၁ခုနှစ်အထိ ငါးနှစ်စီမံကိန်းဖြင့် နားလည်မှုစာချွန်လွှာရေးထိုးကာ ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှသိရသည်။

မြန်မာနိုင်ငံ၏ ကျားထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ရှေ့တစ်လှမ်းတိုးသည့်အနေဖြင့် မေလ ၂၇ရက်နေ့က ဟူးကောင်းကျားထိန်းသိမ်းရေးနယ်မြေကို ဧရိယာစတုရန်းမိုင်ပေါင်း ၄,၂၄၈ မိုင်ထပ်မံတိုးချဲ့ခဲ့ရာ ကမ္ဘာ့အကြီးဆုံးကျားထိန်းသိမ်းရေးနယ်မြေအဖြစ် မှတ်တမ်းဝင်သွားခြင်းဖြစ်သည်။မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ကျားထိန်းသိမ်းရေးနယ်မြေအဖြစ်ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ၂၀၀၄ ခုနှစ်က စတင်သတ်မှတ်ခဲ့ပြီး အကျယ်အဝန်းမှာ ၂၄၆၀ စတုရန်းမိုင်ရှိခဲ့သည်။




ကမ္ဘာပေါ်တွင် ကျားများကျန်ရှိကျက်စားသည့်နိုင်ငံပေါင်းမှာ မြန်မာနိုင်ငံအပါအဝင် ၁၃ နိုင်ငံသာကျန်ရှိတော့ပြီး ကျားကောင်ရေမှာ ဆယ်စုနှစ်အတွင်း သိသာစွာလျော့ကျလာသဖြင့် ကောင်ရေပြန်လည်တိုးပွားရေးအတွက် ကျားကောင်ရေပြန်လည်တိုးပွားရေးထိပ်သီးအစည်းအဝေးအကြိုဆွေးနွေးပွဲကို အင်ဒိုနီးရှားနိုင်ငံဘာလီကျွန်းတွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံ၊သစ်တောဦးစီးဌာနမှ ထိပ်တန်းအရာရှိများတက်ရောက်ခဲ့ကြောင်း သိရသည်။

## စစ်တွေမြို့ဘီလူးမချောင်း ကျဉ်းမြောင်းတိမ်ကောလာ

**မောင်သန်းဝင်း**


**စစ်တွေ၊ ဩဂုတ်- ၁၆**

စစ်တွေမြို့ဘီလူးမချောင်းအတွင်း စည်းကမ်းမဲ့ အမှိုက်သရိုက်များ စွန့်ပစ်မှုများကြောင့် ချောင်းကမ်းပါး မြေသားများ၊ ချောင်းရေအောက်ကြမ်းပြင်မြေသားများ ဆန့်ထွက်လာပြီး ချောင်းမှာ တစ်နှစ်ထက်တစ်နှစ်ကျဉ်းမြောင်းတိမ်ကောလာမှု ပိုမိုမြန်ဆန်လာသဖြင့် ယခုအခါမည်သည့်ရေယာဉ်မှ ဝင်ထွက်သွားလာမှု အဆင်မပြေတော့ကြောင်း သိရသည်။

ယခင်က စစ်တွေမြို့ကိုအခြေပြုပြီး အဆိုပါချောင်းအတွင်း ပေါက်တော၊ မင်းပြား၊ ပုဏ္ဏားကျွန်း၊ မြောက်ဦးမြို့နယ်များမှ ကုန်ကူးသန်းသွားလာနေသည့် လှေ၊ စက်လှေများ ဝင်ထွက်သွားလာမှုများရှိခဲ့ကြောင်း မြို့ခံသက်ကြီးများ၏ အဆိုအရသိရသည်။

“ဘီလူးမချောင်းမှာတော့ အရင်ကဆို နယ်အသီးသီးက ကုန်ကူးသန်းသွားလာတဲ့ လှေ၊ စက်လှေ၊ လောင်းသမ္ဗန်တွေက အချိန်မပြတ် ဝင်ထွက်သွားလာနေကြတာပဲ။ ပြီးခဲ့တဲ့နှစ်ပေါင်း ၂၀ ဝန်းကျင်လောက်မှစပြီး ချောင်းကတစ်နှစ်ထက်တစ်နှစ် ကျဉ်းမြောင်းတိမ်ကောလာတာ အခုဆိုချောင်းရဲ့ အကျယ်ဝန်းဆုံးနေရာမှာဆိုပေ ၂၀ ဝန်းကျင်လောက်သာကျယ်ပြီး ရေအနက်ကလည်း လောင်းသမ္ဗန်တွေတောင် ဒီရေအတက်ကို စောင့်ပြီးသွားလာနေရတဲ့အထိ တိမ်ကောမှုမြန်ဆန်လာတယ်”ဟု ဘီလူးမချောင်းဝနေ မိဖုရပ်ကွက်မှအသက် ၆၀ ဝန်းကျင်ရှိ သက်ကြီးတစ်ဦးကပြောသည်။

ဘီလူးမချောင်းတစ်လျှောက် သက်ဆိုင်ရာ မြို့နယ်စည်ပင်မှ အမှိုက်ပုံးများထားရှိဆောင်ရွက်ပေးနေသော်လည်း စည်းကမ်းလိုက်နာမှုအားနည်းနေပြီး အဆိုပါချောင်းမှာ နောင်နှစ်ပေါင်းများစွာကြာလာလျှင် ရေစီးကြောင်းငယ်အဖြစ် ကွယ်ပျောက်သွားနိုင်ကြောင်း မြို့ခံသဘာဝပတ်ဝန်းကျင်လေ့လာသူများက ပြောသည်။



## ကိုလံဘီယာနိုင်ငံ၌ အမေဇုန် မျောက်မျိုးစိတ်သစ်တစ်မျိုးတွေ့

**လန်ဒန်၊ ဩဂုတ် - ၁၆**

သိပ္ပံပညာရှင်များသည် ကိုလံဘီယာနိုင်ငံ၌ အမေဇုန်မျောက်မျိုးစိတ်သစ်တစ်မျိုးကိုတွေ့ရှိခဲ့ကြသည်။ ကိုလံဘီယာအမျိုးသားတက္ကသိုလ်မှ ပညာရှင်များပါဝင်သောအဖွဲ့သည် Caqueta titi ဟုခေါ်သော ယင်းမျောက်မျိုးစိတ်သစ်ကိုလေ့လာနေကြသည်။ ယခုမျောက်များမှာ ကောင်ရေ ၁၃ ကောင်ရှိပြီး မျောက်တစ်ကောင်လျှင် ကြောင်တစ်ကောင်အရွယ်မျှသာရှိကာ ဆံပင်မှာအညိုရောင်ဖြစ်သည်။ ကျန်မျောက်များနှင့်အခြား titi မျောက်များကွာခြားချက်မှာ ၎င်းတို့တွင် နဖူး၌အဖြူရောင်ဘား မပါဝင်ခြင်းဖြစ်သည်။ ၎င်းတို့၏မျိုးစိတ်သစ်တွေ့ရှိမှုကို Primate Conservation ၌ ဖော်ပြခဲ့သော သုတေသီများက ကာကေတာတီတီ မျောက်များသည် မျိုးသုဉ်းမည့်အန္တရာယ်ရင်ဆိုင်နေရဖွယ်ရှိကြောင်း သိရသည်။

—*Ref: Dailymail*



Tourism
7 DAY NEWS JOURNAL
Vol.9, No.23. AUGUST 26, 2010

# သုံးဆယ်ဆရာတော်ဖူးသူများကြောင့် ဘုရားဖူးကားများအလုပ်ဖြစ်

ပြည်သိမ်း၊ ဇာဇာနီ

**ရန်ကုန်၊ ဩဂုတ်-၁၈**

သုံးဆယ်ဆရာတော်ကြီး၏ ရေမန်းနှင့်ကျွေးသောထမင်းမှာ ကျန်းမာရေးအတွက် ကောင်းသည်ဆို၍ ရန်ကုန်မှ ဘုရားဖူးသူများ နေ့စဉ်အရေအတွက်ထောင်ဂဏန်းကျော်သွားနေကြသဖြင့် ရန်ကုန်-ပြည်ကားများနှင့် ဘုရားဖူးကားများအလုပ်ဖြစ်နေကြောင်း စုံစမ်းသိရသည်။


သုံးဆယ်ဆရာတော်အား လာရောက်ဖူးမြော်ကြသော အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးခရီးသွားများ။ ဓာတ်ပုံ- နေလင်းထွန်း

မိုးရာသီ၌ ဘုရားဖူးခရီးသွားလာမှုနည်းပါးသည့် ရာသီဖြစ်သော်လည်း သွားလာသူများတစ်နေ့တခြား တိုးလာသဖြင့် ခရီးစဉ်သီးသန့်ပင် ပြေးဆွဲပေးနေရကြောင်း စိန်ဝင်းနှင့်ရောင်းရင်းများ ဘုရားဖူးခရီးသည်ပို့ဆောင်ရေးမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ထို့အပြင် ရန်ကုန်-ပြည်ခရီးစဉ်သည် ယခုကဲ့သို့ မိုးရာသီတွင် အသွားလာနည်းသဖြင့် ကားအစီးရေကိုလျှော့၍ ပြေးဆွဲရသော်လည်း ယခုနှစ်၌ ပုံမှန်နီးပါးပြေးဆွဲပေးနေရကြောင်း အောင်မင်္ဂလာအဝေးပြေးဝင်းရှိ ရန်ကုန်-ပြည်ခရီးသည်ပို့ဆောင်ရေးဂိတ်တစ်ခုမှ တာန်ရှိသူတစ်ဦးကလည်း ရှင်းပြသည်။ "အရင်နှစ် မိုးတွင်းတုန်းကဆို လူတစ်ဝက်လောက်နဲ့ ထွက်ရတယ်။ ကားအစီးရေကလည်း ရုံးပိတ်ရက်နဲ့ ဖွင့်ရက်ကို ချိန်ပြီးထွက်ရတယ်။ ဒီနှစ်တော့ ပုံမှန်နီးပါးထွက်နိုင်တယ်"ဟု အထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။

ယင်းကဲ့သို့ ဘုရားဖူးယာဉ်နှင့် အဝေးပြေးကားကြီးများအပြင် သုံးဆယ်မြို့သို့ သီးသန့်ယာဉ်ငယ်လိုင်းများလည်း ပြေးဆွဲလျက်ရှိသည်။ သုံးဆယ်ဆရာတော်ဘုရားကြီးထံသို့ ပို့ဆောင်ပေးသည့် ဘုရားဖူးကားများသည် ပုံမှန်ရက်များတွင် တစ်နေ့လျှင် တစ်ခေါက်သာထွက်ပေးသည်။ စနေ၊ တနင်္ဂနွေပိတ်ရက်နှင့် လပြည့်၊ လကွယ်ဥပုသ်နေ့များတွင် တစ်ရက်လျှင် နှစ်စီး၊ သုံးစီးပြေးဆွဲပေးကြောင်းကိုလည်း သိရသည်။

ဘုရားဖူးယာဉ်များ၏ ယာဉ်စီးခနှုန်းထားများမှာ ဘတ်စ်ကားဖြင့် အသွားအပြန် လူတစ်ဦးလျှင် ၅,၀၀၀ ကျပ် ဖြစ်ပြီး အဲကွန်းဘတ်စ်ဖြင့် တစ်ဦးလျှင် ၆,၀၀၀ ကျပ်ဟုသိရသည်။

အောင်မင်္ဂလာ အဝေးပြေးဝင်းမှထွက်သည့် ရန်ကုန်-ပြည်ကားများမှာမူ လူတစ်ဦးလျှင် အသွား ၃,၀၀၀ ကျပ်၊ အပြန် ၃,၀၀၀ ကျပ်ယူကြောင်း၊ သခင်မြပန်းခြံမှ ပြေးဆွဲသည့် မြောက်ပိုင်းခရိုင်ယာဉ်လိုင်းမှ စီးတီးဘတ်စ်များမှာ အသွားကို ၁,၀၀၀ ကျပ်သာ သတ်မှတ်ထားကြောင်း စုံစမ်းသိရသည်။

# ရန်ကုန်-ချောင်းသာ ခရီးစဉ်တွင် မိုးတွင်း ရပ်နားလျက်ရှိသော ဘတ်စ်ကားများ ပြန်လည်ပြေးဆွဲ

အောင်သူရ

**ရန်ကုန်၊ ဩဂုတ်-၁၈**

ရန်ကုန်မြို့မှ ချောင်းသာကမ်းခြေသို့ စက်တင်ဘာလဆန်းမှစ၍ နေ့စဉ်လေအေးပေးစက်ပါ လေအိတ်ကားများ ပြန်လည်ပြေးဆွဲတော့မည်ဖြစ်ကြောင်း ချောင်းသာကမ်းခြေမှလာသောသတင်းများအရ သိရသည်။

"ဒီလထဲမှာတော့ ရန်ကုန်က သောကြာနေ့ညထွက်တယ်။ ချောင်းသာကနေ တနင်္လာမနက်ပြန်တယ်။ ရှေ့လဆန်းကစပြီး နေ့စဉ်ပုံမှန်ဆွဲတော့မယ်" ဟု ချောင်းသာကမ်းခြေရှိ အာရှနဂါးယာဉ်လိုင်းလက်မှတ်ရောင်းကိုယ်စားလှယ်ကပြောသည်။

ထို့အပြင် စက်တင်ဘာလဆန်းမှစ၍ ရွှေထိပ်တန်း၊ ဂိုးလ်ဒင်းစတားနှင့် ထက်အောင်လင်း မော်တော်ယာဉ်လိုင်းများပါ နေ့စဉ်ပြေးဆွဲပေးတော့မည်ဖြစ်ကြောင်းသိရသည်။

ပုံမှန်ခရီးစဉ်ပြေးဆွဲသောအခါ ယခင်ကပြေးဆွဲခဲ့သည့် အချိန်ဖြစ်သော ရန်ကုန်မြို့မှ ည ၉ နာရီထွက်၍ ချောင်းသာကမ်းခြေမှ နံနက် ၁၀ နာရီတွင် ပြန်လည်ထွက်ခွာမည်ဖြစ်ပြီး ဈေးနှုန်းမှာလည်း ယခင်ဈေးနှုန်းများအတိုင်း အသွားအပြန် ၁၈,၀၀၀ ကျပ်သာ ကျသင့်မည်ဖြစ်သည်။ ယခင်နှစ်က ချောင်းသာကမ်းခြေသို့ ရန်ကုန်မြို့မှပြေးဆွဲပေးလျက်ရှိသောလေအေးပေးစက်ပါလေအိတ်ကားများမှာ ခရီးသွားနည်းသောမိုးတွင်းကာလ၌ရပ်နားပြီး အောက်တိုဘာလဆန်းမှသာ ပြန်လည်ပြေးဆွဲလေ့ရှိပြီး ယခုနှစ်တွင်တစ်လစော၍ ပြေးဆွဲခြင်းဖြစ်သည်ဟု သိရှိရသည်။

# ဒဲလ်တာလေကြောင်းလိုင်းက ဖေ့စ်ဘွတ်မှတစ်ဆင့် ကြိုတင်လက်မှတ်ဝယ်ယူခွင့်ပြု

**အတ္တလန္တာ၊ ဩဂုတ် - ၁၇**

လေယာဉ်စီးနင်းမည့် ခရီးသည်များအား လူမှုရေး မီဒီယာဝက်ဘ်ဆိုက် ဖေ့စ်ဘွတ်မှတစ်ဆင့် ကြိုတင်လက်မှတ်ဝယ်ယူခွင့်ပြုသောအစီအစဉ်ကို ဒဲလ်တာလေကြောင်းလိုင်းကစတင်လိုက်ကြောင်း သိရသည်။အမေရိကန်၏ အဓိကလေကြောင်းလိုင်းအားလုံးနီးပါးသည် Facebook, Twitter စသောလူမှုရေးဝက်ဘ်ဆိုက်များကို အသုံးပြု၍အရောင်းမြှင့်တင်ရေး လုပ်ငန်းများပြုလုပ်ကြသော်လည်း ၎င်းဆိုက်မှ ကြိုတင်လေယာဉ်လက်မှတ်ဘွတ်ကင်လုပ်ခွင့်ပြုသည်မှာ ယခုတစ်ကြိမ်သည်ပထမဦးဆုံးအကြိမ်ဖြစ်သည်။ ယင်း Ticket Window အစီအစဉ်ကို အခြားဝက်ဘ်ဆိုက်များသို့တိုးချဲ့ရန်လည်းဒဲလ်တာလေကြောင်းလိုင်းကစီစဉ်နေပြီး၎င်း၏ကြော်ငြာစာမျက်နှာများမှလည်းဝင်ရောက်၍ လက်မှတ်ဘွတ်ကင်လုပ်နိုင်ရန်လည်း စီစဉ်နေသည်။

ကမ္ဘာပေါ်တွင် အကြီးဆုံးလေကြောင်းလိုင်းဖြစ်သော ဒဲလ်တာလေကြောင်းသည်၎င်း၏ဝက်ဘ်ဆိုက် Dalta.comဝက်ဘ်ဆိုက်ကိုလည်း ယခုရက်သတ္တပတ်အတွင်း ပြင်ဆင်ခဲ့ပြီး Ticket Window အစီအစဉ်ကိုလည်းထည့်သွင်းခဲ့ရာ ယင်းမှာအင်တာနက်ပေါ်မှ ဖောက်သည်များနှင့် တိုက်ရိုက်ဆက်ဆံရန်ကြိုးပမ်းမှုဖြစ်ကြောင်း လေကြောင်းလိုင်းကပြောကြားသည်။ ထို့ပြင်လေကြောင်းလိုင်း၏ ခရီးစဉ်များကို iPhone များမှကြည့်ရှု၍ခရီးသွားမည့်အကြောင်း အတည်ပြုချက်ပြုလုပ်နိုင်မည့် အစီအစဉ်ကိုလည်း ရက်သတ္တပတ်အနည်းငယ်အတွင်း အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

—*Ref: UPI*







## The Cartoon ၁၀၀၀






















# ထိုင်း – ကမ္ဘောဒီးယား နယ်စပ်အရေးနှင့်ပတ်သက်၍ အာဆီယံက ဆွေးနွေးမှုများပြုလုပ်နေ

**ဟန္နွိုင်း၊ ဩဂုတ် - ၁၈**

လူအသေအပျောက်ရှိခဲ့သော ထိုင်းနိုင်ငံနှင့် ဖြစ်ပွားနေသည့် အငြင်းပွားမှုအား ကူညီဖြေရှင်းပေးရန် ကမ္ဘောဒီးယားနိုင်ငံ၏ မေတ္တာရပ်ခံချက်နှင့်ပတ်သက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများက ဆွေးနွေးမှုများပြုလုပ်နေကြောင်း သိရသည်။

"ပရီဗီဟာ အငြင်းပွားမှုအပေါ် အာဆီယံက ကြားဝင်ညှိနှိုင်းပေးရေးအဆိုပြုချက်ကို အာဆီယံဥက္ကဋ္ဌအနေနဲ့ ဗီယက်နမ်နိုင်ငံက တခြားအာဆီယံအဖွဲ့ဝင်နိုင်ငံတွေနဲ့ တက်တက်ကြွကြွ ပြောဆိုဆွေးနွေးနေပါတယ်" ဟု ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ မစ္စငုရင်ပွမ်ငကေ ကြေညာချက်တစ်ရပ်ထုတ်ပြန်သည်။

ကြီးမားသော လက်နက်ကိုင်အငြင်းပွားမှု ဖြစ်ပေါ်ခြင်းမှ ရှောင်လွှဲနိုင်ရန်ဟုဆိုကာ ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီး ဟာနမ်ဟောင်က အာဆီယံအဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံအား လွန်ခဲ့သောလေးရက်က အကူအညီတောင်းခဲ့သည်။ ထိုင်းနိုင်ငံနှင့်ဖြစ်ပေါ်နေသော လိပ်ခဲတည်းလည်း အခြေအနေကြောင့် နှစ်ဖက်ဆွေးနွေးမှုများပြုလုပ်ရေးအတွက် မျှော်လင့်ချက်များမရှိတော့ကြောင်း မစ္စတာဟာနမ်ဟောင်က ဆက်လက်ပြောကြားခဲ့သည်။

ပရီဗီဟာရှေးဟောင်း ဘုရားကျောင်းအား ၂၀၀၈ ခုနှစ်၌ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းတွင် ယူနက်စကိုကထည့်သွင်းခဲ့ပြီးနောက်ပိုင်းမှစ၍ အရှေ့တောင်အာရှ အိမ်နီးချင်းနှစ်နိုင်ငံကြား စစ်တပ်များအသင့်ချပြီး ရင်ဆိုင်မှုများဖြစ်ပေါ်ခဲ့သည်။

အာဆီယံအတွင်းရေးမှူးချုပ် ဆူရင်ပစ်ဆူဝမ်ကမူ ကမ္ဘောဒီးယားနိုင်ငံ၏ အကူအညီပေးရေးတောင်းဆိုချက်အပေါ် မတုံ့ပြန်မီ အာဆီယံအဖွဲ့ဝင်နိုင်ငံခြားရေးဝန်ကြီးများ၏ ဆုံးဖြတ်ချက်ကို စောင့်မျှော်နေကြောင်း ပြောကြားထားသည်။ ပရီဗီဟာဘုရားကျောင်းအား ကမ္ဘောဒီးယားနိုင်ငံကပိုင်ဆိုင်ကြောင်း ၁၉၆၂ ခုနှစ်တွင် ကမ္ဘာ့တရားရုံးက ဆုံးဖြတ်ခဲ့သည်။ *—Ref: AFP*

# ဗီယက်နမ် ဒေါင်ငွေတန်ဖိုးလျှော့ချ



**ဟန္နွိုင်း၊ ဩဂုတ် - ၁၇**


ကုန်သွယ်ရေးလိုငွေပြမှုကို ထိန်းချုပ်ရန်အတွက် ဗီယက်နမ်နိုင်ငံက ၎င်း၏ နိုင်ငံသုံးငွေ ဒေါင်တန်ဖိုးကို ၂ ဒသမ ၁ ရာခိုင်နှုန်းလျှော့ချလိုက်ကြောင်း ဗီယက်နမ်ဗဟိုဘဏ်ကပြောကြားသည်။

ဘဏ်အချင်းချင်းကြားရောင်းဝယ်မှု ပျမ်းမျှနှုန်းထားအသစ်မှာ အမေရိကန်တစ်ဒေါ်လာလျှင် ၁၈,၉၃၂ ဒေါင်ဖြစ်လာ၍ ယင်းမှာ နှုန်းထားဟောင်း ၁၈,၅၄၄ ဒေါင်ထက်ပိုများလာခြင်းဖြစ်သည်။ သွင်းကုန်တင်ပို့မှုများပြားလာခြင်းကိုထိန်းချုပ်ရန် ယင်းသို့ ငွေတန်ဖိုးနှိမ့်ချရခြင်းဖြစ်ကြောင်းဗဟိုဘဏ်၏ အစီရင်ခံစာကဖော်ပြသည်။

ကူးသန်းရောင်းဝယ်ရေးဘဏ်များအကြား အမေရိကန်ဒေါ်လာအရောင်းအဝယ်ပြုခြင်းအတွက် ၃ ရာခိုင်နှုန်း ကန့်သတ်ချက်ကိုမူ ဗဟိုဘဏ်ကဆက်လက် ထိန်းသိမ်းထားသည်။

ယခုနောက်ဆုံးငွေတန်ဖိုးချရန်အရေးယူဆောင်ရွက်မှုမှာ လွန်ခဲ့သောနှစ် နိုဝင်ဘာလမှစ၍ တတိယအကြိမ်မြောက် တန်ဖိုးချခြင်းလည်းဖြစ်သည်။ ဗီယက်နမ်ဗဟိုဘဏ်သည် နိုဝင်ဘာလတွင် ငွေတန်ဖိုးကို ၅ ဒသမ၄ရာခိုင်နှုန်းချခဲ့ပြီး နောက်ထပ်လေးလအကြာ ဖေဖော်ဝါရီလတွင် ၃ ဒသမ ၄ ရာ ခိုင်နှုန်းထပ်မံ၍ ငွေတန်ဖိုးချခဲ့သည်။

ကမ္ဘာ့စီးပွားရေးအကျပ်အတည်းမှ ပြန်လည်နာလန်ထလာသော ဗီယက်နမ်နိုင်ငံ၏စီးပွားရေးသည် ယမန်နှစ်ကနှင့်နှိုင်းယှဉ်လျှင် ၂၀၁၀ ပထမခြောက်လပတ်တွင် ကုန်သွယ်ရေးလိုငွေပြမှု သုံးဆခန့်မြင့်တက်လာသည်။ ယခုနှစ်တွင် သွင်းကုန် ၂၉ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်လာသော်လည်း နိုင်ငံခြားသို့ ကုန်ပစ္စည်းတင်ပို့မှုမှာ ၁၅ ဒသမ ၇ ရာခိုင်နှုန်းသာရှိ၍ကုန်သွယ်ရေးလိုငွေပြမှု ကန်ဒေါ်လာ ၆ ဒသမ ၇၃ ဘီလီယံဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။ *—Ref: AFP*



7DAY NEWS JOURNAL
Vol.9, No.23. AUGUST 26, 2010

## Leader's Profile



# Apple ကွန်ပျူတာကုမ္ပဏီ ပူးတွဲတည်ထောင်သူ စတိဗ်ဂျော့ဘ်

ရဲမင်း

Apple ကွန်ပျူတာကုမ္ပဏီကို ပူးတွဲတည်ထောင်သူ စတိဗ်ဂျော့ဘ်သည်ကွန်ပျူတာ ဒီဇိုင်နာတစ်ဦးဖြစ်သလို အများပိုင် ကုမ္ပဏီ၏ အမှုဆောင်အရာရှိတစ်ဦးလည်းဖြစ်သည်။ အသက်နှစ်ဆယ်ကျော်အရွယ်မှာပင် ကွန်ပျူတာလုပ်ငန်း၏အကြီးဆုံးဖြစ်လာမည့် လုပ်ငန်းတစ်ခုကို စတင်ဦးဆောင်ခဲ့သည်။ စတိဗ်ဂျော့ဘ်သည် အမေရိကန်နည်းပညာလောကတွင် တီထွင်ဖန်တီးမှု အရှိဆုံး၊ အလုပ်လုပ်နိုင်ဆုံးလူအဖြစ် ရပ်တည်နေဆဲဖြစ်သည်။

စတိဗ်ဂျော့ဘ်ကို ၁၉၅၅ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်တွင် ကယ်လီဖိုးနီးယားပြည်နယ်၊ ဆန်ဖရန်စစ္စကိုမြို့၌ မွေးဖွားခဲ့သည်။ ငယ်စဉ်ကပင် ၎င်းအား ပေါလ်ဂျော့ဘ်နှင့် ကလာရာဂျော့ဘ်တို့က မွေးစားခဲ့သည်။ ပေါလ်ဂျော့ဘ်သည် စက်ပြင်ဆရာတစ်ဦးဖြစ်ပြီး ဝါသနာအရ ကားများလည်းပြုပြင်သူဖြစ်သည်။ ၁၉၆၁ ခုနှစ်တွင် စတိဗ်ဂျော့ဘ်တို့မိသားစု ကယ်လီဖိုးနီးယားပြည်နယ် မောင်းတိန်းဗျူးဒေသသို့ ပြောင်းရွှေ့လာခဲ့သည်။ ယင်းဒေသတွင် အီလက်ထရွန်နစ်ပစ္စည်းများကို အဓိကထားထုတ်လုပ်ရာ စီလီကွန်ပစ္စည်းများကိုအစွဲပြု၍ နောက်ပိုင်းတွင် ယင်းဒေသအား စီလီကွန်တောင်ကြားဟု လူသိများလာခဲ့သည်။

ငယ်စဉ်ကပင် စတိဗ်သည် ပစ္စည်းကိရိယာများကိုယ်တိုင်ပြုလုပ်တပ်ဆင်ရသည်ကို နှစ်သက်ပြီး အုပ်စုလိုက်၊ အသင်းလိုက်ကစားသည့် အားကစားနည်းများတွင်စိတ်မဝင်စားပေ။ အီလက်ထရွန်နစ်ပစ္စည်းများ ထုတ်လုပ်သော Hewlett-Packard (HP) တွင်အလုပ်လုပ်သော အိမ်နီးချင်း၏ကားဂိုဒေါင်၌ အချိန်တိုင်းအလုပ်ရှုပ်နေတတ်သော စတိဗ်သည် HP ၏ Explorer Club တွင်စာရင်းသွင်းခဲ့သည်။ အထက်တန်းကျောင်းတက်နေစဉ်မှာပင် HP စက်ရုံ၏ သင်ခန်းစာများကိုလည်းသင်ယူနေသော စတိဗ်သည်တစ်ကြိမ်တွင် အတန်းပရောဂျက်တစ်ခုအတွက် လိုအပ်သောပစ္စည်းများကို HP ကုမ္ပဏီ၏ဥက္ကဋ္ဌဝီလီယံဟျူးလက်ထံတွင် ရဲရဲရင့်ရင့်တောင်းဆိုခဲ့သည်။ စတိဗ်ကိုအကြိုက်တွေ့သွားသော မစ္စတာဟျူးလက်က ၎င်းလိုအပ်သောအစိတ်အပိုင်းများသာမက HP ကုမ္ပဏီတွင် နွေရာသီ အလုပ်သင်လုပ်ခွင့်ကိုပါစတိဗ်အားပေးအပ်ခဲ့သည်။

၁၉၇၂ ခုနှစ်တွင် အထက်တန်းကျောင်းပြီးသောအခါ အိုရီဂွန်ပြည်နယ် ပို့တ်လန်းရှိ ရိဒ်ကောလိပ်ကို တက်ရောက်ခဲ့သော်လည်း ပထမနှစ်ဝက်မှာပင် ကျောင်းမှထွက်ခဲ့ရသည်။ ယင်းနောက်စတိဗ်သည်အိန္ဒိယနိုင်ငံသို့ သွားရောက်၍အရှေ့တိုင်းဘာသာတရားများကိုလေ့လာခဲ့သည်။ ၁၉၇၅ ခုနှစ် မိခင်နိုင်ငံသို့ ပြန်လာသောအခါ စတိဗ်သည် Homebrew Computer Club သို့ဝင်ရောက်ခဲ့ရာမှ နည်းပညာသူရဲကလေး စတိဗ်ဝေါ့ဇ်နီယက်နှင့် တွေ့ဆုံကာ Apple ကွန်ပျူတာကုမ္ပဏီကို ၎င်းတို့နှစ်ဦးစတင်တည်ထောင်ခဲ့သည်။ ပန်းသီးများ ခူး၍ပျော်ရွှင်ခဲ့ရသော နေ့ရက်များ၏ အမှတ်တရအဖြစ် စတိဗ်က ယင်းသို့နာမည်ပေးခြင်းဖြစ်သည်။ ၎င်းတို့ပိုင်ပစ္စည်းများကိုရောင်းချ၍ ကန်ဒေါ်လာ ၁,၃၀၀ ဖြင့် ကုမ္ပဏီကို စတင်ခဲ့ခြင်းဖြစ်သည်။

စကတည်းကပင် တစ်ကိုယ်ရေသုံး ကွန်ပျူတာများအပေါ် အာရုံစိုက်ခဲ့သော Apple သည် ၁၉၇၇ ခုနှစ်တွင် Apple II ကွန်ပျူတာကို မိတ်ဆက်ခဲ့ပြီး တစ်နှစ်အတွင်း ဒေါ်လာ ၂ ဒသမ ၇ သန်းဖိုးရောင်းချခဲ့ရသည်။ ၁၉၈၀ ခုနှစ်တွင် Apple III ကိုစတင်ရောင်းချခဲ့သော်လည်း နည်းပညာပြဿနာများကြောင့် ဈေးကွက်မှ ပြန်လည် ရုပ်သိမ်း၍ ပြင်ဆင်မှုများပြုလုပ်ကာ နောက်တစ်ကြိမ်ပြန်လည်မိတ်ဆက်ခဲ့ရသည်။ ၁၉၈၄ ခုနှစ်တွင် Macintosh ဟုခေါ်သော ယခင်ကနှင့် လုံးဝမတူသည့် ကွန်ပျူတာမော်ဒယ်ကိုထုတ်လုပ်ခဲ့သော်လည်း ယင်းမှာ အောင်မြင်မှုမရရှိခဲ့သောကြောင့် စတိဗ်ဂျော့ဘ်လည်း Apple ကုမ္ပဏီမှ နုတ်ထွက်ခဲ့သည်။ သို့သော် ဒါရိုက်တာဘုတ်အဖွဲ့၏ ဥက္ကဋ္ဌရာထူးကိုမူ ဂျော့ဘ်က မစွန့်လွှတ်ပေ။

၎င်းနောက် Next ကွန်ပျူတာကုမ္ပဏီကို တည်ထောင်ခဲ့သောစတိဗ်ဂျော့ဘ်သည် ၁၉၉၆ ခုနှစ်တွင်မှ Apple နှင့်ပြန်လည်ပူးပေါင်းခဲ့သော်လည်း ၎င်းနှင့်အတူရုပ်ရှင်ထုတ်လုပ်ရေး နယ်ပယ်မှနည်းပညာများကို ဆောင်ယူလာခဲ့သည်။ Apple ကုမ္ပဏီသည် ၁၉၉၇ ခုနှစ်မှစ၍ ဝယ်ယူသူများထံသို့ တိုက်ရိုက်ရောင်းချသော စနစ်ကျင့်သုံးခဲ့သလိုစတိဗ်ဂျော့ဘ်သည်လည်း Apple ကုမ္ပဏီ၏ရာသက်ပန် စီအီးအိုအဖြစ် ၂၀၀၀ ခုနှစ်ဇန်နဝါရီလတွင် ပြန်လည် ရောက်ရှိခဲ့သည်။

—Ref: Wikipedia

### *နောက်ကျောဖုံး - မက္ကဆီကိုမူးယစ်ဂိုဏ်းက မိန်းမချောလေးများကို လုပ်ကြံရေးမယ်များအဖြစ် ငှားရမ်းနေ မှ*

မကြာသေးမီလများအတွင်း လုပ်ကြံရေးသမားများနှင့်အတူ သတ်ဖြတ်မှုများပြုလုပ်ရန် အသက် ၁၈ နှစ်နှင့် ၃၀ ကြားအမျိုးသမီးငယ် ၃၀ ခန့်ကို ငှားရမ်းခဲ့သည်ဟုသိရှိရကြောင်း၊ အများစုမှာ သတ်ဖြတ်မှုများပြုလုပ်ခဲ့ကြကြောင်း ရဲဘက်တရားခံ ရိုဂီလီယိုအာမာယာက ရဲတပ်ဖွဲ့အားပြောကြားသည်။ စုံစမ်းစစ်ဆေးမှုများပြုလုပ်စဉ်အတွင်း မှတ်တမ်းတင်ထားသော ဗီဒီယိုကိုလည်း ရဲတပ်ဖွဲ့က လူသိရှင်ကြား ဖော်ထုတ်ပြသခဲ့သည်။

"သူတို့က ချောမောလှပတယ်၊ ကြည့်ကောင်းတယ်၊ ရန်သူတွေကို လှည့်ဖြားဖို့လေ"ဟု မက္ကဆီကို၏အကြမ်းတမ်းဆုံး ဆီယူဒက်ဂျူရက်စ်မြို့တွင် ဂျူးရက်စ်မူးယစ်ဂိုဏ်းကြီးအတွက် လုပ်ကြံရေးသမားများအားကြီးကြပ်သူဟု မသင်္ကာသူ အာမာယာက ပြောသည်။

၎င်းအမျိုးသမီးများသည် လုပ်ကြံသတ်ဖြတ်မှုများ ပြုလုပ်ရာတွင် ယောကျ်ားလေးများကဲ့သို့ လက်နက်ငယ်များနှင့်အော်တိုမက်တစ်သေနတ်များကို အသုံးပြုကြကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်ရှိ အယ်လ်ပါဆိုမြို့တစ်ဖက်တစ်ချက်တွင် ရှိသော ဆီယူဒက် ဂျူးရက်စ်မြို့တွင် ၂၀၀၉ ခုနှစ်အတွင်း မူးယစ်ဂိုဏ်းများနှင့်ဆက်နွယ်၍ သတ်ဖြတ်မှုပေါင်း ၂,၆၆၀မှုဖြစ်ပေါ်ခဲ့ပြီး ယခုနှစ်တွင်လည်း လူပေါင်း ၁,၈၆၀ ဦးသေဆုံးခဲ့ပြီ ဖြစ်သည်။

—Ref: AFP

# ညွန့်ပေါင်းအစိုးရဖွဲ့စည်းရေး ဩစတြေးလျပါတီခေါင်းဆောင်နှစ်ဦး အပြိုင်အဆိုင်ကြိုးပမ်း



**ကင်ဘာရာ၊ ဩဂုတ်-၂၃** ပြတ်သားသော အဖြေထွက်မလာသည့် ဩစတြေးလျရွေးကောက်ပွဲကြောင့် ရွေးကောက်ပွဲတွင် ဦးဆောင်ခဲ့သူပါတီခေါင်းဆောင် နှစ်ဦးသည် တစ်သီးပုဂ္ဂလယှဉ်ပြိုင်သူ သုံးဦးနှင့် အသစ်ဖွဲ့စည်းထားသော အစိမ်းရောင်ပါတီမှ ကိုယ်စားလှယ်တစ်ဦး၏ ထောက်ခံမှုကို ရရှိရန် အပြိုင်အဆိုင် ကြိုးပမ်းနေကြကြောင်း သိရသည်။

မဲရေတွက်မှု ၈၀ ရာခိုင်နှုန်းပြီးစီးချိန်တွင် လက်ရှိ အာဏာရလေဘာပါတီနှင့် အတိုက်အခံ ကွန်ဆာဗေးတစ်ပါတီတို့သည် အမတ်နေရာ ၁၅၀ ရှိသောပါလီမန်အတွက် အစိုးရဖွဲ့နိုင်လောက်သော အမတ်အရေအတွက်ကို မရရှိခဲ့ကြပေ။

စာတိုက်မှ ပေးသော ဆန္ဒမဲပေါင်း နှစ်သန်းခန့်ကို မရေတွက်ရသေးဘဲရှိရာ ရွေးကောက်ပွဲနောက်ဆုံးအဖြေထွက်ရန် အနည်းဆုံးအချိန်တစ်ပတ်ကြာမြင့်မည်ဖြစ်သည်။ ၁၉၄၀ ပြည့်နှစ်နောက်ပိုင်း ပြတ်သားသော ပါလီမန်ရွေးကောက်ပွဲအဖြေမထွက်ခြင်းမှာ ယခုအကြိမ်သည် ပထမဦးဆုံးအကြိမ်ဖြစ်သည်။

ဝန်ကြီးချုပ် ဂျူလီယာဂင်းလာ့ဒ်နှင့် အတိုက်အခံပါတီခေါင်းဆောင် တိုနီအက်ဘော့တို့သည် ညွန့်ပေါင်းအစိုးရဖွဲ့ရန် မဖြစ်မနေအရေးပါသော ကြားခံ အုပ်စုကို စည်းရုံးရေးအတွက် ကြာရှည်ကြာညောင်းသော ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရဖွယ်ရှိကြောင်း သိရသည်။

ယခင် ရွေးကောက်ပွဲတွင် အမတ်နေရာ ၈၃ နေရာ ရရှိခဲ့သော လေဘာပါတီသည် ယခုရွေးကောက်ပွဲတွင် အနည်းဆုံး အမတ်နေရာ ၁၃ နေရာဆုံးရှုံးပြီး နှစ်ပေါင်း ၈၀ အတွင်း သုံးနှစ်သက်တမ်းရှိသော တစ်ကြိမ်သာ အာဏာရပြီး ဆင်းပေးလိုက်ရသည့် အစိုးရဖြစ်နိုင်ဖွယ်ရှိသည့် အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း နယူးယောက် တိုင်းမ်သတင်းက ဖော်ပြသည်။

ညွန့်ပေါင်းအစိုးရဖွဲ့စည်းရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများမှာ ဩစတြေးလျမြို့တော် ကင်ဘာရာတွင် အားတက်သရော စတင်နေပြီဖြစ်သည်။

ကာဗွန်ထုတ်လုပ်မှုနှင့် ကုန်သွယ်ရေးဆက်နွယ်ထားမှု ပေါ်လစီကို ၂၀၁၃ ခုနှစ်အထိ ဆိုင်းငံ့ထားရေး လက်ရှိအစိုးရ၏ ဆုံးဖြတ်ချက်ကြောင့် အစိမ်းရောင်သမားများ(The Greens)ပါတီက စံချိန်တင်သော မဲအရေအတွက် ရရှိခဲ့ကြောင်းနှင့် ကျေးလက်တောရွာ မဲဆန္ဒနယ်များအားကိုယ်စားပြုယှဉ်ပြိုင်သည့် တစ်သီးပုဂ္ဂလသုံးဦးမှာလည်း ကွန်ဆာဗေးတစ်ညွန့်ပေါင်းပါတီနှင့် အဆက်အသွယ်ရှိကြောင်း သိရသည်။

—Ref: NY .Times

### *နောက်ကျောဖုံး - ဂျူလီယန်အက်ဆန်း အပေါ် ဖမ်းဝရမ်းထုတ်ပြီး ပြန်ရုပ်သိမ်းခဲ့ခြင်းအတွက် ဆွီဒင်နိုင်ငံ ကာကွယ်ပြောဆို မှု*

ဖမ်းဝရမ်းထုတ်ပြန်ပြီး နာရီပိုင်းအတွင်းမှာပင် ဝရမ်းကို ဆွီဒင်အစိုးရရှေ့နေများရုံးက ပြန်လည်ရုပ်သိမ်းခဲ့သည်။ မစ္စတာအက်ဆန်းသည် မုဒိမ်းမှုကျူးလွန်ခဲ့သော အထောက်အထားမတွေ့ရှိ၍ ဝရမ်းကို ရုပ်သိမ်းခဲ့ခြင်းဖြစ်သည်ဟု ဆွီဒင်အစိုးရရှေ့နေများရုံးမှ ပြောခွင့်ရအမျိုးသမီး ကာရင်ရိုဆန်ဒါက ပြောကြားခဲ့ကြောင်း သိရသည်။

—Ref: NY.Times

# ကမ္ဘာ့ဘဏ်က ပါကစ္စတန် ရေဘေးအတွက် ကန်ဒေါ်လာသန်း ၉၀၀ ထုတ်ချေးမည်



**လန်ဒန်၊ ဩဂုတ် - ၁၇** မကြာသေးမီက ဖြစ်ပွားခဲ့သော ပါကစ္စတန်သမိုင်းတွင်အဆိုးဝါးဆုံးရေဘေးမှပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုကူညီရန်အတွက် ပါကစ္စတန်နိုင်ငံသို့ကန်ဒေါ်လာသန်း ၉၀၀ (ပေါင် ၅၇၄ သန်း) ထုတ်ချေးသွားမည်ဟု သိရသည်။ အာဏာပိုင်များ၏ အဆိုအရ ပါကစ္စတန်ရေကြီးမှုများတွင် လူပေါင်းသန်း ၂၀ ခန့်ထိခိုက်ခဲ့ရပြီး ၂,၀၀၀ ခန့်သေဆုံးခဲ့ကြောင်း သိရသည်။

သို့သော် ကုလသမဂ္ဂက နိုင်ငံတကာအကူအညီများသည် နှေးကွေးနေပြီး ယခုအချိန်အထိအရေးပေါ်ကယ်ဆယ်ရေးအတွက် ရန်ပုံငွေကန်ဒေါ်လာသန်း ၄၆၀ ၏ သုံးပုံတစ်ပုံသာရသေးကြောင်း ဆိုသည်။

ပါကစ္စသံတမန်တစ်ဦးကလည်းရေဘေးဒဏ်မှ ပြန်လည်တည်ဆောက်ရေးအတွက်ကန်ဒေါ်လာ၁၅ဘီလီယံလိုအပ်နိုင်ကြောင်း ဆိုသည်။ ကျန်းမာရေးတာဝန်ရှိသူများကလည်း ရေကြီးမှုကြောင့် ရွှေ့ပြောင်းနေထိုင်ရသည့် လူသန်းပေါင်းများစွာအတွင်း ရောဂါဘယများကူးစက်နိုင်ပြီး ကလေးသူငယ် ၃ ဒသမ ၅ သန်းခန့် အန္တရာယ်ရှိနိုင်ကြောင်း ဆိုထားသည်။

—Ref: BBC

7 DAY NEWS JOURNAL
Vol.9, No.23. AUGUST 26, 2010



# ကမ္ဘာ့အကြီးဆုံးစာအုပ်ထုတ်ဝေရေးကုမ္ပဏီ Random House ၏ အမှုဆောင်အရာရှိချုပ် မားကပ်စ်ဒိုးနှင့် တွေ့ဆုံခြင်း

ကျော်မျိုး

Random House စာအုပ်ကုမ္ပဏီဟာ ကမ္ဘာ့အကြီးဆုံး စာအုပ်ထုတ်ဝေရေး ကုမ္ပဏီကြီး တစ်ခုဖြစ်ပြီး ကမ္ဘာကျော် စာအုပ်အများအပြားကို ပုံနှိပ်ထုတ်ဝေရာ စာအုပ်တိုက်ကြီးတစ်ခုဖြစ်ပါတယ်။ ဂျာမန်စပိုင်းဂဲလ်မီဒီယာဟာ မကြာသေးမီက Random House ကုမ္ပဏီရဲ့ အမှုဆောင်အရာရှိချုပ်ဖြစ်သူ မားကပ်စ်ဒိုးနဲ့ တွေ့ဆုံကာ ကုမ္ပဏီရဲ့ e-book ခေတ်အတွက် ပြင်ဆင်နေတဲ့ စီမံကိန်းတွေအကြောင်း၊ Apple ကွန်ပျူတာ ကုမ္ပဏီနဲ့ ညှိနှိုင်းဆွေးနွေးမှုတွေအကြောင်း၊ ဘာ့ကြောင့် ပုံနှိပ်စာအုပ်တွေဟာ အီလက်ထရွန်နစ်ခေတ်ကြီးထဲမှာလည်း ဆက်လက်လွှမ်းမိုးနေဦးမယ်ဆိုတဲ့အကြောင်းတွေကိုပါ ဆွေးနွေးပြောကြားခဲ့ပါတယ်။

**မစ္စတာဒိုးခင်ဗျာ။ လူကြီးမင်းဟာပြီးခဲ့တဲ့ ၂ နှစ်ကစလို့ ကမ္ဘာ့အကြီးဆုံး စာအုပ်ထုတ်ဝေရေးကုမ္ပဏီကြီးမှာ ထိပ်တန်းရာထူးကို ရလာခဲ့တယ်နော်။ လူကြီးမင်းဟာ ယခုအခါ Random House ရဲ့ မိခင်ကုမ္ပဏီဖြစ်နေတဲ့ ဂျာမန်ပုံနှိပ်ထုတ်ဝေရေးကုမ္ပဏီကြီး Bertelsmann ကနေ ရောက်လာတာဆိုတော့ ဒီမှာရော အေးတိအေးစက်ကြိုဆိုတာခံခဲ့ရသေးလား။**

ဒီလိုပြောကြရအောင်ဗျာ။ စာပေအသိုင်းအဝိုင်းကတော့ အလွန်အံ့သြခဲ့ကြပါတယ်။ ကျွန်တော်လည်း ဒီလိုပဲပေါ့။ ကျွန်တော်တို့ကုမ္ပဏီထဲမှာတောင် ပထမတော့ စူးစမ်းကြတာတွေရှိခဲ့တယ်။ အဲဒါတွေပြီးတဲ့နောက်မှာတော့ နယူးယောက်မှာရှိတဲ့ ရုံးချုပ်မှာ အံ့အားသင့်ကြတာတွေ မြန်မြန်ဆန်ဆန်ပဲ ကွယ်ပျောက်သွားခဲ့ပါတယ်။

**လူကြီးမင်းမှာ ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ ကိုယ့်အလုပ်မှာ ရောစာကြီးပေကြီးတွေဖတ်ခဲ့တာရှိပါသလား။**

အဲဒီအတွက် အချိန်မရတာပါ။ ရက်အနည်းငယ်အတွင်းမှာပဲ အမေရိကန်မှာ ကျွန်တော်အခြေကျအောင်လုပ်ခဲ့ရတယ်။ သိပ်မြန်လွန်းပါတယ်။ ဒီအလုပ်သစ်ကို ကျွန်တော်စလုပ်ရတော့ Random House ကထုတ်တဲ့ စာအုပ်ဖြစ်တဲ့ You're in Charge Now What? ဆိုတာကို ဖတ်နေတာပါ။ သင့်တော်တဲ့ ဖတ်စရာ စာအုပ်တစ်အုပ်ပါပဲ။

**စာရေးဆရာတွေ၊ စာအုပ်အရောင်းကိုယ်စားလှယ်တွေနဲ့ စာပေအကြောင်းပြောရတော့ ကိုယ့်ကိုယ်ကိုယ်အဆင်မပြေဖြစ်မှာကိုရော လူကြီးမင်းစိုးရိမ်မိသေးလား။**

ကျွန်တော်က ဖရန့်ဖတ်စာအုပ်ပွဲတော်ကို ၁၅ ကြိမ်လောက်ကြုံဖူးပြီး ကျွန်တော့်ပရော်ဖက်ရှင်နယ်ဘဝကိုလည်း Bertelsmann ကုမ္ပဏီက စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှာ မြှုပ်နှံခဲ့တာပါ။ ကျွန်တော်ဟာ အလုပ်အတွက် နာမည်ကြီးစာရေးဆရာတွေ၊ ပုံနှိပ်သူတွေကို အများကြီးတွေ့ဆုံဖူးပါတယ်။ စာအုပ်လောကဆိုတာ အလွန်ဖန်တီးတီထွင်မှုရှိတဲ့ ပတ်ဝန်းကျင်တစ်ခုပါ။ အဆုံးစွန်ပြောရရင်ဗျာ။ ဒီအလုပ်ဟာ စာအုပ်တွေနဲ့ ငွေရှာရတယ်ဆိုပေမယ့် တီထွင်မှုရှိတဲ့ ပတ်ဝန်းကျင်ပါ။

**ကိုယ်က ထုတ်ဝေသူအနေနဲ့ ဘယ်စာရေးဆရာကို လူကြီးမင်းအရင်ဆုံး တွေ့ဖူးပါသလဲ။**

ဒန်ဘရောင်းပေါ့။

**သူက အရောင်းရဆုံး ဘက်ဆဲလားစာရေးဆရာဖြစ်ပြီး လူကြီးမင်းတို့ရဲ့ ကမ္ဘာတစ်ဝန်းမှာရတဲ့ အမြတ်ငွေတော်တော်များများကိုရရှိရာ အရေးကြီးတဲ့ရင်းမြစ်တစ်ခုလည်းဖြစ်တယ်နော်။**

သူနဲ့က ကျွန်တော်နယူးယောက်မှာ ပထမဆုံးအလုပ်လုပ်စဉ်တွေ့ကြတာပေါ့လေ။ မနက်ရှစ်နာရီမှာ ကျွန်တော်က ရုံးခန်းထဲရှိနေတယ်။ ဒန်ဘရောင်းက ကျွန်တော့်အခန်းတံခါးကို ၁၀ နာရီကျမှ တံခါးလာခေါက်တယ်။ သူကမြို့ထဲမှာ နေတာဆိုတော့ ဒီအခွင့်အရေးကို ယူပြီး ကျွန်တော့်ကိုလာတွေ့တာပေါ့။ တခြားနည်းနဲ့ပြောရရင်တော့ ဒီစာရေးဆရာဟာ Random House စာအုပ်တိုက်ရဲ့ အကြီးအကဲသစ်ကို ကြိုဆိုကြောင်းလာနှုတ်ဆက်တာပါပဲ။ ကျွန်တော်လည်း ဒါကို တန်ဖိုးထားပါတယ်။ အဲဒါကနေကောင်းမွန်တဲ့ပုဂ္ဂိုလ်ရေးရင်းနှီးမှုဖြစ်ထွန်းခဲ့ပါတယ်။

**အဲဒီတုန်းက Random House ဟာဘရောင်းရဲ့ နောက်ဆုံးထုတ်စာအုပ်ဖြစ်တဲ့ The Lost Symbol ကိုထုတ်ဝေဖို့ အချိန်စောင့်နေတာမဟုတ်လား။**

ဟုတ်ပါတယ်။ အဲဒါကြောင့်သူလာတာ ကောင်းသောလာခြင်းလို့ကျွန်တော်မြင်ခဲ့တာပေါ့။ The Lost Symbol ဟာ ၂၀၀၉ ခုနှစ်မှာထွက်ခဲ့ပြီး အလွန်အောင်မြင်ခဲ့ပါတယ်။

**ရထားပေါ်မှာ စာဖတ်နေတဲ့ လူတွေကို မြင်ရတဲ့အခါ လူကြီးမင်းအနေနဲ့ Apple ကုမ္ပဏီရဲ့ iPod ကွန်ပျူတာနဲ့ ဖတ်နေတဲ့သူရယ်၊ ရိုးရိုးပုံနှိပ်စာအုပ်နဲ့ပဲ ဖတ်နေတဲ့သူရယ် ဘယ်သူ့ကို ပိုသဘောကျပါသလဲ။**

နှစ်ဦးစလုံးကို ကြိုက်ပါတယ်။

**အကြောင်းက လူကြီးမင်းတို့ စာအုပ်တိုက်ဟာ ပုံနှိပ်စာအုပ်နဲ့ e-book နှစ်မျိုးစလုံးနဲ့ ငွေရနေလို့လား။**

ဒါကတော့ ကျွန်တော်တို့ရဲ့ အခွင့်အလမ်းပဲလေ။ ကျွန်တော်ကတော့စာဖတ်သူတစ်ဦးက ipad သို့မဟုတ် Amazon ကုမ္ပဏီထုတ်စာအုပ်ဖတ်စက် (Kindle) နဲ့ ဖတ်နေတာမြင်ရရင် သဘောကျမိပါတယ်။ ဒီလိုကိရိယာတွေမရှိရင်အဲဒီလိုအချိန်မှာ ကျွန်တော်တို့စာအုပ်တွေကလည်း သူ့ဆီရောက်မှာမှ မဟုတ်တာ။ အိမ်မှာတော့ အစဉ်အလာ ပုံနှိပ်စာအုပ်တွေတော့ ရှိချင်ရှိမှာပေါ့လေ။ အီလက်ထရွန်နစ် စာအုပ်ဖတ်စက်နဲ့ဖတ်နေတယ်ဆိုလည်း စာဖတ်တယ်ဆိုတာ ဘုရားပေးတဲ့ အခွင့်ထူးပဲလေ။

**လူကြီးမင်းရဲ့ စကားက တကယ့်ကိုအကောင်းမြင်သမားဆန်ပါတယ်။**

ဟုတ်ပါတယ်။ ကျွန်တော်တို့လည်းပုံနှိပ်စာအုပ်တွေနဲ့ ကြီးပြင်းလာရတာပါ။ ဒါပေမဲ့ ဒစ်ဂျစ်တယ်စာအုပ်လုပ်ငန်းကြီး တိုးတက်လာတာကို လျင်လျင်မြန်မြန်မြင်လာရတာတော့ အံ့သြမိတာကို ဝန်ခံလိုပါတယ်။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ်ပါ ပုံနှိပ်စာအုပ်တွေကတော့အချိန်အကြာကြီး ဈေးကွက်ကိုစိုးမိုးနေဦးမှာပါ။

**အီလက်ထရွန်နစ်စာအုပ် e-book တွေကနေ ဆရာတို့ဝင်ငွေဘယ်လောက်ရနေပါပြီလဲ သိပါရစေ။**

လက်ရှိမှာတော့ အမေရိကန်မှာ စုစုပေါင်းရောင်းအားရဲ့ ၈ ရာခိုင်နှုန်းလောက်ရောင်းနေရတယ်။ ဒါဟာ ရောင်းအားအများကြီးတိုးလာတာပါ။ ကျွန်တော်စိတ်ကူးထားတာကတော့ လာမယ့်နှစ်ဆိုရင် e-book ရောင်းအား ၁၀ ရာခိုင်နှုန်းကျော်သွားမယ်လို့ထင်တယ်။

**အွန်လိုင်းစာအုပ်ရောင်းဝယ်ရေးကုမ္ပဏီ Amazon ကလည်းသူတို့ဟာ အမေရိကန်မှာထုတ်တဲ့ အဖုံးမာ hardcover စာအုပ် ၁၀၀ ရောင်းရရင် ဒစ်ဂျစ်တယ်စာအုပ်တွေကလည်း ကော်ပီ ၁၈၀ လောက်ရောင်းနေရတယ်လို့ပြီးခဲ့တဲ့ ဇွန်လတုန်းက ကြေညာခဲ့တယ်။ ဈေးကွက်ဆန်းစစ်သူတွေကတော့ ၁၀ နှစ်တာကာလအတွင်းမှာပဲ ထုတ်သမျှ စာအုပ်အားလုံးရဲ့ ပုံသဏ္ဍာန်စာအုပ် အနေနဲ့ ရောက်ရှိဖို့ ရှိနေတယ်လို့ ခန့်မှန်းနေကြပါပြီ။ အဲဒီလိုမှန်းတာတွေကရော လက်တွေ့ကျတယ်လို့ လူကြီးမင်းထင်ပါသလား။**

အဲဒီဟောကိန်းကို ကျွန်တော်သဘောမတူပါဘူး။ ချဲ့ကားလွန်းတယ်လို့ထင်ပါတယ်။ အီလက်ထရွန်နစ်စာအုပ်တွေအတွက် ဈေးကွက်ဝေစုက အမေရိကန်မှာတောင်မှ ၂၀၁၅ ခုနှစ်အရောက်မှာ ၂၅ ရာခိုင်နှုန်းကနေ ၅၀ ရာခိုင်နှုန်းကြားမှာပဲ ရှိမှာပါ။ ဒါပေမဲ့ ဒီတိုးတက်မှုကတော့ ကျွန်တော်တို့အတွက်ဧရာမအခွင့်အလမ်းကြီးပေါ့။ ကျွန်တော်လည်း e-reader လေးရှိနေလို့ ဒါနဲ့ စာဖတ်ဦးမယ်ဆိုတဲ့ လူတွေနဲ့လည်း ဒီအမေရိကမှာ ကျွန်တော်တွေ့နေတယ်။ ကျွန်တော့်ကလေးတွေကလည်း ဒီလိုပါပဲ။

**Apple ကုမ္ပဏီက e-reader အဖြစ်သုံးနိုင်တဲ့ tablet ကွန်ပျူတာ iPad ကိုဇန်နဝါရီမှာ မိတ်ဆက်ပြလိုက်တော့ အမေရိကန်ရဲ့အကြီးဆုံး ထုတ်ဝေရေးကုမ္ပဏီခြောက်ခုမှာ ငါးခုက Apple ရဲ့ အွန်လိုင်းစာအုပ်ဝက်ဘ်ဆိုက် iBook Store ရဲ့ အကျိုးတူပူးပေါင်းတဲ့ ကုမ္ပဏီတွေဖြစ်လာတယ်။ ဒါပေမဲ့ အကြီးဆုံးဖြစ်တဲ့ Random House ကတော့မပါဝင်သေးပါဘူး။ ဘာ့ကြောင့် လူကြီးမင်းတို့ကုမ္ပဏီက တွေဝေနေရတာပါလဲ။**

အင်္ဂလိပ်ဘာသာနဲ့ ရောင်းတဲ့စာအုပ်ဈေးကွက်ကတော့ ဂျာမနီလိုမဟုတ်ပါဘူး။ စာအုပ်ဈေးနှုန်းကို အသေသတ်မှတ်ထားမယ်ဆိုတဲ့ သဘောတူညီချက်မရှိဘူး။ စာအုပ်အရောင်းဆိုင်တွေက လက်လီဈေးနှုန်းကို သတ်မှတ်တယ်။ Apple ရဲ့ iBookstore မှာတော့ စာဖတ်သူတွေအတွက် စာအုပ်ဈေးနှုန်းကို သတ်မှတ်ဖို့က ပုံနှိပ်တိုက်တွေဘက်က ဖြစ်နေတယ်။ ဒီကိစ္စကိုကျွန်တော်တို့အသေးစိတ်လေ့လာနေပြီး ကျွန်တော်တို့ရဲ့ စီးပွားရေးပုံစံအတွက် အပြောင်းအလဲလုပ်ဖို့ ဆန္ဒရှိမရှိကိုဆုံးဖြတ်မှာပါ။

**လူကြီးမင်းတို့လုပ်ငန်းမှာ ပြိုင်ပွဲအသစ်တစ်ခုကိုလည်း ရင်ဆိုင်နေရတယ်နော်။ အမေဇုန်ဟာလည်းအွန်လိုင်းစာအုပ်ရောင်းဝယ်ရေးကုမ္ပဏီအဖြစ်ကနေ ရပ်တန့်ခဲ့ပြီး အခုတော့ e-book ထုတ်ဝေသူ ကုမ္ပဏီတစ်ခုအဖြစ်ပါ ရပ်တည်နေပါပြီ။ ဝတ္ထုမဟုတ်တဲ့ စာအုပ်အမျိုးအစား non-ficition စာရင်းမှာ အရောင်းရဆုံး စာရေးဆရာ စတီဖင်ကိုဘေးဆိုရင်လည်း သူ့ရဲ့ထုတ်ဝေသူ Simon & Schuster ကိုကျော်ခိုင်းပြီး သူနောက်ထုတ်မယ့်စာအုပ်တွေအတွက် ဒစ်ဂျစ်တယ်မူပိုင်ခွင့်တွေအမေဇုန်ကို ရောင်းထားပါတယ်။ ဒီတော့ ဘယ်သူတွေကစာအုပ်ထုတ်ဝေရေး ကုမ္ပဏီကြီးတွေကို နောက်ထပ်လိုအပ်နေတော့မှာလဲ။ (မှတ်ချက် - စတီဗင်ကိုဘေး၏ The Seven Habits of Highly Effective People စာအုပ်ကို မြန်မာပြန်တွေ့ရှာဖတ်နိုင်နေပါပြီ။)**

ဟုတ်ပါတယ်။ ထုတ်ဝေသူတွေဖြတ်သန်းရမယ့် အန္တရာယ်ကတော့ ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိပါတယ်။ ပုံနှိပ်စာမူပိုင်ခွင့်နဲ့ ဒစ်ဂျစ်တယ်မူပိုင်ခွင့် နှစ်ခုတွဲပြီး မားကတ်တင်းလုပ်တာဟာ အနာဂတ်မှာ ကျွန်တော်တို့ရဲ့ စာရေးဆရာတွေအတွက် အအောင်မြင်ဆုံးနည်းလမ်း ဖြစ်လာမှာပါ။

*—Ref: 'Random House CEO on the E-book Age, Spiegel; August 4*



7DAY NEWS JOURNAL

# Entertainment

Vol.9, No.23. AUGUST 26, 2010

## ဟောလိဝုဒ်ကို စတင်ခြေချလိုက်တဲ့ ဟန်ချေယောင်း

**ဆိုးလ်၊ ဩဂုတ်- ၁၈**

မင်းသမီးဟန်ချေယောင်းသည် ဟောလိဝုဒ်ရုပ်ရှင်လောကသို့ ခြေလှမ်းစတင်လိုက်သည့်အနေဖြင့် ဟောလိဝုဒ်ရုပ်ရှင်ကုမ္ပဏီတစ်ခုနှင့် စာချုပ်ချုပ်ဆိုလိုက်ကြောင်း သူမ၏ BH အနုပညာကုမ္ပဏီကပြောကြားသည်။

ဘရက်ပစ်၊ တွမ်ဟင့်၊ ဝီစမစ်၊ ဂျူလီယာရောဘတ်၊ ဒေးဗစ်ဘက်ခမ်းတို့နှင့် စာချုပ်ချုပ်ဆိုကာ အလုပ်အတူတွဲလုပ်ခဲ့သော Creative Artists အေဂျင်စီနှင့် သူမ စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ သူမ၏ ကုမ္ပဏီကလည်း အေဂျင်စီသည် တောင်ကိုရီးယား အနုပညာရှင် လီဗျောင်ဟွန်းကို ဟောလိဝုဒ်ရုပ်ရှင်လောကတွင် လူသိစေသကဲ့သို့ ဟန်ချေယောင်းကိုလည်း ထိုသို့လုပ်ဆောင်ပေးလိမ့်မည်ဟု ယုံကြည်ကြောင်း ထုတ်ဖော်ပြောကြားသည်။

နာမည်ပြောင်အဖြစ် "ကိုရီးယား ဘာဘီရုပ်ကလေး"ဟု တင်စားခြင်းခံရလောက်အောင်အနောက်တိုင်းနှင့် အရှေ့တိုင်း အလှရောစပ်သည့် အလှပိုင်ရှင် ဟန်ချေယောင်းသည် ဟောလိဝုဒ်ရုပ်ရှင်ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်ရန် အလွန်စိတ်အားထက်သန်နေကြောင်းသိရသည်။ ဟန်ချောယောင်းသည် အောင်မြင်ကျော်ကြားသော ဇာတ်လမ်းတွဲများ၊ ရုပ်ရှင်များ ရိုက်ကူးခဲ့ပြီး နိုင်ငံတကာရုပ်ရှင်ကားအဖြစ် နယူးဇီလန်ရုပ်ရှင်ကုမ္ပဏီနှင့် ဇာတ်ကားတစ်ကားရိုက်ကူးခဲ့သော်လည်း ထိုဇာတ်ကားမှာ အမေရိကန်ရုပ်ရှင်ဈေးကွက်သို့ရောက်ရှိခဲ့ခြင်းမရှိပေ။

*Ref: Hancinema*



---

ဟစ်ဟော့ပ်သမိုင်းကို စတင်ခဲ့သူတွေထဲမှာ တစ်ဦးဖြစ်သူ အနဂ္ဂဟာ တစ်ကိုယ်တော်အခွေအတွက် လတ်တလောပြင်ဆင်နေပါတယ်။ သူ့ရဲ့ချစ်သူကလည်း အများသိကြတဲ့ အဆိုတော်မလေးဖြစ်ပြီး ချစ်သူနဲ့လက်တွဲဖို့အကြောင်းတွေ၊ ဂီတအကြောင်းတွေကို မေးမြန်းခဲ့ပါတယ်။ အက်ဆစ်အဖွဲ့ရဲ့စုစည်းမှုကို တစ်ချိန်ချိန်မှာတော့ ပြန်မြင်ရဖို့ရှိပြီး အဖွဲ့လိုက်ထက်တစ်ဦးချင်းရပ်တည်နိုင်ဖို့က လက်ရှိမှာပိုလိုအပ်နေတယ်လို့လည်း ဆိုပါတယ်။ "စတင်ခြင်း" စီးရီးဟာ အမြဲပြန်ပြန်လှည့်ကြည့်ရတဲ့စာအုပ်တစ်အုပ်လို ဖြစ်နေလို့ အဲဒီထက်ပိုကောင်းတဲ့ကုန်ကြမ်းနဲ့အကြောင်းအရာတွေကို စုစည်းနေရတုန်းလို့ ပြောလာတဲ့အနဂ္ဂရဲ့စကားလုံးများကို တင်ဆက်လိုက်ပါတယ်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**'ကျွန်တော့်ကိုအကောင်းမြင်ပေးတဲ့ အသိုင်းအဝိုင်းတစ်ခုရှေ့မှာ ကျွန်တော့်ဘဝကို ဒီ့ထက်ပိုကောင်းအောင်ပဲ ကြိုးစားပါတယ်'**

အနဂ္ဂနှင့် တွေ့ဆုံခြင်း | အေးသူ

**ဂီတနဲ့ပတ်သက်ပြီး ဘာတွေလှုပ်ရှားဖြစ်နေပါသလဲ။**

အတွဲခွေတွေဆိုဖြစ်နေတယ်။ 9 Night Hip Hop 2တစ်ခွေရယ်၊ မနှစ်က သီတင်းကျွတ်မှာလုပ်ခဲ့တဲ့ ဟစ်ဟော့ပ် accoustic ခွေရယ်ထွက်မယ်။ တစ်ယောက်တည်းခွေအတွက်လည်းပြင်ဆင်နေတယ်။ သီချင်းတွေအကုန်လုံးပြီးသွားပြီ။ ဆင်ဆာတင်တဲ့ အဆင့်ကိုသွားနေပြီ။ ပြီးရင်ထွက်တော့မယ်။

**ဟစ်ဟော့ပ် ဂျနရေးရှင်းသတ်မှတ်ကြတဲ့အပေါ်ကို ဘယ်လိုမြင်ပါသလဲ။**

ဂျင်နရေးရှင်း သတ်မှတ်တာက ကောင်းတာရှိသလို မကောင်းတာလည်းရှိတယ်။ ကောင်းတာက သူတို့ကိုယ့်ကို First Generation အနေနဲ့ ဘယ်သူတပ်တပ်မတပ်တပ် သမိုင်းကိုတော့ ဘယ်သူမှ ဖျောက်ဖျက်လို့မရပါဘူး။ ဒါပေမဲ့ ဂျင်နရေးရှင်းတပ်တယ်ဆိုတာ Generation Gap ဖြစ်သွားမှ တပ်ရတယ်ဆိုတဲ့သဘောကို နားလည်စေချင်တယ်။ ဂျင်နရေးရှင်းဆိုတဲ့ စကားက တအားကြီးကျယ်တယ်။ တချို့တွေဆို အနှစ်လေးငါးဆယ်ကြာမှတပ်ကြတယ်။

စာ(၄၉)သို့



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## ဟဲလေး မလေးရှားတွင် ဖျော်ဖြေမည်

အေးသူ

**ရန်ကုန်၊ဩဂုတ် ၇**

အဆိုတော်ဟဲလေးသည် စက်တင်ဘာလ ၂ရက်တွင် မလေးရှားနိုင်ငံသို့ ဖျော်ဖြေရေးခရီးစဉ် သွားရောက်မည်ဟု 7Day News သို့ပြောသည်။

"မလေးရှားကို ကိုးလပိုင်း ၂ရက်နေ့သွားပြီး ၇ ရက်ပြန်ရောက်မယ်။ ကျွန်တော်၊ ကို R- ဇာနည်၊ စန္ဒီမြင့်လွင်၊ ရတနာမိုင်တို့ပါမယ်။ လေးဇီးကလပ်တီးဝိုင်းနဲ့ သွားမှာပါ။ မလေးရှားကိုတော့ နှစ်ခေါက်ရှိပါပြီ။ ခုလောလောဆယ်တော့ ကျွန်တော့်အခွေ'Old Service ' ခွေ ဗီစီဒီက ဆင်ဆာလည်းကျပြီးပြီ။ ကိုးလပိုင်းဒုတိယပတ်လောက်ဖြန့်ဖို့စီစဉ်ထားတယ်"ဟု ဟဲလေးကပြောသည်။

Old Service စီးရီးဗီစီဒီကို ဒါရိုက်တာ ညီညီထွန်းလွင်၊ စိုးလင်း၊ သုံးပေါင်၊ ခန့်စည်သူ၊ စိုင်းစိုင်းခမ်းလှိုင်၊ ဇော်ကိုကိုတို့ ရိုက်ကူးထားပြီး စိုင်းစိုင်း၊ ရဲလေး၊ ထွန်းထွန်း၊ ခန့်စည်သူ၊ မိုးဟေကို၊ စန္ဒီမြင့်လွင်၊ ဂျင်းနီ၊ ဝိုင်းစုခိုင်သိန်းနှင့် ဟဲလေးကိုယ်တိုင်ပါဝင်သရုပ်ဆောင်ထားကြောင်းသိရသည်။ ယခုစီးရီးနှင့်ဆိုပါက ဟဲလေးသည် တစ်ကိုယ်တော်ခွေ လေးခွေမြောက်ရှိသွားပြီဖြစ်သည်။



## မီဂန်ဖောက်စ်နဲ့ ဗစ်တိုးရီးယားကို သဘောကျနေတဲ့ ကင်မ်ကာဒါရှီယန်

**နယူးယောက်၊ ဩဂုတ် - ၁၈**

ဟောလိဝုဒ်၏ ဆိုရှယ်ကျသော နာမည်ကျော်မင်းသမီး ကင်မ် ကာဒါရှီယန်က သူမသည် မီဂန်ဖောက်စ်နှင့် ဗစ်တိုရီးယား ဘက်ခမ်းတို့ကို အလွန်သဘောကျသူဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

မကြာသေးမီကပင် အမေရိကန်ဘောလုံးကစားသမား မိုင်းလ်စ်အော်စတင်နှင့်တွဲခုတ်နေသူ ကင်မ်ကာဒါရှီယန်က "ကျွန်မဟာ မီဂန်ဖောက်စ်နဲ့ ဗစ်တိုရီးယား ဘက်ခမ်းတို့ကို လုံးဝလေးစားသူတစ်ဦးဖြစ်ပါတယ်" ဟုဆိုသည်။

ကင်မ်သည် မကြာသေးမီကပင် လော့စ်အိန်ဂျလိစ်၌ ပြုလုပ်ခဲ့သည့် Teen Choice Award ဆုပေးပွဲတွင်လည်း မီဂန်ဖောက်စ်နှင့်တွေ့ဆုံခဲ့ရခြင်းကို "ကျွန်မဟန်မဆောင်နိုင်ခဲ့ပါဘူး။ ချက်ချင်းပဲ သူ့ဆီ ပြေးသွားပြီး သိပ်လှတာပဲလို့ ပြောမိခဲ့ပါတယ်။ သူမဟာသိပ်ချစ်စရာကောင်းပြီး ကျွန်မကိုလည်း ကျေးဇူးတင်တယ်လို့ ပြန်ပြောခဲ့ပါတယ်" ဟုပြောသည်။ ထို့ပြင် ကင်မ်သည် ဗစ်တိုးရီးယားနှင့် ပတ်သက်၍လည်း "ကျွန်မဗစ်တိုးရီးယားဘက်ခမ်းကိုလည်းချစ်ပါတယ်။သူမဟာ ကြောက်ရွံ့တဲ့ပုံစံမရှိသလိုကိုယ်ပိုင်ထူးခြားတဲ့ ဥပဓိရုပ်လည်းရှိတာမို့ သူ့ကိုလည်း လုံးဝလေးစားမိပါတယ်"ဟု ဆိုသည်။

*—Ref: Showbiz*

7 DAY NEWS JOURNAL
Vol.9, No.23. AUGUST 26, 2010



# Forbes မဂ္ဂဇင်းရဲ့ အချမ်းသာဆုံး ရက်ပါစာရင်းမှာ နံပါတ်တစ်ဖြစ်လာမယ့် ဂျေဇီး

**လန်ဒန်၊ ဩဂုတ် - ၁၈**

အမေရိကန် စီးပွားရေးမဂ္ဂဇင်းကြီး Forbes ကပြုစုသည့် ကမ္ဘာ့အချမ်းသာဆုံး ရက်ပါများစာရင်းတွင်အမေရိကန်ဟစ်ဟော့ပ်အဆိုတော်ရက်ပါ ဂျေဇီးက နံပါတ်တစ်နေရာ ရရှိခဲ့ကြောင်းသိရသည်။ မဂ္ဂဇင်း၏ ဖော်ပြချက်အရဂျေဇီးသည် ၂၀၀၉ ဇွန်မှ ၂၀၁၀ ဇွန်လအတွင်း တစ်ဦးတည်း ဝင်ငွေကန်ဒေါ်လာ ၆၃သန်းရရှိခဲ့သည်ဟု သိရသည်။ ဂျေဇီး၏ နောက်တွင်ရက်ပါ ရှောင်ဒစ်ဒီက ဝင်ငွေကန် ဒေါ်လာသန်း၃၀ဖြင့် ဒုတိယ၊ အေကွန်က တတိယဆုရခဲ့သည်ဟုဆိုသည်။

ဂျေဇီးသည် ပြီးခဲ့သည့် တစ်နှစ်တာအတွင်း ၎င်း၏ အယ်လ်ဘမ် The Blueprint III အပါအဝင်အခြားသီချင်းခွေများအောင်မြင်မှုကြောင့် ဝင်ငွေတိုးခဲ့ခြင်းဖြစ်သည်။ တတိယနေရာမှ အေကွန်၏ နောက်တွင် လီဝိန်းနှင့် ဒေါက်တာဒရေးတို့က စတုတ္ထနေရာရခဲ့သည်။ ရက်ပါလီဝိန်းသည် ပြီးခဲ့သည့် မတ်လမှစ၍ လက်နက်ကိုင်ဆောင်မှုဖြင့် ထောင်ဒဏ်ကျခံနေရသော်လည်းဝင်ငွေကန်ဒေါ်လာသန်း ၂၀ ရရှိခဲ့သည်။ ယခုစာရင်းတွင် နာမည်ကျော် ရက်ပါအီမင်နမ်မှာမူ ၎င်း၏ Recovery အယ်လ်ဘမ်ကို တစ်ပတ်အတွင်း ချပ်ရေ ၇၄၁,၀၀၀ အထိရောင်းခဲ့ရသော်လည်း ဝင်ငွေအများဆုံးစာရင်းတွင် နံပါတ် ၁၄ နေရာသာရရှိခဲ့သည်ဟု သိရသည်။ ၎င်းသည်ပြီးခဲ့သည့် နှစ်အတွင်း ဝင်ငွေကန်ဒေါ်လာ ၈ သန်းသာရရှိခဲ့သည်ဟုဆိုသည်။

*—Ref: BBC*

## လည်ချောင်းကင်ဆာကြောင့် မင်းသားကြီး မိုက်ကယ်ဒေါက်ကလပ် စကားပြောနိုင်စွမ်း ဆုံးရှုံးဖွယ်ရှိ

**လော့စ်အိန်ဂျလိစ်၊ ဩဂုတ် - ၁၈**

ဟောလိဝုဒ်မင်းသားကြီး မိုက်ကယ်ဒေါက်ကလပ်သည် ယခုအပတ်အတွင်း ၎င်း၏ လည်ချောင်းကင်ဆာရောဂါကို ကုသသွားရန်ရှိနေရာ ရောဂါမှ ပြန်လည်ကောင်းမွန်လာသော်လည်း စကားပြောနိုင်စွမ်း ဆုံးရှုံးရဖွယ်ရှိကြောင်း သိရသည်။ အသက် ၆၅ နှစ်အရွယ်ရှိ မင်းသားကြီးသည် နယူးယောက်မြို့တွင်ကင်ဆာရောဂါကုသရန်ပြင်ဆင်နေပြီး ဆရာဝန်များသည် ၎င်းအားခွဲစိတ်ကုသရမှုကို ရှောင်ရှားရန်အတွက် ဓာတ်ရောင်ခြည်ကုထုံးဖြင့် ကုသရန်ရှိနေသည်ဟုဆိုသည်။ နယူးယောက်ရှိ ဘတ်အစ္စရေးကင်ဆာဌာနမှ ဆရာဝန်ဒေါက်တာ လော့ရင်စ်တီနာကလည်း လည်ချောင်းကင်ဆာဖြစ်နေသော လူနာ၁၀၀တွင် ၆၀မှ ၇၀ ရာခိုင်နှုန်းမှာ ကုသ၍ရသဖြင့် အသက်ရှင်နိုင်ကြောင်းဆိုသည်။

သို့သော်မင်းသားကြီး မိုက်ကယ်ကို ဓာတ်ရောင်ခြည်ကုသမှု ဖြင့်မကုသနိုင်ပါက ခွဲစိတ်ရမည်ဖြစ်ရာ အသံပြောင်းခြင်းသို့မဟုတ် အသံလုံးဝမထွက် တော့ခြင်းမျိုး ဖြစ်နိုင်ကြောင်း သိရသည်။ မင်းသားကြီး မိုက်ကယ်သည်ယခုအခါ ရောဂါကုသရန်အတွက်ဇနီးဖြစ်သူ ကတ်သရင်းဇီတာဂျုန်း အပါအဝင် ၎င်း၏ သားငယ်နှစ်ဦးနှင့်အတူ စောင့်ဆိုင်းနေသည်။ ၎င်းသည် ရောဂါကုသရန်အတွက် နောက်ထပ်နှစ်လခန့် အနားယူရမည်ဖြစ်ရာ ဟောင်ကောင်တွင် အခမ်းအနားတစ်ခု၌မိန့်ခွန်းပြောရန် အစီအစဉ်နှင့် ၎င်း၏နောက်ဆုံးထွက်ရုပ်ရှင် Wall Street: Money Never Sleeps အတွက် အရောင်းမြှင့်တင်ရေး အစီအစဉ်များဆောင်ရွက်နိုင်မည်မဟုတ်ဟုသိရသည်။ *—Ref: Showbizspy*




ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း




U Myint Lwin., Advocate
LL.B, DBL, Dip in Marine Affairs (UK)
Email : MYINT.Advocate@mptmail.net.mm
Phone : 371 990
26.8.2010

# စာ - ၄၇၊ အနုဂ္ဂနှင့် အင်တာဗျူး မှ

ပရိသတ် တစ်ယောက်အနေနဲ့ရော ရှေ့ကလုပ်လာတဲ့သူ တစ်ယောက်အနေနဲ့ပါ ဝေဖန်သုံးသပ်ကြည့်မယ်၊ အကြံဉာဏ်ပေးကြည့်မယ်ဆိုရင်တော့ မတပ်သင့်သေးဘူးလို့ပဲ ကျွန်တော်ထင်တယ်။ ပြီးတော့ ဟစ်ဟော့ပ်ဆိုတာ ဒီမှာ Generation Gap မဖြစ်သေးဘူး။

**ခုခေတ်မှာUnderground အဖွဲ့တွေအများကြီးပေါ်လာတယ်။ အောင်မြင်မှုလည်းထိုက်သင့်သလောက်ရလာတဲ့အပေါ် အစ်ကိုတို့ခေတ်နဲ့ယှဉ်ရင် ဘာတွေကွာခြားသွားပါသလဲ။**

ကျွန်တော်တို့ခေတ်တုန်းက မီဒီယာက ကျွန်တော်တို့အနီးအနားမှာမရှိသေးဘူး။ ဒီဘက်ခေတ် မှာလည်း မီဒီယာနဲ့ ဒီလောက်ကြီးလက်လှမ်းမမီသေးပါဘူး။ ဒါပေမဲ့ သူတို့မှာ အင်တာနက်ဆိုတဲ့ ကိုယ်ပိုင်မီဒီယာရှိတယ်။ မေးလ်တွေကနေတစ်ဆင့် အယောက်တစ်သန်းဖြစ်ဖြစ်၊ နှစ်သန်းဖြစ်ဖြစ် ဖြန့်ဝေနိုင်တယ်။ ဒါလေးတွေက ပိုသာတယ်။ အားနည်းချက်က ဂီတပညာရပ်ကြွယ်ဝမှု၊ ပညာရှင်ဆန်မှုက နည်းလာတယ်။ ကောင်းတဲ့သူ၊တတ်တဲ့သူကို ရွေးနားထောင်မယ်လို့မြင်တယ်။ ဟစ်ဟော့ပ်အဖွဲ့က ရန်ကုန်တစ်မြို့တည်း တစ်ထောင်ကျော်ရှိတယ်။ Underground တစ်ဖွဲ့အနေနဲ့ဟစ်ဟော့ပ်ကိုလုပ်မယ်ဆိုတကယ့်ဟစ်ဟော့ပ်ရဲ့ စလာခဲ့တဲ့အချိန်ကနေ ဘာကိုရည်ရွယ်တယ်၊ ဘာကိုဆိုလိုတယ်ဆိုတာ သူတို့သိဖို့လိုတယ်။

**ရှိုးပွဲတွေမှာ တချို့အဖွဲ့လေးတွေက အနုပညာကြေး လုံးဝမရဘဲဆိုပေးနေကြတယ်လို့ကြားရတဲ့အပေါ်မှာ ဘာများ ပြောချင်ပါသလဲ။**

လူငယ်တွေက နာမည်တစ်ခုရဖို့အတွက် အရင်းပြုဖို့ စိတ်အားထက်သန်ကြတယ်။ မာနတွေဖျောက်ထားတယ်။ နေရာတစ်ခုကိုရောက်ဖို့ အကုန်လုပ်ကြတယ်။ ကျွန်တော်တို့ဆို စလုပ်လုပ်ချင်း တစ်ပွဲ နှစ်ပွဲလောက်ပဲ ပြောပြီးဆိုခဲ့တယ်။ အဲဒီကနေစပြီးတော့ ကိုယ့်ဘဝရဲ့တန်ဖိုးကို ကိုယ့်ဟာကိုယ်ပဲမြှင့်တင်ရမှာ။ ဘယ်သူမှ မြှင့်တင်ပေးလို့မရဘူး။ စီးပွားရေးလုပ်တဲ့သူကိုလည်းအပြစ်ပြောလို့မရဘူး။ သီချင်း ပေါက်ထားပြီး အလကားဆိုပေးတဲ့သူတွေ ကိုယ့်ဘဝတစ်လျှောက်လုံးမှာ အလကားဆိုတာကိုဘယ်လိုအဓိပ္ပာယ်ဖွင့်မလဲဆိုတာမေးကြည့်ချင်တယ်။ တစ်ပွဲနှစ်ပွဲမဟုတ်ဘဲ နှစ်နဲ့ချီလာတဲ့အခါမှာ ပိုက်ဆံယူသင့်တယ်လို့ကျွန်တော်မြင်တယ်။ လူတိုင်းမှာ ကိုယ့်ပညာအရ၊ ကိုယ့်တန်ဖိုးအရ ထိုက်သင့်တဲ့တန်ဖိုးတစ်ခုကို ရသင့်တယ်လို့ပဲ ကျွန်တော်မြင်တယ်။

**ခုလက်ရှိ စိတ်ထဲမှာ လွှမ်းမိုးနေတဲ့သီချင်းရေးချင်တဲ့အကြောင်းအရာက**

စားသုံးသူဝါဒကို တည်ပြီးရေးချင်တယ်။ မညီမျှမှုတွေကတော့ အရင်တည်းက ရှိနေတာပဲ။ ဒါပေမဲ့ မညီမျှမှုတွေကိုတတ်နိုင်သလောက်ညီမျှအောင်ဖေးမကူညီပြီးလိုက်လုပ်ချင်တဲ့အထဲမှာကျွန်တော်ပါတယ်။

**လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ဟစ်ဟော့ပ်ဂီတလောကထဲ ပြန်ခြေချတော့မယ်လို့ တရားဝင်ကြေညာပြီးနောက်ပိုင်း ကျေနပ်လောက်အောင် လုပ်ဖြစ်ခဲ့လား။**

ကြေညာတယ်ဆိုတာ သတ်မှတ်ချက်ပဲ။ ယောကျ်ားပီပီ ငါပြန်လာပြီ။ ငါရအောင်ပြန်လုပ်မယ်လို့ ၂၀၀၈ပိုင်အိုးနီးယားပွဲမှာ ကျွန်တော်စပြောခဲ့တယ်။ ရှင်းရှင်းပြောရရင်သုညကနေပြန်စရတာ။ ဒါပေမဲ့ အရှေ့ကိုရောက်အောင်ပြန်သွားတယ်။ ကျွန်တော်တို့လူငယ်တွေမှာ နံပါတ်တစ် စိတ်ဓာတ်အရမ်းအရေးကြီးတယ်။ စိတ်ဓာတ်နဲ့အတူ ကြိုးစားမှုနဲ့ ပံ့ပိုးပေးမယ့်ငွေကြေး။ အဲဒီသုံးခုရပြီဆိုတာနဲ့ လူ့လောကမှာ ဘယ်အရာကိုပဲလုပ်လုပ် အောင်မြင်မှုရ



လာမှာပဲ။ အဲဒီစိတ်ဓာတ်နဲ့ပဲ ကျွန်တော်ပြန်လာပြီဆိုတာကို ကြေညာခဲ့တာ။

**သုညကစပြီး ပြန်ဝင်ချိန်မှာ ဒီလောကထဲကလူတွေရဲ့ ကြိုဆိုမှုက ဘယ်လိုရှိပါသလဲ။**

ကျွန်တော့်ဘဝက အရင်တည်းကသုညပဲ။ ဘယ်တုန်းကမှရွှေပေါ်မြတင်မွေးလာခဲ့တဲ့သူမဟုတ်ဘူး။ စတည်းကလူတွေပေါ်မှာ ရိုးရိုးသားသားနဲ့ မှန်မှန်ကန်ကန်ပဲနေတယ်။ များသောအားဖြင့် သူများကို ချောက်တွန်းတဲ့စကားမပြောမိအောင်၊ ကိုယ်ထိလက်ရောက်စော်ကားမှုတွေမလုပ်ဖြစ်အောင်ရှောင်တယ်။ အမှန်အမှားခွဲခြားပြီး နေထိုင်တယ်။ ကျွန်တော့်နေထိုင်မှုကြောင့် ကျွန်တော့်ဘေးကလူတွေကကျွန်တော့်ကိုနေရာတွေပြန်ပေးကြတယ်။

**ရန်ရန်ချမ်းတို့နဲ့ ပြန်ပြီး နားလည်မှုတည်ဆောက်နိုင်ခဲ့တဲ့အပေါ်မှာရော။**

တစ်ချိန်က ဖြစ်ခဲ့တာတွေက လူငယ်စိတ်လည်းပါတယ်။ အတ္တလွှမ်းမိုးမှုလည်းပါတယ်။ ရန်ရန်ချမ်းရောကျွန်တော်ရောအဲဒီအတ္တကိုမမြင်ကြဘူး။ စကားများတယ်။ ရန်ဖြစ်တယ်။ ဒါပေမဲ့ ဖြစ်ပြီးတဲ့အချိန်မှာတစ်ယောက်နဲ့တစ်ယောက် အမုန်း အာဃာတမထားဘဲ ရှေ့ဆက်လျှောက်ဖို့ ငြိမ်းချမ်းစွာလက်တွဲသွားဖို့ပဲစဉ်းစားတယ်။ မုန်းနေလို့တစ်သက်လုံး စကားမပြောဘဲနေမယ်ဆိုကျွန်တော်လူကောင်းဘယ်ဟုတ်တော့မလဲ။ လူ့ဘဝဆိုတာဒါပဲ။ ဒီထက်အများကြီးပိုပြီး မထူးဆန်းဘူး။ ဒါပေမဲ့အမှန် တရားဆိုတဲ့ဟာလေးကိုတော့ တစ်ယောက်ရင်ထဲမှာတစ်ယောက် ရှိနေသလို အမှန်တရားက ဦးဆောင်လို့ ကျွန်တော်တို့ပြန်ပေါင်းသင်းလို့ရတာပါ။

**အစ်ကိုနဲ့မသံသာတို့နှစ်ယောက်ရဲ့ တည်ဆောက်ထားတဲ့ နားလည်မှုလေးက**

ကျွန်တော့်ရည်းစားရဲ့စိတ်ဓာတ်ပေါ်မှာပဲမူတည်တယ်။ သူ ကျွန်တော့်အပေါ်ထားတဲ့စိတ်ဓာတ်လေးက အမှားကိုအမှန်ပြင်ပေးတယ်။ အကောင်းမြင်ဝါဒသမားရှိတယ်။ ဒါလေးနဲ့ကျွန်တော့်ကိုလက်ခံတယ်ဆိုတာ ဝမ်းသာစရာပါ။ တစ်ယောက်နဲ့ တစ်ယောက်ဆက်ဆံတယ်ဆိုတာ အသိုင်းအဝိုင်းတွေနဲ့ နှစ်ဖက်မိသားစု ဆက်ဆံရတာပါ။ ဒါတွေအကုန်လုံးကလည်း သူ့ကြောင့်ပဲ အဆင်ပြေသွားတယ်လို့ကျွန်တော်မြင်ပါတယ်။ ကျွန်တော့်ကိုအကောင်းမြင်ပေးတဲ့ အသိုင်းအဝိုင်းတစ်ခု ရှေ့မှာ ကျွန်တော့်ဘဝကိုဒီထက်ပိုကောင်းအောင်ပဲကြိုးစားပါတယ်။

**ကိုယ့်ရဲ့လက်တွဲဖော်က အနုပညာရှင်တစ်ယောက်ဖြစ်တဲ့အပြင်ပညာရေးမှာလည်း အတန်းဆုံးပါရဂူဘွဲ့ရထားသူဆိုတော့နှစ်ယောက်ကြားမှာဘယ်လိုကွာဟချက်လေးတွေရှိတတ်ကြလဲ။**

ရယ်စရာပြောရရင် ကျွန်တော်က အင်္ဂလိပ်ကို ပိစိလေးလောက်ရတော့တချို့ကျွန်တော့်အလွဲလေးတွေကို သူပြန်ပြောပြတာလေးတွေရှိပါတယ်။ သူနဲ့ပတ်သက်ပြီး ကျွန်တော့်အတွက် ရယ်ရတဲ့ဟာလေးတွေပေါ့။ ပညာရတာပေါ့။ (ရယ်လျက်)

**အချစ်နဲ့အိမ်ထောင်ရေးအပေါ် အစ်ကိုလက်ခံနားလည်ထားတာကိုပြောပြပါဦး။**

အချစ်ကတော့ အနောက်ကနေ ပံ့မှန်လိုက်နေတဲ့အကောင်တစ်ကောင်ရှိတယ်။ အဲဒါပိုက်ဆံ။ ရှာပါရှာပါဆိုပြီးရှေ့ကနေပြေးနေတာပေါ့။ အိမ်ထောင်ရေးကျတော့လည်းပိုက်ဆံအရမ်းလိုအပ်တယ်။ ငွေကြေးချမ်းသာမှုကိုပြောတာမဟုတ်ဘူး။ ပံ့မှန်တစ်နေ့တာနေထိုင်မှုအတွက်လုံလောက်တဲ့ အတိုင်းအတာကိုပြောတာ။ အိမ်ထောင်ရေးမှာတစ်နေ့တာပျော်ရွှင်မှုကပိုလိုအပ်တယ်။ ရည်းစားဘဝမှာနေ့တိုင်းလည်းကျွန်တော်တို့ပျော်ရွှင်နေတယ်။ အိမ်ထောင်ရေးကတော့ ကြုံလာမှပဲသိမယ်။

**ဒီဝါကျွတ်မှာလက်ထပ်ကြမယ့်စုံတွဲတွေထဲမှာ အစ်ကိုတို့ပါမလား။**

ကျွန်တော်တို့လည်း မပြောဘူး မပြောဘူးနဲ့ နှစ်ယောက်လုံးကလည်း ပါးစပ်လုံတဲ့သူဆိုတော့ (ရယ်လျက်) ပရိသတ်နဲ့ ကျွန်တော်တို့ကလည်း အမြဲထိတွေ့နေရတော့ဗျာ။ သူရော ကျွန်တော်ရော အခွေလေးတွေ အရင်လုပ်ချင်တယ်ဗျာ။ သူကလည်း သူ့ရဲ့တတိယခွေလေး ထွက်စေချင်တယ်။ နောက်ပရိသတ်နဲ့ ကျွန်တော်တို့တွေ့ချင်တဲ့နေရာလေးတွေရှိတယ်။ နယ်ဘက်တွေပေါ့။ အဲဒီလုပ်စရာတွေပြီးမှ လက်ထပ်ဖို့စီစဉ်ချင်ပါတယ်။



**အေးသူ**

■Myanmar Woodstock Festival ရှိုးပွဲကို စက်တင်ဘာလ ၅ ရက်၊ ညနေ ၅နာရီတွင် မျှော်စင်ကျွန်း၌ ကျင်းပမည်ဖြစ်ပြီး အဆိုတော်အဲလက်စ်နှင့်အတူ Underground အဖွဲ့များက ပွဲစဉ်ငါးပွဲခွဲ၍ ဖျော်ဖြေမည်ဟုသိရသည်။ လက်မှတ်တစ်စောင်လျှင် ကျပ် ၃,၅၀၀ဖြစ်ပြီး အထူးဧည့်သည်အဖြစ် Metal Guitarist ညီညီထွေး တီးခတ်မည်ဟုသိရသည်။

■Mr. & Ms.ECAP ကိုရီးယားစတားရုပ်တူပြိုင်ပွဲနှင့်ဝတ်စုံပြိုင်ပွဲ (၂၀၁၀)၏ နောက်ဆုံးအဆင့် ဆန်ခါတင် ရွေးချယ်ခံရသူများနှင့် တွေ့ဆုံခြင်းနှင့် သတင်းစာရှင်းလင်းပွဲကို ဩဂုတ်လ ၁၈ ရက်ကရန်ကုန်အင်တာနေရှင်နယ်ဟိုတယ်တွင်ကျင်းပခဲ့ကြောင်း သိရသည်။

■ကိုရီးယားရိုးရာဝတ်စားဆင်ယင်မှုပြပွဲနှင့် ကိုရီးယားမင်္ဂလာဝတ်စုံပြပွဲကို ဩဂုတ်လ ၂၈ရက်တွင် စထရင်းဟိုတယ်၌ ပြုလုပ်မည်ဖြစ်သည်။ဒီဇိုင်နာမိုးကုတ်ပေါက်ပေါက်၏ညနေခင်း ပွဲတက်ဝတ်စုံနှင့် မင်္ဂလာဝတ်စုံများအပါအဝင် ကိုရီးယားကျွမ်းကျင် ဒီဇိုင်နာတစ်ဦး၏ဝတ်စုံများကိုလည်းပြသမည်ဟု သိရသည်။

■ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်) ရိုက်ကူးပြီး ကျော်ရဲအောင်၊ ကျော်ကျော်ဗို၊ ချစ်သုဝေ၊ လှအဥ္စလီတင့်တို့ သရုပ်ဆောင်ထားသော 'အသည်းကွဲဒယ်ဒီ' ဒီဗီဒီအထူးပွဲကို ဩဂုတ်လ ၁၄ရက်က ရွှေမန်းရုပ်ရှင်ရုံတွင် ပြသခဲ့ကြောင်း သိရသည်။ ဇာတ်လမ်းဇာတ်ညွှန်းကိုလည်း ဒါရိုက်တာမောင်မျိုးမင်းပင်ရေးသားထားပြီး ခင်လှိုင်၊ ဝိုင်းချစ်၊ Kညီ၊ ဦးရဲစိန်၊ ဝင်းမြိုင်၊ လှလှမိုးနှင့်အခြားသရုပ်ဆောင်များပါဝင်ထားသည်။

■Talents & Models ဖက်ရှင်ရှိုးပွဲကို ဩဂုတ်လ ၂၂ရက်နေ့ မွန်းလွဲ ၂နာရီက တာမွေမြို့နယ်ရှိ United Living Mall ရှော့ပင်းစင်တာရှိ ပရိမိုးရှင်းဧရိယာတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။


# TOP 10 MOVIES IN AMERICA

ယခုတစ်ပတ်အတွင်း
အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး
ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | The Expendables | Lionsgate | ၃၄,၈၂၅,၁၃၅ | ၁ |
| ၂။ | Eat Pray Love | Sony Pic. | ၂၃,၁၀၄,၅၂၃ | ၁ |
| ၃။ | The Other Guys | Sony Pic. | ၆၉,၉၅၁,၈၂၂ | ၂ |
| ၄။ | Inception | Warner Bros. Pic. | ၂၄၈,၄၆၉,၄၈၂ | ၅ |
| ၅။ | Scott Pilgrim vs. the World | Universal Pic | ၁၀,၆၀၉,၇၉၅ | ၁ |
| ၆။ | Despicable Me | Universal Pic. | ၂၂၂,၁၉၇,၃၉၀ | ၆ |
| ၇။ | Step Up 3D | Walt Disney Studios | ၂၉,၈၄၄,၄၂၂ | ၂ |
| ၈။ | Salt | Sony Pic. | ၁၀၃,၄၃၈,၂၇၃ | ၅ |
| ၉။ | Dinner for Schmucks | Paramount Pic. | ၅၈,၇၈၅,၅၄၇ | ၃ |
| ၁၀။ | Cats & Dogs: The Revenge of Kitty Galore | Warner Bros. Pic. | ၃၅,၂၁၈,၉၃၇ | ၃ |

# Movie Review

## Takers




နာမည်ကြီးလူဆိုးဂိုဏ်းတစ်ဂိုဏ်းသည် ဘဏ်များကို ဓားပြတိုက်ရာတွင် သေသပ်လှသည်။ အချိန်အတိအကျဝင်၊ အချိန်အတိအကျထွက်။ ကွက်တိ။သဲလွန်စမကျန်စေရ။ ရဲတပ်ဖွဲ့ကို မျက်လှည့်ပြသည်။ အခြားအချိန်များတွင်လည်း အေးဆေးငြိမ်သက်နေရာ သူတို့ကိုခြေရာခံရန်မလွယ်။ သို့သော် ၎င်းတို့၏နောက်ဆုံးအကြိမ်အချီကြီး ဘဏ်အပိုင်စီးမှုကြီး မလုပ်ခင်မှာပင် ၎င်းတို့ဂိုဏ်းကို ဖြိုခွင်းရန် မီးကုန်ယမ်းကုန်ကြိုးပမ်းမည့် ဝါရင့်စုံထောက်ကြီးတစ်ဦးနှင့် ထိပ်တိုက်တိုးသောအခါ. . .။

စွန့်စားမှုနှင့်အက်ရှင်ပေါင်းစပ်ရိုက်ကူးထားသော ဇာတ်ကားအား John Luessenhop က ရိုက်ကူးထားသည်။ Matt Dillon၊ Paul Walker၊ Idris Elba၊ Jay Hanadez တို့ပါဝင်သရုပ်ဆောင်ထားသောဇာတ်ကားကို Sony Pictures က ဩဂုတ်လ ၂၇ရက်နေ့တွင် စတင်ဖြန့်ချိမည်ဖြစ်သည်။

Sports
7DAY NEWS JOURNAL
Vol.9, No.23. AUGUST 26, 2010

# ပုဂ္ဂလိကဘောလုံးအသင်းများသို့ ဘောလုံးကွင်းလွှဲပြောင်းရေးအစည်းအဝေး ကျင်းပမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဩဂုတ် - ၂၀**



မြန်မာနေရှင်နယ်လိဂ်အသင်းများထံ ဘောလုံးကွင်းများ တရားဝင်လွှဲပြောင်းပေးနိုင်ရန် အသင်းကွင်းများလွှဲပြောင်းရေးဆိုင်ရာညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လနောက်ဆုံးပတ်အတွင်းတွင် ပြုလုပ်သွားရန်ရှိကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"အသင်းတွေအနေနဲ့ အိမ်ကွင်းပြင်ဆင်မှုအပိုင်းတွေမှာလည်း တွေ့ကြုံရတဲ့အခက်အခဲတွေ၊ လိုအပ်ချက်တွေ၊ အားနည်းချက်တွေကို အသေးစိတ်ညှိနှိုင်းသွားမှာပါ။ သက်ဆိုင်ရာဌာနက တာဝန်ရှိသူတွေ၊ မြန်မာနေရှင်လိဂ်အသင်းက တာဝန်ရှိသူတွေ၊ အဖွဲ့ချုပ်က တာဝန်ရှိသူတွေ အစည်းအဝေးလုပ်သွားမှာပါ"ဟု MFF မှ မီဒီယာ ဒါရိုက်တာဦးစိုးမိုးကျော်က ပြောသည်။

MFF သည် ၂၀၁၁ တွင် မြန်မာလိဂ်၌ အိမ်ကွင်းခြောက်ကွင်း လက်ခံကျင်းပနိုင်ရန်စီစဉ်လျက်ရှိပြီး ယခုနှစ် မြန်မာနေရှင်နယ်လိဂ်ဒုတိယအကျော့ပွဲစဉ်များကို ရန်ကုန်၊ မန္တလေးနှင့်တောင်ကြီးမြို့များတွင်သာမက မုံရွာကွင်းတွင်ပါကျင်းပမည်ဖြစ်သည်။

"အခုအချိန်ထိ ဘယ်အသင်းကိုမှ ကွင်းတရားဝင်လွှဲပြောင်းပေးတာမရှိသေးပါဘူး။ အသင်းအချို့ပြင်ဆင်နေတယ်ဆိုတာလည်း ကြိုတင်ခွင့်ပြုချက်နဲ့ ပြင်ဆင်နေခြင်းဖြစ်ပါတယ်။ ဒီအစည်းအဝေးပြီးတာနဲ့ဘောလုံးကွင်းတွေကို တရားဝင်လွှဲပြောင်းနိုင်မယ်လို့မျှော်လင့်ရပါတယ်"ဟု MFF မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

## ဗီယက်နမ်လူငယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲသို့ မြန်မာယူ-၁၉ အသင်း ယှဉ်ပြိုင်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဩဂုတ် - ၂၀**

ဗီယက်နမ်နိုင်ငံတွင် ကျင်းပပြုလုပ်မည့် အသက် ၂၁ နှစ်အောက်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲသို့ မြန်မာလူငယ်ဘောလုံးအသင်းဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

"လာမယ့်အောက်တိုဘာလအတွင်း ဗီယက်နမ်နိုင်ငံမှာ ပြုလုပ်မယ့် ယူ-၂၁ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို မြန်မာလူငယ်အသင်းဝင်ရောက်ယှဉ်ပြိုင်သွားဖို့ရှိပါတယ်။ ၂၀၁၃ ဆီးဂိမ်းအတွက် ရည်ရွယ်ထားတဲ့ ယူ-၁၉ အသင်းကိုစေလွှတ်ယှဉ်ပြိုင်သွားမှာပါ"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

MFF သည် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၃ ခုနှစ်၊ (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရန်ရည်ရွယ်၍ မြန်မာယူ-၁၉ အသင်းကို ကစားသမား ၆၀ ဦးဖြင့် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ဖွဲ့စည်းလိုက်ကြောင်းသိရသည်။

အဆိုပါ ယူ-၁၉ အသင်းတွင် MNL အရန်အသင်းများနှင့် အားကစားဝန်ကြီးဌာနတို့မှ လူငယ်ကစားသမားများအပြင် လက်ရှိ MNL ပြိုင်ပွဲတွင် ပါဝင်ကစားနေသည့် ကျော်ကိုကို၊ ရန်အောင်ဝင်း၊ ရဲဇော်ထက်အောင်၊ ရဲကိုဦး၊ ဇော်လင်း၊ ကြည်လင်း၊ တင်ဝင်းအောင် စသည့်ကစားသမားများ ပါဝင်ကြောင်းသိရသည်။

၎င်းအသင်းအား နည်းပြချုပ်အဖြစ် ဦးတင်မျိုးအောင်က ကိုင်တွယ်ဆောင်ရွက်သွားမည်ဖြစ်ပြီး အသင်း၏ နည်းစနစ်ဒါရိုက်တာအား ပြည်ပမှခေါ်ယူခန့်အပ်သွားရန်စီစဉ်လျက်ရှိကြောင်း MFF မှ တာဝန်ရှိသူကပြောသည်။

MFF သည် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအတွက် ယင်း ယူ-၁၉ အသင်းအား ကာလရှည်စွာ စခန်းသွင်းပြင်ဆင်လေ့ကျင့်မှုများပြုလုပ်သွားမည်ဖြစ်ပြီး ပြည်တွင်း ပြိုင်ပွဲများမှ ခြေစွမ်းထက်သည့် လူငယ်ကစားသမားများကိုလည်း ထပ်မံရွေးချယ်သွားမည်ဟုသိရသည်။ ထို့အပြင် နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန်စီစဉ်သွားမည်ဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူကဆက်လက်ပြောသည်။



7DAY NEWS JOURNAL
Vol.9, No.23. AUGUST 26, 2010



# ရိုးရာလက်ဝှေ့ပြိုင်ပွဲအားလုံး အနိုင်၊ အရှုံးကို အမှတ်ပေးစနစ်ဖြင့် ဆုံးဖြတ်တော့မည်ဟုဆို

ကျော်သီဟ

**ရန်ကုန်၊ ဩဂုတ် - ၁၈**
မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများ အားလုံးကို မကြာမီ အမှတ်ပေး စနစ်ဖြင့် ကျင်းပတော့မည်ဖြစ် ကြောင်း နာမည်ကျော်လက်ဝှေ့ပွဲ စီစဉ်သူတစ်ဦးကပြောကြားသည်။

"အမှတ်ပေးစနစ်ထိုးသတ်မှုကို ချန်ပီယံပြိုင်ပွဲတွေနဲ့ တိုင်းနှင့် ပြည်နယ်ရွေးခါးပတ်ပွဲတွေမှာပဲ အရင်ကသုံးတာ။ အခုနောက်ပိုင်း အမှတ်ပေးထိုးသတ်မှုနဲ့ ပွဲအားလုံးကိုကြည့်ရှုရတော့မှာဖြစ်တယ်။ အမှတ်ပေးစနစ်ကြောင့် အပေါ်စည်းနဲ့ထိုးသတ်တဲ့ အားကစားသမား မှန်ကန်တဲ့ရလဒ်ရနိုင်တယ်" ဟု မြန်မာ့လက်ဝှေ့ပွဲစီစဉ်သူ တစ်ဦးဖြစ်သူ ဇော်ပစ်တိုင်းထောင်မှ ဦးစိုင်းဇော်ဇော်က ဆိုသည်။

ပရိသတ်များအနေဖြင့်လည်း ယခုနောက်ပိုင်း လက်ဝှေ့ပွဲများတွင် သရေပွဲများနေမှုအပေါ် သံသယရှိလာပြီး အမှတ်ပေးစနစ်ဖြင့် စိန်ခေါ်ပွဲပါမကျန်ထိုးသတ်မည်ဆိုပါက ပရိသတ်အားပေးမှု တိုးလာနိုင်သည်ဟု ယင်းကဆက်လက်ပြောကြားသည်။ ထို့အပြင် အမှတ်ပေးစနစ်၏ အားနည်းချက်တစ်ခုမှာ ပရိသတ်အမြင်နှင့် ဒိုင်အမြင်ကွာခြားနိုင်ပြီး ပရိသတ်မှာ ထိုးသောသူကိုသာမြင်ပြီး ယင်းကို အနိုင်ပေးစေလိုသည်။ ဒိုင်များ၏ အမြင်မှာ နှစ်ဖက်ကစားသမားထိုးသတ်မှုတွင် ထိုး၍ထိသောအချက်ကိုသာ အမှတ်ပေးကြရသည်ဟု ဆိုသည်။ တစ်ခါတစ်ရံ လက်ရည်ညီ၍ အမှတ်ပေးရန်ခက်ခဲသောပွဲစဉ်များရှိတတ်ကြောင်း ရိုးရာလက်ဝှေ့ကျွမ်းကျင်သူတစ်ဦးက သူ၏အမြင်ကိုပြောကြားသည်။

# တရုတ်နိုင်ငံသို့ မြန်မာအလေးမအဖွဲ့ ပူးတွဲလေ့ကျင့်ရန် သွားရောက်မည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဩဂုတ်-၁၈**
အဖွဲ့ဝင်ငါးဦးပါဝင်သော မြန်မာ အလေးမအဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရှန်ဟဲမြို့တွင် နှစ်လကြာမျှ ရှန်ဟဲ အမျိုးသမီးအလေးမအဖွဲ့နှင့် ပူးတွဲလေ့ကျင့်မှုများပြုလုပ်ရန်သွားရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာအလေးမအဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးဌေးဝင်း၊ နည်းစနစ်မှူး ဦးဝင်းနိုင်၊ အားကစားသမားများအဖြစ် (အမျိုးသား) ကျော်မိုးဝင်း၊ ပြည့်ဖြိုး၊ (အမျိုးသမီး) ဟေမာမြင့်ဝင်းတို့ပါဝင်ပြီး ဩဂုတ် ၃၀ ရက်မှ အောက်တိုဘာ ၂၉ ရက်အထိ ရှန်ဟဲအလေးမအဖွဲ့နှင့် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

"ပြည်ပနိုင်ငံကို ဒီလို ပူးတွဲလေ့ကျင့်မှုတွေ သွားလုပ်တာ ဒါပထမဆုံးအကြိမ်ပါ။ တရုတ်အလေးမ အားကစားသမားတွေရဲ့ လေ့ကျင့်မှုပုံသဏ္ဌာန်နဲ့ နည်းစနစ်တွေကို အနီးကပ်လေ့လာသင်ယူနိုင်မှာ ဖြစ်ပါတယ်။ ကစားသမားတွေ အနေနဲ့လည်း စိတ်ဓာတ်ရေးရာ ပိုမိုမြင့်တက်လာနိုင်ပြီး စံချိန်တွေ ပိုကောင်းလာမယ်လို့လည်း မျှော်လင့်ပါတယ်။ ဒီအတွေ့အကြုံ လေ့ကျင့်မှုတွေဟာ လာမယ့်အာရှအားကစားပြိုင်ပွဲအတွက် အလားအလာကောင်းတွေ ရရှိစေဖို့ အထောက်အကူဖြစ်စေမှာပါ" ဟု မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်တွဲဖက်အတွင်းရေးမှူးဦးဌေးဝင်းကပြောသည်။

# အရှေ့တောင်အာရှ အမျိုးသားဖိတ်ခေါ် ဘောလီဘောပြိုင်ပွဲတွင် မျက်နှာသစ်ကစားသမား အများစုဖြင့် မြန်မာယှဉ်ပြိုင်မည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဩဂုတ်-၁၈**
(၁၆)ကြိမ်မြောက် အရှေ့တောင်အာရှ အမျိုးသား(လူငယ်) ဖိတ်ခေါ်ဘောလီဘောပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာလူငယ်ဘောလီဘောအသင်းတွင် နိုင်ငံတကာ အတွေ့အကြုံမရှိသေးသည့် လူငယ်အများစုပါဝင်ကြောင်း မြန်မာအသင်း၏လက်ထောက်နည်းပြဦးတင့်ဝေကပြောသည်။



အဆိုပါ ပြိုင်ပွဲကို လာမည့် စက်တင်ဘာလ ၂၄ ရက်မှ ၂၈ ရက်အထိ ထိုင်းနိုင်ငံ Nakhon-pathom City တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး၊ အရှေ့တောင်အာရှနိုင်ငံများမှ လူငယ်အမျိုးသားဘောလီဘော အသင်းများဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

"ဒီပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဖို့ ရွေးချယ်ထားတဲ့ မြန်မာလူငယ်အသင်းမှာ နိုင်ငံတကာပွဲကစားဖူးတဲ့ ကစားသမားသုံးယောက်ပဲ ပါပါတယ်။ ကျန်ကစားသမားတွေက အတွေ့အကြုံလုံးဝမရှိသေးတဲ့ လူငယ်တွေပါ။ အသက်ကလည်း ၁၇၊ ၁၈၊ ၁၉ အရွယ်တွေပါပဲ။ ပြိုင်ပွဲအတွက် အသက်ကန့်သတ်ချက်ကတော့ အသက် ၂၀ နှစ်အောက်ဖြစ်ပါတယ်"ဟု ဦးတင့်ဝေက ပြောသည်။

ပဏာမ မြန်မာလူငယ်ဘောလီဘောအသင်းအား ကစားသမား ၁၈ ဦးဖြင့် ပြီးခဲ့သည့် ခြောက်လခန့်မှစတင်၍ စခန်းသွင်းလေ့ကျင့်လျက်ရှိပြီး၊ နည်းပြချုပ်ဦးစောဟင်နရီ၊ လက်ထောက်နည်းပြဦးတင့်ဝေ၊ လေ့ကျင့်ရေးမှူးဦးမောင်ဇော်တို့က တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ရွေးချယ်ထားသည့် ကစားသမားများတွင် အား/ကာသိပ္ပံ(ရန်ကုန်)နှင့် (မန္တလေး)မှ လေးဦးစီနှင့် ဝန်ကြီးဌာနအသင်းများမှ ဆယ်ဦးပါဝင်ကြောင်းသိရသည်။

နှစ်နှစ်တစ်ကြိမ် ကျင်းပပြုလုပ်သော အဆိုပါပြိုင်ပွဲတွင် မြန်မာလူငယ်ဘောလီဘောအသင်းသည် ၁၉၉၂၊ ၁၉၉၄၊ ၁၉၉၆ ခုနှစ်များတွင် သုံးနှစ်ဆက်တိုက် ပထမ ရွှေတံဆိပ်ဆုရရှိခဲ့ပြီး ၂၀၀၂၊ ၂၀၀၄ ပြိုင်ပွဲများတွင် ဒုတိယနှစ်ကြိမ်၊ ၂၀၀၆-၂၀၀၈ ပြိုင်ပွဲများတွင် တတိယနှစ်ကြိမ် ရရှိခဲ့ဖူးကြောင်း သိရသည်။

# အာဆင်နယ်၊ ချယ်လ်ဆီး၊ စပါး၊ မန်ယူတို့ အောင်ပွဲခံသွားနိုင်တဲ့ ပရီးမီးယားလိဂ်ပွဲစဉ်(၃) ပွဲကြိုခန့်မှန်းချက်

ကိုထိုက်



ယခုတစ်ပတ်ရဲ့ ပရီးမီးယားလိဂ်ပွဲစဉ်(၃)မှာတော့ ထိပ်သီးအသင်းကြီးတွေရဲ့ ထိပ်တိုက်တွေ့ဆုံမှုတွေမပါဝင်ပေမယ့် အသင်းကြီးတွေအတွက် အမှားမခံတဲ့ပွဲစဉ်တွေပါဝင်နေဆဲပါ။ အာဆင်နယ်ဟာ ဘလက်ဘန်းကို အဝေးကွင်းမှာ ရင်ဆိုင်ရမှာဖြစ်သလို မန်စီးတီးကလည်း ဆန်းဒါးလန်းနဲ့အဝေးကွင်းပွဲတွေ ကစားရမှာဖြစ်ပါတယ်။ ဒီတစ်ပတ်ရဲ့အကြိတ်အနယ်အရှိဆုံးပွဲစဉ်ကတော့ ဗီလာ-အဲဗာတန်ပွဲဖြစ်နိုင်ပြီး၊ မန်ယူနဲ့ချယ်လ်ဆီးတို့ကတော့ အိမ်ကွင်းမှာ နိုင်ပွဲတွေ ဆက်လက်ရနိုင်ဖွယ်ရှိနေပါတယ်။

၂၈-၈-၂၀၁၀၊ စနေနေ့
ညနေ ၆ း ၁၅ နာရီ
**ဘလက်ဘန်း-အာဆင်နယ်**
*ယမန်နှစ်ရလဒ် ၂ - ၁*
အာဆင်နယ်ဟာ ယမန်နှစ်ရာသီက အိမ်ကွင်းမှာ ဘလက်ဘန်းကို ၆-၂ ဂိုးနဲ့အပြတ်နိုင်ခဲ့ပေမယ့် ဘလက်ဘန်းအိမ်ကွင်းမှာ ၂-၁ ဂိုးနဲ့ပြန်ရှုံးခဲ့ရပါတယ်။ လက်ရှိအာဆင်နယ်မှာ ဘန့်တနာ၊ ရမ်ဆေးတို့မပါဝင်နိုင်သေးပေမယ့် အစဉ်အလာအရ အာရှာဗင်၊ ဗန်ပါစီ၊ ဖာဘရီဂတ်စ်တို့ပါဝင်တဲ့ အာဆင်နယ်ရှေ့တန်းကပဲ ပွဲကိုစိုးမိုးသွားမှာပါ။ အာဆင်နယ်တို့ နှစ်ဂိုးအသာလောက်ရနိုင်ပါတယ်။

ည ၈ း ၃၀ နာရီ
**ဘလက်ပူး-ဖူလ်ဟမ်**
*ယမန်နှစ်ရလဒ် - မရှိ*
ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံဖူးတာ ၉၉ ခုနှစ် ပထမတန်းပြိုင်ပွဲမှာဖြစ်ပြီး ထိုစဉ်က ဖူလ်ဟမ်က ၄-၀ ဂိုးနဲ့ အနိုင်ရခဲ့ပါတယ်။ ဒါပေမဲ့ တန်းတက်ဘလက်ဘူးဟာ ပထမပွဲစဉ်မှာ ဝီဂန်ကို ၄-၀ ဂိုးနဲ့ အဝေးကွင်းအောင်ပွဲရထားတာမို့ လျှော့တွက်လို့မရပါဘူး။ လျင်မြန်တဲ့ကစားပုံနဲ့ ဘလက်ပူးတို့ပဲ အိမ်ကွင်းနိုင်ပွဲရသွားနိုင်ပါတယ်။ ဘလက်ပူးတို့ အနည်းဆုံး တစ်ဂိုးအသာနဲ့ကပ်နိုင်မယ့်ပွဲပါ။

ည ၈ း ၃၀ နာရီ
**ချယ်လ်ဆီး-စတုတ်စီးတီး**
*ယမန်နှစ်ရလဒ် ၇ - ၀*
ချယ်လ်ဆီးဟာ ဘောလက်၊ ဂျိုကိုးလ်တို့ကို ဆုံးရှုံးခဲ့ပေမယ့် လမ်းပတ်ဦးဆောင်တဲ့အလယ်တန်း၊ ဒရော့ဂ်ဘာဦးဆောင်တဲ့ရှေ့တန်းတိုက်စစ်တွေနဲ့ ပေါင်းစပ်ကာ ဝက်စ်ဘရွန်းကို လိဂ်အဖွင့်ပွဲမှာ ၆-၀ ဂိုးနဲ့အနိုင်ရခဲ့ပါတယ်။ ဒါ့အပြင် စတုတ်ဟာ ချယ်လ်ဆီးနဲ့တွေ့ခဲ့တဲ့ နောက်ဆုံးငါးကြိမ်စလုံး ရှုံးနိမ့်ထားတာမို့ စတန်းဖို့ဒ်ဘရစ်ချ်ကွင်းမှာ အနိုင်ရဖို့မလွယ်ဘူး။ ချယ်လ်ဆီးတို့ ဂိုးမြိုးနိုင်တဲ့ပွဲဖြစ်ပါတယ်။

ည ၈ း ၃၀ နာရီ
**စပါး-ဝီဂန်**
*ယမန်နှစ်ရလဒ် ၉ - ၁*
စပါးဟာ ယမန်နှစ်က ဝီဂန်ကို အိမ်ကွင်းမှာ ၉-၁ ဂိုးနဲ့ အပြတ်ဖြိုခဲ့ပြီး ဂိုးသွင်းအများဆုံးပွဲတစ်ပွဲဖြစ်ခဲ့ပါတယ်။ လက်ရှိစပါးမှာ ကိန်း၊ မိုဒရစ်၊ ပတ်ဗလျူချင်ကိုတို့ မပါဝင်နိုင်သေးပေမယ့် အဖွင့်ပွဲမှာ မန်စီးတီးကို သရေကစားထားနိုင်တာ မမေ့သင့်ပါဘူး။ ဒီဖိုး၊ ခရော့ချ်တို့ရဲ့ စပါးတိုက်စစ်ကို ဝီဂန်တို့ တောင့်ခံဖို့မလွယ်တာမို့ အိမ်ရှင်စပါးတို့ နှစ်ဂိုးလောက် ရနိုင်ခြေရှိနေတယ်။

ည ၈ း ၃၀ နာရီ
**ဝုလ်-နယူးကာဆယ်**
*ယမန်နှစ်ရလဒ် - မရှိ*
ဒီနှစ်သင်း နောက်ဆုံးတွေ့ထားတာ ၂၀၀၄ ပရီးမီးယားလိဂ်ကဖြစ်ပြီး ထိုစဉ်က ၁-၁ ဂိုးနဲ့သရေကျခဲ့တယ်။ နယူးကာဆယ်တို့ အဖွင့်ပွဲမှာ မန်ယူကိုရှုံးခဲ့လို့ ဒီပွဲမှာ အနည်းဆုံးတစ်မှတ်ရအောင် ကြိုးစားသွားမှာပါ။ အပြန်အလှန် ဂိုးသွင်းရင်း ဧည့်သည်နယူးကာဆယ်တို့ ကပ်နိုင်ခြေရှိတယ်။ သရေပွဲဆီကိုလည်း ဦးတည်သွားနိုင်ပါတယ်။

ည ၈ း ၃၀ နာရီ
**မန်ယူ-ဝက်စ်ဟမ်း**
*ယမန်နှစ်ရလဒ် ၃ - ၀*
မန်ယူဟာ ယမန်နှစ်က လိဂ်နှစ်ကျော့စလုံး ဝက်စ်ဟမ်းကို ဂိုးပြတ်နိုင်ထားခဲ့ပါတယ်။ ကွန်မြူနတီဒိုင်းပွဲကစလို့ ပရီးမီးယားလိဂ်သွင်းဂိုးများနေတဲ့ မန်ယူတိုက်စစ်ဟာ ဒီပွဲမှာလည်း အနည်းဆုံးနှစ်ဂိုးလောက် ရသွားနိုင်ပါတယ်။ အဝေးကွင်းခြေစွမ်း အားနည်းနေတဲ့ဝက်စ်ဟမ်းတို့ အများဆုံးရရင် သရေပွဲပါပဲ။

၂၉-၈-၂၀၁၀၊ တနင်္ဂနွေ
ည ၇ း ၀၀ နာရီ
**ဘော်လ်တန်-ဘာမင်ဂမ်**
*ယမန်နှစ်ရလဒ် ၂ - ၁*
ဘော်လ်တန်တို့ဟာ နောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်စလုံး ဘာမင်ဂမ်ကိုနိုင်ထားပါတယ်။ အဖွင့်ပွဲစဉ်မှာ နှစ်သင်းစလုံး သရေပွဲတွေကြုံတွေ့ခဲ့ရတာမို့ ဒီပွဲစဉ်(၃)မှာတော့ ရလဒ်ပြတ်သားအောင် ကစားကြမှာပါ။ အိမ်ရှင်ဘော်လ်တန်တို့ အက်မန်ဒါ၊ ပီးထရော့ဗ်တို့ရဲ့တိုက်စစ်အားနဲ့ ဘာမင်ဂမ်ကို ကပ်နိုင်သွားဖွယ်ရှိပါတယ်။

ည ၈ း ၃၀ နာရီ
**လီဗာပူး-ဝက်စ်ဘရွန်း**
*ယမန်နှစ်ရလဒ် - မရှိ*
လီဗာပူးဟာ ယမန်နှစ်ကထက် အောင်မြင်မှုရဖို့လိုနေပြီး ပရီးမီးယားလိဂ်ကို တာထွက်ကောင်းအောင် နည်းပြရွိုင်းဟော့ဂ်ဆန်ကလည်း ကြိုးစားနေပါတယ်။ လီဗာပူးရဲ့ ဒ့်ကော့၊ တောရက်စ်၊ ဂျရတ်တို့ဟာ ပထမပွဲထွက်စာရင်းမှာ ပါလာဦးမှာဖြစ်တော့ ဝက်စ်ဘရွန်းကို အိမ်ကွင်းမှာ ဖိကစားသွားမှာပါ။ ဝက်စ်ဘရွန်းတို့ အများဆုံး တစ်ဂိုးလောက်သာရနိုင်ပြီး လီဗာပူးဘက်က နှစ်ဂိုး သို့မဟုတ် သုံးဂိုးအသာလောက် ရနိုင်ခြေရှိပါတယ်။

ည ၈ း ၃၀ နာရီ
**ဆန်းဒါးလန်း-မန်စီးတီး**
*ယမန်နှစ်ရလဒ် ၁ - ၁*
ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှုငါးကြိမ်မှာ မန်စီးတီးက လေးကြိမ်နိုင်ထားတယ်။ နောက်ဆုံးတွေ့ဆုံမှုကတော့ သရေပွဲဖြစ်ခဲ့တယ်။ မန်စီးတီးမှာ ရိုက်ဖီးလစ်၊ တီဗက်ဇ်တို့ဦးဆောင်ပွဲထွက်လာနိုင်ပြီး အနိုင်သုံးမှတ်ရဖို့ ကြိုးစားမှာပါ။ ဆန်းဒါးလန်း ခံစစ်ကစားဖွယ်ရှိပြီး၊ အနည်းဆုံး သရေရအောင်ကစားဖွယ်ရှိတာမို့ ဂိုးနည်းတဲ့ပွဲဖြစ်လာနိုင်တယ်။ အကြိုက်ကိုရွေးရရင်တော့ ဧည့်သည်မန်စီးတီးပါ။

ည ၉ း ၃၀ နာရီ
**ဗီလာ-အဲဗာတန်**
*ယမန်နှစ်ရလဒ် ၂ - ၂*
ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်မှာ သရေပွဲချည်းဖြစ်ခဲ့တာ ထူးခြားချက်ပါ။ ပရီးမီးယားလိဂ်ရဲ့ ခြေအညီဆုံးနှစ်သင်းတွေ့တဲ့ပွဲမို့ အကြိတ်အနယ်ဖြစ်လာနိုင်တယ်။ ကာတန်ကိုးလ်၊ မီလ်နာ၊ ဒေါင်းနင်းတို့ရဲ့ဗီလာတိုက်စစ်ဟာ စုစည်းမှုကောင်းနေပြီး အဲဗာတန်ကို အိမ်ကွင်းနိုင်ပွဲရနိုင်ခြေ ပိုများနေပါတယ်။ ဘယ်သူနိုင်နိုင် ဂိုးမပြတ်တဲ့ပွဲတစ်ပွဲဖြစ်လာမှာဖြစ်ပြီး အကြိုက်ကိုရွေးရရင်တော့ အိမ်ရှင်ဗီလာတို့ ပါးပါးလေးနိုင်ခြေရှိတယ်။

ဂေါက်ကွင်း၊ ပန်းခြံ၊ ဟိုတယ်၊ ဆေးရုံ၊ တက္ကသိုလ်ကျောင်း၊ လေယာဉ်ကွင်း၊ တိရစ္ဆာန်ရုံ၊ စက်ရုံနှင့်လုပ်ငန်းအမျိုးမျိုးတို့အတွက်
ကုန်ကျစရိတ်သက်သာပြီး ခေတ်မီသော ဝင်းခြံတွင်းသုံး လျှပ်စစ်ယာဉ်ငယ် (Low Speed Vehicle) များ ရရှိနိုင်ပါပြီ။




ရူပါသိဒ္ဓိကုမ္ပဏီလီမိတက်ထုတ် လျှပ်စစ်ယာဉ်ငယ်များ၏ ဝယ်ယူအသုံးပြုလျက်ရှိသော မန္တလေးရန်နောင်ဂေါက်ကွင်း၊ ဖုံမွှားဂေါက်ကလပ်၊ မြန်မာ့ဦးရေသာ၊ သင်္ဃဟိုတယ် (နေပြည်တော်)၊ ပန်းလှိုင်ဂေါက်ကွင်း၊ ပန်းလှိုင်အဆင့်မြင့်အိမ်ယာ၊ Royal Kaytumadi Hotel၊ National Land Mark (နေပြည်တော်)၊ ဆင်မင်းဘီဝယ်မြောက်ရဲ့ တိုင်းရင်းသားကျေးရွာ (နေပြည်တော်)၊ ILBC ကျောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာကျောင်း၊ မဟာစည်သာသနာ့ရိပ်သာ၊ Win Hotel & Restaurant၊ Original Group Co., Ltd.၊ Golden Flower Co., Ltd.၊ Mount Pleasant Hotel & A1 Construction၊ K Construction Co., Ltd. တို့အား အထူးကျေးဇူးတင်ရှိပါသည်။







**YUPAR THEIKDI**
INDUSTRIES CO., LTD. မှ ထုတ်လုပ်သည်။

No.480-481, Kyain Ton Street, Industrial (1),
South Dagon Township, Yangon.
Tel : 09 862 8166, 01-595055, 595056

## လူမပါသော ပထမဆုံး အာကာသယာဉ် တရုတ်တည်ဆောက်ပြီးစီး

**ဘေဂျင်း၊ ဩဂုတ် - ၁၇**

တရုတ်နိုင်ငံသည် ၎င်း၏ ပထမဆုံးသော လူလိုက်ပါခြင်းမရှိသည့် အာကာသယာဉ် ကျန်ကောင်-၁ ကိုတည်ဆောက်မှုအား အပြီးသတ်နိုင်ခဲ့ပြီး ယာဉ်၏ လျှပ်စစ်ပိုင်း၊ စက်ပိုင်းနှင့် အပူဒဏ်ခံနိုင်မှုတို့ကို စတင်စစ်ဆေးစမ်းသပ်နေပြီဖြစ်ကြောင်းသိရသည်။

တရုတ် စစ်ဘက်ဆိုင်ရာသတင်းရင်းမြစ်တစ်ခုက တန်ချိန် ၈ ဒသမ ၅ တန်ရှိ ယင်းယာဉ်ကို ကမ္ဘာပတ်လမ်းအတွင်းသို့ လာမည့် ၂၀၁၁ တွင်စေလွှတ်သွားမည်ဟု ဆိုသည်။ ထို့ပြင် ၎င်းက တရုတ်သည်ယခုအခါ ရှန်ကျိုး-၈ အာကာသယာဉ်ကိုလည်း တည်ဆောက်နေပြီး၊ ကျန်ကောင်-၁ ယာဉ်ကို လွှတ်တင်ရာတွင် သယ်ဆောင်သွားမည့် Long March II-F ဒုံးပျံကိုလည်း စမ်းသပ်နေကြောင်းပြောသည်။ အစောပိုင်းသတင်းများအရလည်း တရုတ်နိုင်ငံသည် ရှန်ကျိုး-၉ နှင့် ရှန်ကျိုး-၁၀ အာကာသယာဉ်များကို ၂၀၁၂ တွင် စေလွှတ်သွားမည်ဖြစ်ပြီး အာကာသအတွင်း၌ ကျန်ကောင်-၁ ယာဉ်နှင့် ချိတ်ဆက်လည်ပတ်သွားမည်ဟုသိရသည်။

*—Ref: Xinhua*

## အီရန် နျူကလီးယားဓာတ်အားပေးစက်ရုံ စတင်လည်ပတ်တော့မည်



**တီဟီရန်၊ ဩဂုတ် - ၁၉**

အီရန်၏ အဏုမြူအစီအစဉ်သည် လျှို့ဝှက်စစ်ဘက်ရည်ရွယ်ချက်များရှိနိုင်ကြောင်း အနောက်နိုင်ငံများက သင်္ကာမကင်းရှိနေစဉ်မှာပင်အီရန်သည် ၎င်း၏နျူကလီးယားဓာတ်အားပေးစက်ရုံကို ဩဂုတ်လ ၂၁ ရက်တွင် စတင်လည်ပတ်တော့မည်ဖြစ်သည်။

ဘူရှား ဓာတ်အားပေးစက်ရုံ၏ အင်ဂျင်ရှိရာ အဆောက်အအုံသို့ ရုရှားနိုင်ငံမှ ထောက်ပံ့ထားသော လောင်စာများကို ဩဂုတ်လ ၂၁ ရက်တွင် စတင်ပေးပို့သွားမည်ဖြစ်ကြောင်း အီရန်နိုင်ငံ၏ နျူကလီးယားအကြီးအကဲ အလီအက်ဘာဆာလီဟီက ပြောကြားသည်။

စက်ရုံသို့ လောင်စာပေးပို့မှုမှာစက်တင်ဘာ ၅ ရက်တွင် ပြီးဆုံးမည်ဖြစ်ကြောင်း နောက်နှစ်ပတ်အကြာတွင် ၎င်းနျူကလီးယားဓာတ်ပေါင်းဖိုမှ လျှပ်စစ်ဓာတ်အားထုတ်ပေးမှု ၅၀ ရာခိုင်နှုန်းအထိရှိနေမည်ဖြစ်ကြောင်း ဆာလီဟီက ပြောကြားသည်။

"စက်ရုံကို စွမ်းအားပြည့်လည်ပတ်ဖို့ရာ အချိန်ခြောက်လကနေ ခုနစ်လအထိ ကြာမြင့်နိုင်ပါတယ်" ဟုမစ္စတာဆာလီဟီက ဆက်လက်ပြောကြားသည်။ ဆယ်စုနှစ်များစွာ ကြာမြင့်ခဲ့ပြီး ပိတ်ဆို့တားဆီးမှုများ ရှိနေသော်လည်း အီရန်က စက်ရုံကိုလည်ပတ်နိုင်ခဲ့ခြင်းဖြစ်သည်။

အီရန်၏ ယူရေနီယမ်သန့်စင်ရေး အစီအစဉ်များမှာ နျူကလီးယားလက်နက်များ ပြုလုပ်ရန်ဟုအနောက်နိုင်ငံများက ယုံကြည်နေသဖြင့် အီရန်သည် ပိတ်ဆို့တားဆီးမှုများနှင့် ရင်ဆိုင်နေရသည်။ သို့သော် ယင်းကို အီရန်က ငြင်းဆိုထားသည်။ ၎င်းစက်ရုံဖွင့်လှစ်မှုကို ရုရှားနိုင်ငံခြားရေးဝန်ကြီးဆာဂျီလက်ဗ်ရော့က ကာကွယ်ပြောဆိုပြီး ယခုအစီအစဉ်မှာ အီရန်အနေဖြင့် နျူစွမ်းအင်အားငြိမ်းချမ်းစွာ အသုံးချရေး အတွက်သာအခိုင်အမာရပ်တည်နေရန် သေချာစေမည်ဟုပြောကြားသည်။

*—Ref: AFP*

## အိန္ဒိယမြောက်ပိုင်းတွင် မိုးကြီး၍ ကျောင်းပြိုရာမှ ကျောင်းသားကလေးငယ် ၂၇ ဦးသေဆုံး

**ဒီရာဒန်၊ ဩဂုတ် - ၁၈**

အိန္ဒိယနိုင်ငံမြောက်ပိုင်းပြည်နယ် ဥတ္တရာခန်းရှိ စာသင်ကျောင်းတစ်ကျောင်းသည်မိုးများစွာရွာသွန်းမှုကြောင့် ကျောင်းပြိုကျခဲ့ရာ ကျောင်းသားကလေးငယ် အနည်းဆုံး ၁၇ ဦးခန့် သေဆုံးခဲ့ရကြောင်း ဒေသခံကယ်ဆယ်ရေးအဖွဲ့တာဝန်ရှိသူတစ်ဦးက အေအက်ဖ်ပီသတင်းသို့ အတည်ပြုပြောကြားလိုက်သည်။

တာဝန်ရှိသူတစ်ဦးဖြစ်သည့် ပီယုရှ်ရော်တီလာကလည်း "လက်ရှိအချိန်ထိတော့ ကျောင်းပြိုကျမှုကြောင့် သေဆုံးရတဲ့ကလေးငယ် ၁၇ ဦးရဲ့အလောင်းကို ရှာဖွေတွေ့ရှိပြီးပါပြီ။ ကျောင်းထဲမှာရှိတဲ့အခြားသူတွေ၊ ဆရာဆရာမတွေကိုလည်းထပ်ရှာနေပါတယ်" ဟု ပြောသည်။ ဥတ္တရာခန်းပြည်နယ် ဆမ်ဂတ်မြို့မှ တစ်ထပ်အဆောက်အအုံအရွယ်ရှိအဆိုပါ စာသင်ကျောင်းသည် ဗုဒ္ဓဟူးနေ့က မုတ်သုံမိုးပြင်းထန်စွာရွာသွန်းမှုကြောင့် အဆောက်အအုံတစ်ခုလုံးပြိုလဲခဲ့ရခြင်းဖြစ်သည်။

အခြားသတင်းတစ်ရပ်အရလည်း စာသင်ကျောင်း ပြိုလဲချိန်တွင်ကျောင်းသား ၃၅ ဦးနှင့် ဆရာ၊ ဆရာမဝန်ထမ်းခြောက်ဦးမှာ ကျောင်းအတွင်းရှိနေကြောင်းသိရသည်။ တိဗက်နယ်စပ်တွင်ရှိသော ဥတ္တရာခန်းပြည်နယ်၌ မိုးများရွာသွန်းမှုကြောင့် အခြားလူနေအိမ်ပြိုကျပျက်စီးမှုများလည်းဖြစ်ပေါ်ခဲ့ရကြောင်းသတင်းတွင်ဖော်ပြသည်။*—Ref: CNA*



7DAY NEWS JOURNAL
Vol.9, No.23. AUGUST 26, 2010




## ၇၇ နှစ်အရွယ် အဘိုးအိုတစ်ဦး တစ်နေ့တည်း ရိုလာကိုစတာ အကြိမ် ၉၀ စီး

**ဝက်စ်မစ်ဖလင်း၊ ဩဂုတ် - ၁၆**
အမေရိကန်နိုင်ငံ ပင်ဆယ်လ်မေးနီးယားပြည်နယ်မှ အသက် ၇၈ နှစ်အရွယ် အဘိုးအိုတစ်ဦးသည် ၉၀ သက်တမ်းပြည့်သွားသည့် ရိုလာကိုစတာတစ်ခုကို ဂုဏ်ပြုသည့်အနေဖြင့်တစ်ရက်တည်းတွင်ယင်းရိုလာကိုစတာကို အကြိမ် ၉၀ စီးနင်းခဲ့ကြောင်းသိရသည်။

သတင်းအရ ၎င်းသည် ယခုစီးနင်းခဲ့သည့် အကြိမ် ၉၀ အပါအဝင် အကြိမ်ပေါင်း ၄,၀၀၀ တိတိကိုဂျက်ရတ်ဘစ်ဟုခေါ်သောယင်းရထားများအား စီးနင်းခဲ့ပြီးဖြစ်ကြောင်းသိရသည်။ နော့စ်ဗီးမြို့မှဗစ်ကလဲမန်းဟုခေါ်သည့် အဆိုပါအဘိုးအိုသည် မစ်ဖလင်းမြို့ရှိကင်နီဝုဒ်ပန်းခြံကစားကွင်းထဲမှ "ဂျတ်ရတ်ဘစ်" ရိုလာကိုစတာ ကို ၁၉၅၉ ကပင် စတင်စီးနင်းခဲ့ကြောင်းသိရသည်။ ၎င်းက တစ်နေ့တည်းအကြိမ် ၉၀ ထိ ရိုလာကိုစတာစီးရခြင်းနှင့် ပတ်သက်၍ "ဒါဟာပျော်စရာပါ။ ကျွန်တော် ဘယ်စံချိန်မှ ချိုးဖို့ကြိုးစားတာ မဟုတ်ပါဘူး။ အပျော်သက်သက် လုပ်တာပါ" ဟုဆိုသည်။

—Ref: UPI







7DAY NEWS JOURNAL
Vol.9, No.23. AUGUST 26, 2010



## အမေရိကန်နိုင်ငံသည် ဒုတိယနေရာအရောက်ခံမည်မဟုတ်ကြောင်း အိုဘားမား ပြောကြား

**မီးလ်ဝေါ့ကီး၊ ဩဂုတ် - ၁၈**

တရုတ်၊ အိန္ဒိယ၊ ဂျာမနီ၊ တောင်ကိုရီးယားနိုင်ငံတို့က အနာဂတ်အလုပ်အကိုင်များအတွက် ယှဉ်ပြိုင်နေကြချိန်တွင် အမေရိကန်နိုင်ငံသည်လည်း ဒုတိယနေရာသို့အရောက်ခံမည် မဟုတ်ကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ပြောကြားလိုက်သည်။

"တခြားနိုင်ငံတွေလည်းရှိပါတယ်။ သူတို့ကလည်း ယှဉ်ပြိုင်နေကြပါတယ်။ သူတို့ဟာ အနာဂတ်ကာလအလုပ်အကိုင်တွေအတွက်တိုက်ပွဲဝင်နေကြပါတယ်။ အိန္ဒိယ၊ တရုတ်၊ ဂျာမနီ၊ တောင်ကိုရီးယားတို့ပါ။ ဒါပေမဲ့ အမေရိကန်ကလည်း ဒုတိယနေရာအတွက် ကြိုးစားနေတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ဟာ ပထမနေရာအတွက် ကြိုးစားနေတာပါ" ဟုမီးလ်ဝေါ့ကီးမြို့ မဲဆွယ်ပွဲတစ်ခုတွင်အိုဘားမားက ပြောကြားသည်။



အမေရိကန်နိုင်ငံ၏ စီးပွားရေးကို ပြန်လည်တည်ဆောက်မည်ဖြစ်ကြောင်း ယခင်အခြေအနေထက် ပိုကောင်းအောင်၊ ပို၍ခိုင်မာအောင် စီးပွားရေးကို ပြန်လည်တည်ဆောက်မည်ဖြစ်ကြောင်း အိုဘားမားက ပြောကြားပြီး "ဒီမဟာဗျူဟာအတွက် အရေးကြီးဆုံးစကားသုံးလုံးကတော့ မိတ်အင်အမေရိကပဲဖြစ်ပါတယ်။ ကုန်ပစ္စည်းတွေကို ဒီနိုင်ငံ အမေရိကန်မှာ ထုတ်လုပ်ပြီး အဲဒီကုန်ပစ္စည်းတွေကို တစ်ကမ္ဘာလုံးမှာရောင်းချပါမယ်" ဟုအိုဘားမားကကြွေးကြော်သည်။

ထို့အတွက် နိုင်ငံခြားတွင် အလုပ်အကိုင်ဖန်တီးပေးသောကုမ္ပဏီများထက် အမေရိကန်နိုင်ငံမှာပင် အလုပ်အကိုင်များဖန်တီးပေးမည့် စီးပွားရေးလုပ်ငန်းငယ်ကလေးများအတွက် အခွန်လျှော့ပေါ့ပေးမည် ဖြစ်ကြောင်း အိုဘားမားကပြောသည်။

၂၁ ရာစု အခြေခံအဆောက်အအုံများအတွက် အမေရိကန်သည် လမ်းနှင့်တံတားများသာမက မြန်နှုန်းမြင့်အင်တာနက်ချိတ်ဆက်မှု၊ မြန်နှုန်းမြင့်ရထားလမ်းများစသည့် ပုဂ္ဂလိကကဏ္ဍတွင် အလုပ်အကိုင်များ ဖန်တီးပေးမည့် စီမံကိန်းများလိုအပ်ကြောင်း အိုဘားမားက ဆက်လက်ပြောကြားသည်။—*Ref: PTI*

## အငြင်းပွားနေသောဒေသတွင် မြောက်ကိုရီးယားမောင်းသူမဲ့ လေယာဉ်တစ်စီး ပျံသန်းခဲ့

**ဆိုးလ်၊ ဩဂုတ် - ၁၇**

တောင်ကိုရီးယားနိုင်ငံနှင့် အငြင်းပွားနေသော ပင်လယ်နယ်နိမိတ်တွင် ယခင်ရက်သတ္တပတ်အတွင်း ပစ်ခတ်မှုများရှိပြီးနောက် မြောက်ကိုရီးယားက ယင်းဒေသတွင် မောင်းသူမဲ့လေယာဉ်တစ်စီးပျံသန်းခဲ့ကြောင်း တောင်ကိုရီးယားအရာရှိတစ်ဦးက ပြောကြားသည်။

ထို့အပြင် မြောက်ကိုရီးယားက ၎င်း၏အဓိကတိုက်ခိုက်ရေးတင့်ကားကို တီဗီတွင်ပြသခဲ့ကြောင်း၊ ယင်းကို တောင်ကိုရီးယားအာဏာပိုင်များက ကြပ်ကြပ်မတ်မတ်စိစစ်လေ့လာနေကြောင်း ယွန်ဟပ်သတင်းအေဂျင်စီကဖော်ပြသည်။

"ယခင်ရက်သတ္တပတ်အတွင်း ပင်လယ်ဝါရေပြင်ကို အမြောက်နဲ့ပစ်ခတ်ပြီးတဲ့နောက်မှာ မြောက်ကိုရီးယားက မောင်းသူမဲ့လေယာဉ်တစ်စီးပျံသန်းခဲ့ပါတယ်။ ထောက်လှမ်းရေးအတွက် ပျံသန်းတာဖြစ်နိုင်ပါတယ်"ဟု ပူးတွဲစစ်ဦးစီးချုပ်၏ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့ကြောင်း စစ်ဘက်အရာရှိကပြောသည်။

ပင်လယ်ဝါဒေသတွင် တောင်ကိုရီးယားနိုင်ငံက ငါးရက်ကြာရေတပ်စစ်ရေး လေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး မကြာမီမှာပင် မြောက်ကိုရီးယားက ၎င်း၏ကမ်းရိုးတန်းပစ်စင်များမှနေ၍ ပင်လယ်ထဲသို့ အကြိမ်ရေတစ်ရာကျော်အမြောက်နှင့်ပစ်ခတ်ခဲ့သည်။

တောင်ပံနှစ်ဖက် ၂၃ ပေကျယ်သော မောင်းသူမဲ့လေယာဉ်သည်မြောက်ကိုရီးယားရေပိုင်နက်ပေါ်တွင် ဝဲပျံနေခဲ့ကြောင်း၊ အမြင့်ပေခပ်နိမ့်နိမ့်ပျံသန်းခဲ့ပြီး ထောက်လှမ်းရန် သို့မဟုတ် တည်ကြက်သဘော ပျံသန်းခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားအရာရှိက ဆက်လက်ပြောကြားသည်။ —*Ref: Wikipedia*



7 DAY NEWS JOURNAL

# International

Vol.9, No.23. AUGUST 26, 2010

## အီရန်၏ ပထမဦးဆုံး မောင်းသူမဲ့ဗုံးကြဲလေယာဉ်ကို အာမက်ဒီနီဂျက် ဖော်ထုတ်ပြသ

**တီဟီရန်၊ ဩဂုတ်-၂၃**
ပြည်တွင်း၌ပင်တည်ဆောက်ထားသော နိုင်ငံ၏ ပထမဦးဆုံး မောင်းသူမဲ့ဗုံးကြဲလေယာဉ်ကို အီရန်သမ္မတက ဩဂုတ်လ ၂၂ ရက်တွင် စတင်ဖော်ထုတ်မိတ်ဆက်ခဲ့ကြောင်း သိရသည်။ ၎င်းဗုံးကြဲလေယာဉ်မှာ အီရန်နိုင်ငံ၏ ရန်သူများအတွက် "သေမင်းသံတမန်" ဖြစ်မည်ဟု အီရန်သမ္မတ အာမက်ဒီနီဂျက်က ခေါ်ဝေါ်ခဲ့သည်။

လေးမီတာရှည်လျားသည့် ဒရုန်းလေယာဉ်သည် ပဲ့ထိန်းဒုံးကျည်လေးစင်းအထိ သယ်ဆောင်နိုင်ပြီး မိုင်ပေါင်း ၆၂၀ ခရီးကို ပျံသန်းနိုင်ကြောင်း အီရန်နိုင်ငံပိုင်တယ်လီဗေးရှင်းသတင်းက ဖော်ပြသည်။ ၎င်းအကွာအဝေးမှာ အစ္စရေးနိုင်ငံကို လက်လှမ်းမမီဟု နယူးယောက်တိုင်းမ်သတင်းက ဖော်ပြသည်။

"လူသားမျိုးနွယ်ရဲ့ ရန်သူတွေအတွက် သေမင်းရဲ့သံတမန်ဖြစ်သလို ဒီဂျက်လေယာဉ်ရဲ့ အဓိကသတင်းစကားက ငြိမ်းချမ်းရေးနဲ့ မိတ်ဆွေဖွဲ့မှုပါ"ဟု ကာကွယ်ရေးစက်မှုလုပ်ငန်းများ၏ အမျိုးသားနေ့တွင် ၎င်းဂျက်လေယာဉ်အား စတင်မိတ်ဆက်ရာတွင် အီရန်သမ္မတက ပြောကြားသည်။

ကာရာ သို့မဟုတ် တိုက်ခိုက်ရေးသမားဟု အမည်ပေးထားသောလေယာဉ်ကို ဖော်ထုတ်ရခြင်း အဓိကရည်မှန်းချက်မှာ ရန်သူများအား ၎င်းတို့၏ အခြေစိုက်စခန်းများမှာပင် အားအင်ချည့်နဲ့သွားစေရန်ဖြစ်ကြောင်း အာမက်ဒီနီဂျက်ကပြောကြားသည်။

အီရန်စစ်ဘက်အနေဖြင့် ကိုယ်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ရေးအစီအစဉ်ကို အီရန်သမ္မတက ဦးဆောင်ကြိုးပမ်းခဲ့ပြီး လူသားမျိုးနွယ်၏ ရန်သူများက အီရန်နိုင်ငံအပေါ် တိုက်ခိုက်ရေးအတွက် မျှော်လင့်ချက်ကုန်ဆုံးသွားသည့် အချိန်အထိ ယင်းအစီအစဉ်ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အီရန်သမ္မတက ပြောကြားသည်။

အီရန်သည် အမေရိကန်၏ လက်နက်ပိတ်ပင်မှုအပေါ် တန်ပြန်ရန် ၁၉၈၀-၈၈ အီရန်-အီရတ်စစ်ပွဲအတွင်း ကိုယ်ပိုင်လက်နက်ထုတ်လုပ်ရေးအစီအစဉ်ကို စတင်ခဲ့ပြီး ယခုအခါ ကိုယ်ပိုင်တင့်ကားများ၊ စစ်သည်သယ်ဆောင်သော သံချပ်ကာယာဉ်များ၊ ဒုံးကျည်များနှင့် ကိုယ်ပိုင်တိုက်လေယာဉ်များ ထုတ်လုပ်နိုင်ပြီဖြစ်သည်။

—*Ref: NY Times*





## မက္ကဆီကိုမူးယစ်ဂိုဏ်းက မိန်းမချောလေးများကို လုပ်ကြံရေးမယ်များအဖြစ် ငှားရမ်းနေ

**မက္ကဆီကိုစီးတီး၊ ဩဂုတ် - ၁၈**
မက္ကဆီကိုမူးယစ်ဆေးဝါးဂိုဏ်းတစ်ဂိုဏ်းသည် ရန်သူများကို အငိုက်ဖမ်းရန်လုပ်ကြံသတ်ဖြတ်မှုများအတွက် မိန်းမချောလေးများအားငှားရမ်းနေကြောင်း၊ ရက်စက်ကြမ်းတမ်းသော လာလီနီယာဂိုဏ်းဝင်တစ်ဦးဟု သင်္ကာမကင်းဖြစ်ခြင်းခံရသူတစ်ဦးက ရဲတပ်ဖွဲ့၏စစ်ဆေးမှုတွင် ပြောကြားသည်။

***စာ(၄၅)သို့***

## ဂျူလီယန်အက်ဆန်းအပေါ်ဖမ်းဝရမ်းထုတ်ပြီးပြန်ရုပ်သိမ်းခဲ့ခြင်းအတွက် ဆွီဒင်နိုင်ငံကာကွယ်ပြောဆို

**စတော့ဟုမ်း၊ ဩဂုတ်-၂၃**
ဆွီဒင်အမျိုးသမီးနှစ်ဦးက Wikileaks ဝက်ဘ်ဆိုက်တည်ထောင်သူ ဂျူလီယန်အက်ဆန်းအပေါ် စွပ်စွဲချက်များနှင့်ပတ်သက်၍ တရားရုံး၏ကိုင်တွယ်ပုံကို ဆွီဒင်အစိုးရရှေ့နေရုံးက ကာကွယ်ပြောဆိုလိုက်သည်။

ဂျူလီယန်အက်ဆန်းအပေါ် မုဒိမ်းမှုဖြင့် ဖမ်းဆီးရေးကို အငယ်တန်း ရှေ့နေတစ်ဦးက ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး အထောက်အထားအသစ်များကို စီနီယာရှေ့နေတစ်ဦးက ပြန်လည်သုံးသပ်ပြီးနောက် ၎င်းဖမ်းဝရမ်းအား ရုပ်သိမ်းခဲ့ခြင်းဖြစ်ကြောင်း ဆွီဒင်အစိုးရရှေ့နေများရုံးက ရှင်းလင်းပြောကြားသည်။



ဆွီဒင်တရားရုံးက ယင်းသို့ ရုတ်တရက် ဖမ်းဝရမ်းရုပ်သိမ်းမှုမှာ Wikileaks ဝက်ဘ်ဆိုက်တည်ထောင်သူ ဂျူလီယန်အက်ဆန်းနှင့်ပတ်သက်၍ ဖြစ်ပေါ်နေသည့် အဖြစ်အပျက်များတွင် ထူးခြားဆန်းသစ်သော အလှည့်အပြောင်းတစ်ရပ်ဖြစ်သည်။ ပြီးခဲ့သည့်လအတွင်း အာဖဂန်စစ်ပွဲနှင့်ပတ်သက်သော စာရွက်စာတမ်းပေါင်း ၇၇၀၀၀ ကို အင်တာနက်ပေါ် လွှင့်တင်ခဲ့ပြီးနောက် ဂျူလီယန်အက်ဆန်းနှင့် အမေရိကန်စစ်ဦးစီးချုပ်ရုံး ပင်တဂွန်ကြားတွင် အငြင်းပွားမှုတစ်ရပ် ဖြစ်ပေါ်ခဲ့သည်။

နောက်ထပ်ထုတ်လွှင့်မည့် စာရွက်စာတမ်းပေါင်း ၁၅၀၀၀ သည် ပိုမို၍ လျှပ်ခတ်မှုများရှိမည်ဟု ဂျူလီယန်အက်ဆန်းက ကြေညာထားသည်။

ယခုနောက်ဆုံး အဖြစ်အပျက်များမှာ ညစ်ပတ်သည့်နည်းလမ်းများဖြင့် Wikileaks အားဖျက်ဆီးပစ်ရန် ကြံရွယ်သူများ၏ လက်ချက်ဖြစ်ကြောင်း မစ္စတာအက်ဆန်းနှင့် အခြား၎င်းဝက်ဘ်ဆိုက်အတွက် အလုပ်လုပ်သူများက ပြောကြားသည်။

***စာ(၄၅)သို့***

